


PYI ZONE PUBLISHING HOUSE
PYI ZONE
ပြည်ဇုံ စာအုပ်တိုက်မှ ထုတ်ဝေသည်
849166018
Price :1500.00

၂၀၀၈ ခုနှစ် မေလ (၂)ရက် နှင့် (၃)ရက်၌

ဧရာဝတီတိုင်း နှင့် ရန်ကုန်တိုင်းတို့တွင် တိုက်ခတ်ခဲ့သော

"နာဂစ်လေပြင်းမုန်တိုင်း" ကို

နောက်ခံထား၍ ရေးဖွဲ့ထားသော

အချစ်ဝတ္ထု




နှာဖုံးရှင်– သက်ထားဇင်

ကာပ်– ခင်မောင်အေး

## ဒို့တာဝန်အရေးသုံးပါး

* ပြည်ထောင်စုမပြိုကွဲရေး — ဒို့အရေး
* တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး — ဒို့အရေး
* အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး — ဒို့အရေး

## ပြည်သူ့သဘောထား

* ပြည်ပအားကိုးပုဆိန်ရိုး၊ အဆိုးမြင်ဝါဒီများအားဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ်သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး။
* ခိုင်မာသည့်ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
* ဖြစ်ပေါ်လာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

## စီးပွားရေး ဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍အခြားစီးပွားရေးကဏ္ဍများကိုလည်းဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေး ဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး။
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။



**စာအုပ်ပုံနှိပ်ခြင်းဆိုင်ရာမှတ်တမ်း**

၂၀၀၈ ခုနှစ်၊ နိုဝင်ဘာလ၊ ပထမအကြိမ်

အုပ်ရေ (၅၀၀)

**စာမူခွင့်ပြုချက်အမှတ်**

[ ၅၀၁၁၃၅၀၇၀၈ ]

**မျက်နှာဖုံးခွင့်ပြုချက်အမှတ်**

[ ၅၀၁၀၅၆၀၈၀၈ ]

✳

**စာတ်ပုံ**

**နှင့်**

**မျက်နှာဖုံးဒီဇိုင်း**

လှိုင်မြတ်စိုး(ဆုလာဘ်ပွင့်)

✳

**အတွင်းစာမျက်နှာဖွဲ့စည်းမှု**

ဝေမာဟိန်း

✳

**ထုတ်ဝေသူ**

ဦးမျိုးအောင်၊ ပြည့်စုံစာအုပ်တိုက် (မြဲ - ၀၄၂၈၅)

အမှတ်-၄၃၊ မြေညီထပ်၊ ၄၅-လမ်း၊ ဗိုလ်တထောင်မြို့နယ်

ရန်ကုန်မြို့။

✳

**ပုံနှိပ်သူ**

ဦးမြတ်ကျော်၊ စာလုပ်ငန်းပုံနှိပ်တိုက်(၀၅၅၅)

၁၉၄၊ ၃၃လမ်း၊ ကျောက်တံတားမြို့နယ်

ရန်ကုန်မြို့။

✳

**စာစီ** - ပြည့်စုံ

**အတွင်းဖလင်** - ဦးထွန်းဆိုင်

**စာအုပ်ချုပ်** - တင်မောင်ဦး

✳

**စာမူမူပိုင် © တင်သန်းဦး**

**မိုးအောင်(ရှုကွဲဗေဒ) ၏ စိစဉ်ထုတ်လုပ်မှု**

[ ]

# အခန်း(၁)

## ဖိုးမောင်၊ လှသိန်း နှင့် သံချောင်း

ခနိုပင်ရွာသည် ကဒုံကနိမြစ်၏ အနောက်ဘက်ကမ်းတွင်ရှိပြီး မြစ်၏အရှေ့ဘက်ကမ်းတွင်မူ မိန်းမလှကျွန်းကြီး ရှိသည်။ ရွာ၏ အနောက်ဘက်တွင်ကား ကဒုံကနိ ဒီရေတောကြီးက ရွှံ့နွံအပြည့်နှင့် ပင်။ ရေမြောင်းချောင်းကလေးများကို ကျွမ်းကျင်စွာ ဝင်တိုးနိုင်မှ မုန်တိုင်းကြီးချောင်းထဲ ရောက်မည်။ မုန်တိုင်းကြီးချောင်းသည် ရောဝတီမြစ်ထဲ စီးဝင်လျက်ရှိသည်။ ဤဒေသမှာ ရောဝတီမြစ်ဝပင်ဖြစ်ပြီး မြစ်ဝ၏ ထိပ်တွင် ပိုးလောင်းကြီးကျွန်း (ခေါ်) ကုလားကျွန်းက ခံနေသည်။

ဖိုးမောင်နှင့် လှသိန်းသည် မိန်းလှကျွန်းဘက်ကို ငေးနေသည်။ ဆောင်းအကုန် နွေအကူးမို့ မြောက်လေကြွင်းများက တိုက်လိုက်၊ ပင်လယ်ဘက်မှ တောင်လေက တိုက်လိုက်နှင့် လေသည် မငြိမ်ပေ။ ဘိုကလေးမြို့မှ စီးဆင်းလာသော ဘိုကလေးမြစ်သည် ကျွန်းညိုကြီးတွင် ဘိုကလေးမြစ်နှင့် ကျွန်းတုံးကြီးမြစ်အဖြစ် မြစ်နှစ်မြွာ ခွဲ၍ ပတ်သွားရသည်။ ထို့နောက် မိန်းမလှကျွန်းတွင် ကဒုံကနိမြစ်နှင့် ဘိုကလေးမြစ်အဖြစ် ခွဲပြန်သည်။ ကျွန်းအဆုံး တောင်ဘက် ရွှံ့နွံများအရောက်တွင်ကား ကဒုံကနိမြစ်နှင့် ပြန်လည်ဆုံဆည်းပြီး ပင်လယ်ထဲသို့ စီးဝင်နေသော ဘိုကလေးမြစ်သည် ကျယ်ပြောလှသည်။ မြစ်ဝ

အနောက်ဘက်ကမ်းတွင် ကဒုံကနိ၊ အရှေ့ဘက်ကမ်းတွင် အမာ ရှိသည်။

"ဘာလုပ်ရရင် ကောင်းမလဲ"

ဖိုးမောင်က ပြောသည်။

လှသိန်းက

"သံချောင်းပြောတဲ့ သဘက်ကြီးရိုးဘက် သွားကြည့်မလား။ ငါတို့ ဒီကဆန်ပြီးလှော်သွားရင် မကြာပါဘူး"

"ကဒုံကနိချောင်းက ဘိုကလေးမြစ်ထက်စာရင် ကျဉ်းတယ်။ ရေနက်တယ်။ ရေစီးနည်းနည်း ကြမ်းတယ်"

"ဒီရေအတက်နဲ့ မျှောလိုက်သွားမှာပေါ့ကွ"

"နေပါဦး လှသိန်း။ မင်းက သံချောင်းစကားကို ယုံလို့လား။ ဒီနားမှာ လူတွေလက်ချက်နဲ့ မိကျောင်းတွေ ကုန်ပါပြီကွာ"

"အဲဒါကြောင့် ဒီကောင်တွေလဲ လူနဲ့ဝေးတဲ့ နွံတောတွေထဲ ပြေးတာနေမှာပေါ့ကွ။ နွံတောထဲမှာ အသိုက်လုပ်ထားတယ်တဲ့။ အကောင်ပေါက်ကလေးတွေဆိုရင် ဈေးမနည်းဘူးရမှာ ..."

ဖိုးမောင်က ခေါင်းခါသည်။

"ငါ သံချောင်းစကားကို မယုံဘူး။ ဒီကောင်က ဒီရေတောထဲ ဟုတ်တိပတ်တိ တိုးရဲတဲ့ကောင် မဟုတ်ဘူး။ ခနိခုတ်လဲ အစွန်အဖျား ပဲ။ ငါးဖမ်းလဲ ကဒုံကနိတောင်ဘက်ကို ဆင်းချင်တာမဟုတ်ဘူး"

"ငါလဲ မယုံတစ်ဝက် ယုံတစ်ဝက်ပါ ဖိုးမောင်ရာ။ ဒါပေမယ့် သူ့စကား ဟုတ်မဟုတ် သွားကြည့်တာပေါ့ကွ"

"နှာတိုဖြစ်ဖြစ်၊ နှာရှည်ဖြစ်ဖြစ် မိကျောင်းအမကြီးနဲ့ တိုးနေ ရင် မချောင်ဘူးနော်"

"သံချောင်းကို မင်းက ကြောက်လို့ပြောနေ။ မင်းကမှ ကြောက်ဖြစ်နေပြီ ဖိုးမောင်"

"ငါက ဘာလို့ကြောက်ရမှာလဲကွ။ ရောဝတီသား ... ကြောက်တာဆိုလို့ တောင်တက်ရတာပဲရှိမယ်။ နေစမ်းပါဦး။ သံချောင်း





ပြောသလို မိကျောင်းပေါက်ကလေးတွေ ရပါပြီတဲ့။ ငါတို့က ယိုးဒယား ကို ဘယ်လို သွားရောင်းမလဲ"

လှသိန်းက ရယ်မောလိုက်သည်။

"ဦးကျော်ထွန်းကြီး ရှိတယ်လေကွာ။ ဘိုကလေးကဆင်းလာ တဲ့ ကျော်ထွန်းဝင်းစက်လှေဟာ သူ့လှေပေါ့။ ဒီလူကြီးက ကုန်ခြောက် တွေ တင်တယ်လေ"

"အဲဒါက ကျွန်းခွဲသားတွေ၊ ကျွန်းလုံးတွေပေါ်က တင်တာ ဆို"

"အဲဒါကြောင့်လဲ သူ့လှေ ယိုးဒယားအထိ သွားတာနေမှာ ပေါ့။ အပြန်ကျတော့ ကျွဲရိုင်းတွေ သယ်လာတာလေ။ ဒါကြောင့် ဒီလူကြီး ချမ်းသာတာပေါ့။ ဘိုကလေးမှာ မိန်းမတစ်ယောက်၊ မော်လမြိုင်ကျွန်းမှာ တစ်ယောက်၊ ကျိုက်လတ်မှာ တစ်ယောက်တဲ့။ ဒါတောင် ကဒုံကနိမှာ ယူဦးမှာတဲ့"

ဖိုးမောင် နှာခေါင်းရှုပ်လိုက်သည်။

"သွားစမ်းပါကွာ။ ဒီလိုလူကြီးများ မင်းက ပတ်သက်ချင် လို့လား ..."

"ဘာပဲဖြစ်ဖြစ်လေ ... ငါတို့ ဟုတ်တိပတ်တိ လုပ်ဖူးတာ ဘာရှိသေးလို့လဲ။ မိကျောင်းတစ်ကောင်လောက် ဖမ်းပြီး တိရစ္ဆာန်ရုံ ပို့နိုင်ရင်လဲ ကောင်မလေးတွေ ဝိုင်းဝိုင်းလည်နေမှာကွ"

"ကောင်မလေးတွေ ဝိုင်းဝိုင်းလည်ချင်ရင်လဲ ဟောဒီ ကဒုံကနိချောင်းကိုကူးပြီး မိန်းမလှကျွန်းထဲဝင်။ ဥစ္စာစောင့်မတွေ အများကြီးပဲ။ မင်းကို စောင့်နေကြတာ"

"သွားစမ်းပါကွာ"

တကယ်တော့လည်း ဖိုးမောင်နှင့် လှသိန်းမှာ ညီအစ်ကိုဝမ်းကွဲ တော်ကြသည်။ လှသိန်းသည် ကဒုံကနိတွင် ကျောင်းသွားနေရာ ရှစ်တန်းတွင် တဖုံးဖုံးကျနေသဖြင့် ကျောင်းဆက်မတက်တော့ပေ။ ဖိုးမောင်ကား မနှစ်က (၁၀) တန်းအောင်သည်။ သို့သော် တက္ကသိုလ် ဆက်မတက်နိုင်။ တစ်နှစ်လုံး ရေလုပ်ငန်းဖြင့် သံသရာလည်ခဲ့ရသည်။

သူ့အသက်က (၁၆) နှစ်ကျော်ပြီ။ လှသိန်းက (၂၀) နားနီးပြီ။ လှသိန်းမှာ အစ်ကိုနှစ်ဝမ်းကွဲဖြစ်ပြီး အသက် (၄) နှစ်ခန့်ကြီးသော်လည်း ဖိုးမောင်က နှုတ်ကျိုးနေပြီ။ မင်း ငါနှင့်သာ ပြောဆိုဆက်ဆံသည်။

ထို့အပြင် လှသိန်းသည် သူ မအောင်ခဲ့သော စာမေးပွဲများကို အောင်လာခဲ့သော သူ့ညီကို အထင်ကြီးသည်။ လေးစားသည်။ သူ့ထက် ဗဟုသုတကြွယ်သည်ဟု သတ်မှတ်သည်။ ထို့ကြောင့် ဖိုးမောင်ကို ဆရာတင်သည်။ သူ စာမေးပွဲ တဖုံးဖုံးကျခဲ့ရသည်မှာလည်း အပေါင်းအသင်းမကောင်း၍ပင် ဖြစ်သည်။ သူသည် ဆရာမရှိလျှင် မနေတတ်သော သူမျိုးပင်။

သူတို့သည် ရေဝတီ မြစ်ဝကျွန်းပေါ်သားများပီပီ ရွှံ့နွံထဲတွင်နေပြီး မိုးနှင့်ရေကို အံတုကာ ကြီးပြင်းခဲ့ရသည်။ ရေကျွမ်းသည်။ လှေကျွမ်းသည်။ ငါးဖမ်းတတ်သည်။ သူတို့၏ရှေ့မှ မျိုးဆက်များကို အတုယူကာ သူရဲကောင်းကိုကိုးကွယ်တတ်သော မလေ့အတိုင်းလိုက်ရန် ကြိုးစားနေကြသော်လည်း လမ်းစက မပွင့်။

''ငါတို့ ရေကျော်ကြီးဘက် ဆင်းမလား''

''ဘာသွားလုပ်ရမှာလဲ''

''ဝင်းမောင်တို့အိမ်မှာ သွားအိပ်မယ်ကွာ။ ဒီကောင်တွေအိမ်မှာ အရက်ချက်တယ်''

''မင်းက အရက်သောက်ဦးမလို့လား''

''အဲဒါက အရေးမကြီးပါဘူး''

လှသိန်းက အရက်ကို စိတ်မဝင်စားသကဲ့သို့ တမင်ဟန်လုပ်ပြီး ပြောသည်။

''အရေးကြီးတာက ဘာလဲ''

''အရေးကြီးတာက အလှကွ''

''ဘယ်က အလှလဲ''

''ဝင်းမောင်ကြီးတို့ အိမ်ခေါင်ရင်းက ကိုထွန်းတို့အိမ်မှာ၊ သူ့ခယ်မထင်ပါရဲ့ကွာ။ ရောဘက်ကလား၊ အုန်းပင်ဘက်ကလာ ရောက်နေတာ ကြာပြီ။ တစ်ပတ်လောက်ရှိရော့မယ်''





''ကိုထွန်းက ဆိုးတယ်နော်။ ငါ ကိုဝင်းမောင်ကြီးအိမ်မှာ သွားအိပ်တိုင်း ကိုထွန်းရဲ့ဆဲသံကို မကြားရတာ တစ်ခါမှမရှိဘူး။ မင်းက ပြဿနာကို သျှောင်မီးထွန်းပြီး ရှာမလို့လား''

''အလှကို မင်းမမြင်ဘူးလို့ ဒီစကားမျိုးပြောတာ ဖိုးမောင်။ အလှက ရေရေလည်လည် ဆူတယ်နော်''

''ဆူပြီဆိုမှ နားညည်းပြီပေါ့ လှသိန်းရာ''

''ခက်ပါလား ငါ့ညီရာ။ ဒီမှာ ဆူတယ်ဆိုတာ ငါးပြေမကြီးတစ်ကောင်လို ဆူဆူဖြိုးဖြိုးရှိတာ။ မင်းမြင်လိုက်တာနဲ့ ကျမှာပဲ။ လာပါကွာ။ ဒီမှာ ခနိတွေလဲ ပုံနေတာ။ ငါးလဲ ဖမ်းစရာမရှိဘူး။ ငါးခြောက်တွေလဲ စင်ထိုးပြီးလို့ လှမ်းထားပြီးပြီ။ ငါတို့အလုပ် ဘာရှိလို့လဲ''

စင်စစ် သူတို့ရွာသည် ပေါ်ပေါက်လာသည်ပင် မကြာသေးပေ။ ရေကျော်ကြီးအုပ်စုထဲ ထည့်ထားသော်လည်း ခနီခုတ်ရင်း တစ်အိမ်စ၊ နှစ်အိမ်စမှသည် ဆွေသားမျိုးသားများ စုဝေးကာ အိမ်ခြေ (၂၀) ခန့် ဖြစ်လာခြင်းပင်။ လယ်ယာလုပ်ငန်း ဟုတ်တိပတ်တိ မရှိ။ ရေလုပ်ငန်းသာ အဓိကကျသည်။ မိုးအကုန် တစ်ဆောင်းလုံး သူတို့ ပင်ပန်းခဲ့ကြသည်။

''ဘာနဲ့ သွားမလဲ။ လှေနဲ့ သွားမလား''

''ပဲ့ထောင်ဆိုရင်လဲ ဆီကုန်တယ်။ မင့်အိမ်ကို အကြောင်းတစ်ခုခု ပြရဦးမှာ။ လှောင်းဆိုရင်လဲ ရေထရက် ဖြစ်နေတယ်။ လှော်ရတာ လက်ညောင်းတယ်။ ခြေကျင်တစ်လှည့် ကုန်းကြောင်းတစ်လှည့်ပေါ့''

ဖိုးမောင် မငြင်းတော့ပေ။

''ဘယ်သူ့ကို အဖော်ခေါ်ဦးမလဲ''

''မင်း လမ်းထိပ်ကစောင့်နေ။ ငါ သံချောင်း သွားခေါ်လိုက်မယ်''

လှသိန်းသည် လှစ်ကနဲ ပျောက်သွားလေသည်။ ဖိုးမောင်လည်း လှေဆိပ်မှ ကမ်းခုံပေါ်သို့ ပြန်တက်လာသည်။ နေပူကောင်း

ကောင်း ရထားသဖြင့် ခြောက်သွေ့နေသော လမ်းဆိုပေမယ့် မြေနိမ့်ရာ ချိုင့်ခွက်များတွင် ရွှံ့တွေက ရှိသေးသည်။ ဖိုးမောင်သည် အိမ်ရှေ့ ရောက်သောအခါ ဖျင်ကြမ်းအင်္ကျီတစ်ထည်ကို ယူဝတ်လိုက်သည်။ ဓားမောက်ကို ယူသည်။ ဤအထိတော့ ဖိုးမောင်၏ပုံမှာ ခနီတောတိုးပြီး အလုပ်လုပ်တော့မည့်ပုံ။

လွယ်အိတ်ကို ကောက်လွယ်လိုက်သောအခါတွင်ကား ခနီ တော တိုးမည့်ပုံ၊ ငါးရှာမည့်ပုံ မဟုတ်တော့။ မြို့တက်မည့်ပုံ ဖြစ်နေသည်။ မြို့ဆိုတာကလည်း တောင်ဘက်ရေကျော်ကြီးရွာကို လွန်သွားမှ ကဒုံကနီသို့ ရောက်မည်။ ကဒုံကနီဆိုတာ တကယ်တော့ ရွာကြီး အဆင့်သာ ရှိသည်။ မြောက်ဘက်မှ ဘိုကလေးသည် ဝေးလှသည်။ ကဒုံကနီမှ အနောက်ဘက်သို့ ကျောင်းစု၊ ဆူးပုတ်၊ အုန်းပင်၊ ရောရွာ များအတိုင်း သွားလျှင်တော့ ဧရာဝတီမြစ်ကြီးက ခံနေပြန်သည်။ ရောရွာကြီးနှင့် ဘိုကလေးမှာ (၄၅) မိုင်ခန့် ဝေးသည်။ မြို့နယ်အဆင့် ပြင်စလူသို့ရောက်ဖို့ မြစ်ဝပေါင်းများစွာနှင့် နွံတောတွေကို ဖြတ်ရဦးမည်။

ကဒုံကနီမှ ဘိုကလေးမြစ်ဝကိုဖြတ်ပြီး အရှေ့ဘက်သို့သွားလျှင် အမာရွာကြီး ရှိသည်။ သောင်ကတုံးကျွန်းသည် ပင်လယ်ကမ်းစပ်မှ နွံတောကြီးဖြစ်သည်။ ထို့နောက် ထပ်တစ်ရာကျွန်းရှိသည်။ အမာမှ ထပ်တစ်ရာကျွန်း မြောက်ဘက်ရေနက်မြောင်းအတိုင်း အရှေ့ဘက်သို့ထွက်လျှင် ဖျာပုံမြစ်ဝဘက် ရောက်နိုင်သည်။ ကဒုံကနီသည် ဘိုကလေးမှ မြစ်ကြောင်းသင့်သော်လည်း ဖျာပုံမြို့နယ်ထဲတွင် ပါဝင်သည်။ ကဒုံကနီမှ တစ်ဘက်ကမ်းအမာ၊ ထိုမှတစ်ဆင့် ဘိုကလေးမြစ်ကို ဆန့်တက်ပါက ထော်ပိုင်၊ စက်ဆန်းရွာကြီးများကို ရောက်မည်။ စက်ဆန်းမှ ကျုံကဒွန်းရွာသို့ ဖြတ်ထွက်လျှင် ဖျာပုံသို့ ကားဖြင့် သွားနိုင်မည်။ အမာဝန်းကျင် ပျဉ်ဒရယ်နှင့် ဘအေးကုန်းရွာလေးများမှာ ခေါင်လှသည်။ သွားရလာရ အလွန်ခက်သည်။ အိုင်နားရွာကြီး ရှိပေမယ့် သူတို့ ရောက်ခဲ့သည်။ အမာမှ ကျုံကဒွန်းသို့ ကားလမ်း ပေါက်သော်လည်း လမ်းက ဆိုးလှသည်။





ဖိုးမောင်တို့လူစု ကဒုံကနီကိုသာ မြို့လုပ်ပြီး သွားနေရသည်။ ထိုမှာပဲ ကျောင်းနေရသည်။ သူတို့ငယ်စဉ်ကတော့ မိဘများသည် ရောဘက်ကဟု ဆိုသည်။ ဧရာဝတီမြစ်ဝကြီး၏ ထိပ်တည့်တည့် ပိုးလောင်းကြီးကျွန်းနှင့် မျက်နှာချင်းဆိုင်တွင် ရောရွာကြီး ရှိသည်။ ရောကလူတွေ ရေကျော်ကြီးမြောက်ဘက်သို့ရွှေ့လာပြီး အဘယ်ကြောင့် ခနီပင်ရွာ ဖြစ်နေရမှန်း သူမသိ။ တစ်ခါမှလည်း မစဉ်းစားဖူးခဲ့။

''ဖိုးမောင် ... နင် ဘယ်သွားမလို့လဲ''

ဖိုးမောင်၏ အမဖြစ်သူ မြင့်မြင့်ကြည် အိမ်အတွင်းခန်းထဲမှ ထွက်လာသည်။

''ဟိုနား ဒီနားပါ။ ငါ သိပ်မကြာဘူး''

''ငါ့မောင်လဲ လူပျိုဖြစ်မယ် မကြံသေးဘူး။ မနက်ဆို လမ်းရှာပြီ''

မြင့်မြင့်ကြည်က သူ့မောင်ကို ချစ်စနိုး ကျီစယ်သည်။

''အစ်မကလဲ ... ဟိုနား ဒီနားပါဗျ''

''ဟိုနား ဒီနားကလဲ လွယ်အိတ်လွယ်ရလား''

ဖိုးမောင် ပြန်မဖြေနိုင်။

''ဟောဒီမှာ အစ်မရေ။ ငမောင်ရယ် ဘယ်ကို လမ်းသလား မလို့လဲ မသိဘူး။ လွယ်အိတ်နဲ့''

မြင့်မြင့်ကြည်က မိခင်ဖြစ်သူ ဒေါ်ထွေးကို လှမ်းတိုင်သည်။ မြစ်ဝကျွန်းပေါ်သားတို့၏ ဓလေ့အတိုင်း အမေကို အစ်မဟု ခေါ်သည်။

''အဲဒါမှ ငရဲကြီးတာ။ အမေကိုများ အစ်မတဲ့။ နင့်ကျမှ ငါ့အစ်မ။ ဘာလဲ အမေကို အစ်မတဲ့''

''ဒါဆို နင်ကျတော့ ငါ့ကို နင်တွေငါတွေနဲ့ ဘာလို့ ပြောနေတာလဲ။ အဲဒါမှ နင် ငရဲကြီးမှာ ငမောင်''

''ဒါက နှုတ်ကျိုးနေတာကိုး''

''ငါလဲ နှုတ်ကျိုးနေတာကိုး''

မောင်နှမနှစ်ယောက် ငြင်းလို့ကောင်းစဉ် ဒေါ်ထွေး ချက်ရင်းပြုတ်ရင်းတန်းလန်းမှ အပြင်ထွက်လာသည်။ ငပိရည်အိုးက မွှေးနေပြီ။

"ငါ့သား ဘယ်သွားမလို့လဲ"

"ရေကျော်ကြီး"

မညာတတ်သောနှုတ်က လွှတ်ကနဲ ထွက်သွားသည်။

"ဝင်းမောင်ကြီးတို့အိမ်လား"

"ဟုတ်"

"ဘာလဲ ... မိန်းမအပိုးသွားမလို့လား"

"ဟာ ... အမေကလဲ။ မိန်းမပိုးတာ ဒီပုံလားဗျ"

"အေး ... ရေကျော်ကြီးကို ဒီပုံနဲ့တော့ မသွားနဲ့ဟာ။ ဦးပု၊ *ဒေါ်ထွေးတို့ရဲ့သား* ခပ်စုတ်စုတ်ကလေးလို့ အပြောခံရဦးမယ်။ ကြည့်စမ်း ... လုံချည်က အစုတ်။ အင်္ကျီက ရွှံ့ထဲတိုးတဲ့အင်္ကျီ။ သွား ... အဝတ်အစားလဲချည်"

ဒေါ်ထွေးက သားတော်မောင်အတွက် ပိုက်ဆံပါ ထည့်ပေးလိုက်သေးသည်။

"ကောင်းကောင်းသွားနော်။ မနက်ဖြန် ပြန်လာခဲ့"

ဒေါ်ထွေးခမျာ မှာသာမှာရသည်။ လှသိန်းနှင့်သွားမည်ဆိုသဖြင့် မနက်ဖြန် ပြန်ရောက်မရောက် မသေချာပေ။

ဖိုးမောင်က မိခင်ကို ဘာမှ ပြန်မပြော။ ပြုံးစေ့စေ့ဖြင့် လှမ်းကြည့်နေသော အစ်မအငယ်ဆုံးဖြစ်သူ မြင့်မြင့်ကြည်ကို လက်သီးနှင့် လှမ်းရွယ်ပြသည်။ သူ့တွင် အစ်မငါးယောက်ရှိသော်လည်း အိမ်မှာ မြင့်မြင့်ကြည်နှင့် သူမ၏အထက်မှ တိုးတိုးဝင်းသာ အတူနေကြသည်။ အစ်မကြီးများဖြစ်ကြသော မရွှေအေး၊ မဖြူဖြူအောင်နှင့် မဝင်းဝင်းခိုင်တို့မှာ အိမ်ထောင်ကျကုန်ပေပြီ။ မရွှေအေးက ဘိုကလေးမှာ။ မဖြူဖြူအောင်က ကဒုံကနီမှာ။ မဝင်းဝင်းခိုင်ကတော့ ဓနိပင်မှာပဲ ရှိသည်။





ကဒုံကနီမြစ်ဘက်မှ အနောက်ဘက်ရှိ ဧရာဝတီမြစ်ကြီးသို့ ဖြတ်ထွက်နိုင်သော ချောင်းရိုးတစ်ခုရှိသည်။ သို့သော် ယခုကဲ့သို့သော နွေရာသီတွင် ဗေဒါများ၊ ဒိုက်များ၊ ရွှံ့နွံများနှင့် ပိတ်ဆို့ပြီး လှေဖြင့် တိုးသွားရန် မလွယ်ကူလှပေ။ ထို့ကြောင့် သူတို့သည် ခနော်နီ ခနော်နဲ့ ဝါးတံတားလေးကို ခုန်ပေါက်၍ ဖြတ်သန်းလိုက်ကြသည်။

ဖိုးမောင် ရွာကထွက်သည်နှင့် ဖိနပ်ကို ခါးကြားထိုးသည်။ နံနက်ခင်းတွင် မြောက်ဘက်မှ ကုန်းတွင်းလေက တိုက်လိုက်၊ ဆားငွေ့ပါသော တောင်လေက တိုက်လိုက်နှင့် နေရောင်ခြည်မှာ မစွေးနိုင်ပေ။ သူတို့သုံးယောက် လူသွားလမ်းလေးအတိုင်း တောင်ဘက်သို့ လျှောက်ကြည့်ကြရာ လှသိန်းနှင့် သံချောင်းသည် ဖိုးမောင်ကို မနည်းမှီအောင် လိုက်ကြရသည်။

"ဟေ့ကောင် ... ဖိုးမောင်။ မင့်အရပ်ကြီးနဲ့ ငှက်ကြီးဝန်ပိုလို မသွားနဲ့ကွာ။ မောတယ်ကွ"

လှသိန်းက အော်သည်။

သံချောင်းကလည်း ...

"ဟုတ်တယ်ကွာ။ မင့်ခြေလှမ်းတွေက ငှက်ကျားခြေလှမ်းလို ဖြစ်နေပြီ"

"ကျသကွာ။ မင်းတို့ဟာမင်းတို့ ဆေးလိပ်သောက်လိုက်၊ အရက်သောက်လိုက်နဲ့ အမောမခံနိုင်တာကိုများ။ ငါ့ကို ငှက်ကြီးဝန်ပို ပြောလိုပြော၊ ငှက်ကျား ပြောလိုပြောနဲ့"

"မင်းကို လင်းတလို့မပြောတာ ငါ့ညီမို့လို့"

လှသိန်းက ပြောပြောဆိုဆို ဆေးလိပ်တစ်လိပ် မီးညှိသောက်နေစဉ် ဖိုးမောင် သူတို့ကို စောင့်နေသည်။

"ငါ့ညီက အလှဆိုတဲ့ အသံကြားတာနဲ့ ခြေသွက်သွားတာကွ"

"ဘယ်အလှလဲ"

သံချောင်းက ဖြတ်မေးသည်။

"ဘယ်အလှရမှာလဲ။ ကိုထွန်းကြီးခယ်မပေါ့"

"ဟား ... ရေရေလည်လည်မိုက်တယ်ဟေ့"

သံချောင်းက အားရပါးရကြီး ပြောချသည်။

"ကြားလား ငမောင်။ သံချောင်းရဲ့အသံက တံတွေးနင်တဲ့ အသံကြီးကွ"

ဖိုးမောင်က လှသိန်း၏စကားကို မတုံ့ပြန်။

"အဲ ... ဒါပေမယ့် ကိုထွန်းကြီးကိုတော့ ကြောက်သဟေ့။ ရေကျော်ကြီးမှာတော့ ဗိုလ်မထားဘဲ။ မင်းရော ... လှသိန်း"

"ငါလဲ ကြောက်လို့ ဒီကောင့်ကို ခေါ်လာတာပေါ့ကွာ။ သူ့ဗလနဲ့ သူ့အရပ်နဲ့မှလဲ အလှက လိုက်မှာ။ ဟိုက ငါးပြေမကြီး။ ငါတို့မစွမ်းပေမယ့်လဲ တာဝန်ရှိတဲ့ အစ်ကိုများပီပီ လူပျိုတို့တပ်အပ်တာတွေ သင်ပေးရတာပေါ့ကွာ"

လှသိန်းနှင့် သံချောင်းသည် ဖိုးမောင်အား ကာလသားတို့ တတ်အပ်သည့်ပညာရပ်များအား အတတ်သင်ပေးရမည်ဟု ခံယူထားကြသော်လည်း သူတို့ကိုယ်တိုင် ပညာရပ်များအား ကျွမ်းကျင်ခြင်း ရှိမရှိ မသိကြပေ။ သို့သော် သူတို့ လက်တည့်စမ်းခဲ့သမျှသော အတွေ့အကြုံများသည် ဖိုးမောင်အတွက်တော့ စိတ်ဝင်စားဖွယ် ကောင်းမည် အမှန်ပင်။

"ဘိုကလေးမှာ ငါတွေ့ခဲ့တဲ့ ကောင်မလေးကတော့ လက်ဖျားခါလောက်တယ်"

လှသိန်း၏စကားကို သံချောင်းက မည်သည့်နေရာတွင် တွေ့ခဲ့ခြင်းဖြစ်ကြောင်း လှောင်ပြောင်၍ တုံ့ပြန်သည်။

"ဟေ့ကောင် သံချောင်း။ ဒါက အတန်းထဲမှာ တွေ့တာ မဟုတ်ဘူး။ ဘုရားမှာတွေ့တာကွ။ ဥစ္စာစောင့်လို့တောင် ငါက ထင်ထားတာ။ မင်း သူ့ကို စကားနဲ့စော်ကားတယ်နော်။ မင်း ကောင်းကောင်း တွေ့မယ်။ မင်း မြဟသာခဆေးတွေသောက်ရမှ ငါ့ကို ကျေးဇူးမတင်နဲ့"





လှသိန်းက သံချောင်းကို ဆတ်ဆတ်ထိမခံ ရန်တွေ့သည်။

"မင့်ကောင်မလေးက ဘာကောင်မမို့လဲ"

"အရပ်က ငါးပေမပြည့်ဘူး"

"မယ်ကမ္ဘာ ဝင်အရွေးခံသင့်တယ် လှသိန်း"

"ဒါပေမယ့် တစ်ကိုယ်လုံးက မွှေးကြိုင်နေတာ"

"ရေမွှေးတွေ ဆွတ်ထားလို့ပေါ့ကွာ"

"အဲဒီမှာ ငါနဲ့တွေ့တာ"

"မင်းနဲ့မတွေ့လဲ တစ်ခြားကောင်နဲ့ တွေ့မှာပဲ"

"ခွေးမသား သံချောင်း"

"ဆဲဖော။ မင်းနဲ့ငါနဲ့လဲ အမျိုးတော်တာပဲ"

"သံချောင်းရာ မင်း ငါပြောတာ ခဏပဲ နားထောင်"

"မင်းတို့ စကားများနေကြမှာလား။ သွားမှာလား"

ဖိုးမောင်က သူတို့နှစ်ယောက်ကို ခပ်တည်တည်နှင့် ကြည့်၍ ပြောလိုက်သည်။ သူ့မျက်လုံးတွေက ကြည်လင်ပြီး စူးရှလှသည်။ မျက်ခုံးထူထူ ထင်းထင်းများအောက်မှ သူ့မျက်လုံးများ၏စွမ်းအင်သည် လှသိန်းနှင့် သံချောင်းအပေါ် လွှမ်းမိုးထားပြီး ပေါ်လွင်သောနှာတန် အောက်မှ တင်းတင်းစေ့နေသော နှုတ်ခမ်းများ၊ ပြေပြစ်ကြံ့ခိုင်သော မေးရိုးများနှင့် ဝန်းဝိုင်းသော မေ့စေ့က သူတို့နှစ်ယောက်ကို ဖမ်းစားထားသည်။ ဖိုးမောင်၏အရပ်က မြင့်မားသောကြောင့် လှသိန်းနှင့် သံချောင်းက မော့ကြည့်ရသည်။

"ငါ ထမင်းဆာပြီ။ ငါတို့ ရေကျော်ကြီး မြန်မြန်ရောက်ဖို့ လိုတယ်။ ကိုဝင်းမောင်ကြီးက ငါတို့လာမှာ မသိဘူး။ ထမင်းကြိုချက်ထားမှာ မဟုတ်ဘူး။ ဆိုင်မှာ ဝယ်စားနေရမှာ။ မင်းတို့သိတဲ့အတိုင်းပဲ။ ရေကျော်ကြီးမှာ နောက်ကျရင် ဘယ်ဆိုင်မှ ထမင်းမရှိဘူး။ ချက်ခိုင်းပြီး စောင့်နေရမှာ။ အဲဒါ မင်းတို့ သဘောပေါက်ရဲ့လား"

ဖိုးမောင်သည် အာဏာအရှိန်ပြင်းလွန်းလှသော စစ်သူကြီး တစ်ဦးက ငယ်သားများအပေါ် အမိန့်ပေးသကဲ့သို့ ပြောနေခြင်းဖြစ်ရာ လှသိန်းနှင့်သံချောင်းမှာ တစ်ခွန်းမှ ပြန်မဟာနိုင်ကြပေ။

သူတို့သုံးယောက်စလုံး၏ ခြေလှမ်းများက သွက်လှသည်။ ချောင်းဦးတိုလေးတစ်ခုကို ကွေ့ပိုက်၍ ချောင်းဖျားမှ ကျော်ရသည်။ ချောင်းဦးတိုတို့မည်သည် ပင်လယ်ဒီရေတက်လာသမျှ ရေဝင်သော ချောင်းများဖြစ်သည်။ ဆက်မတက်နိုင်သောနေရာတွင် ဆုံးသည်။ ထိုနေရာတွင် မြင့်သည်။ ချောင်းဦးတိုတို့၏ ချောင်းဖျားသည် ရေထွက်ရိုး ထုံးစံမရှိ။ ပင်လယ်ရေ ဆက်မတက်နိုင်တော့သော ကုန်းမြင့်သာ ဖြစ်သည်။

လက်ဝဲဘက်တွင် မိန်းမလှကျွန်းကြီးကို မြင်နေရဆဲ။

မိန်းမလှကျွန်းပေါ်တွင် ရှေးကတည်းက တရားဝင်ရွာဟူ၍ မရှိ။ ရှံ့နွံထူပြောလှသော ဒီရေတောကြီးမို့ သူတို့ ဓနိပင်ရွာကဲ့သို့ ယာယီစခန်းချသူများသာ ရှိကြသည်။ သူတို့သည် ငါးဖမ်းခြင်းထက် မဓမ၊ လမု၊ ကနစို စသော သစ်ဝါးများခုတ်ခြင်းကို ပို၍ အားသန်ကြသည်။ ယခုတော့ မိန်းမလှကျွန်းကြီးပေါ်တွင် ဓနိတောတွေသာ ကျန်၏။

"မိန်းမလှကျွန်းမှာ ဥစ္စာစောင့် ပေါ်တယ်ကွ"

သံချောင်းက အမောပြေနားရင်း နားမှန်းမသိသာစေရန် စကားစသည်။

"မင်းမြင်ဖူးလို့လား"

လှသိန်းကလည်း ရောယောင်၍ နားရင်းမေးသည်။ ဖိုးမောင်သည် သူ၏အစ်ကိုဝမ်းကွဲနှစ်ယောက်ကို စိတ်မရှည်စွာ ရပ်စောင့်ရင်း ကဒုံကနိုမြစ်တစ်ဘက်မှ မိန်းမလှကျွန်းဘက် ငေးကြည့်သည်။ ကဒုံကနိုမြစ်ကို သူတို့က ချောင်းဟုခေါ်ချင်ခေါ်သည်။ မြစ်ဟု ခေါ်ချင်ခေါ်သည်။ ရိုးဟူ၍တော့ မပြော။ ရိုးသည် ချောင်းထက်သေးငယ်သော ရေစီးကြောင်းသာ ဖြစ်သည်။





"မင်း စဉ်းစားကြည့် လှသိန်း။ ဘိုကလေးမြစ် က စီးလာတာ။ ကျွန်းညိုကြီးလဲရောက်ရော ကဒုံကနိချောင်းနဲ့ ဘိုကလေးမြစ်ဆိုပြီး ခွဲသွားတာ"

"မဟုတ်ပါဘူး ...သံချောင်းရာ။ အဲဒီမှာ ကဒုံကနို မဟုတ်ပါဘူးကွ။ ကျွန်းတုံးကြီးချောင်း ပါ"

"ထားပါလှသိန်း။ ဘာပြောပြော ကျွန်းညိုကြီးဆိုတာ ရေချိုရေငံပိုင် ဦးရှင်ကြီးရောက်သွားတဲ့ နေရာကွ။ အဲဒီမှာ ဥစ္စာစောင့်မတွေက ဆွဲထားလို့ သင်္ဘောမထွက်နိုင်တာလေ။ မောင်ရှင်ကလဲ ဥစ္စာစောင့်မတွေနဲ့ ထမင်းအတူတွဲချက်ရင်း ပျော်မြူးနေတာ။ သင်္ဘောပြန်တော့မယ်ဆိုတော့ ဥစ္စာစောင့်မတွေက ဆွဲထားရော။ အဲဒီမှာ လူတစ်ယောက် စတေးဖို့ ထားခဲ့ရမယ်ဆိုတော့ မဲနှိုက်တာ သုံးခါကြိမ်မျှားတောင် မောင်ရှင်ချည်းပဲ မဲကျတော့ မောင်ရှင်ကို ရေထဲပစ်ချပြီး စတေးလိုက်ရတာ။ အဲဒါ ကျွန်းညိုကြီးမှာကွ"

"နေစမ်းပါဦး။ မောင်ရှင်က ရေမကူးတတ်ဘူးလား"

ဖိုးမောင်က ဝင်ထောက်ခြင်းဖြစ်သည်။

"ရောဝတီသားပဲကွာ ကူးတတ်မှာပေါ့။ ဒါပေမယ့် ဥစ္စာစောင့်မတွေက အတင်းဆွဲသွားတာကိုး။ မင်း ဇာတ်မကြည့်ဖူးဘူးလား"

"ဇာတ်တွေက ဒါတွေကလို့လား။ စတိတ်ရှိုးပဲ ပါတာ"

လှသိန်းက ပြန်ပြောသည်။

"မဟုတ်ဘူး။ ငါပြောတာက ကျွန်းညိုကြီးက ဥစ္စာစောင့်တွေက မိန်းမလှကျွန်းကို ပြောင်းလာတာကွ။ ဥစ္စာစောင့်မဆိုတာ ချောတယ်လေကွာ။ အဲဒါကြောင့် မိန်းမလှကျွန်းလို့ ခေါ်တာပေါ့"

"မင်းတွေ့ဖူးလို့လား သံချောင်း"

ဖိုးမောင်က သံပြတ်ဖြင့် မေးသည်။

"ငါ ဘယ်တွေ့ဖူးမလဲ။ တစ်ဆင့်စကား တစ်ဆင့်နား ကြားရတာ"

"အဲဒါဆို မပြောနဲ့တော့။ ငါက လက်တွေ့ပဲယုံတယ် သံချောင်း"

"မင်းက လက်တွေ့ပဲယုံလား။ ဒါဆိုရင် အနော်ရထာတို့၊ ကျန်စစ်သားတို့၊ ငလုံးလက်ဖယ်တို့၊ ညောင်ဦးဖီးတို့၊ ငထွေရူးတို့ကို မင်းမယုံဘူးလား"

"ကျောင်းကဆရာတွေသင်တာ ငါယုံတယ်"

သံချောင်း ပါးစပ်ပိတ်သွားသည်။ သံချောင်းကား လေးတန်းကိုပင် အနိုင်နိုင်အောင်ခဲ့ရခြင်း ဖြစ်သည်။

"အေးကွာ ... ငါက စာမတတ်ဘူးကွ။ လေးတန်းဆိုတော့လဲ သေစာရှင်စာလောက်တော့ ရတာပေါ့ကွာ။ ကိုရီးယားကားကြည့်ရင် ငါတော့ လေးခါငါးခါလောက် ပြန်ကြည့်မှ အရသာတွေ့တယ်။ စာကို နားလည်အောင် အရင်လုပ်ရတယ်။ နောက်မှ အိုက်တင်ကိုကြည့်ရတာ။ စာမတတ်တာ လူ့အောက် သူ့အောက် ကျသကွာ"

"မင်းတို့ အမောပြေပြီလား"

ဖိုးမောင်က မိန်းမလှကျွန်းဘက်မှ ခနိတောများဘက်သို့ ငေးကာ သံပြတ်ဖြင့် မေးပြန်သည်။

"ငါတို့ ဘယ်တုန်းက မောလို့လဲ"

"မင်းတို့မောလို့ စကားကြောရှည်နေတာ ငါသိပါတယ်"

ဖိုးမောင်က လှသိန်းကို တုံ့ပြန်သည်။

"ဖိုးမောင်ပြောတာ မှန်တယ်။ လှသိန်း ဆေးလိပ်ချိုးကပ်နေပြီ။ တစ်ခုရှိတယ်ကွ။ ငါစဉ်းစားမိတာလေ။ မိန်းမလှကျွန်းပေါ်မှာ လမုနဲ့ ကနစိုတောတွေ၊ မမပင်တွေ ငါတို့ငယ်ငယ်တုန်းက ပြည့်နေတာ။ အဲဒါ ဒီရေတောကွ။ ဒီရေတက်လာရင် ကာကွယ်ပေးမှာ။ အခုတော့ အတော်ပြောင်နေပြီ။ ဒီရေသာ တရကြမ်းတက်ကြည့်။ ကာကွယ်စရာ တောကမရှိတော့ဘူး"

လှသိန်းက သံချောင်းကို လှောင်ရယ်ရယ်သည်။

"ရေဒီယိုက ပြောသလိုပဲ။ မင်းကို သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဘွဲ့ ချီးမြှင့်မယ်။ ဒီမှာသံချောင်း ... မင်း ဒီရေတက်တာ





ဘယ်လောက်အထိ မြင့်ဖူးလဲ။ ငါတို့ခနိပင်ရွာကိုတောင် မဖုံးဘူး။ မိန်းမလှကျွန်းကတော့ ဒီရေတက်တာလောက်တော့ ပျင်းတောင်ပျင်းသေးတယ်"

"ငါပြောတာက ထူးကဲဒီရေကို ပြောတာကွ လှသိန်းရ"

"မင့် ထူးကဲဒီရေမကလို့ ကဲထူးဒီရေ တက်တက်။ မိန်းမလှကျွန်းက မမြုပ်သေးဘူး"

"စူပါ ထူးကဲဒီရေ တက်ကြည့်ပါလား။ ငါတို့ ပင်လယ်ဝတွေမှာ ကာကွယ်စရာဆိုလို့ ခနိပင်ပဲရှိတယ်"

"ဒါဆိုရင်လဲ မင်းပဲ ပုဆိုးနဲ့ သွားကာလိုက်ပေါ့ သံချောင်းရာ ... ။ ဟော ... မင်းနဲ့ငါနဲ့ အာချောင်နေတာ။ ဖိုးမောင်က ရှေ့ကလစ်သွားတာ မျက်ခြည်တောင် ပြတ်သွားပြီကွ"

လှသိန်းနှင့် သံချောင်းသည် ရှေ့မှသွားနေသော ဖိုးမောင်ကို မတွေ့ရတော့သဖြင့် အပြေးတစ်ပိုင်းဖြင့် လိုက်ကြသည်။ ဖိုးမောင်ကား သူတို့အလစ်တွင် မျက်ခြည်ပြတ်အောင် ခပ်သွက်သွက် လှမ်းလိုက်ပြီး ချုံပုတ်တစ်ခုနောက်တွင် ပုန်းနေခြင်းဖြစ်သည်။

လှသိန်းနှင့် သံချောင်းသည် ဖိုးမောင်ပုန်းနေရာ ချုံပုတ်ကို လွန်ထွက်သွားသည်။ ဖိုးမောင်သည် ချုံပုတ်နောက်မှ ခုန်ထွက်လိုက်သည်။ ထို့နောက် အသံဖျက်ပြီး အော်လိုက်သည်။

"ဟော့ကောင်တွေ"

လှသိန်းနှင့် သံချောင်းသည် ဖိုးမောင်၏ အသံနက်ကြီးကို ကြားလိုက်ရသောအခါ အပြေးတစ်ပိုင်း သွားနေရာမှ လန့်ပြီး ထခုန်ကြသည်။ ဖိုးမောင်က သူတို့ကို သဘောကျပြီး ရယ်သည်။

"မင်းကလဲ အလန့်ထည့်ကျ လုပ်ပြီ"

လှသိန်းက ပြောသည်။

"မင်းတို့ ခံရပေါင်းလဲ များနေပြီ။ ဒါလဲ အခုထက်ထိ ကြောက်တုန်းပဲလား"

"ကြောက်တာပေါ့။ မင့်အသံကြီးက"

သံချောင်း၏စကားကြောင့် ဖိုးမောင်က တိုး၍ ရယ်မောပြန်သည်။ ဖိုးမောင်သည် သူတို့နှင့်အတူ ခြေကျင်ခရီးသွားတိုင်း ယခုကဲ့သို့ စနေကျပင်။ ရှေ့မှကြို၍ ပြေးသည်။ တစ်နေရာတွင် ပုန်းကွယ်၍ စောင့်သည်။ သူတို့လွန်သွားလျှင် ဖိုးမောင်က ပုန်းကွယ်နေရာမှ စောင့်ပြီး အော်ဟစ်ခြောက်လှန့်လေ့ ရှိသည်။ မကြာခဏ ထိုသို့ နောက်ပြောင်လေ့ရှိသော်လည်း လှသိန်းနှင့် သံချောင်းကား အမှတ်မရှိပေ။ အနောက်ခံရတိုင်းလည်း လန့်ကြသည်ပင်။

"ကျော်ထွန်းဝင်းကြီး လာပြီဟေ့ ..."

ကျော်ထွန်းဝင်းစက်လှေသည် ကဒုံကနိမြစ်ကို ဆန်တက်လာသည်။ လှသိန်းက ဆက်လက်၍ . . .

"ဘိုကလေးမြစ်ဘက်က မသွားဘဲ ဒီချောင်းကို ဘာလို့ ဆန်တက်တာလဲ"

သူတို့သည် ကဒုံကနိမြစ်ကို ချောင်းဟုလည်း ပြောသည်။ ဧရာဝတီမြစ်၊ ပုသိမ်မြစ်၊ ရွှေးမြစ်၊ တိုးမြစ် စသော မြစ်ကြီးများမှလွဲ၍ ဧရာဝတီမြစ်မကြီး၏ မြစ်ခွဲမြစ်မြွာများစွာကို ချောင်းဟု ခေါ်ချင်ခေါ်ကြသည်။ မြစ်ဟု ခေါ်ချင်ခေါ်သည်။ ရေဟုလည်း ခေါ်သည်။

"ဒါကတော့ မင်းသိတဲ့အတိုင်းပေါ့ လှသိန်းရာ။ ဒီလူကြီးက ကျွဲရိုင်းပူးတွေ၊ အချိုမှုန့်ထုပ်တွေကို ပင်လယ်ထဲမှာ လှေချင်းကဲ့ပြီး သယ်လာမှာ အသေအချာပဲ။ အမာဘက်က ရဲတို့၊ ကာစတမ်တို့ကို ကြောက်လို့ ဒီဘက်က လစ်တာပေါ့။ နောက် ဘိုကလေးမြစ်က ကျယ်ပေမယ့် ရေကျသွားရင် တိမ်သွားမယ်။ သောင်များမယ်"

သံချောင်းက ရှင်းပြသည်။

"ငါ မှန်ပြောင်းနဲ့ ကြည့်ဦးမယ်"

လှသိန်းက လက်နှစ်ဘက်ကို မှန်ပြောင်းသဏ္ဌာန် ကွင်း၍ မျက်စိနှစ်လုံးတွင် ကပ်ပြီး ကြည့်သည်။

"အံမာ ... နောကြီးက လှေဦးမှာ ပက်လက်ကုလားထိုင်နဲ့ ဗိုက်ကျလာတာ။ ဘီယာနဲ့ နှပ်နေတာထင်တယ်။ သေးနားက အနီလေးက အကြံအဖန်ဝေးဖြစ်မယ်"





ဦးကျော်ထွန်းသည် စက်လှေဦးတွင် ပက်လက်ကုလားထိုင်ဖြင့် နောက်ပြန်လှည့်ထိုင်ကာ ဘီယာသောက်လာပုံရသည်။ သူ့အနားတွင် ထမီအနီအဝတ် မိန်းမပျိုတစ်ဦးက ပြုစုနေသည်။

"သူ့သမီးလားမှ မသိတာ"

ဖိုးမောင်က ပြောသည်။

"သူ့မှာ သမီးမရှိဘူး။ သမီးသာရှိကြည့်။ လှသိန်းနဲ့တွေ့ပြီး ဒီနောကြီး ဝဋ်လည်သွားမယ်"

လှသိန်းက ကျုံးဝါးသည်။

ဗျိုင်းတစ်အုပ်သည် မြားဦးပုံဖြင့် မြစ်ယံတွင် ဆန်တက်၍ ပျံသန်းသွားကြသည်။ တကယ်တော့ သူတို့သွားနေသော လမ်းသည် လမ်းကောင်းတော့ မဟုတ်ပေ။ မြေနိမ့်ရာတွင် ဒူးဆစ်ခန့်နက်သော ရွှံ့ဗွက်တွေကို ရှန်းချင်ရှန်းရသည်။ ရံဖန်ရံခါတွင် မြက်ရိုင်းတောကြီးကို ဖြတ်ရလေရာ ရေက ခါးလောက်နီးနီး နက်သည်။ သို့သော် သူတို့ကား ဤနေရာ ဤဒေသကို ကျွမ်းကျင်စွာ သွားလာနိုင်ကြသည်။ ဤဒေသတွင် ရေလမ်းသာ အဓိကဖြစ်သည်။ ခြေကျင်သွားလျှင် အခက်အခဲ အတားအဆီးက များလှသည်။ ဘိုကလေးနှင့် ကဒုံကနိပင်ကား လမ်းမပေါက်။ ဘိုကလေးသည်ပင် ရေလမ်းကိုသာ အဓိကအားကိုးခဲ့ရသည်။ အရှေ့ဘက် ဖျာပုံမှတစ်ဆင့် ဒေးဒရဲ ကွမ်းခြံကုန်းမြို့များသို့ ကားလမ်းတွေရှိပေမယ့် မြစ်ချောင်းအသွယ်သွယ်ကို ဖြတ်နေရလေရာ အစီးရက တံတားတွေလိုက်ထိုးနေရသည်။ မော်လမြိုင်ကျွန်းနှင့် နီးသော်လည်း ရေလမ်းသာရှိသည်။ မြေပျော့ဖြစ်သဖြင့် လမ်းတွေကလည်း ဆိုးသည်။ တာရိုးလမ်းများမှာ နိမ့်သဖြင့် မကြာခဏ ရေလွှမ်းခံရပြီး ပျက်ကုန်သည်။ ဘိုကလေးမှ ကျွန်းပြသာဒ်မြစ်နားရှိ ကြိမ်ချောင်းကြီးသို့ မြေလမ်းကြမ်းရှိသော်လည်း ကဒုံကနိရောက်အောင် မုန်တိုင်းကြီးချောင်းနှင့် နွံတောကြီးကို ဖြတ်ရမည်။ ဖျာပုံ၊ ကျုံကဒွန်းလမ်းက ကောင်းပေမယ့် ကျုံကဒွန်း၊ ဒေါ်ညိမ်း၊ အမာလမ်းက ဆိုးသည်။ မိုးတွင်းတွင် သုံးမရ။

ရေကျော်ကြီးရောက်တော့ နေမွန်းတည့်ပေပြီ။ သူတို့ အစ်ကိုယ်လုံးမှာလည်း ရွှံ့ဗွက်တွေ လူးနေလေပြီ။

"ဒီနေ့ ကျိုးကန်းတွေသာနေလို့ ညှော်သည့်လာနေပြီလို့ ထင်တာကွ။ လာမယ့်လာတော့ ကျွဲသုံးကောင် ရောက်လာတယ်"

ဝင်းမောင်ကြီးက ဝမ်းသာအားရ ကြိုဆိုရင်း သူတို့အိမ်နှင့် ကိုထွန်းတို့အိမ်အကြားမှ အိမ်နောက်ဘေးဘက်သို့ ခေါ်လာသည်။ နောက်ဘေးဘက်တွင် ကွမ်းပင်များနှင့် အုန်းပင်များ မှောင်ပိန်းနေအောင် ပေါက်နေသည်။ သစ်သားတန်းများကာထားသည့် ရေတွင်းရှိသည်။

"အစ်မရေ ကြက်တစ်ကောင်လောက် လုပ်ပါဦး။ ထမင်းကတော့ ဘေးအိမ်တွေ မေးကြည့်ပေါ့"

ဝင်းမောင်ကြီးက သူ့အမေကို သူပြန်နိုင်းသည်။ ဝင်းမောင်ကြီး၏ မိခင်သည် ရပ်ရွာဓလေ့အတိုင်း အိမ်နီးချင်းများထံမှ ထမင်းစုဆောင်းရမည်။ ထိုအချိန်တွင် ရေနွေးအိုးတည်ပြီး ဝင်းမောင်ကြီး၏ညီမဖြစ်သူ တင်တင်ဝင်းကို ကြက်တစ်ကောင်သတ်ခိုင်းမည်။ ထမင်းမရလျှင် ထမင်းအိုးတစ်လုံး ချက်မည်။ ငပိရေနှင့် တို့စရာကတော့ အိမ်မှာ အမြဲရှိသည်။

သူတို့ ရေတွင်းရောက်တော့ တင်တင်ဝင်းက ကြက်မဒန်းတစ်ကောင်ကို လောက်လေးခွနှင့် ပစ်လိုက်တာတွေ့ရသည်။ ရေနွေးဆူလျှင် ကြက်မွေးနှုတ်ပြီး ကြက်သားကိုင်မည်။

ဖိုးမောင်တို့သုံးယောက် ရွှံ့တွေဗွက်တွေကို ရေဆေးကြောကြသည်။ လှသိန်းက ...

"ငါတို့ညီလေး ဖိုးမောင်က အရွယ်ရောက်လာပြီလေကွာ။ (၁၆) နှစ်ကျော်လာပြီ။ ကိုထွန်းကြီးခယ်မ အလှနဲ့ ဆုံပေးမလို့"

ဝင်မောင်ကြီးက နားစိုက်ထောင်သည်။

"ဒါဆိုရင်တော့ အခုတလော ရာသီဥတုကောင်းတယ်။ ကိုထွန်းကြီး အရက်မသောက်တာ ကြာပြီ။ ဒီညနေ ရေချိုးချိန် အလှတို့ ဒီရေတွင်းမှာ လာဝိုင်းဖွဲ့မှာပဲ။ ငါ့ညီမ တင်တင်ဝင်းကို ငါ စကားထည့်ထားမယ်။ နေပါဦး ...။ ဖိုးမောင်က အလှကို ကြိုက်လို့လား"





"မြင်တောင် မမြင်ဖူးသေးဘူး။ ကြိုက်ရမှာလား အစ်ကိုရ။ ဒီကောင် လှသိန်းဆတ်ခေါ်လို့ ရောက်လာတာ"

"မင်းနဲ့တော့ လိုက်ပါတယ်။ မင်းကလဲ ဗလတောင့်တောင့် ဒေါင်ကောင်းကောင်း၊ ဟိုကလဲ ရွှေဘိုမင်းကြိုက်ဆိုတာမျိုး။ လှသိန်းတို့ သံချောင်းတို့လိုဆိုရင်တော့ စဉ့်အိုးမှာ ဖားပျံကပ်နေသလိုပေါ့ကွာ"

"မင်းကတော့ ငါတို့ကို ပြောဖို့ပဲ စဉ်းစားနေ။ အေး ... ငါတို့လဲ အဖြစ်မရှိလို့ အဖြစ်ရှိတဲ့ကောင်ကို ခေါ်လာတာပေါ့ကွ။ ငါနဲ့ သံချောင်းကတော့ ခံရပြီးပြီပဲ"

"ခံရပြီးပြီ"

ဖိုးမောင်က တအံ့တသြ မေးသည်။

"မင်းတို့ ငါ့ကို ဒိုင်လျှိုထားတာ ဘာရှိသလဲ"

ဖိုးမောင်က လှသိန်း၏မျက်လုံးများထဲသို့ စူးစူးစိုက်စိုက် ကြည့်၍မေးလိုက်ရာ လှသိန်းသည်း မိမိထက် အသက် (၄) နှစ်ခန့် ငယ်သော မိမိညီဝမ်းကွဲပေမယ့် မလိမ်ရဲတော့ပေ။ အလိုအလျောက် ဝန်ခံရတော့၏။

လှသိန်း၊ သံချောင်းနှင့် ဝင်းမောင်တို့မှာ သက်တူရွယ်တူ ကျောင်းနေဘက်များ ဖြစ်ကြသည်။ ဝင်းမောင်မှာ အသက်အနည်းငယ် ပိုကြီးသည့်အပြင် လူပုံက ဂင်တိုတို၊ ဗလတောင့်တောင့်နှင့် အရပ်ပုသော်လည်း ခြေဆန့်လက်ဆန့် ကြီးမားသောကြောင့် ဝင်းမောင်ကြီးဟု ခေါ်ကြသည်။ ဖိုးမောင်သည် ဝင်းမောင်ကြီးကိုတော့ အစ်ကိုဟူ၍ ခေါ်သည်။ လှသိန်းနှင့် သံချောင်းသည် ဝင်းမောင်ကြီးနှင့် အဆက်အသွယ်မပြတ်ပေ။ ငါးဖမ်း၊ ခနီခုတ်၊ မဓမမျှောခုတ်လုပ်ငန်းများမှာလည်း တူညီသည်။ ရေငံဝင်ပြီး ရွှံ့နွံထူထပ်လှသောဒေသမို့ သူတို့တွင် လယ်မရှိ။ ရေချိုတွင်းများရှိရာ ပတ်ဝန်းကျင်တွင်တော့ ကွမ်းပင်၊ အုန်းပင် စသည်တို့ အနည်းအကျဉ်းရှိသည်။

"လာစမ်းပါ။ အိမ်ပေါ်တက်ပြီး လှသိန်းခံရပုံ၊ သံချောင်းခံရပုံလေးတွေ အေးအေးဆေးဆေး နားထောင်စမ်းပါ"

ဝင်းမောင်ကြီးက သူတို့သုံးယောက်ကို ခြေတန်ရှည်အိမ်ကြီးပေါ် ခေါ်သွားသည်။ ဇောာအရက်တစ်ခွက်စီ တိုက်သည်။

"ဖိုးမောင်က ဒါပဲနော်။ ညနေမှ ထပ်သောက်။ ဟိုကောင်တွေကတော့ ကြွက်တွင်းတွေ"

ဝင်းမောင်ကြီးအမေက ငါးပုတ်ပြားခြောက်ကို မီးဖုတ်၍ ထုပြီး ဆီဆမ်းပေးသည်။ သံပရာရည် ညှစ်ပေးသည်။ ထမင်းနှင့်ဟင်းက မကျက်နိုင်သေး။

"ဒီကောင်မြှောက်ပေးလို့ပေါ့ကွာ"

"မင်းကိုကလဲ တဏှာရူးတာပါ လှသိန်းရာ"

"ငါ အလှကိုတွေ့ခဲ့တာက ကဒုံကနီမှာကွ။ ကိုထွန်းမိန်းမ မမွေးနဲ့အတူတူတွေ့တာ။ ရုပ်ရည်ချင်းဆင်တော့ ညီအစ်မမှန်း သိလိုက်ပြီ။ မျက်နှာပေါက်ချင်းသာ ဆင်တာပါ။ ကိုယ်လုံးကတော့ ဆင်နဲ့ဆိတ်"

"ဘယ်သူက ဆင်လဲ။ ဘယ်သူက ဆိတ်လဲ"

ဖိုးမောင်က အကြမ်းပန်းကန်ထဲမှ အရက်တစ်ငုံကို ရှုံ့မဲ့၍ မျိုချရင်းမေးသည်။

"ကိုထွန်းမိန်းမ မမွေးက ပုပုလေးကွ။ ဟိုက ဖက်ရှင်မယ်လို ပုံမျိုး။ ငါလဲ ဈေးတစ်ပတ် ‌လျှောက်လိုက်နေမိတယ်။ ငါ့ကို နည်းနည်း မျက်မှန်းတန်းမိသွားတယ်။ ဒါနဲ့ ဒီအိမ်မှာ အခြေပြုပြီး ဟိုဘက်အိမ်ကို ချောင်းရတာပေါ့ကွာ"

ဝင်းမောင်ကြီးက ရေနွေးကြမ်းပန်းကန်ထဲမှ ချက်အရက်ကို ကွပ်ကနဲ ကြိုက်ချလိုက်ရင်း ...

"အဲဒါပေါ့ကွာ။ ငါတို့အိမ်က ဝါးထရန်တွေ ပေါက်ပြကုန်တာ မင်းတို့မြင်တဲ့အတိုင်းပဲ။ ငါ့မှာ ထက်ထက်မိုးဦးပြကွဒိန်နဲ့ ဖာလိုက်၊ နန္ဒာလှိုင်ရဲ့ မြဟသ်ာကြော်ငြာပိုစတာနဲ့ ဖာလိုက်၊ တရုတ်ရွက်ဆုတ်ပြက္ခဒိန်လဲ မကျန်ဘူး။ နောက်ဆုံး အသုဘကမ်းတဲ့ ယပ်တောင်နဲ့ ဖာလိုက်"

"မင်းက တော်တော်ဖာလိုက်တဲ့ကောင်ပဲ"





သံချောင်းက ဝင်နှောင့်သည်။

"လှသိန်း နံပိန်ကြောင့်ပါကွာ။ ယပ်တောင်နဲ့ထိုးပြီး ဖာထားတာကို ငါ့အမေက ဖြုတ်ပြီး ယပ်ခတ်တော့ တွေ့သွားရော။ အစ်မရေ ကြွက်ကိုက်လို့ဗျ ဆိုပြီး ပြောလိုက်ရတယ်"

သူငယ်ချင်းများ ဝိုင်းရယ်ကြသည်။

"ဆက်ပါဦး ... မင်းရဲ့ တဏှာရူးဇာတ်လမ်း"

"မင်းက မတွေ့ဘူးသေးတော့ ပြောမှာပေါ့ ငမောင်"

"ဒါဆို မင်းဘာလို့ လက်လျှော့လဲ"

"တိုတိုပြောရရင် မျက်မှန်းကတော့ တန်းမိနေတာပေါ့ ကွာ"

"ချောင်းကြည့်ပြုံးပြန်၊ ထရန်ခွာသံစုံး အဆင့်ဆိုပါတော့"

"အေးပါ။ အဲဒီအဆင့်ပဲ ဆိုပါတော့ ငမောင်။ တစ်နေ့ကျတော့ စကားပြောဖို့ အခွင့်အရေးရရော။ ညဦးပိုင်းလောက် သူတစ်ယောက်တည်း အိမ်ပေါ်ကဆင်းလာတော့ ငါလဲ လိုက်သွားတာပေါ့။ သူ့ကိုလဲ မှီရော။ တစ်ယောက်တည်းလားလို့ မေးလိုက်တယ်။ အင်း ... တဲ့။ ဒီလောက်ဆို ဟုတ်ပြီပေါ့ကွာ။ နာမည်က အလှနော်လို့ ငါပြောလိုက်တော့ ဆတ်ခနဲရပ်ပစ်လိုက်ပြီး ငါ့ကို ခါးထောက်ပြီး ကြည့်တာပေါ့။ နည်းနည်းဖျားသွားတယ်ဟေ့။ သဘက်ကြီးရိုးက ငှက်ဖျားလောက် ဖျားတာပေါ့။ ပြီးတော့ ပိတ်ဟောက်တာပဲ"

"ခေါ်ခလောနဲ့လား"

သံချောင်းက နောက်သည်။

"ဘဝတူချင်း မကြောနဲ့ ဒန်ချောင်း။ မင်းလဲ ဘာထူးလို့ လဲ"

"နံပိန် ဆက်ပါစေဦး ဒန်ချောင်းရာ"

ဝင်းမောင်က ဝင်ပြောသည်။

"ဒီလိုကွ။ ငါ့နာမည် အလှမဟုတ်ဘူးတဲ့။ လှယဉ်ဆင့်တဲ့။ နာမည်ခေါ်ရင် အပြည့်အစုံခေါ်တဲ့"

"ဒါ သင်ခန်းစာ (၁) နော်။ ဖိုးမောင် မင်း မှတ်ထား"

ဝင်းမောင်ကြီးက ပြောသည်။

လှသိန်းက ဆက်လက်၍ ...

"ငါကလဲ မသိလို့ပါ လှယဉ်ဆင့်ရယ်လို့ ပြောလိုက်ရတာပေါ့။ အဲဒီတော့ သူက ဘာလုပ်မလို့လဲတဲ့။ ငါလဲ ဘာပြောရမှန်း မသိတော့ ဘာမှ မလုပ်ပါဘူးလို့ ပြောရတာပေါ့။ အဲဒီမှာ ဒါဆိုလဲ သွားတဲ့။ လိုက်မလာနဲ့တဲ့"

"မင်းလဲ ပြန်လှည့်ရောလား"

ဖိုးမောင်က စိတ်ဝင်စားစွာ မေးသည်။

"ဒီလိုနဲ့ ဘယ်ရမလဲ။ ခဏလေးပါ လှယဉ်ဆင့်ရယ်။ စကားပြောစရာရှိလို့ပါဆိုပြီး သူ့လက်တစ်ဖက် လှမ်းဆွဲလိုက်တာပေါ့။ ဘာပြောကောင်းမလဲ။ ငါ့လက်တစ်ဖက်ကို ဆတ်ခနဲ လိန်ချိုးလိုက်တာ ဘယ်လိုဖြစ်သွားမှန်းကို မသိဘူးဟေ့"

အားလုံး ဝိုင်းရယ်ကြသည်။

"မင်းတို့ကတော့ ရယ်ကြပေါ့။ လမ်းပေါ်မှာ သူနဲ့ငါ နှစ်ယောက်တည်းရှိလို့ အရှက်မကွဲတာ"

"ဒါပေမယ့် နံပိန် မနေနိုင်ဘဲ သူ့ဟာသူ အာလိုက်ချောင်လို့ သူ့ရဲ့ မအောင်မြင်တဲ့ အချစ်ဇာတ်လမ်းက ကဒုံကနိကိုလွန်ပြီး ဟိုးကျောင်းစုတို့၊ အုန်းပင်တို့အထိ ပြန့်သွားပြီကွ။ ကဲ ... ဒန်ချောင်းအလှည့်"

ဝင်းမောင်ကြီး၏ စကားအဆုံးတွင် သံချောင်းက လည်ချောင်းရှင်းသည်။ သူတို့အားလုံး လျှာသွက်နေကြပြီ။

"ငါက လှသိန်းရဲ့ဇာတ်လမ်းကိုကြည့်ပြီး သင်ခန်းစာ(၁) ကို လိုက်နာတယ်။ ငါတို့က (၁၀) တန်းတောင်မအောင်တဲ့ တောသားတွေ။ သူက (၁၀) တန်းအောင်ပြီး စာပေးစာယူတက်နေတဲ့သူဆိုတော့ ပညာမာနရှိတယ်။ ငါက (၄) တန်း ၃ နှစ်ဖြေယူရတာဆိုတော့ (၁၂) တန်းပေါ့ကွာ။ အဲဒါကို သတိထားရတယ်။ ရွာတို့၊ အုန်းပင်တို့ဘက်က လာတယ်ဆိုပေမယ့် ဘိုကလေးမှာအနေများတော့ မြို့ဆန်တယ်။ ဘဝင်ဆိုပါတော့ကွာ။ ဒီတော့ ခပ်လျှိုလျှိုဝင်ရတယ်"





"ဘုန်းနိမ့်ပြီပေါ့"

ဖိုးမောင်က နောက်သည်။

"ငါလဲ ဒီအိမ်မှာအခြေပြုပြီး ချိန်ရတာပဲ။ တစ်ညသူ ရေချိုးတာ နောက်ကျတယ်။ လသာသာမှာ တစ်ယောက်တည်း ရေတွင်းကို သွားတာ။ ဘယ်ရမလဲ။ ငါလဲ ရေလဲလုံချည်လဲပြီး ရေတွင်းနား လှစ်ကနဲ ရောက်သွားတာပေါ့။ ငါက ရေချိုးမလို့လားဆိုတော့ နင်ကရော၊ ရေတွင်းထဲခုန်ဆင်းမှာမို့လို့လားတဲ့။ ငါကလဲ လျှိုဝင်ရတဲ့ကောင်ဆိုတော့ မဟုတ်ပါဘူး လှယဉ်ဆင့်ရယ်။ အုန်းဆံကြိုးက လက်ဖဝါးတွေပွန်းတယ်။ နင့်လက်ဖဝါးတွေက နုနုလေးတွေရယ်။ ငါ ခပ်ပေးမယ်ဆိုပြီး သူ့လက်ထဲက ရေပုံးကို ခပ်သွက်သွက် လှမ်းယူလိုက်တယ်။ အဲဒီမှာ ပထမအချီ သွားတာပဲ။ ကြိုးက တာယာကို လှီးထားတဲ့ကြိုး။ ရေပုံးက တာယာပုံး။ အုန်းခွံဒီလောက်ပေါ တဲ့ ငါတို့အရပ်မှာ အုန်းဆန်တောင် မကျစ်ကြတော့ဘူးကိုး"

"သူ့ထမီတွေလျှော်ဖို့ မင်းက ရေခပ်ပေးရတယ်ပေါ့"

"ချိုးရေလောက်ပါကွာ။ စဉ့်အိုးအပြည့်ပဲ။ ငါလဲ ချွေးပြန်သွားတာပဲ။ ချိုးတော်မူပါလေ။ ဝတီမက နင့်တစ်ကိုယ်လုံး ချွေးတွေချည်းပဲ။ နံလိုက်တာတဲ့ကွာဆိုပြီး ငါ့ကို ခပ်ဝေးဝေးနေခိုင်းတယ်။ ငါလဲ နောက်ဆုတ်ပေးပါတယ်။ ဟိုဘက်လှည့်နေတဲ့။ ငါလဲ ကျောခိုင်းနေလိုက်တယ်။ စဉ့်အိုးတစ်လုံးကုန်တော့ ရေကုန်ပြီတဲ့။ ငါလဲ အပြေးအလွှား ရေထပ်ခပ်တာပေါ့။ သူက ရေချိုးရတာ မဝသေးဘူးထင်တာကိုး။ ဒီမှာခဏစောင့်နော်တဲ့။ ငါ အခုပြန်လာမယ်ဆိုပြီး လစ်သွားရော"

"အဲဒီမှာ မင်း တစ်ညလုံး စောင့်နေရရောလား"

ဖိုးမောင်က မေးသည်။

"အဲဒါဆို တော်သေးတာပေါ့ကွာ။ ငါစောင့်လို့ သိပ်မကြာဘူးဟေ့။ ငါ့ကို ကိုထွန်းကြီးက လက်နှိပ်ဓာတ်မီးနဲ့ ထိုးထားတော့တာပဲ"

"သွားပြီပေါ့"

ဖိုးမောင်ပြောတော့ သံချောင်းက ...

"သွားပြီပေါ့ကွာ။ မင်းလားကွ။ ငါ့ခယ်မကို နှောင့်ယှက်တာဆိုပြီး နာရင်းပိတ်အုပ်လိုက်တာ ပူထူသွားတာပဲ။ နားထဲမှာ ဝီစီသံတွေလို ညံသွားတယ်။ ဘယ်နှချက်မှန်း မသိပါဘူးကွာ။ မှောင်နေလို့။ သူကလဲ မူးနေလို့။ ငါ့ကို မမှတ်မိဘူး။ ဒါကြောင့် အခုလိုက်လာတာပေါ့"

အားလုံး ရယ်ကြရပြန်သည်။

"ဒါဆို မင်းတို့ အသည်းမကွဲဘူးလား"

ဖိုးမောင်က စိတ်ဝင်တစား မေးသည်။ လှသိန်းက ...

"မကွဲပေါင်။ ဘာလို့ကွဲရမှာလဲ"

"သံချောင်းရော"

"ငါလဲ မကွဲပါဘူး"

"ရင်ထဲမှာ ဘယ်လိုမှ မနေဘူးလား"

"ဘာလို့နေရမလဲ"

"လုံးဝ မခံစားရဘူးလား"

ဖိုးမောင်က စိတ်ဝင်တစား မေးနေသည်ကို ဝင်းမောင်ကြီးက ကြားဖြတ်ဖြေသည်။

"ဒီကောင်တွေက မေတ္တာတွေ၊ သစ္စာတွေ နားလည်တာ မဟုတ်ဘူး။ တဏှာရူးဖို့ပဲ စဉ်းစားတာ။ အချစ်ဆိုတာ တဏှာလို့ ထင်တဲ့ကောင်တွေ။ ဘာခံစားရမှာလဲ"

"ဒါဖြင့် အစ်ကိုကရော။ အိမ်ချင်းကပ်နေတာ။ လှယဉ်ဆင့်ကို စိတ်မဝင်စားဘူးလား"

ဝင်းမောင်ကြီးက နှုတ်ခမ်းမဲ့ပြသည်။

"ဒီလောက်ဘဝင်ကိုင်ပြီး စွာလွန်းတာ ဘာလို့ စိတ်ဝင်စားရမှာလဲ။ သူ့ခဲအိုကလဲ ငါ့အရက်ဖောက်သည်လေ။ အကြွေးမပေးရင် ဒုက္ခ။ ပြီးတော့ ငါ့ကောင်မလေးက အုန်းပင်မှာလေ"

"ဒါဖြင့် ကျွန်တော်ကရော"

❀ ❀ ❀



# အခန်း (၂)

## လှယဉ်ဆင့်ကို လာကြည့်တာ

ဖိုးမောင် အိပ်ရာကနိုးတော့ ညနေ (၄) နာရီပင် ထိုးပေတော့မည်။ လှသိန်းနှင့် သံချောင်းကား အိပ်ပျော်၍ကောင်းတုန်းပင်။ ဝင်းမောင်ကြီးကား ညနေစာအတွက် တစ်ခုခု သွားစီစဉ်ပုံရလေသည်။ သူတို့သည် ရွှံ့တော ဗွက်တောကိုရှန်းပြီး (၁၀) မိုင်နီးပါးခန့် လမ်းလျှောက်လာကြခြင်းဖြစ်သဖြင့် ပင်ပန်းလှသည်။ မွန်းတည့်ချိန်ကျော်နေသဖြင့် ဆာလောင်နေသည်။ အရက်တစ်ခွက်စီ စတီခန့်သောက်ပြီးမှ ကြက်သားကာလသားချက်၊ ငပိရည်၊ တို့စရာတို့ဖြင့် ထမင်းပူပူကို တစ်ဝစားလိုက်ကြရသောအခါ မကြာမီ အိပ်ပျော်သွားကြခြင်း ဖြစ်သည်။

ဖိုးမောင်သည် အိပ်ရာက မထသေးဘဲ မှိန်းရင်း ရည်မှန်းနေမိသည်။ လှယဉ်ဆင့်သည် မည်သို့ရှိမည်နည်း။ လှသိန်း၏စကားအရ ဆင်နှင့်လည်း အနှိုင်းခံရသည်။ မိမိကဲ့သို့ ဒေါင်ကောင်းသည်။ အရပ်မြင့်သည်ဟုလည်း ဆိုကြသည်။ ဖက်ရှင်မယ်တို့၏ ပုံမျိုးဆိုသဖြင့် ဗီဒီယိုတွင်ကြည့်ဖူးသော ဖက်ရှင်မယ်များကဲ့သို့ ပိန်ပိန်ရှည်ရှည် ပြားကပ်ကပ်များလားဟု စဉ်းစားမိသည်။ သို့သော် သူသည် လှယဉ်ဆင့်၏ ဆွဲဆောင်မှုကြောင့် ဤလမ်းကြောင်းကို လျှောက်ခဲ့မိခြင်းကား မဟုတ်။

လုပ်စရာမရှိချိန်တွင် အပျင်းပြေထွက်လာခြင်းပင်။

သူတို့၏ဘဝကား ရိုးစင်းလှသည်။ မွေးကတည်းက ငှက်ဖျား ရောဂါကို အံတုရသည်။ မိုးနှင့်လေကို ရင်ဆိုင်ရသည်။ အသက်မွေး ဝမ်းကြောင်းလုပ်ငန်းတွေက ခက်ခဲကြမ်းတမ်းသည်။ ကျောင်းတက်ရင်း မိဘအလုပ်တွေကို ဝိုင်းကူကြရသည်။ သို့နှင့် ကျောင်းတက် မမှန်သူ တွေ စာမေးပွဲ တဖုံးဖုံးကျပြီး ကျောင်းထွက်ရသည်။ ငယ်ငယ်ရွယ်ရွယ် နှင့် လုပ်ငန်းခွင်ဝင်ရသည်။ အရွယ်ရောက်တော့ နီးစပ်ရာနှင့် အိမ်ထောင်ကျပြီး ကလေးတွေ မွေးကြပြန်သည်။ ပြီးတော့ ဤအရပ် ဤဒေသမှာပဲ ဤအလုပ်တွေကို လုပ်ကြရပြန်သည်။

ဖိုးမောင်သည် အနည်းငယ်ဟနေသော ခနိုမိုးမှ ထိုးကျနေ သည့် မှိန်ဖျော့ဖျော့အလင်းတန်းလေးကို ငေးကြည့်မိသည်။ မီးဖိုဘက် မှ မီးခိုးများကြောင့် အလင်းတန်းလေးမှာ ပြာလဲ့လဲ့ဖြစ်နေသည်။ သို့သော်လည်း တောက်ပခြင်းကား မရှိ။ မိုးရွာလျှင် ဤနေရာက မိုးယိုဦးမည်။

ဖိုးမောင်သည် တစ်မိပေါက် တစ်ယောက်ထွန်း ဆိုသကဲ့သို့ အစ်မငါးယောက်အနက်တွင် ဉာဏ်အကောင်းဆုံးဖြစ်သည်။ ဖခင်က ရိုးစားမိသဖြင့် အိမ်အလုပ်တွေ သိပ်မခိုင်း။ ကျောင်းစာကိုသာ အလေးပေးစေသည်။ သို့သော် ကြံ့ခိုင်သန်စွမ်းမှုရှိအောင်လည်း ဂရု စိုက်သည်။ ဘိုကလေးသို့ မကြာခဏ လွှတ်သည်။ မအူပင်သို့ သွား စေသည်။ ရန်ကုန်အထိလည်း ခရီးထွက်စေသည်။ ဖိုးမောင်သည် သဘာဝကြီးနှင့် ထိတွေ့ရန် အများနည်းတူ အခွင့်အရေးရသည့်အပြင် ပိုမိုကျယ်ပြန့်သော ပတ်ဝန်းကျင်၌လည်း ကျင်လည်ခွင့်ရသည်။

ကျောင်းနေစဉ်ကာလ စာကိုသာကြိုးစားခဲ့သဖြင့် မိန်းကလေး တွေနှင့် အရောတဝင် မနေဖြစ်ခဲ့။ ရင်းရင်းနှီးနှီး အမျိုးသမီးသူငယ်ချင်း မရှိ။ အစ်မငါးယောက်က ဖူးဖူးမှုတ်အောင် ချစ်ကြသဖြင့် ထိုအစ်မ ငါးယောက်စလုံးအပေါ် အနိုင်ယူနေကျဖြစ်ရာ မိန်းကလေးများအပေါ် လည်း အနိုင်ယူချင်သည်။ ထို့ကြောင့် သူသည် မိန်းကလေးများနှင့် အစေးမကပ်ပေ။





သူသည် မျက်နှာသစ်ပြီး အိမ်ရှေ့တွင် ခြေတွဲလောင်းချ၍ ထိုင်နေသည်။ ကဒုံကနီမြစ်ကို မမြင်ရ။ မိန်းမလှကျွန်း တစ်စွန်းတစ်စ ကိုတော့ မြင်ရသည်။ မိန်းမလှကျွန်းဟု အဘယ်ကြောင့် ခေါ်ပါသနည်း။ ဥစ္စာစောင့်ပုံပြင်တွေတော့ များစွာရှိသည်။ ယုံကြည်စရာ မရှိ။ ယခု တော့ တောခိုးခုတ်သူများနှင့် ဒီရေတောကို ကာကွယ်နေသော သစ်တောဝန်ထမ်း အနည်းငယ်သာ ရှိကောင်းရှိမည်။

ကိုထွန်းတို့အိမ်ဘက်မှ တစ်စုံတစ်ရာသည် သူ့ရှေ့သို့ ရွေ့ လျားလာလေသည်။

ဝိုင်းဝိုင်းစက်စက် မျက်ဝန်းတစ်စုံသည် သူ့ကို မော့ကြည့်ရင်း ထင်းနေသော မျက်ခုံးလေးတွေ မြင့်တက်သွားသည်။ ပေါ်လွင်သော နှာတန်အောက်မှ နှုတ်ခမ်းပါးပါးလေးတွေ ဟတတဖြစ်သွားတော့ တောက်ပသော အပေါ်ရှေ့သွားနှစ်ချောင်းကို မြင်လိုက်ရသည်။ သူမ သည် ထမီရင်ရှားထားပြီး အပေါ်မှ တဘက်တစ်ထည်ကို လုံလုံခြုံခြုံ လွှားထားသည့်တိုင် အလှအပတွေကို မခန့်မှန်းနိုင်လောက်သည်အထိ တော့ ဖုံးကွယ်မထားနိုင်ရှာ။ ဗိုက်က လျှပ်ပြီး ချပ်နေသောကြောင့် ရင်တွေက ပို၍ မို့မောက်သည် ထင်ရသည်။ အရပ်မြင့်သည်။

သူမ၏ မျက်နှာသည် ရဲကနဲဖြစ်သွားပြီး မျက်တောင်တွေ တဖျတ်ဖျတ်ခတ်သည်။

"ကိုဝင်းမောင်ကြီး ရှိလား"

"ရှိတယ်"

တကယ်တော့ သူ အမှတ်တမဲ့ ဖြေမိခြင်းဖြစ်သည်။ အိပ်ရာက နိုးကတည်းက ဝင်းမောင်ကြီးအသံကိုပင် မကြားရသေး။ ဖိုးမောင်က သူမကို စူးစူးရဲရဲ ကြည့်နေလေရာ သူမ ခေါင်းငုံ့သွား သည်။

"ကိုထွန်းတို့အိမ်ကပါ"

"လှယဉ်ဆင့်လား"

"နင်က ငါ့နာမည်ကို သိလား"

ဖိုးမောင်ရင်ထဲတွင် အောင့်သွားသည်။ လှယဉ်ဆင့်သည် အကြောက်အလန့်မရှိကြောင်း သူ သိပြီးဖြစ်သည်။ သို့သော် သူ့ကို မြင်မြင်ချင်း ရှက်သွားပုံရသည်။ လူစိမ်းမို့ဖြစ်မည်။ ထို့နောက် ဟန်ကိုယ့်ဖို့သဘောဖြင့် မာန်တင်းပြီး အထက်စီးကဆက်ဆံရန် ကြံလေပြီ။ သူမ၏မျက်လုံးတွေက ရဲရင့်လာသည်။ လေသံက အပေါ်စီးက ဖြစ်လာသည်။ ဖိုးမောင်သည် တစ်စုံတစ်ရာတုံ့ပြန်ရန် စဉ်းစားမိပေမယ့် မပြောဖြစ်လိုက်ပေ။

"ကျွန်တော် အစ်မနာမည် ကြားဖူးပါတယ်"

ထိုကဲ့သို့ပြောလိုက်တာက ပိုကောင်းသည်။ သူတို့ဒေသ ထုံးစံ အမေကို အစ်မဟုခေါ်ကြသည်။ လှယဉ်ဆင့်ကို သူ့အမေလို့ ငေါ့ပြီးခေါ်သလို ဖြစ်သွားသည်။ တကယ်လည်း လှယဉ်ဆင့်သည် လှသိန်းတို့နှင့် သက်တူရွယ်တူခန့်ဖြစ်လေရာ သူ့ထက် လေးနှစ်ခန့် ကြီးနိုင်သည်။

"နင့်ကို ငါ မမြင်ဖူးပါဘူး။ ဘယ်ကလဲ"

"ခနိပင်က"

"ခနိတော လုပ်စမ်းပါဟာ။ နင်တို့ ခနိပင်ဆိုတာ ရွာမှမဟုတ်တာ။ တောစခန်းပဲ မဟုတ်လား"

"ဒါမျိုး အိမ်တွေပါပဲ။ အစ်မ တစ်ခေါက်လောက် လာကြည့်ပေါ့"

"တကယ်လား။ ငါ တကယ်လာမှာနော်"

လှယဉ်ဆင့်၏ အမူအရာက ဖော်ရွေလာသည်။

"လာပါ"

"နင်တို့ဆီမှာ တီဗွီကြည့်လို့ရလား"

"အင်တာနာနဲ့က ဖမ်းလို့မရဘူး။ စလောင်းရှိမှ ရမှာ။ အခုတော့ မရှိဘူး"

လှယဉ်ဆင့် သက်ပြင်းချသည်။

"နင့်နာမည်က"

"ဖိုးမောင်"





"နာမည်က ချစ်စရာလေးပဲ"

လှယဉ်ဆင့်က ခပ်ပေါ့ပေါ့ပြောပြီး ရယ်သွမ်းသွေးသည်။

"အစ်ကိုရေ"

ဖိုးမောင်က ဝင်းမောင်ကြီးကို ခေါ်သည်။ ပြန်ထူးသံ မကြားရ။ ဘယ်ထွက်သွားပြန်သည် မသိ။

"ဟောဗျာ . . . ဘယ်ထွက်သွားပြန်လဲ မသိ"

"စောစောက နင်ပြောတော့ ရှိတယ်ဆို"

"စောစောကတော့ ရှိတာပဲ။ အခုမှ မရှိတာ"

"နင်ကလဲ အမျိုးမျိုး"

"ဘာကိစ္စရှိလို့လဲ"

လှယဉ်ဆင့်က တမင်သက်သက် သက်ပြင်းချမှန်းသိအောင် အသံထွက်၍ သက်ပြင်းချသည်။

"ခဲအိုကြီးလေ တစ်ပုလင်းလောက် သွားဆွဲပေးစမ်းဆိုလို့"

ဝင်းမောင်ကြီးသည် အရက်ချက်ရောင်းနေသော်လည်း သူ့အိမ်တွင် ချက်ခြင်းမဟုတ်။ မည်သည့်နေရာတွင် ချက်မှန်းလည်း မသိရ။ ယခုလည်း သူ၏ လျှို့ဝှက်အရက်တဲသို့ သွားနေသလား မသိ။

"ဒီနားဟိုနား သွားတာလားမသိဘူး။ အပေါ်တက်ပြီး ခဏထိုင်စောင့်မလား"

လှယဉ်ဆင့်က စဉ်းစားသလို လုပ်နေသည်။

အိမ်ပေါ်မှာ မည်သူမှမရှိဘူးဟု ထင်ချင်ထင်မည်။ အိမ်ပေါ်တက်လာလျှင် သူစိမ်းယောကျ်ားလေးနှင့် နှစ်ယောက်တည်းဖြစ်နေမည်။ သူမမှာက အဝတ်အစားကလည်း တစ်ဝက်သာပါသည်။ မျက်နှာသုတ်ပုဝါ အလတ်စားက လုံခြုံမှုရှိသည် စသည်ဖြင့် လှယဉ်ဆင့် စဉ်းစားနေလိမ့်မည်ဟု ဖိုးမောင်ထင်မိသည်။

"အစ်မ ခဏစောင့်နေလေ။ ကျွန်တော် ကြည့်လိုက်ဦးမယ်"

ဖိုးမောင်က အိမ်ထဲဝင်ကြည့်သည်။ သူတို့ အရက်သောက်တော့ ပုလင်းသည် အစကတည်းက အနည်းငယ်သာ ရှိသည်။ ပုလင်း အလွတ်တွေသာ တွေ့ရသည်။ ပလပ်စတစ်ပုံးများမှာ အရက်နံ့ရပေမယ့် အထဲမှာ ဘာမှမရှိ။ လှသိန်းနှင့် သံချောင်းကား အိပ်ကောင်းတုန်း။

သူ အတွင်းခန်းမှ ပြန်ထွက်လာတော့ လှယဉ်ဆင့်သည် သူ ထိုင်သောနေရာတွင် သူထိုင်သကဲ့သို့ ခြေတွဲလောင်းချပြီး ထိုင်နေသည်။ ဖိုးမောင်က သူမအနီးတွင် တင်ပျဉ်ခွေ၍ ထိုင်ချလိုက်သည်။

"ကိုဝင်းမောင်ကြီး အခုမှ သွားယူတယ်ထင်တယ်။ အိမ်မှာ တော့ တစ်စက်မှ မရှိဘူး"

"ဒေါ်လေးရော"

"မရှိဘူး"

လှယဉ်ဆင့်သည် သူ့ကိုယ်ပေါ်တွင် လွှားထားသော တဘက် ကို ခွာလိုက်သည်။ ထို့နောက် ပခုံးတစ်ဖက်တည်းပေါ်မှာ ပြင်၍တင် သည်။ ဖိုးမောင်ဘက်မှ သူမ၏ပခုံးပေါ်တွင် ဘာမှမရှိတော့။ သူမ ထိုင်နေသည်မှာ ဘေးတိုက်တည့်တည့်လဲမဟုတ်။ လှယဉ်ဆင့်သည် သူ့ဘက်သို့ မသိမသာ လှည့်ထားခြင်းဖြင့် သူမ၏ကိုယ်ခန္ဓာ အချိုး အစား ကျနမှုကို ကိုယ်ဟန်ပြနေသကဲ့သို့ ရှိနေသည်။ ဖိုးမောင်သည် လှယဉ်ဆင့်၏ အပြုအမူကြောင့် ရင်ထဲမှာ သိမ့်ကနဲ လှုပ်ရှားသွား သည်။ တုန်လှုပ်သလို ရှိချင်သည်။

"နင်တို့ရွာက ဒီနဲ့ ဘယ်လောက်ဝေးလဲ"

"ဆယ်မိုင်နီးပါးလောက် ရှိမလားပဲ"

"လှည်းနဲ့ လာတာလား။ လှေနဲ့ လာတာလား"

"ကုန်းကြောင်း"

"နင်တို့အိမ်မှာ လှည်းမရှိဘူးလား"

"လှည်းလမ်းမှ မပေါက်တာ"

"ပွဲထောင် မရှိဘူးလား"

"ရှိတယ်"





လှယဉ်ဆင့်သည် တမင်သက်သက် ခြေကျင်လျှောက်လာ သည်ဟု ထင်သွားပုံရသည်။

"နင်တစ်ယောက်တည်းလား"

"အဖော်နဲ့"

"ဘယ်သူတွေလဲ"

"လှသိန်းနဲ့ သံချောင်း"

လှယဉ်ဆင့်သည် ဟက်ဟက်ပက်ပက် ရယ်ပါလေတော့ ၏။

ဖိုးမောင်းကား မရယ်မပြုံး။ ခပ်တည်တည်ပင်။

"အမလေးဟဲ့။ လှသိန်းနဲ့ သံချောင်း"

လှယဉ်ဆင့် အတောမသပ်အောင် ရယ်သည်။ သူမသည် ရယ်နေ ပြုံးနေသရွေ့တော့ ကြည့်ကောင်းနေလိမ့်မည်ဟု ဖိုးမောင် ထင်သည်။ စိတ်ဆိုးလျှင်တော့ မည်သို့ရှိမည် မသိသေး။ မိန်းမ တစ်ယောက်သည် အကြီးအကျယ် စိတ်ဆိုးမာန်ဆိုး ရှိနေသည့်တိုင် ကြည့်၍ကောင်းနေဆဲဆိုလျှင် ထိုမိန်းမသည် အလှဆုံးဟု လှသိန်းတို့ ပြောလေ့ပြောထ ရှိကြသည်။

"သူတို့က နင့်ကို ငါ့အကြောင်း ဘာတွေပြောကြလဲ"

ဖိုးမောင် မဖြေ။ ပြုံးသည်ဆိုရုံမျှ ပြုံးနေသည်။

"ပြောလေ။ သူတို့ ငါ့အကြောင်း ဘာတွေပြောလဲ"

လှယဉ်ဆင့်က ထပ်မေးသောအခါ ဖိုးမောင် ရယ်ချင်လာ သည်။

"ပြောဆို ...။ နင်ကလဲ ..."

"မပြောပါဘူး"

"ဘယ်ပြောမလဲ။ သူတို့ ခံလိုက်ရတာကိုး။ လှသိန်းကို လက်လိန်ချိုးပြီး ကိုင်ပေါက်လိုက်တယ်။ သံချောင်းကတော့ ခဲအိုကြီး သိသွားလို့ နားရင်း အအုပ်ခံရတာ"

လှယဉ်ဆင့် စကားအဆုံးတွင် ဆက်၍ ရယ်ပြန်သည်။

"အစ်မ သူတို့ကို အဲဒီလို လုပ်လိုက်ရတာ ပျော်လား"

လှယဉ်ဆင့် မျက်မှောင်လေး ကြုတ်သွားသည်။ လှပဆဲပင်။

"အစ်မကို တစ်လွဲမထင်နဲ့"

လှယဉ်ဆင့်က သူမကိုယ်သူမ "အစ်မ" ဟု ပြောင်း၍ သုံးလိုက်သည်ကို ဖိုးမောင် သတိထားမိလိုက်သည်။

"လှသိန်းက စကားပြောရုံဆို အစ်မလဲ စရုံ၊ နောက်ရုံအပြင် မပိုပါဘူး။ အခုဟာက သူက လက်လာဆွဲတာလေ။ အစ်မက ဆက်သွားမလို့၊ အဲဒါ သူက လက်ဖမ်းဆွဲတာ။ အစ်မရဲ့လက်ကလဲ အကျင့်ပါပြီး လိန်ချိုးပြီးသား ဖြစ်သွားတယ်"

လှယဉ်ဆင့်မှာ ဗန်တို(ခေါ်) မြန်မာ့ရိုးရာ လက်နက်မဲ့သိုင်းပညာကို တတ်မြောက်ပုံပေါ်သည်။

"သံချောင်းကျတော့ ကိုထွန်းနဲ့ တို့ပေးလိုက်တာလား"

"အဲဒါလဲ မဟုတ်ဘူး။ အစ်မပြောနေတော့ မေးပြီ မြန်းပြီလေ။ ခဲအိုကြီးအကြောင်းက ရေကျော်ကြီးမှာ ရပ်ကျော်ရွာကျော်ပဲလေ။ သံချောင်းကလဲ စကားကို တိုးတိုးမပြောတတ်တော့ စကားပြောသံတွေလဲ ကြားထားတယ်။ အစ်မက ရိုးရိုးစကားပြောတာပါဆိုလဲ မရဘူး။ ခဲအိုကြီးက ဒါ နှောင့်ယှက်တာပဲဆိုပြီး ဗျင်းတော့တာ"

"ကဲ အခု ကျွန်တော်နဲ့ စကားပြောတာ အကြာကြီးဖြစ်နေပြီ။ ကျွန်တော်လဲ အဗျင်းခံရမှာပဲလား"

လှယဉ်ဆင့်က ရယ်လိုက်သည်။

"ဒါကတော့ သူ့အတွက် အရက်လာယူတာလေ"

ဖိုးမောင် ခေါင်းညိတ်နေမိသည်။

လှသိန်းနှင့် သံချောင်းတို့ရှိရာ အခန်းထဲမှ ဘာအသံမျှ မကြားရ။ ဒီကောင်တွေ နိုးနေလောက်ပြီ။ ချောင်းကြည့်နေကြသလား မသိ။

"နင် ရေမချိုးဘူးလား"

"ကိုဝင်းမောင်ကြီးကို စောင့်နေရတာလေ"





"ရေတွင်းကိုလာခဲ့ဟာ။ နင်နဲ့ စကားပြောရတာ ပျော်တယ်"

လှယဉ်ဆင့်က အစိပ္ပာယ်များစွာပါသော မျက်နက်ဝန်းကလေးများကို ထောင့်ကပ်၍ ကြည့်နေသည်။ နှုတ်ခမ်းလေးပေါ်က စိုစွတ်ရွှန်းလဲ့သောအပြုံး။

"ဒါနဲ့ နင် လှသိန်းတို့နဲ့ လာတယ်ဆို။ သူတို့ရော ဘယ်မှာလဲ"

"ရှိတယ်လေ"

လှယဉ်ဆင့် ထိတ်ထိတ်ပြာပြာ ဖြစ်သွားသည်။

"ဘယ်မှာလဲ"

"ဟိုထဲမှာ အိပ်နေကြတယ်"

"ဟယ် ... သေနာတွေ။ သူတို့လား အိပ်မှာ"

အတွင်းခန်းမှ လှသိန်းနှင့် သံချောင်းတို့၏ တခစ်ခစ်ရယ်သံတွေ ထွက်လာသည်။

လှယဉ်ဆင့်က ဖိုးမောင်၏ရင်ဘတ်ကို လက်သီးဆုပ်ကလေးနှင့် ထုတော့၏။ ဖိုးမောင်က သူမ၏လက်နှစ်ဘက်ကို ဖမ်းချုပ်ရန် ကြိုးစားရာ ကျွမ်းကျင်စွာပင် ရှောင်တိမ်းလိုက်သည်။ သူမ၏ ကိုယ်ခန္ဓာမှာ သူ့ရင်ခွင်ထဲ ရောက်လုမတတ်။

သူမသည် အိမ်အောက်သို့ လှေကားမှ မဆင်း။

ခုန်ချသည်။ ထဘီပြင်ဝတ်သည်။ ဖိုးမောင် မျက်နှာလွှဲချိန် မရ။ ယခု မျက်နှာနီနေတာက ဖိုးမောင်။

လှယဉ်ဆင့်က မော့ကြည့်သည်။

"ကိုဝင်းမောင်ကြီးပြန်လာရင် အရက်ကိစ္စ ပြောပေး။ ခဏနေရင် ရေတွင်းကို လာခဲ့"

သူမ လှည့်ထွက်သွားသည်။ ခြေလှမ်းတွေကို မျဉ်းဖြောင့်တစ်ကြောင်းတည်းပေါ် ကျအောင် လျှောက်ခြင်းဖြင့် ကိုယ်ခန္ဓာမှာ စည်းချက်ကျကျ လွှဲရမ်းနေသည်။

သူမသည် ချက်ချင်း ပြန်လှည့်လာပြန်၏။

"အရက်ရောက်ရင် နင်ကိုယ်တိုင် ယူလာပြီး လာပို့ပေးလိုက်။ ခဲအိုကြီးက အရက်ပုလင်းတွေ့နေရင် ဘာကိုမှ ဂရုမစိုက်ဘူး"

"အစ်မ မမွေးကရော"

"တို့အစ်မနာမည်လဲ နင်သိတာပေါ့"

ဖိုးမောင် ခေါင်းညိတ်ပြသည်။

"သူ ဘာကိစ္စလာတာလဲ"

"လှယဉ်ဆင့်ကို လာကြည့်တာ"

❀❀❀



# အခန်း (၃)

## ချစ်သလား၊ မချစ်သလား မသိ

"လက်ဖျားခါတယ်ကွာ။ အတွေ့အကြုံမရှိတဲ့ လူပျိုနုနု ထွတ်ထွတ်လေးမို့လို့ပဲ။ ဝင်းမောင်ကြီးရေ ...။ မင်းမြင်ရင် ဖျားသွားမယ်။ အေးကွာ ...သံချောင်းနဲ့ ငါနဲ့ ထရန်ကိုတော့ ကြိတ်ပြီး ဖောက်လိုက်ရတယ်ကွ။ ကောင်မလေးက ငမောင့်ကို ကျသွားတာတော့ သေချာပြီ"

လှသိန်းကား လက်ဖျားတခါခါနှင့် ဖြစ်နေသည်။ ဝင်းမောင်ကြီးသည် အရက်သွားယူခြင်းဖြစ်သည်။ ရောက်လာသည်နှင့် ကိုထွန်း အတွက် အရက်တစ်ပုလင်းသွားပို့ရာ ဖိုးမောင်ကိုပါ ခေါ်သွားလိုက်သည်။ ဖိုးမောင်ကို သူ့ညီဝမ်းကွဲတစ်ဦးအဖြစ် မိတ်ဆက်ပေးလိုက်သည်။ ဝင်းမောင်ကြီးသည် ငါးပုတ်ပြား လက်တစ်ဝါးသာသာခန့်ပါ ယူသွားလေရာ ကိုထွန်းကြီး သဘောကျနေသည်။

"ကိုထွန်းကြီးက အရက်နဲ့ ငါးပုတ်ခြောက်နဲ့မြည်းမလို့ သွားရေတမြားမြားဖြစ်နေတုန်း အလုက ဖိုးမောင်ကို မျက်စပစ်ပြသွားသေးတယ်ကွ။ တကယ်မလွယ်ဘူး"

ဝင်းမောင်ကြီးက ချင့်ချင့်ချိန်ချိန်နှင့် ပြောနေသည်။

"ပိုင်ပြီကွ။ ဟော့ကောင် ... ငမောင်။ ဘာလုပ်နေတာလဲ။ အခုလောက်ဆို ရေတွင်းရောက်နေပြီ။ မြန်မြန်သွားလေကွာ။ တော်ကြာ နောက်ကျလို့ဆိုပြီး ကောက်နေဦးမယ်"

လှသိန်းက လောဆော်သော်လည်း ဖိုးမောင်က အေးတိအေးစက် လုပ်နေသည်။ သံချောင်းကလည်း မလှုပ်တလှုပ်လုပ်နေသော ဖိုးမောင်ကို အားမရ။

"ဟော့ကောင် ... ရေကို စဥ့်အိုးကြီးအပြည့် ခပ်ရဦးမှာနော်။ ရေကို ခပ်ဖြည်းဖြည်းခပ်။ မှောင်သွားတော့မှ ကိုရီးယားကားထဲကလို အကြင်နာတွေ ပေးလိုက်"

"ဘာလဲကွ။ အကြင်နာ"

ဝင်းမောင်ကြီးက မေးသည်။

"ကစ်(စ်)ပေါ့ကွာ။ မင်း အဲဒါကြောင့် မစွံတာ"

လှသိန်းက ဝင်ပြောသည်။

"ကစ်(စ်)က ဘာလဲကွ"

ဝင်းမောင်ကြီးက နားမလည်သလို ထပ်မေးတော့ လှသိန်းက –

"တယ်လေ ... ငါလုပ်လိုက်ရ"

ဝင်းမောင်ကြီးသည် မိခင် မုဆိုးမကြီးကို လုပ်ကျွေးနေရသူ ဖြစ်သည်။ ညီမဖြစ်သူ တင်တင်ဝင်းကိုလည်း စောင့်ရှောက်ရသည်။ တင်တင်ဝင်းက –

"ဖိုးမောင်တို့များ စွံပါ့တော်။ ငါတောင် စကားမထည့်လိုက်ရဘူး။ ကိုထွန်းကြီးကလဲ မသောက်တာကြာပြီဆိုပြီး မနေ့ကစပြီး ပြန်သောက်နေတယ်ဆိုလို့ အနားတောင် မကပ်ရဲဘူး။ မိန်းမကြိုက်တော့ မျှော်လိုက်တာ၊ ယောကျ်ားကြိုက်တော့ စိုက်စိုက်လာတဲ့။ အခုတော့ ပြောင်းပြန်ဖြစ်ပြီ။ မိန်းမကြိုက်တော့ စိုက်စိုက်လာ"

ဒေါ်ခင်ဝင်းက အခန်းထဲမှ ထွက်လာသည်။





"နင်တို့ ငါ့တူကို အရမ်းမြှောက်မပေးနဲ့နော်။ ဖိုးမောင်က တင်တင်ဝင်းထက်တောင် ငယ်ဦးမယ်။ အလှအကြောင်းလဲ နင်တို့ သိတယ်နော်"

လှသိန်းနှင့် သံချောင်းတို့နှစ်ယောက် ရှုံ့မဲ့နေသည်။

"အလှက ကျွန်တော်တို့အပေါ်မှာသာ မကောင်းတာပါ။ ဖိုးမောင်ကျတော့ မျက်နှာကို ပြုံးလို့ရွှင်လို့။ ဒေါ်လေးမမြင်လို့ပါ"

ဒေါ်ခင်ဝင်းက သူတို့ကို မဲ့ပြလိုက်သည်။

"ဖိုးမောင် အချိန်တန်ပြီ"

ဖိုးမောင်က လက်တွင်ပတ်ထားသော ခေတ်ခဲနာရီလေးကို ကြည့်ရင်း ချွတ်သည်။

"ဟုတ်တယ် ... ဒီလောက်ဆို အတော်ပဲ"

"ဘာအတော်ပဲလဲ"

လှသိန်းက မေးသည်။

ဖိုးမောင် အိမ်ပေါ်က ဆင်းလာသည်။

"ဟဲ့ ... ဝင်းမောင်။ ပစ်မထားနဲ့နော်။ ဒါ တစ်ခြားသူမဟုတ်ဘူး။ ငထွန်းခယ်မ။ မိမွေးညီမ အလှနော်၊ အလှ"

ဒေါ်ခင်ဝင်း၏အသံကို ကြားလိုက်ရသည်။ ဖိုးမောင်ကား လှသိန်းနှင့် သံချောင်းကို လှယဥ်ဆင့်က ကောင်းကောင်း ပညာပေးလိုက်ပုံကိုသာ စိတ်ထဲစွဲနေသည်။ သူသည် ဝင်းမောင်ကြီးတို့အိမ်နှင့် ကိုထွန်းတို့အိမ်အကြားမှ ဖြတ်လာမိသည်။ ထိုအိမ်နှစ်လုံးကြားသာမက များသောအားဖြင့် အိမ်များမှာ ခြံစည်းရိုးရယ်လို့ မည်မည်ရရ မရှိပေ။

သူ ရေတွင်းသို့ ရောက်လာချိန်မှာ နေသည် ဝင်လုဆဲဆဲဖြစ်ပြီး အနောက်ဘက် မိုးကောင်းကင်တွင် ဆည်းဆာရောင်များ ထွန်းလင်းတောက်ပလျက် ရှိသည်။ တိမ်တောင်တိမ်လိပ်များမှာ များများစားစား မရှိလှသော်လည်း ရှိရှိသမျှသော တိမ်စိုင်၊ တိမ်မျှင်များ၏ အောက်ခြေပိုင်းမှာ ကြွင်းလုလုနေရောင်ခြည်ကြောင့် ကြက်ဥနှစ်ရောင် လွှမ်းလျက်ရှိသည်။ အပေါ်ပိုင်းတွင်ကား တိမ်တို့၏အရိပ်ကြောင့်ပင်

အပြာရောင်၊ မီးခိုးရောင်၊ ခဲရောင်များ သန်းလျက်ရှိသည်။ တကယ်တော့ အနောက်ဘက် မိုးကောင်းကင်သည် ဆေးရောင်စုံခြယ်သထားသော ပန်းချီကားတစ်ချပ်နှင့် တူသည်။

ဤအချိန်သည် နေဝင်ရိုးရီ ဆည်းဆာချိန်ဖြစ်သည်။

ဤအချိန်ကို အကျည်းတန်လုချိန်ဟု ခေါ်သည်။

အဘယ်ကြောင့်နည်း ...။

အနောက်ဘက် မိုးကောင်းကင်တွင် ရောင်စဉ်ခုနစ်သွယ်သည် တောက်ပလျက်ရှိသောကြောင့် ဖြစ်သည်။ ထိုအလင်းရောင်တို့သည် လူတို့အပေါ် ကျရောက်သောအခါ မလှသောသူသည် လှ၍လာ၏။ လှသောသူသည် ပို၍ လှလာသောဟူ၏။

လှယဉ်ဆင့်အဖို့ကား အလှတွင် အယဉ်ဆင့်ပြီးသူမို့ အနောက်ဘက်ကောင်းကင်မှ မွမ်းမံခြယ်သပေးလျက်ရှိသော ရောင်စဉ်တန်းများကို မလိုအပ်လှသော သူမ၏ပခုံးနှစ်ဘက်မှာ ဝင်းလက်တောက်ပလျက်ရှိ၏။ သူမသည် တောခလေ့အတိုင်း ထမီရင်ရှားထားသော်လည်း သူမ၏အထက်ပိုင်း အလှအပများမှာ ရှန်းကန်ထွက်နေလျက်ရှိရကား သတိမပြုမိသူဟူ၍ ရှိမည်မဟုတ်ပေ။ အချို့သောကာလသားများက သူမအား "ချိုချိုအောင်" ဟူ၍လည်းကောင်း၊ "ရင်ရင်အောင်" ဟူ၍လည်းကောင်း အမည်ပြောင်များ ပေးထားသည်ကို သူမရှေ့တွင် မည်သူမှ မပြောရဲပေ။

ဖိုးမောင်သည် လှယဉ်ဆင့်နှင့်တကွ တင်တင်ဝင်းအပါအဝင် အပျိုတစ်သိုက် စုဝေးရောက်ရှိနေသော ရေချိုတွင်းသို့ ခပ်ရဲရဲခပ်တင်းတင်းပင် ရောက်လာသည်။ အပျိုတစ်သိုက်သည် အရပ်အမောင်းက လှယဉ်ဆင့်ထက်မြင့်နေပြီး ရင်အုပ်ကားကားနှင့် လူညိုထွားကို တွေ့ရသောအခါ စိတ်ဝင်စားသွားကြသည်။ ဆံပင်က အရှည်မဟုတ်။ ခေါင်းပြောင်လည်း မဟုတ်။ အနေတော်ပင် ဖြစ်သည်။ မျက်ခုံးထင်းထင်း၊ နှာတန်ပေါ်ပေါ်နှင့် မျက်နှာကျပုံကလည်း ယောကျ်ားပီသလှသည်။

တင်တင်ဝင်းကား အိမ်သည်ပီပီ ညှော်ခံကြိုဆိုရလေသည်။





"ဒါကတော့ ငါတို့မောင်လေးပေါ့ဟာ။ ဖိုးမောင်တဲ့။ ခနိုပင်ာ။ ပြောသာပြောတာပါ။ သူက ငါ့မောင်ဆိုပေမယ့် အစ်ကိုလိုဖြစ်နေတာ"

"ဘာဖြစ်လို့ အစ်ကိုလိုဖြစ်ရတာလဲ တင်တင်ဝင်း"

အပျိုမတစ်ယောက်က မေးသည်။

"ငါက သူ့ကို ကြောက်နေရတာကိုး"

"သူက အလည်လာတာလား"

"တစ်ဦးတစ်ယောက်သောသူကို လာတွေ့တာတဲ့"

လှယဉ်ဆင့်က တင်တင်ဝင်း၏ကျောပြင်ကို ဖြန်းကနဲနေအောင် ရိုက်လိုက်ခြင်းဖြင့် တစ်ဦးတစ်ယောက်သောသူမှာ မည်သူမည်ဝါဖြစ်ကြောင်း ပြသလိုက်လေပြီ။

"အလှရယ် ငါ အလိုက်သိပါတယ်ဟယ်"

လှယဉ်ဆင့်က တင်တင်ဝင်းကို ထပ်ရိုက်လိုက်ပြန်သည်။

ဖိုးမောင်က ရေပုံးနှင့် ကြိုးကိုဆွဲယူသည်။ ရေတွင်းတွင်ထားမြဲဖြစ်သော စဉ့်အိုးကြီးကား ရေပြည့်နေလေပြီ။

ဖိုးမောင်က ...

"ငါ ရေဖြည့်မလို့။ ဒီအိုးကြီးထဲက ဘယ်သူ့ရေတွေလဲ"

"ငါ့ရေ"

လှယဉ်ဆင့်က ပြောသည်။

"ဒါဆို အစ်မချိုးလိုက်ပါ။ ပြီးမှ ကျွန်တော်ဖြည့်မယ်"

"အမလေးလေး ... ဆရာမောင် ဆေးနီလုံးလေးရယ်။ မမလှက ဆရာမောင်ရေချိုးဖို့ ဖြည့်ထားတာမို့ ညီမလေးတို့ မသုံးစွဲရက်ကြောင်းပါ"

"တင်တင်ဝင်းနော် ... နင်"

လှယဉ်ဆင့်က အချက်ပေးလိုက်သောအခါ တင်တင်ဝင်းနှင့်အပျိုမများ ရေချိုတွင်းဝန်းကျင်မှ ရယ်မောထွက်ပြေးကုန်ကြသည်။ ဤကား ဝင်းမောင်ကြီး၏ညီမ တင်တင်ဝင်း၏ ကြိုတင်ဖာတ်တိုက်ထားမှုဖြစ်ကြောင်း ဖိုးမောင် ရိပ်မိနေသည်။

လရောင်အောက်တွင် သူတို့နှစ်ယောက်သည် တိတ်ဆိတ်နေကြသည်။ လှယဉ်ဆင့်သည် ဖိုးမောင်နားသို့ ရဲတင်းစွာပင် တိုးကပ်လာသည်။

"နင်ဘာဖြစ်လို့ ဒီကိုရောက်လာလဲ။ အစ်မကို မှန်မှန်ပြော"

"ကျွန်တော် အမှန်ပြောရမှာလား"

"ပြော"

"လှသိန်းနဲ့ သံချောင်းက သူတို့နဲ့ အစ်မနဲ့တွေ့တဲ့အကြောင်း ပြောကြတယ်"

"သူတို့ခံရတာတွေ မချွင်းမချန်ပေါ့"

"မချွင်းမချန်ပါပဲ"

"အဲဒါနဲ့ မင်းနဲ့ ဘာဆိုင်လဲ"

ဖိုးမောင်သည် 'မင်း' ဟူသော နာမ်စားကို သတိပြုမိလိုက်သည်။ သူသည် လှယဉ်ဆင့်နှင့် စကားပြောတိုင်း သတိထားရမည်ဟု စိတ်ကူးထားသည်။

"ကျွန်တော်နဲ့တော့ ဘာမှ မဆိုင်ဘူး။ ဒါပေမယ့် သူတို့နှစ်ယောက်စလုံးက အစ်မဟာ အရမ်းချော၊ အရမ်းလှတယ်တဲ့"

ဤစကားမှာ မိန်းမတိုင်းကြိုက်မည့်စကားမှန်းတော့ ဖိုးမောင်သိလေသည်။

"သူတို့ တကယ်ပြောတာလား"

"တကယ်ပေါ့"

"အဲဒီတော့"

"အဲဒီတော့ အစ်မကို ကျွန်တော် သွားကြည့်သင့်တယ်တဲ့"

"ဘယ်လို"

လရောင်အောက်တွင် အရာရာသည် တိတ်ဆိတ်သွားသည်။ လေငြိမ်နေသဖြင့် ကွမ်းသီးပင်များ၊ အုန်းလက်များသည် မလှုပ်မယှက်





သူတို့နှစ်ဦးသည် တစ်ယောက်၏အသက်ရှူသံကို တစ်ယောက်က ကြားနေရသည်။

"မင်း ဒီကိုလာတာ အစ်မကို လာကြည့်တာလား"

"ဟုတ်တယ်"

"အဲဒီ ဆေးနှုန်းစ်ကောင်က မင်းကိုခေါ်လာတာပေါ့။ မင်းမှာ ဆရာ ဒီလောက်ရှားလား"

"အဲဒါ ကျွန်တော့်အစ်ကိုဝမ်းကွဲတွေပဲလေ"

"ဒါဆို မင်းတို့က ဓနိပင်က ဦးပုအမျိုးတွေပေါ့"

"ဦးပုက ကျွန်တော့်အဖေပါ"

"မင်းတို့က လဘာဂျာပဲ"

"LPJ လား"

"မင်းတို့ ဓနိပင်အကြောင်း မင်းသိလား"

"ဟင့်အင်း"

လှယဉ်ဆင့်က ရေပုန်းထဲကရေကို လက်နှင့်နှိုက်၍ ဖိုးမောင်ထံသို့ လက်ဖြင့် တောက်လိုက်သည်။ ဖိုးမောင်သည် ရေစက်များ၏ အထိအတွေ့ကြောင့် ဖျတ်ကနဲ နိုးကြားသွားရသည်။

"ဧရာဝတီမြစ်ကြီးအကြောင်း မင်း သိလား"

"ဗျာ"

"ဧရာဝတီမြစ်ကြီးအကြောင်း"

"မေခနဲ့ မေလိခမြစ်နှစ်သွယ် ပေါင်းလာတာ"

"မေလိခ မဟုတ်ပါဘူး ငါ့မောင်ရယ်။ မလိခပါ။ မေခဆိုတာလဲ N-M-A-I ဆိုတဲ့ လက်တင်အသံထွက်ကို မြန်မာတွေက မေခလုပ်ပစ်လိုက်ကြတာ။ တကယ်တော့ အင်မိုင်ခဆိုတာ အနီးဆုံးအသံထွက်ပဲ။ မေလိခလဲ မဟုတ်ဘူး။ မလိခပဲ"

ဖိုးမောင် ငြိမ်နေလိုက်သည်။

"ထားပါတော့။ အစ်မတို့ မြစ်ဝကျွန်းပေါ်ရောက်တော့ ဧရာဝတီမြစ်ကြီးက ပင်လယ်ထဲကို မြစ်တွေခွဲပြီး စီးရတယ်။ အနောက်ဘက်မှာ ပုသိမ်မြစ်၊ အရှေ့ဘက်မှာ လှိုင်မြစ်၊ ရန်ကုန်မြစ်ပေါ့။ ကြား

မှာက ရွှေးမြစ်တို့ ဘိုကလေးမြစ်၊ ဖျာပုံမြစ်တို့လဲ ရှိတယ်။ အခု အစ်မတို့ရှေ့မှာက ကဒုံကနီမြစ်ပေါ့။ မြစ်ပြွာတွေ အများကြီးပဲ။ ရာဆူဒိုင်မြစ်တို့၊ ကျွန်းပြုသဒ်မြစ်တို့ ရှိသေးတယ်။ ဒေးဒရဲမှာ တိုးမြစ်လေ"

"အစ်မက ပထဝီ ယူတာလား"

ဖိုးမောင်က အမှတ်တမဲ့ လှမ်းမေးသည်။

"ဟုတ်တယ်။ ဟုတ်တယ်ဆိုတာက ဂျော်ကရာဖီကို ပြောတာမဟုတ်ဘူး။ အခုလို ညအရေးကောင်းကောင်း လကလေးစောင်းစောင်းမှာ ဘာတွေပြောနေမိမှန်း မသိဘူး"

"အစ်မက ဘာပြောတာလဲ"

"ညအရေးကောင်းကောင်း၊ လကလေးစောင်းစောင်းမှာ ခရွေးကျောင်းလေး တက်ချင်တယ် မောင်ရယ်"

မိုးမောင်ရင်ထဲတွင် ဒိန်းကနဲ မြည်သွားသည်။

မောင်ရယ် ...ဆိုသော လေသံက ခံစားချက်အပြည့်ပါသည်။ လှိုက်လှိုက်လှဲလှဲ ရှိသည်။ သူ့နှလုံးသားကို ဆွဲကိုင်လှုပ်ရမ်းရန် ကြိုးစားနေသည်။ သူ ဘာပြောရမှန်း မသိ၊ ရေရေရာရာ နားလည်ခြင်းလည်း မရှိ။

"မင်း အစ်မပြောတာ သဘောပေါက်လား"

သူ အဖြေမပေးမိ။

"အခု ဒီမှာ မင်းနဲ့ အစ်မပဲရှိတယ်။ တင်တင်ဝင်းက အကုန်လုံးကို ဆွဲခေါ်သွားပြီ။ တကယ်လို့ သူတို့ချောင်းကြည့်တယ် ထားဦး။ မှောင်နေလို့ ဘာမှ မမြင်ရဘူး"

ဖိုးမောင် ငြိမ်နေသည်။

"မောင့်ကို အစ်မ ချစ်တယ်မောင်ရယ်"

ဖိုးမောင် ရေတွင်းမှ ချက်ချင်းထွက်လာသည်။ သူသည် သူမကို ချစ်သလား၊ မချစ်သလား မသိ။ လုံးဝမသိ။

❀ ❀ ❀



# အခန်း (၄)

## မထင်မှတ်သည့်ပွဲ

ဖိုးမောင်၊ လှသိန်းနှင့် သံချောင်းသည် ရေကျော်ကြီးမှ ကဒုံကနီဘက်သို့အထွက် တာလမ်းရိုးပေါ်သို့ ရောက်နေကြလေပြီ။ တာလမ်းရိုးသည် ပင်လယ်ဒီလှိုင်းများအား ကာကွယ်တားဆီးနိုင်စေရန် မြှင့်တင်ထားသော မြေသားလမ်းဖြစ်သော်လည်း ကဒုံကနီမြစ်ထက် မြှင့်လှသည်ဟုတော့ မဆိုနိုင်ပေ။ ပင်လယ်ဒီလှိုင်းများသည်လည်း အမြင့်ဆုံးတက်ပြီးလျှင် ပြန်ကျသွားလေ့ရှိရာ တာရိုးသည် အစွန်းအထင်းမရှိ၊ စိုစွတ်လျက် ကျန်ရစ်မြဲပင် ...။

"ဟော့ကောင် ...ငမောင်။ မင့်ကောင်မက သေချာရဲ့လား။ ငါတို့ကို နှပ်သလို လုပ်မှာလား"

"သူပြောတာလေ။ ကဒုံကနီဘက် သွားချင်လို့တဲ့။ ညကြီးဖြစ်နေလို့ လိုက်ပို့ပါတဲ့"

လှသိန်း၏အမေးကို ဖိုးမောင်က ပြန်ဖြေသည်။

သံချောင်းက ထပ်မံဖြည့်စွက်သည်။

"အမှန်က မင့်ဟာမ အလှက မင်းနဲ့ ညကြီးမင်းကြီး နှစ်ယောက်တည်းတွေ့ချင်လို့ ချိန်းတာပါကွာ။ ဘာကိစ္စ ကဒုံကနီဘက် ညကြီးမင်းကြီး သွားချင်ရတာလဲ"

"အဲဒါတော့ ငါလဲ မသိဘူး။ ငါ ရေတွင်းကပြန်လာတော့ သူ အတင်းလိုက်လာပြီး ပြောတာ။ တင်တင်ဝင်းကိုလဲ ကိုဝင်းမောင်ကြီးကို ပြောခိုင်းတာ။ ငါတို့ကိုတော့ နောက်မယ်မထင်ဘူး လှသိန်း"

"နောက်ရော ... ငါတို့က တစ္ဆေကြောက်တဲ့ကောင်တွေမှ မဟုတ်တာ။ မင့်ကောင်မကို တွေ့အောင်ရှာကွာ။ တွေ့ရင် ငါနဲ့ သံချောင်းနဲ့ ပြန်မယ်။ မင်းနဲ့ အလှနဲ့ အီစလီကွီစလီပေါ့ကွာ"

"မင်းသာ ပြန်ချင်ပြန် လှသိန်း။ ငါကတော့ ဖိုးမောင်နဲ့ အလှနဲ့ဇာတ်လမ်းကို ဆက်ပြီး ချောင်းရဦးမှာကွ"

သံချောင်းက ရယ်နေသည်။

ဖိုးမောင်က တစ်စုံတစ်ရာ ပြောမည်အပြုတွင် လူသံသူသံ အချို့နှင့် လက်နှိပ်ဓာတ်မီးရောင် တဝင်းဝင်းကို မြင်ရသောကြောင့် ပါးစပ်ပိတ်နေလိုက်သည်။

လက်နှိပ်ဓာတ်မီးရောင်များသည် ဖိုးမောင်၊ လှသိန်းနှင့် သံချောင်းတို့သုံးယောက်အပေါ်သို့ စုပြုံ၍ ကျလာသည်။ သူတို့ မျက်စိတွေ ကျိန်းစပ်ကုန်သော်လည်း မျက်စိများက ချက်ချင်းလိုလိုပင် ကျင့်သားရလေသည်။

"ဩော် ... မင်းတို့က တကယ်လာကြတာကိုး"

ဖိုးမောင်သည် ကိုထွန်း၏အသံမှန်းသိသည်နှင့် ပလိုင်းလေး ထဲတွင်ညှပ်ထားသော ဓားမောက်ကို ဆွဲထုတ်လိုက်သည်။ သံချောင်း ၏လက်ထဲတွင် ဝါးဆစ်ပိတ် ဝါရင်းတုတ်တစ်ချောင်း ရှိသည်။ လှသိန်း က ပလိုင်းလေးထဲမှ ဓားမောက်ကို ထုတ်သည်။

သူတို့သုံးယောက်စလုံး ဘာမှမပြော။ လက်ထဲမှ လက်နက် များကို နောက်ကျောဘက်ဝှက်ပြီး ကိုင်ထားကြသည်။

"မင်းတို့ အလှကို လာစောင့်တာလား"

ကိုထွန်းကြီးက မှုးသံပါကြီးနှင့် မေးသည်။

ဖိုးမောင် ဖြေရတော့မည်။

"မဟုတ်ပါဘူး အစ်ကိုကြီး။ ကဒုံကနီ သွားမလို့ပါ"





"အလှကပြောတယ်။ သူ ဒီည ကဒုံကနီကို အဖော်တွေနဲ့ သွားမလို့တဲ့။ အဲဒါ မင်းတို့ ရွာထိပ်ကပိတ်ပြီး နှောက်ယှက်နေတယ် တဲ့။ အဲဒါ ဟုတ်လား"

"ကိုထွန်း။ ခင်ဗျား မတရားမပြောနဲ့ဗျာ။ ခင်ဗျားခယ်မက စောင့်ခိုင်းလို့ ကျုပ်တို့ စောင့်နေတာ"

လှသိန်းက ဝင်ပြောသည်။

"အမိပ္ပာယ်မရှိတာ။ လှယဉ်ဆင့်က မင်းတို့လို အာပလာတွေ ကို စောင့်ခိုင်းမလားကွ"

အမည်မသိ အသံရှင် ...။

"ဒီကောင်တွေက လျှော်ပင်ကိုပုန်ကန်သွားတဲ့ ခနိပင်အုပ်စု ပဲ။ သက်သက်လာကျယ်တာ"

နောက်ထပ် အမည်မသိ အသံရှင်။

"ဒီမှာ ကိုထွန်း။ ကျုပ်တို့ဒီမှာ ရောက်နေတာဟာ ခင်ဗျား ခယ်မရဲ့ စကားတစ်ခွန်းကြောင့်ပဲ။ အဲဒါ ခင်ဗျားမယုံရင် အလှကို ပြန်မေးကြည့်"

သံချောင်းက ဝင်ပြောတော့ ကိုထွန်းက ရယ်သည်။

"အမိပ္ပာယ်မရှိတာ။ ငါ့ခယ်မက မင်းတို့လို လဘာဂျာတွေကို ဘာကိစ္စ ချိန်းရမှာလဲ"

"ချိန်းတယ်၊ ချိန်းတယ်၊ ကျုပ် ရေတွင်းကထွက်လာတော့ ချိန်းတယ်"

ဖိုးမောင် အော်ပြောလိုက်သည်။

"မပြောနဲ့တော့ ညီလေး။ အပိုပဲကွ"

လှသိန်းက ပြောသည်။

"အလှက မင်းတို့ကို ဘာလို့ချိန်းရမှာလဲ။ သူ့မှာ ယောကျ်ား ရှိတယ်လေ။ ဘိုကလေးက စက်လှေပိုင်ရှင် ကိုကျော်ထွန်းသာသိရင် မင်းတို့ ဘာဖြစ်သွားမယ်ထင်လဲ"

ကိုထွန်းကြီး၏ စကားအဆုံးတွင် ဖိုးမောင်က ခနဲ့တဲ့တဲ့ ရယ်သည်။ လှသိန်းက မနေနိုင် မထိုင်နိုင် ...

"ဒီမှာ ကိုထွန်း။ ကျွန်တော်တို့ကလဲ သူများစားပြီး အကြွင်းအကျန်ကို ..."

လှသိန်း စကားမဆုံးလိုက်။

ရှိကနဲ ဓားသွားလေတိုးသံကို ကြားလိုက်ရလေရာ ဖိုးမောင်သည် လှသိန်း၏နံကြားကို ခြေနှင့် တွန်းထုတ်လိုက်ရသည်။

"မင်းတို့ လက်မပါနဲ့နော်"

သံချောင်းက ဝါးဆစ်ပိတ်ကို အသင့်ပြင်ရင်း လေသံမာမာဖြင့် ဟန့်တားသည်။ လှသိန်းလည်း ဓားမောက်ကို အသင့်ကိုင်ထားသည်။ ဆေးမောက်သည် ခနိုလှီးသည့် ဓားအတိုလေးဖြစ်ပေမယ့် ကြိမ်ဖန်များစွာ သွေးထားသဖြင့် ထက်သည်။ အသွားနှင့်ဆန့်ကျင်ဘက်မှာ ခုံး၍ မောက်နေသည်။ ပြီးတော့ ဓားဦးချွန်သည်။

"ဦးပုရဲ့အုပ်စုကိုတော့ ငါတို့က ပညာပေးရမယ်"

အမည်မသိ အသံရှင် ...။

ဖိုးမောင်၏သွေးတွေက ဖြန်းကနဲ နွေးသွားသည်။

"ဘာဆိုင်လဲကွ။ ဦးပုအုပ်စုကို ပညာပေးချင်ရင် ဦးပုရဲ့သားကို အရင် ရင်ဆိုင်"

အသံရှင်သည် သူ့ထံသို့ ပြေးဝင်လာကြောင်း ဖိုးမောင် သတိပြုမိသည်။ သူ့လက်ထဲမှာကိုင်ထားတာ လှံတစ်ချောင်းမှန်းလည်း သိသည်။ လှံသွားက လရောင်တွင် ပြိုးပြိုးပြက်ပြက် မလက်နိုင်။ သူ အသာလေး တိမ်းရှောင်လိုက်သည်။ ဓားမောက်ဖြင့် လည်ကို လှီးလိုက်လို့ရသည်။ မိုက်ခွဲပြီး အူကို ဖွင့်လိုက်လို့ရသည်။ သူ မလုပ်။ ညာဒူးဖြင့် ဆီးစပ်ကို အားရပါးရ တိုက်ထည့်လိုက်သည်။ လှံသမား လုံးဝ မထနိုင်မှာ သေချာလှသည်။

တစ်ကောင်က ငှက်ကြီးတောင်ဓားနှင့် လွှဲခုတ်ရာ လှသိန်းက ရှောင်ပြီး လက်ကောက်ဝတ်ကို ဝါးဆစ်ပိတ်ဖြင့် ရိုက်ချသည်။ ငှက်ကြီးတောင်ဓား လွတ်ကျသွားသည်။ လှသိန်းက ဓားသမား၏လည်မျိုကို ခြေစောင်းဖြင့် ဆန့်၍ ကန်ထည့်သည်။ ဓားသမားမှာ သေလောက်သည့် ဒဏ်ရာ မရသော်လည်း ချက်ချင်းတော့ မထနိုင်။ ဖိုးမောင်က လှံကို





ကောက်ယူပြီး ချိန်တွင် လှသိန်းကလည်း အလံပြည့် ငှက်ကြီးတောင်ဓားကြီးကို ကောက်ယူပြီးပြီ။ သံချောင်းသည် ကိုထွန်း၏ပေါင်ခွကြားကို ညာခြေဖမိုးဖြင့် ထိအောင် မိမိရရကြီး ကန်ထည့်လိုက်သည်။

ရှေ့မှာ သုံးယောက် ခွေလဲနေပြီ။

နောက်မှာ သုံးလေးယောက်ကျန်သည်။

"လာခဲ့လေ။ ငါတို့က ညှာပါတယ်။ ပေါက်အောင် ပြဲအောင် မလုပ်ပါဘူး။ အတွင်းကြေလောက်ပဲ"

သံချောင်းက စိန်ခေါ်သည်။

တစ်ကောင်က ဓားနှစ်လက် ဗယ်ညာကိုင်ပြီး ရှေ့ကို ဖွတ်တိုး၍ ဝင်သည်။ ဖိုးမောင်သည် ရုတ်တရက် လေထဲသို့ခုန်ပြီး ဓားနှစ်လက်သမား၏ ရင်ဝသို့ ညာဖနောင့်ကို ဆန့်ပြီး ကန်ထည့်သည်။ မိမိရရပင်။ ဓားသမားသည် နောက်သို့ လွင့်သွားရသည်။

"မသေပါစေနဲ့။ ဆုတောင်းရတာပဲ"

နောက်တစ်ယောက်ကို လှသိန်းက ဝါရင်းတုတ်နှင့် ရင်ဘတ်ကို ဖြတ်ရိုက်သည်။ ကျန်တစ်ယောက်နှစ်ယောက်မှာ ပြေးတော့၏။ သူတို့သုံးယောက် ရသမျှ ဓားလှံလက်နက်တို့ကို သိမ်းသည်။ ကိုထွန်းကြီးကို ချုပ်နှောင်ပြီး ရွာထဲကို ပြန်ဝင်လာကြသည်။

လမ်းအလယ်တွင် တစ်စုံတစ်ယောက်က တားနေသည်။

"ဒါဘာလုပ်တာလဲ မောင်"

"ကျွန်တော် ဒုသနသောကို ကြောက်တယ်ဗျာ။ ခင်ဗျား ဒီမှာ လာညှုမနေနဲ့"

"မင်း ဘာပြောတာလဲ"

"ကျွန်တော်တို့က ခင်ဗျားခဲအိုကြီးကို အိမ်ပြန်ပို့ပေးတာပါ"

လှယဉ်ဆင့်သည် မာန်ဖီနေသော ကျားသစ်မတစ်ကောင်နှယ် ဖြစ်သွားရသည်။

"မင်း လူလယ်လုပ်တယ်"

"ကျွန်တော်ကတော့ ခင်ဗျား လူလယ်လုပ်တယ်လို့ မထင်ဘူး"

လှယဉ်ဆင့် ရှေ့တိုးလာသည်။

"နင် ငါ့ခဲအိုကို ဘာလုပ်လိုက်လဲ"

"ခင်ဗျား သစ္စာရှိရမှာက ဦးကျော်ထွန်းကြီးပါဗျာ"

"ဘာ"

လှယဉ်ဆင့် သူ့ကို ခုန်အုပ်သည်။ ဖိုးမောင်သည် သူမကို အလွယ်တကူပင် ဖမ်းချုပ်ထားလိုက်သည်။ သူမ မလှုပ်နိုင်။

"ကိုထွန်းကြီးကို သူ့မိန်းမ မမွေးဆီ သေသေချာချာပြန်ပို့ပေးလိုက်။ မေးရင်လဲ အမူးလွန်နေလို့လို့ ပြောလိုက်"

သူ့ထက် အသက်လေးနှစ်စီခန့်ကြီးကြသော အစ်ကိုဝမ်းကွဲများဖြစ်သည့် လှသိန်းနှင့် သံချောင်းသည် ကိုထွန်းကို ချုပ်နှောင်၍ ခေါ်ဆောင်သွားသည်။ ကိုထွန်းသည် ဂူးဂူးဝါးဝါး အသံပေးသွားသည်။ ခါးလုံလက်နက်များလည်း ပါသွားသည်။ ငှက်ကြီးတောင်ဓားကြီး တစ်လက်သာ ဖိုးမောင်လက်ထဲ ကျန်သည်။ ဖိုးမောင်သည် လှယဉ်ဆင့်၏ လည်မျိုကို လက်ဖျံတစ်ဘက်ဖြင့် ချိတ်၍ သူမ၏ကျောပြင်အား သူ၏ရင်ဘတ်နှင့် တစ်သားတည်းကျအောင် ဆွဲကပ်ချုပ်နှောင်ထားသည်။ ကြီးကြီးမားမား ထွားထွားကားကား သူမ၏တင်ပါးဆုံများကိုတော့ ရှောင်၍ မလွတ်နိုင်တော့ပေ။

"ကဲ...ပြောစမ်းပါ။ အဲဒီလုပ်ကြံမှုက ဘယ်သူ့လက်ချက်လဲ"

"မသိဘူး"

"ကျွန်တော် ကောင်းကောင်းမေးတာပါ အစ်မရယ်"

"မောင်ရယ် ... အစ်မလေ မောင့်ကို အရမ်းချစ်တယ်"

"မယုံပါဘူး။ အပိုတွေပါ။ အခုကိစ္စက ခင်ဗျားသဘောလား။ ဘယ်သူ့အစီအမံလဲ ပြောပါ"

"မပြောရင်"

"ခင်ဗျားကို ကုပ်ချိုးသတ်ပစ်မယ်။ ယုံလား"

"ယုံ ... ယုံပါတယ် မောင်ရယ်"

❀❀ ❀❀ ❀❀



# အခန်း (၅)

## အမှုရင်ဆိုင်ကြပြီ

ဆရာကြီး ဦးစံခင်သည် အလယ်တန်းကျောင်းသားဘဝကတည်းက ဖိုးမောင်တို့၏ သင်္ချာဆရာဖြစ်သည်။ (၆) တန်းတွင် အတန်းပိုင်ဖြစ်သည်။ ထို့နောက် ဆရာကြီးသည် အထက်တန်းပြအဖြစ် ရာထူးတက်ပြန်သည်။ အထက်တန်းပြမှ ကျောင်းအုပ်ဖြစ်သည်အထိ ဖိုးမောင်တို့လူစုသည် ဆရာကြီးဦးစံခင်နှင့် မလွတ်နိုင်ပေ။

ဆရာကြီးဦးစံခင်ကား အရိုက်ကြမ်းလှသည်။ သူ့တွင် ကြိမ်လုံးအရွယ်အစား အမျိုးမျိုးရှိသည်။ လက်ဝါးကိုရိုက်ရမည့် ကြိမ်လုံးများမှာ ကြက်ဥကြိမ်သေးသေးလေးတွေ ဖြစ်သည်။ ကျောင်းသားနှင့်ကျောင်းသူ၊ အကြီးနှင့်အငယ် လက်ဝါးတွေကိုရိုက်ဖို့ ကြက်ဥကြိမ်အရွယ်အစားလေးမျိုးခန့် ရှိသည်။ တင်ပါးကိုရိုက်ဖို့ကျတော့ ဗန္ဓုလတံဆိပ် ကြိမ်တွေအမျိုးမျိုး ထားသည်။ ငယ်ရွယ်သူတွေအတွက် လုံးပတ်သေးသည်။ ကြီးသူတွေအတွက် လုံးပတ်ကြီးသည်။ မိန်းကလေးများ၏ တင်ပါးနှင့် ခြေသလုံးကိုရိုက်သည့် ကြိမ်ကတစ်မျိုး၊ ယောက်ျားလေးများအတွက်က တစ်မျိုးဖြစ်သည်။

ဆရာကြီးဦးစံခင်သည် သူ့ကြိမ်လုံးများ၏ ထိပ်ဖျားများ ဖွာထွက်သွားမည်စိုးသဖြင့် သားရည်ကွင်းနှင့် ကျစ်နေအောင် စည်းထား

တတ်သည်။ ဆရာကြီး ဦးစံခင်၏ လက်ဆလက်နကလည်း ကောင်းလှသည်။ မရိုက်မဖြစ်လို့ ရိုက်ရမည့်တပည့်ကို မနာကျင်စေလိုပါက ဖွ၍ ရိုက်တတ်သည်။ ဘေးအမြင်မှာတော့ တရွှမ်းရွှမ်းနှင့် ကြောက်မက်ဖွယ်ကောင်းလှသည်ပင်။

ဆရာကြီးဦးစံခင် အရိုက်ကြမ်းပုံမှာ ရောဝတီမြစ်၊ ဘိုကလေးမြစ်ဝမှသည် ဖျာပုံမြစ်ဝအထိ နာမည်ကြီးလှသည်။ ရောဝတီမြစ်ဝ အနောက်ဘက်ကမ်း ပိုးလောင်းရွာ၊ မြစ်ဝအရှေ့ဘက်ကမ်းထိပ်မှ ရောရွာ၊ အုန်းပင်၊ ဆူးပုတ်၊ ကျောင်းစုမှသည် ကဒုံကနီအထိ ဆရာကြီးကို မသိသူမရှိ။ ကဒုံကနီ၊ ရေကျော်ကြီး စသောရွာများမှာ ဘိုကလေးမြစ်ဝ၏ အနောက်ဘက်ကမ်းတွင်ရှိသော်လည်း ဖျာပုံမြို့နယ်ထဲ ပါဝင်ကြသည်။

ဘိုကလေးမြစ်ဝ အနောက်ဘက်ကမ်းရှိ ကဒုံကနီနှင့် မျက်နှာချင်းဆိုင်မြစ်ဝ အရှေ့ဘက်ကမ်းမှ အမာသည် ကဒုံကနီနယ်ပင်ရွာကြီးဖြစ်သည်။ အနီးအနားတွင် ပျဉ်ဒရယ်၊ ဘအေးကုန်း၊ အိုင်နား စသော ရွာများရှိသည်။ ပျဉ်ဒရယ်ကြီးဖိုင်းနှင့် ထပ်တရာကြီးဖိုင်းအကြားမှာ အရှေ့အနောက်တန်းနေသော ရေနက်ဖြတ်လမ်းဖြစ်သည်။ ထိုရွာများအထိပင် ဆရာကြီးဦးစံခင်၏ ကြိမ်လုံးသံတရွှမ်းရွှမ်းက ပွဲတင်ထပ်သည်။ ဘိုကလေးမြစ် အရှေ့ဘက်ကမ်းမှ ထော်ပိုင်၊ စက်ဆန်းရွာကြီးများကပင် ဆရာကြီးကို ခန့်ငြားရသည်။

ဆရာကြီးသည် ဘိုကလေးနှင့် ဖျာပုံတောင်ဘက်တစ်ဝိုက်မှ ကျောင်းများတွင် မူလတန်းကျောင်းအုပ်၊ အလယ်တန်းပြ၊ အထက်တန်းပြ စသည်ဖြင့် တစ်နှစ်တန်သည် နှစ်နှစ်တန်သည် လှည့်လည်၍ အမှုထမ်းဖူးသူလည်းဖြစ်လေရာ တပည့်တပန်းများချည်း ဖြစ်သဖြင့် ဩဇာညောင်းလှသည်။

ဆရာကြီးဦးစံခင်မှာ အရိုက်ကြမ်းသကဲ့သို့ အသင်အပြလည်း ကောင်းလှသည်။ အလယ်တန်းကျောင်းသားဘဝတွင် (၂၄) အလီကို အလွတ်ရသည်အထိ သင်သည်။ အထက်တန်းကျောင်းသားဘဝတွင် ဂဏန်းသုံးလုံးကိုတည်၍ ဂဏန်းနှစ်လုံးဖြင့် အလွတ်မြှောက်နိုင်ရမည်။



ဆရာမရှိလျှင် မြန်မာစာပါ တွဲသင်လေရာ ဒွေးချိုး၊ တြိချိုး၊ လေးချိုးအပြင် တေးထပ် စသော ကဗျာများအား အသံနေအသံထားနှင့် ဆိုတတ်အောင်ပါ သင်ပေးလေ့ရှိသည်။ အင်္ဂလိပ်ဆရာမရှိလို့ သင်ရလျှင်လည်း အသံထွက်က အလွန်မှန်သည်။

ယခု လူ့တကာကြောက်ရသော ဆရာကြီးဦးစံခင်သည် ရေကျော်ကြီးရွာ၏ ရပ်ကွက်ရုံးတွင် ရောက်နေလေပြီ။ တိုင်ချက်ဖွင့်သူက ကိုထွန်းနှင့် မမွှေးတို့လင်မယားဖြစ်ပြီး သက်သေက လှယဉ်ဆင့်။ လျှော်ပင်ရွာမှ တိုင်းအောင်၊ အုန်းပင်မှ စောဂျက်နှင့် ဆူးပုတ်မှ အေးဝင်းတို့ ဖြစ်သည်။ တရားခံကား ဖိုးမောင်၊ လှသိန်းနှင့် သံချောင်း။

တိုင်းအောင်က ...

"ဒီ ဖိုးမောင်ဆိုတဲ့ကောင် ကျွန်တော့်ဆီးစပ်ကို ဒူးနဲ့တိုက်တယ်။ ဆီးအိမ်သာကွဲရင် ကျွန်တော်သေပြီပေါ့"

"ငါကလဲ ဆီးအိမ်မကွဲရုံလောက်ပဲ မှန်းပြီး တိုက်လိုက်တာပါ တိုင်းအောင်။ မင်းက ငါ့ကို လုံ့နဲ့ အသေထိုးတာကိုး။ သူက လုံ့နဲ့ ကျွန်တော့်ကို အသေထိုးပေမယ့် ကျွန်တော်က အသေမလုပ်ပါဘူး။ လုံ့လဲ သက်သေရှိပါတယ်"

"အဲဒီလုံ့က ကျွန်တော့်လုံ့ မဟုတ်ဘူး"

ဦးစံခင်က ကြမ်းပြင်ကို လက်ဝါးနှင့်ပုတ်လိုက်ရာ အားလုံးမီးကို ရေနဲ့သတ်လိုက်သလို ငြိမ်သွားသည်။

"တိုင်းအောင်ရော၊ ဖိုးမောင်ရော ငြင်းမနေကြနဲ့။ ငှက်ကြီးတောင်ဓားက ဘယ်သူ့ဟာလဲ"

လှသိန်းက

"စောဂျက် ကျွန်တော့်ကို ခုတ်တာ။ ကျွန်တော် သူ့လက်ကို တုတ်နဲ့ရိုက်လို့ လွတ်ကျသွားတာ"

"လှသိန်း ကျွန်တော့်လည်ပင်းကို တုတ်နဲ့ရိုက်တယ်"

"တော်တော့ကွာ ... မမေးရင် မပြောနဲ့"

ငြိမ်သွားကြပြန်သည်။

"ဖိုးမောင် စပြောစမ်း"

ဖိုးမောင်က ဖြစ်သမျှကို တည်ကြည်ရဲရင့်စွာဖြင့်ပင် ပြောသည်။

"ကျွန်တော်ရယ်၊ လှသိန်းရယ်၊ သံချောင်းရယ် ခနိပင်က ထွက်လာပြီး ကိုဝင်းမောင်ကြီးတို့အိမ် လာလည်တာပါ။ ညနေရေချိုးရင်း လှယဉ်ဆင့်က သူ ညကြီးမင်းကြီး ကဒုံကနဲ သွားစရာပေါ်လာလို့ အဖော်လိုက်ပေးဖို့ ချိန်းပါတယ်"

"သက်သေရှိလား"

"ကျွန်တော့်ကိုချိန်းတာတော့-သက်သေမရှိဘူး။ ဒါပေမယ့် တင်တင်ဝင်းကိုရော၊ ကိုဝင်းမောင်ကြီးကိုပါ ထပ်ပြီး မှာပါတယ် ဆရာကြီး"

ဆရာကြီးက ခေါင်းတညိတ်ညိတ်လုပ်ရင်း ...

"ဟုတ်လား တင်တင်ဝင်း"

"ဟုတ် ... ဟုတ် ... ဟုတ်ပါတယ်"

တင်တင်ဝင်းမှာ အကြောက်လွန်နေသဖြင့် အထစ်ထစ် အငေါ့ငေါ့ ဖြေသည်။

"ဝင်းမောင်ရော၊ လှယဉ်ဆင့်က မင်းကိုရော မှာသလား"

"ဟုတ် ... ဟုတ်ပါတယ် ဆရာကြီး"

"မင်း မညာနဲ့နော်"

"မညာဝံ့ပါဘူးခင်ဗျ"

"ဖိုးမောင် ဆက်စမ်း"

"ကျွန်တော်ရယ်၊ လှသိန်းရယ်၊ သံချောင်းရယ် ညကျတော့ ရွာထိပ်က ထွက်စောင့်ပါတယ်။ အဲဒီမှာ ကိုထွန်းတို့လူစုက ဝိုင်းရိုက်တာပဲ။ လှံနဲ့လဲ ထိုးတယ်။ ဓားနဲ့လဲ ခုတ်တယ်။ သူတို့စုစုပေါင်း (၇) ယောက်ရှိတယ်။ ကိုထွန်းရယ်၊ တိုင်းအောင်ရယ်၊ စောဂျက်ရယ်၊ အေးဝင်းရယ်။ နောက်ထပ်သုံးယောက် ပါသေးတယ်။ တစ်ယောက် ခပ်ဝေးဝေးက ကြည့်နေတာ။ နှစ်ယောက်က ဝင်ရိုက်တယ်။ နောက်မှ သုံးယောက် ထွက်ပြေးတာ"





"မင်း မညာနဲ့နော်"

ဆရာကြီးဦးစံခင်က ဖိုးမောင်၏မျက်လုံးများအတွင်းသို့ တည့်တည့်စိုက်ကြည့်ကာ လေသံမာမာနှင့် မေးသည်။ သူသည် ဖိုးမောင်၏ မျက်လုံးတစ်လုံးစီကို တစ်လှည့်စီကြည့်နေလေရာ သူ့မျက်လုံးများသည် မသိမသာ လှုပ်ရှားနေကြသော်လည်း သူ့ကို တည့်တည့်ကြည့်ရဲသူ မရှိသဖြင့် မည်သူမျှ မသိပေ။ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများပင် သူ့တပည့်များဖြစ်လေရာ အားလုံးမှာ ကြောင်ရှေ့ရောက်သည့် ကြွက်များနှယ်ပင် ထွက်ပြေးချင်စိတ်က များနေကြသည်။

"အခုဟာက ဖိုးမောင်က လှယဉ်ဆင့်ကို ဆွဲလားလွဲလား လုပ်တယ်။ မောင်ထွန်းတို့လူစုကို မူးပြီး ရိုက်ကြ နှက်ကြတယ်လို့ တိုင်ထားတာနော်"

"အဲဒါ ပြောင်းပြန်ကြီးပါ ဆရာကြီး"

ဖိုးမောင်က စောဒက တက်သည်။

"မင်းကို ငါ မမေးသေးဘူး ဖိုးမောင်"

ဖိုးမောင် မျက်လွှာချလိုက်ရသည်။

"ကဲ ... လှယဉ်ဆင့် ဘယ်လိုဖြစ်တာလဲ ပြော"

လှယဉ်ဆင့်က ရင်ကို ချီလိုက်သည်။ သူမသည် ဆရာကြီး ဦးစံခင်၏ တပည့်ဖြစ်ဖူးသူ မဟုတ်။ ကြောက်ရွံ့ဟန်မရှိ။

"ကျွန်မ သူ့ကိုချိန်းလိုက်တာ မှန်ပါတယ်။ သူတစ်ယောက်တည်းနဲ့တွေ့ဖို့ ချိန်းတာပါ။ သူက အဖော်ခေါ်လာတယ်။ အဖော်နှစ်ယောက်က ကင်းစောင့်ပြီး ဖိုးမောင်က ကျွန်မကို အတင်းဖက်တယ်။ တွန်းလှဲဖို့ လုပ်တယ်။ လှသိန်းနဲ့ သံချောင်းက ကင်းစောင့်နေတယ်။ အဲဒီမှာ ကိုကြီးထွန်းတို့ ရောက်လာတာ။ ကံကောင်းလို့ပေါ့"

လှယဉ်ဆင့်က ငိုသံစွက်၍ ပြောသည်။ မျက်ရည်များပင် စီးကျလာသည်။ ဖိုးမောင်သည် လှယဉ်ဆင့်ကို ရွံရှာစွာ ကြည့်နေသည်။

"နင်နဲ့ ဖိုးမောင်နဲ့ ကြိုက်နေလား"

"မဟုတ်ပါဘူး"

"သူ ကျွန်တော့်ကို ချစ်ကယ်လို့ နှစ်ခါတောင်"

ဖိုးမောင်က ဝင်ပြောရာ ဆရာကြီးက လှမ်းကြည့်သဖြင့် စကားမဆုံးခင် ရပ်လိုက်ရသည်။

"နင့်မှာ ယောက်ျားရှိလား"

"မ ... မ ... မရှိပါဘူး"

လှယဉ်ဆင့် အထစ်ထစ်အငေါ့ငေါ့နှင့် ဖြေသည်။

"မောင်ထွန်း"

"ခင်ဗျား"

"မင်းပြောတော့ သူ့ယောက်ျားက ဘိုကလေးက ကျော်ထွန်းဆို။ ကျော်ထွန်းဝင်း စက်လှေပိုင်ရှင်"

"အဲဒါက ... ဟို ... ဟို ..."

ကိုထွန်း အထစ်ထစ်အငေါ့ငေါ့ ဖြစ်နေသည်။

"တော်တော့"

စင်စစ် ဖြစ်ပျက်သမျှတွင် သူတို့ချည်းပါဝင်ပတ်သက်နေသည်ဟု ထင်ကြသော်လည်း အနီးအနားမှ မျက်မြင်သက်သေများ၊ နားဖြင့်ကြားရသူများကလည်း ရှိလရာ ကိုထွန်းတို့က စတင်ရိုက်နှက်ကြောင်း၊ ရန်ပွဲပြီးမှ လှယဉ်ဆင့်နှင့်တွေ့ကြောင်း၊ လှယဉ်ဆင့်မှာ ဗန်းတိုပညာကျွမ်းကျင်လှသဖြင့် တော်ရုံလူက ဆွဲကိုင်ဖမ်းချုပ်၍ မရကြောင်းများ ထွက်ဆိုကြသည်။

"ဆရာကြီးရယ် ...။ အားလုံးက တစ်ရေတည်း တစ်မြေတည်းသားတွေပါ။ ဘာမှလဲ ရန်ငြိုးကြီးတာ မဟုတ်ပါဘူး။ ကြေအေးပါ၊ ခင်ဗျာ"

ဝင်းမောင်ကြီးက တောင်းပန်သည်။

ကိုထွန်းမိန်းမ မမွှေးကလည်း မိမိတို့ဘက်က အကဲမလှမှန်းသိသဖြင့် ...

"ဟုတ်ပါတယ် ဆရာကြီး။ ကျွန်မယောက်ျား မူးလို့ဖြစ်တာပါ။ ရန်ငြိုးလဲ မရှိကြပါဘူး"





"ရန်ငြိုး ဟုတ်လား"

ဆရာကြီးဦးစံခင်၏ အသံက ဟိန်းထွက်သွားသည်။

"ရန်ငြိုးမရှိဘူးဆိုတာ ဟုတ်ရဲ့လား။ ဟော... ပြောကြစမ်း"

မည်သူမျှ တုတ်တုတ်မလှုပ်။

"ရန်ငြိုးမရှိဘူးလို့ ဘယ်သူပြောသလဲ"

မည်သူမျှ ပြန်မဖြေ။

"သိပ်ရှိတာပေါ့ကွာ။ ရန်ငြိုးရှိတာပေါ့။ ရွာဘက်မှာ စကြတာလေ။ ရွာရဲ့မြောက်ဘက်က ရွာဝတ်မြစ် အရှေ့ဘက်ကမ်းနဖူးက လျှော်ပင်ရွာဆိုတာ အစက ရှိတာမဟုတ်ဘူး။ ရွှံ့တော နွံတောထဲမှာ မြေကမူလေးဖြစ်နေတယ်။ ရေချိုလဲထွက်တယ်။ ကွမ်းပင်လေးဘာလေး ဥယျာဉ်စိုက်လို့ရတယ်ဆိုတော့ ရွာကရော၊ အုန်းပင်ကရော၊ ကျောင်းစုကရော၊ ကဒုံကနီကရော စတည်းချခဲ့ကြတယ်လေ။ အဲဒီမှာ မြေလုကြတာပေါ့"

အားလုံး စိတ်ဝင်စားစွာ နားထောင်ကြသည်။

"ကိုအောင်ရဲ့အုပ်စုနဲ့ ကိုပုရဲ့အုပ်စုက အဓိကပဲ။ အဲဒီမှာ ရိုက်ကြနှက်ကြနဲ့ တော်တော်ဖြစ်ကြတယ်။ ကိုပုက ဓနိပင်မှာ သွားစတည်းချတယ်။ ကိုအောင်က လျှော်ပင်မှာပဲ။ ဒီအုပ်စုနှစ်စုက ကဒုံကနီမှာတွေ့လဲ ချကြတာပဲ။ အမာမှာတွေ့လဲ ရန်ဖြစ်တာပဲ။ ဘိုကလေးမှာဆိုလဲ ရိုက်ကြနှက်ကြ၊ ဖျာပုံမှာလဲ ရုံးရောက် ဂဇက်ရောက်။ ငါဆုံးမရတာလဲ ကြာပြီ။ အခုလဲ ကိုပုရဲ့ ဓနိပင်က လူသုံးယောက် ရေကျော်ကြီးရောက်နေလို့ ကိုအောင်ရဲ့လူတွေက ဆုံးမမယ်ဆိုပြီး လုပ်ကြတာမဟုတ်လား"

"မ ...မဟုတ်ပါဘူး ဆရာကြီးခင်ဗျား။ ကျွန်တော် ဦးအောင်နဲ့လဲ မတွေ့ပါဘူး"

ကိုထွန်းက ငြင်းသည်။

"ငအောင်နဲ့တော့ မတွေ့ဘူးလေ။ သူ့သား တိုင်းအောင်နဲ့တွေ့တယ်မဟုတ်လား။ ကဲ ... ပြောစမ်း"

တိုင်းအောင် အံကြိတ်လိုက်သည်။

တိုင်းအောင်သည် ဦးစံခင်၏ တပည့်ပင်။

"အဖေခိုင်းတာ မဟုတ်ပါဘူး ဆရာကြီး။ ကျွန်တော့်ဟာ ကျွန်တော် စီစဉ်တာပါ။ ကျွန်တော်နဲ့ လှယဉ်ဆင့် မေတ္တာမျှနေတာလဲ ကြာပါပြီ။ ဒါကြောင့် ဖိုးမောင်ကို မနာလိုဖြစ်မိတာပါ"

အားလုံး ငြိမ်သက်သွားပြန်သည်။ ပုရစ်နှင့် ပိုးမွှားတို့၏အသံကသာ လွှမ်းခြုံနေသည်။ လေတိုက်သံနှင့် လှိုင်းပုတ်သံများကို ရံဖန်ရံခါ ကြားရနိုင်သည်။

"ဖိုးမောင် ...မင်း လှယဉ်ဆင့်အပေါ် ဘယ်လိုသဘောထားလဲ"

"ကျွန်တော့်အစ်မလို သဘောထားပါတယ်"

"ဒါဆိုရင်တော့ ရှင်းပြီပေါ့။ ငါ အဓိကပြောချင်တာက ရန်ငြိုးပဲ။ ဘယ်အချိန် ဘယ်အခါတုန်းက ဘယ်နေရာမှာ စခဲ့ကြမှန်းတောင် မသိတော့တဲ့ ရန်ငြိုးတွေကို အခုအချိန်အထိ ယူမလာကြနဲ့။ သက်ဆိုင်ရာဥပဒေအရ အရေးယူတာကတော့ ရပ်ကွက်လူကြီးများရဲ့ အပိုင်းပဲ။ ငါကတော့ ဒို့ထက်ပိုပြီး မကျယ်စေချင်တော့ဘူး။ သက်ဆိုင်ရာ အုပ်ထိန်းသူတွေကလဲ ကိုယ့်လူကိုယ် ဆုံးမကြ"

ဦးစံခင်သည် လှယဉ်ဆင့်ကို စေ့စေ့ကြည့်ရင်း ပြောလိုက်ခြင်းဖြစ်ရာ လှယဉ်ဆင့်မှာ ခေါင်းပင် မဖော်ဝံ့ပေ။

ဝင်းမောင်ကြီးအမေ ဒေါ်ခင်ဝင်းနှင့် ကိုထွန်း၏မိန်းမ မမွှေးက နှစ်ဘက်ညှိနှိုင်းရန် စကားဆိုကာ ကြေအေးရန် စီစဉ်ကြသည်။ တကယ်တော့ ဖိုးမောင်တို့ဘက်က အပြစ်မရှိ။ ကိုထွန်းနှင့် တိုင်းအောင်တို့ကစပြီး ရန်ပြုကျူးလွန်ကြသူများဖြစ်ရာ ခွင့်လွှတ်စရာအကြောင်းတော့ မရှိ။ သို့သော် ရန်ပွဲတွင် အထိနာကြသူများမှာ သူတို့မဟုတ်။ ဖိုးအောင်ရော၊ လှသိန်းနှင့် သံချောင်းပါ ဘာမှမဖြစ်။

စောဂျက်ကား လက်ကောက်ဝတ်ကို အရိုက်ခံထားရသောကြောင့် လက်က ရောင်ကိုင်းနေသည်။ လည်မျိုကို ခြေစောင်းနှင့် အခုတ်ခံရ၍ လည်ချောင်းရိုး ကျိုးလုမတတ်ခံရသည်။ တိုင်းအောင်သည်





ဆီးစပ်တွင် အောင့်နေသည်။ အေးဝင်းလည်း ဖိုးမောင်၏လက်ချက်ကြောင့် ရင်ညွန့်တွင် အောင့်နေသည်။

ဦးစံခင်သည် အလံပြည့် ငှက်ကြီးတောင်ဓားကြီးကို ကြည့်နေသည်။ ဓားအိမ်မပါ။ ဓားရိုးမှာ ငွေကွပ်ထားသည်။ ဓားသွားအပေါ်တွင် စန္ဒကူတ် စစ်ထိုးပုံ သရုပ်ဖော်ပုံများနှင့် စာသားများ ထွင်းထားသည်။

"တိုင်းအောင် ... ဒီဓားဟာ မင့်အဖေဆီက ယူလာတာ မဟုတ်လား"

"ဟုတ်ပါတယ် ဆရာကြီး။ သူတော့ မသိပါဘူး"

"သိလဲ ဘယ်ပေးမလဲ။ ဒီဓားဟာ ငအောင်ရဲ့ဓားလဲ မဟုတ်ဘူး။ မင့်အဖိုးရဲ့ ဓားလဲမဟုတ်ဘူး။ မင့်အဖေရဲ့အဖိုးကို အင်္ဂလိပ်အစိုးရက ချီးမြှင့်သွားတဲ့ ဓား။ ရန်ဖြစ်ဖို့ မဟုတ်ဘူး"

# အခန်း (၆)

## မိန်းမဟူဘိ ထိုက္ကတ္တိ

ဧရာဝတီမြစ်ကြီးသည် မြန်မာနိုင်ငံ၏မြောက်ဘက် အစွန်အဖျားရှိ ရေခဲတောင်များပေါ်တွင် မြစ်ဖျားခံသော မလိခနှင့် မေခတို့ ပေါင်းဆုံရာမှ ဖြစ်ပေါ်လာခြင်းဖြစ်သည်။ မလိခနှင့် မေခမြစ်သည် မြင့်မားမတ်စောက်လှသော တောင်တန်းကြီးများအကြားမှ ဖြတ်သန်းစီးဆင်းရသကဲ့သို့ ဧရာဝတီမြစ်ဖျားသည်လည်း တောင်စွယ်တောင်တန်းများကို ဖြတ်သန်းကွေ့ဝိုက်၍ စီးဆင်းရသည်။ ကျဉ်းမြောင်းသော ကျောက်ကမ်းပါးရံများအကြား တိုးဝှေ့စီးဆင်းရသော အခါတွင်ကား ဧရာဝတီမြစ်ကြီးသည် လွန်စွာကျဉ်းမြောင်းသွားပြီး မြစ်ကျဉ်းများ ဖြစ်ပေါ်လာရသည်။ ဗန်းမော်၊ ရွှေကူနှင့် ထီးချိုင့်မြို့များအနီးတွင် မြစ်ကျဉ်းများဖြစ်ပေါ်ပြီးနောက် ချင်းတွင်းမြစ်၊ မြစ်ငယ်မြစ် စသည်တို့နှင့်ပေါင်းဆုံကာ ပြည်မြို့အထက်နားရောက်သည်အထိ မြစ်ကျဉ်းက ရှိသေးသည်။ မြစ်ကျဉ်းပေါင်း (၄) ခုရှိသည်။

ဧရာဝတီမြစ်ကြီသည် မိုးညိုမြို့ အနောက်ဘက်နားမှ စ၍ လွတ်လပ်စွာပင် စီးဆင်းတော့သည်။ ငဝန်မြစ်သည် အနောက်ဘက် အကျဆုံး မြစ်ခွဲဖြစ်ပြီး တောင်ဘက်ရောက်လာသောအခါ ပုသိမ်မြစ် ဖြစ်လာသည်။ လေးမျက်နှာ၊ ငါးသိုင်းချောင်း၊ သာပေါင်း၊ ပုသိမ်မြို့





များကို ဖြတ်သန်းစီးဆင်းလာသော ငဝန်မြစ် (ခေါ်) ပုသိမ်မြစ်ထဲသို့ ငပုတောမြို့၏ တောင်ဘက်တွင် ဧရာဝတီမြစ်ခွဲတစ်ခုဖြစ်သော ပမ္မဝတီမြစ်သည် လာရောက်ပေါင်းဆုံပြန်သည်။ ထို့နောက် သက်ကယ်သောင်မြစ်ကပါ လာရောက်ပေါင်းဆုံသောအခါ ပုသိမ်မြစ်ဝသည် ဟိုင်းကြီးကျွန်းနှင့်ပြင် ခရိုင်ကြားတွင် ကျယ်ပြောသောရေပြင်ကြီး ဖြစ်လာသည်။

ဟင်္သာတမြို့ဝန်းကျင်မှစ၍ ဧရာဝတီမြစ်ကြီးသည် မြစ်မြွာများ အဖြစ် ခွဲထွက်သွားရာ မျက်စိလည်စရာပင် ဖြစ်သည်။ မြစ်များမှာ ခွဲထွက်သွားပြီး ပြန်ဆုံတာလည်း ရှိသည်။ မြစ်ကျိုးအင်းများစွာလည်း ရှိသည်။

မိုးညို၏တောင်ဘက်မှာပင် အရှေ့ဘက်သို့ ခွဲထွက်သွားသော သဲနက်ချောင်းသည် မြစ်မခမြစ်ဖြစ်လာပြီး သာယာဝတီနယ်ကို ဖြတ်သန်းလာသည်။ မြစ်မခမြစ်ကို တောင်ဘက်ရောက်လာတော့ လှိုင်မြစ်ဟု ခေါ်သည်။ ညောင်တုန်းမြို့အနီးတွင် ဧရာဝတီမြစ်မကြီးမှ ခွဲထွက်လာသော ပန်းလှိုင်မြစ်သည် ရန်ကုန်မြို့အနီးတွင် လှိုင်မြစ်နှင့် ဆုံတွေ့သည်။ လှိုင်မြစ်သည် ရန်ကုန်မြစ်အဖြစ် ဆက်လက်စီးဆင်းပြီး ပဲခူးမြစ်နှင့်ပေါင်းဆုံကာ ပင်လယ်ထဲသို့ ဆက်လက်စီးဆင်းလေ၏။

မိုးညိုမြို့၊ အင်္ဂပူမြို့များ၏ တောင်ဘက်မှစ၍ အနောက်ဘက်တွင် ငဝန်မြစ် (ခေါ်) ပုသိမ်မြစ်၊ အရှေ့ဘက်တွင် မြစ်မခမြစ် (ခေါ်) လှိုင်မြစ် (ခေါ်) ရန်ကုန်မြစ်အကြားရှိ တြိဂံပုံ ဧရာဝတီမြစ်ဝကျွန်းပေါ် ဒေသကြီးမှာ ထူးခြားဆန်းပြားသော ပထဝီမြေအနေအထားပင် ဖြစ်သည်။ ဧရာဝတီ မြစ်ဝကျွန်းပေါ်ဒေသကြီးမှာ အနောက်ဘက် မော်တင်စွန်းမှ အရှေ့ဘက် စစ်တောင်းမြစ်ဝအထိ ကျယ်ပြောသည်။

ပုသိမ်မြစ်၊ သက်ကယ်သောင်မြစ်၊ ရွှေးမြစ်၊ ပြန်မလောမြစ်၊ ပြင်စလူမြစ်များသည် ဧရာဝတီမြစ်ဝကြီး၏ အနောက်ဘက်မှ ထင်ရှားသော မြစ်ဝကြီးများဖြစ်ပြီး ဧရာဝတီမြစ်ဝကြီး၏ အရှေ့ဘက်တွင်ကား

ဘိုကလေးမြစ်၊ ဖျာပုံမြစ်၊ သံတိတ်မြစ်၊ တိုးမြစ်နှင့် ရန်ကုန်မြစ်ဝများမှာ ထင်ရှားသောမြစ်ဝကြီးများ ဖြစ်သည်။

ဧရာဝတီ မြစ်ဝကျွန်းပေါ်ဒေသတွင် ရေပေါသည်။ နုံးတင်မြေနုဖြစ်သဖြင့် မြေဆီဩဇာကောင်းလွန်းလှသည်။ မြန်မာပြည်၏ စပါးကျီပင် ဖြစ်သည်။ စပါးပေါသည်၊ ငါးပေါသည်။ ရေလမ်းခရီးများသည်။ မော်တော်ကားလမ်းများနှင့် တံတားကြီးများမှာမူ လွန်ခဲ့သည့် အနှစ်နှစ်ဆယ်အတွင်းမှာမှ ပေါ်လာခြင်းဖြစ်သည်။ ဗိုလ်မြတ်ထွန်း တံတားသည် မြစ်ဝကျွန်းပေါ်၏ ကျက်သရေဆောင် ဧရာဝတီ မြစ်ကူးတံတားကြီးဖြစ်သည်။

သို့သော် လပွတ္တာမြို့၏တောင်ဘက် ရွှေးမြစ်နှင့် ပြန်မလောမြစ်၏ အကြားရှိ ကြာကန်ကွင်းကောက် ဒီရေတောကြီးမှာ ကျယ်ဝန်းလှသော နွံတောကြီးသာဖြစ်သည်။ မြက်ရိုင်းတောကြီးထင်ပြီး ဝင်မသွားနှင့်။ ရေက ခါးလည်ခန့်အထိ မြုပ်သည်။ ပြင်စလူမြစ်နှင့် ဧရာဝတီမြစ်မကြီးကြားရှိ ကက္ကရံတောနှင့် ပြင်အလန်တောများမှာလည်း ကျယ်ပြောလှသော ရွှံ့တောနွံတောကြီးသာဖြစ်ပြီး စိမ့်မြေများ၊ အင်းများတွင် မြစ်ဖျားခံလာသော သောင်ထုမြစ်က ဖြတ်သန်းစီးဆင်းနေသေးသည်။

ပြင်စလူကျွန်းပေါ်၊ ကြိမ်နီကလေး၊ ပိန္နဲကုန်း စသောရွာများ၏ အနီးဝန်းကျင်တွင်သာ လယ်ယာများရှိပြီး ရေငံမဝင်စေရန် တာရိုးကြီးများ ဖို့ထားရသည်။

ဧရာဝတီမြစ်မကြီးနှင့် ဘိုကလေးမြစ်အကြားတွင်လည်း မုန်တိုင်းကြီးချောင်း၏ တောင်ဘက်တစ်ခုလုံး နွံတောကြီးသာဖြစ်သည်။ ရေကျော်ကြီးဝန်းကျင်၊ ကဒုံကနိုဝန်းကျင်၊ ဆူးပုတ်၊ ကျောင်းစုဝန်းကျင်တွင်သာ လယ်ယာအနည်းငယ် ရှိသည်။ ဧရာဝတီမြစ်ဘက်မှ ရေကျော်ကြီးဘက်သို့ ဖြတ်ထွက်နိုင်သော ချောင်းရိုးတစ်ခု ရှိသော်လည်း ရေကျသွားလျှင် နွံတောကြီးဖြစ်နေသည်။

ဘိုကလေးမြစ် အရှေ့ဘက်ကမ်းစက်ဆန်းနှင့် ကျုံကဒွန်း၊ ကုလားထိပ်ရွာများ၏ တောင်ဘက်တွင်လည်း မြောက်ပိုင်းတွင်သာ





လယ်ယာအနည်းငယ်ရှိပြီး ပျဉ်ဒရယ်တောကြီးတစ်ခုလုံးမှာ ရွှံ့တော၊ နွံတောပင်။

ထို့ကြောင့် ဧရာဝတီ မြစ်ဝကျွန်းပေါ်ဒေသကြီး၏ တောင်ဘက်အစွန်း ဧရာဝတီမြစ်ဝကြီး၏ အရှေ့နှင့်အနောက် ဒေသများမှာ လယ်ယာစိုက်ပျိုး၍မရသော ရေငံဝင်ရာ ဗျိုက်တော၊ ကိုင်းတော၊ နွံတောကြီးများသာ ဖြစ်သည်။ ရေကျသွားချိန်တွင် ရွှံ့ပြင်ကြီးမျှသာဖြစ်သော လတာပြင်ကြီးများမှာ မည်သို့မျှ အသုံးမကျ။ ထို့ကြောင့်လည်း မြစ်ဝကျွန်းပေါ်သားချင်းအတူတူ ပင်လယ်ဝမှလူတွေက လုပ်စားကိုင်စားရသည်မှာ လွန်စွာမှပင် ခက်ခဲကြမ်းတမ်းလှပေ၏။

"အမာကနေ ဒေါ်ညိမ်းရွာ၊ အဲဒီကနေ ကျုံကဒွန်းကို ကားလမ်းသာပေါက်တာ။ လမ်းက ဆိုးတယ်။ မိုးကျရင် သုံးမရဘူး။ ကျုံကဒွန်းကနေ ဖျာပုံလမ်းပဲ နည်းနည်းကောင်းတာ။ ကျိုက်လတ်၊ ဒေးဒရဲကနေ ကွမ်းခြံကုန်းကို ဖြတ်လို့ရပြီ။ ဒေးဒရဲတံတားကြီးလဲ ပြီးပြီဆိုတော့ ရန်ကုန်နဲ့ နီးသွားမယ်ဆိုတာတော့ မှန်တယ်။ ဒါပေမယ့် အမာရောက်ဖို့ မြစ်ဝကြီးက ကျယ်တယ်။ ကဒုံကနိနဲ့ အမာကို တံတားထိုးလို့ရရင် ကောင်းမယ်"

"ဘိုကလေးတစ်ဘက်ကမ်းက ကြိမ်ချောင်းကိုလဲ လမ်းကြမ်းရှိတယ်။ ကြိမ်ချောင်းကနေ ကဒုံကနိ ဆင်းလို့ရရင်လဲ မဆိုးဘူးနော်"

"မင်းပြောတဲ့နေရာတွေက ရွှံ့တော၊ နွံတောချည်းပဲ။ ဘယ်လိုလုပ် ကားလမ်းဖောက်လို့ ရမှာလဲ"

သံချောင်းကပြောတော့ လှသိန်း စောဒကတက်သည်။

"ရခိုင်မှာတောင် ရတာပဲကွာ"

"နေစမ်းပါဦး နံပိန်ရာ။ မင်းက ဘာကိစ္စနဲ့ လေထဲမှာ လမ်းတွေ လိုက်ဖောက်နေရတာလဲ"

လှသိန်းက သက်ပြင်းချသည်။

"မင်း မသိဘူး ဒန်ချောင်း။ ငါတို့ဘဝက အောက်တန်းနောက်တန်း ကျလွန်းလို့ပါကွာ။ ဧရာဝတီသားချင်းအတူတူ ငါတို့မှာ

သေယ်မရှိဘူး။ ရေငံဝင်တာချင်းအတူ သောင်ပြန့်လေးဘာလေးရှိရင် နေလှမ်း ဆားလုပ်စားလို့ ရသေးတယ်။ အခုကျတော့ ဓနိခုတ်၊ မျှောခုတ်၊ ငါးဖမ်း၊ ပိုက်ချ ဒါပဲရမယ်''

''အဲဒါမလုပ်လို့ မင်းက ဘာလုပ်ချင်တာလဲ''

''လမ်းပန်းဆက်သွယ်ရေးက ခက်တယ်လေ။ ငါတို့မှာ မြစ်ကိုဆန်နိုင်မှ ဘိုကလေးရောက်မယ်။ ဘိုကလေးကနေ ကျိုက်လတ်၊ ဒေးဒရဲ၊ ကွမ်းခြံကုန်း၊ ရန်ကုန်အထိ ရေလမ်းပဲ အဆင်ပြေတယ်။ အမာဘက်က သွားမလား။ ရေလမ်းက ပျဉ်ဒရယ်တောနဲ့ ထပ်တစ်ရာကျွန်းကြားဖြတ်လဲ ပင်လယ်ထဲရောက်သွားပြီး ဖျာပုံမြစ်ဝကို ပြန်ရှာရမှာ။ ဖျာပုံရောက်တော့လဲ ရေလမ်းပဲ။ ကားလမ်းက မိုးတွင်းမှာ ကျုံကဒွန်းကို မရောက်ဘူးကွ''

''မင်းပြောနေတာတွေ ငါ ဘာမှနားမလည်ဘူး လှသိန်း''

''ငါတို့ဘဝက ရင်နာစရာ ကောင်းလွန်းလို့ပါ''

''ဘာဘာဝလဲ။ ဂေါ်မစွံဘဝလား။ သွားစမ်းပါ နံပိန်ရာ။ ငါတို့တစ်သက်လုံး ဒီလိုပဲ ကြီးလာကြတာပဲ။ ငါတို့အရင်က ဘိုးဘွားတွေကရော။ ဒီအတိုင်းပဲ''

''ငါတို့ဒေသက မြစ်ဝကျွန်းပေါ်ဖြစ်ရက်နဲ့ ခေါင်လွန်းတာကို ပြောတာ။ ငါတို့မမွေးခင်က ပြည်ပြေးတွေက ပင်လယ်ထဲကဝင်လာပြီး ထော်ပိုင်မှာ ဝင်အောင်းနေကြတာ။ စစ်တပ်က အပြတ်ရှင်းပစ်လိုက်ရတယ်တဲ့''

''ငါတို့မွေးပြီးမှရော။ သူပုန်တွေဝင်ပြီး အောင်းနေလို့ လေတပ်က ဟယ်လီကော်ပတာနဲ့ပါ လိုက်ပစ်ပြီး ရှင်းရတာပဲ။ မုန်တိုင်းစစ်ဆင်ရေးလေ''

''မုန်တိုင်း''

''ဟုတ်တယ်။ အဲဒီတုန်းက မုန်တိုင်းစစ်ဆင်ရေးလို့ ခေါ်သတဲ့။ တပ်မ (၁၁) က လာတာ။ မုန်တိုင်းတိုက်သလို အပြတ်ရှင်းပစ်လိုက်တာပဲ။ အခုတော့ ဘယ်သူပုန်မှ လာမဝိုရဲတော့ဘူး''





''လမ်းပန်းဆက်သွယ်ရေးတော့ ကောင်းလာပါတယ်။ ငါတို့ဆီမရောက်တာ ခက်တယ်။ မြစ်ဝတွေက တစ်မျှော်တစ်ခေါ်ကြီးကျယ်တာ။ ဒီ လတာပြင်တွေထဲမှာ ဘယ်လိုလုပ်ပြီး တံတားထိုးမလဲ''

သူတို့နှစ်ယောက် စကားပြောနေကြသော်လည်း ဖိုးမောင်ကား ဘာမှ ဝင်မပြော။ မိုန်းတစ်ချောင်းကိုင်၍ လှေဦးတွင်ထိုင်ကာ ရေထဲကို မျက်ခြည်မပြတ် ကြည့်နေသည်။ ငါးမြင်တာနှင့် လှစ်ကနဲ လက်မြန်မြန်ဖြင့် ထိုးရမည်။

''ဒီလို ဒန်ချောင်းရေ''

လှသိန်းက ဖိုးမောင်ဘက်သို့ မျက်စပစ်ပြကာ လေသံကို နှိမ့်၍ ပြောသည်။ သံချောင်းလည်း သူ့အနားတိုးကာ နားစွင့်၏။

''လှယဉ်ဆင့်ဆိုတာ တကယ်တော့ ဘာမှမဟုတ်ဘူး''

''အဲဒါ ဘာဆန်းလို့လဲ။ ဒီကောင်မ ဦးကျော်ထွန်းကြီးနဲ့ တရားဝင် လက်ထပ်ယူထားတာလားဆိုတော့လဲ မဟုတ်ဘူး။ လစ်ဗင်းတူဂဲသား ... ပဲ''

''တူဂဲသားတွေ၊ လွှဂဲသားတွေ ငါမသိဘူး ဒန်ချောင်း။ ဒီကောင်မဟာ အပျော်မယားပဲ။ အဆင့်တောင် သတ်မှတ်လို့မရဘူး။ ဒီကြားထဲ တိုင်းအောင်နဲ့လဲ ရှုပ်လိုက်တာ။ ဆရာကြီး ဦးစံခင်ရှေ့မှာ ဟိုကောင်က ပြောင်ပြောတော့ မင့်ကောင်မ ခေါင်းတောင်မဖော်နိုင်ဘူး''

''ငါ့ကောင်မ မဟုတ်ပါဘူး။ မင့်ကောင်မပါ''

''မင်းလဲပါတာပဲ ဒန်ချောင်းရာ။ ဒီမှာ လှယဉ်ဆင့်က ကိုထွန်းကြီးနဲ့လဲ မလွတ်ဘူးတဲ့ ကိုယ့်လူ''

''ဒါဆို ဒီကောင်မက အော်ဒါပဲ လိုက်ချင်လိုက်မှာ။ ရုပ်ကလေး သနားကမားနဲ့ကွာ''

''အေးလေ ... ဘာမှ မဟုတ်ပါဘူးဆို။ ဘိုကလေးလောက်နေဖူးပြီး နည်းနည်းပါးပါး ပြင်တတ် ဆင်တတ်တာနဲ့ အနူတောမှာ

လူချော လာလုပ်နေတာ။ ဖိုးမောင်ကိုညှပြီး ငါတို့ကိုလုပ်သလို လုပ်တာ''

''ငါတို့ထက်ဆိုးတယ် လှသိန်း။ အသေသတ်ဖို့ လုပ်တာကွ။ သောက်ကောင်မ၊ ဗိုင်းဒါမ''

''မိန်းမတစ်ယောက် ဘယ်လောက်ပဲဆိုးဆိုး၊ သူ့အတင်းအဖျင်းကို ကွယ်ရာကပြောနေကြတဲ့ ယောကျ်ားတွေက ပိုဆိုးတယ်ကွ''

ရုတ်တရက်ပေါ်လာသော ဖိုးမောင်၏အသံကြောင့် လှသိန်းရော၊ သံချောင်းပါ တိတ်ဆိတ်သွားရသည်။

''သူ့အကြောင်း ပြောမနေကြစမ်းပါနဲ့ကွာ''

လှသိန်းက သက်ပြင်းချသည်။

''ဘာလဲ။ သူက မင်းကို ချစ်ဟန်ဆောင်ပြီး လှည့်ဖြားသွားလို့ မင်း ရင်နာနေတာလား။ ခံစားနေရတာလား။ ခေါက်ထားရင်ကျိုးသွားမယ်။ လိပ်ထားလိုက်စမ်းပါ ငါ့ညီရာ''

သံချောင်းကလည်း ...

''မင်း အသည်းနာမယ်ဆိုလဲ နာလောက်ပါတယ်။ တို့အမြင်ပဲလေ။ အိုက်တင်က ဗီဒီယိုမင်းသမီး ရှုံးတယ်။ ငါ့ကောင်တော့ ပွဲဦးထွက်တင် အောင်ပွဲခံပြီထင်တာ။ ဘယ် ...''

''မဟုတ်ဘူး''

ဖိုးမောင်က အရာရာကို သံပြတ်ဖြင့် ဖြတ်တောက်ပစ်လိုက်သည်။ လှေလှုပ်သွားသဖြင့် လှိုင်းတွေ လူးလွန့်သွားသည်။ ခပ်လှမ်းလှမ်း ဖျိုက်တောထဲမှ ခရုစုတ်ငှက်တစ်ကောင် ထ၍ ပျံသန်းသွားသည်။

''ငါ့ရင်ထဲမှာ ဘာမှမရှိဘူး။ ဒီမိန်းမနဲ့ပတ်သက်ပြီး ဘာခံစားချက်မှ မရှိဘူး။ သူ့အကြောင်း မင်းတို့စပြောတော့လဲ ငါ့ရင်ထဲမှာ ဘယ်လိုမှ မနေဘူး။ သူနဲ့ အနီးကပ် စကားပြောရတော့လဲ ရင်မခုန်ဘူး။ သူ့အသံတွေမှာလဲ မသာယာဘူး။ တစ်ခုပဲ။ သူ အနေအထိုင်မတတ်လို့ မျက်နှာတော့ တစ်ခါနှစ်ခါ ပူလိုက်ရတယ်''





''ဒါကတော့ သူ့ဟာသူ အရှက်နည်းတာပဲ ဖိုးမောင်''

သံချောင်းက ဆိုသည်။

''သူ အရှက်နည်းတာ အကြောင်းမဟုတ်ဘူးကွ။ ငါ အရှက်ကွဲတာ။ ဘယ်ကွာ ... မိန်းမနဲ့ပတ်သက်လာရင် ဘယ်တုန်းကမှ ရာဇဝင်မရှိတာ။ အခု အသားလွတ်ခံရတာကွ''

လှသိန်းကလည်း ...

''ငါ့ကိုလဲ မင့်အမေ ဒေါ်ထွေးကြီးက ဆူလိုက်တာ ပြောမနေနဲ့။ သူ့သား နုနုထွတ်ထွတ်ကလေးကို မိန်းမလည်သိန်းကြွယ်လိုဟာမျိုးနဲ့မှ ဂျိုင်းပေးရလားဆိုပြီးတော့။ ငါလဲ ဒေါ်ကြီးရယ် ...ဘာရယ်မဟုတ်ပါဘူးဆိုပြီး ကြည့်ရှိုးရတယ်''

''တကယ်တော့ ဆရာကြီးဦးစံခင်ပြောသလို ဒါဟာ အငြိုးပဲကွ။ လျှော်ပင်မှာ လူတွေ စားကျက်လုကြတယ်။ အခု ခနီပင်ရောက်နေတဲ့လူတွေဟာ ဘာပြောပြော ရန်ကိုရှောင်ပြီး ကိုယ့်ဟာကိုယ်နေနေကြတာပဲ။ ဒါကို ဘာဖြစ်လို့ ဦးအောင်က မကျေနိုင် မချမ်းနိုင်ဖြစ်နေရတာလဲ''

''ဒါကတော့ ဖိုးမောင်တို့အဖေ ဦးပုနဲ့ တိုင်းအောင်တို့အဖေ ဦးအောင်လက်ထက်တင် မကဘူးတဲ့။ ဟိုး သူတို့အဖေတွေ၊ အဖိုးတွေလက်ထက်ကတည်းက ရန်ငြိုးတဲ့''

လှသိန်းက သက်ပြင်းရှိုက်ပြီးမှ စကားဆက်သည်။

''ခက်တာပဲ။ လူကြီးတွေကလဲ အမွေပေးရင်လဲ ပဲ့ထောင်အင်ဂျင်တို့၊ မီးစက်တို့၊ အပေါ်စက်အောက်စက်တို့ ပေးပါလား။ ရန်ငြိုးတွေကို ဘာဖြစ်လို့ အမွေပေးနေရတာလဲ။ သူတို့တုန်းက ဘာတွေဖြစ်ခဲ့မှန်း မသိတာကို ငါတို့လက်ထက်ကျမှ ဘာဆိုင်လို့ ရှင်းရမှာလဲကွ။ ငါတို့ကတော့ ပိစိ၊ ပိစိပဲ''

''ပိ(စ်) လုပ်စမ်းပါကွာ။ လေးတန်းသုံးလီ (၁၂) တန်းသမား။ ငါတောင် ငြိမ်းချမ်းရေးကို သိတယ်''

''အေးပါ။ ငါတို့ကတော့ ကျချင်လို့ ကျနေတာမဟုတ်ပါဘူး။ ဒီနေရာမှာ လူလာဖြစ်ရလို့ပါ ဒန်ချောင်းရာ။ ဘိုကလေးလောက်

နေရရင်ပဲ ဗီဒီယို နေ့တိုင်းကြည့်လို့ရမှာ။ အခုတော့ ဖိုးမောင်တို့အဖေ သဘောကောင်းမှ အပေါ်စက်၊ အောက်စက်ငှားပြီး မီးစက်နဲ့ ညလုံးပေါက် ကြည့်ရတာ''

ဖိုးမောင်က မှိန်းကို လှေပေါ်မှာ ပြန်မှီသည်။

''မင်းတို့စကားကြောရှည်တာ အာရုံနောက်တယ်ကွာ။ ငါးက မပွက်ဘူး''

''ငါးမပွက်တာ မရှိလို့ပေါ့။ ဘာအရေးလဲ ဖိုးမောင်''

''ထားပါ။ မင်းတို့ပြောသလိုပါပဲ။ ငါတို့ဘယ်မှာပဲ နေရနေရ၊ ဘယ်လိုပဲဖြစ်ဖြစ်။ ခေတ်နောက်မကျဖို့တော့ လိုတယ်။ ငါ့အဖေလဲ ပြောဖူးတယ်။ ဆရာကြီးဦးစံခင်လဲ ပြောဖူးတယ်။ နိုင်ငံခြားမှာ ယေး(လ်)တက္ကသိုလ်ရှိတယ်တဲ့''

သံချောင်းက မဆိုင်းမတွပင် ...

''ဟုတ်တယ်လေ။ ငါတို့မှာလဲ အခု ဘိတ်တက္ကသိုလ်တို့၊ ထားဝယ်တက္ကသိုလ်တို့ ရှိတာပဲ။ မအူပင်မှာတောင် တက္ကသိုလ် ရှိတယ်လေ''

''အဲဒါက အခု ငါတို့လူဖြစ်တဲ့ခေတ်မှ ပေါ်လာတာတွေပါ။ ဖိုတုန်းက သွေးသောက်မဂ္ဂဇင်းမှာ စာပေလောကဆိုတဲ့ အခန်းပါတယ်။ ငါ့အဖေသိမ်းထားတဲ့စာအုပ် ငါ့ကိုပြတယ်။ အဲဒီထဲမှာ သူတို့ကတော့ ယေး(လ်)တက္ကသိုလ်ကို နောက်ပြီး ရယ်စရာရေးတာပေါ့ ကွာ''

''ဘာရေးလို့လဲ''

လှသိန်းက မေးသည်။

''တော်လတီ တော်လတဲ့ ကောလိပ်တဲ့''

''တော်လတီတော်လတဲ့ ဆိုတာက''

လှသိန်းစကားမဆုံးခင် ဖိုးမောင်က ...

''တော်လတီတော်လတဲ့က ခေတ်နောက်ကျတယ်ကွာ။ နောက်တယ်ဆိုပေမယ့်လဲ နှိမ်ရာကျတာပေါ့''

''အဲဒါနဲ့ ငါတို့နဲ့ ဘာဆိုင်လဲ''





''ဆိုင်တာပေါ့ သံချောင်း။ ကဒုံကနီ ယူနီဗာစီတီဆိုတာလဲ ခဏခဏ ရေးသတဲ့''

''ဟော''

လှသိန်းနှင့် သံချောင်း အာမေဋိတ်သံ ပြိုင်တူထွက်လာကြရသည်။

''သူတို့ကတော့ ကဒုံကနီ ယူနီဗာစီတီဆိုပြီး နောက်တာပေါ့ ကွာ။ တကယ့်အစွန်အဖျား။ ဟိုတုန်းကလဲ မူလတန်းကျောင်းတောင် အနိုင်နိုင်။ စာမတတ်ပေမတတ် ခေတ်နောက်ကျနေတဲ့ တောသားတွေ နေတဲ့ နေရာ။ ဒီတော့ ခပ်တုံးတုံး ခပ်ပေါပေါလူကို ကဒုံကနီ ယူနီဗာစီတီထွက်ဆိုပြီး နောက်တာပေါ့။ ကဒုံကနီက လူတွေက သူတို့ကို နှိမ်ပြောလို့ပြောနေမှန်းလဲ မသိဘူး။ စာလဲ ငါ့အဖေနဲ့ ဆရာကြီးလောက်ပဲ ဖတ်ကြတာကိုး။ စာတတ်ပေတတ်ဆိုတာလဲ မရှိဘူး။ ကျုံးဒါးကမှ ကျုံဒါးကျော်မွန်ဆိုတဲ့ စာရေးဆရာ ထွက်သေးတယ်။ ငါ့အဖေနဲ့ ဆရာကြီးက သွေးသောက်ဦးပြည့်စုံဆီကို စာရေးခဲ့သတဲ့။ စာရေးဆရာ ကြပ်ကလေးဆီလဲ စာရေးပြီး ကန့်ကွက်တယ်တဲ့။ ဒါပေမယ့် မထူးပါဘူး''

''ဒါ သက်သက်နှိမ်တာပေါ့''

သံချောင်းက ပြောသည်။

''ငါ အဲဒီလိုမှန်းသိရင် မင်းလို စာမေးပွဲအောင်အောင် ဖြေပါတယ်''

''အခုမှတော့ မထူးတော့ပါဘူး။ ဒါကြောင့်လဲ ငါ့အဖေနဲ့ ဆရာကြီးက ငါ့ကို စာတွေ တတ်စေချင်တာ။ ဒါပေမယ့် ငါလဲ အခြေအနေအရ ယူနီဗာစတီ မတက်နိုင်ဘူး''

အားလုံး စကားဆက်မပြောနိုင်ကြ။

''ငါဆိုလိုတာကကွာ ငါတို့တောကျလို့ လှယဉ်ဆင့်လိုဟာက ငါတို့ကို လှည့်သွားတာလား''

''အေးပေါ့ ဖိုးမောင်ရာ။ ငါတို့ သံချောင်းတို့ကို တုံးတွေ ဆိုပြီး လှည့်သွားတာပေါ့''

သံချောင်းက တစ်စုံတစ်ရာကို သတိရဟန်ဖြင့် ...

“ငါ သတင်းတစ်ခုကြားတယ် လှသိန်း”

“မင်းကြီးဒေါ် လင်နောက်လိုက်တာလား”

လှသိန်းက ဝင်နောက်သည်။

“ငါ့ကြီးဒေါ် သေတာကြာပြီ။ ရှိသေးရင် မင်းနဲ့ပေးစားပါတယ်”

“လုပ်လိုက်ဟာ။ မအေပေး ဒန်ချောင်း”

“ဒီလိုပါ။ ဖိုးမောင်ကို ဒေါ်ထွေးကြီးက မိန်းမပေးစား မလို့ဆို”

“ဘာကွ”

ဖိုးမောင် အံ့သြသွားသည်။

“ဒါ မင်း ဘယ်ကကြားလဲ”

“မင်း တကယ်ပြောတာလား သံချောင်း”

“တကယ်ပေါ့။ မင်းအရွယ်ဆို ငါတို့အရပ်မှာ မိန်းမယူလို့ရပြီ။ ကောင်မလေးတွေလဲ (၆) တန်းတောင် မအောင်သေးဘူး။ လင်ယူသားမွေး လုပ်ကုန်ကြပြီ”

“နေစမ်းပါဦး သံချောင်း။ ဖိုးမောင်ကို ဘယ်သူနဲ့ ပေးစားမှာတဲ့လဲ”

“ဘယ်သူရမလဲ။ ဝင်းမောင်ကြီးညီမ တင်တင်ဝင်းလေ”

“ဟာကွာ။ ပေါက်ကရ”

ဖိုးမောင် မျက်နှာရဲနေသည်။ သူ့အသက်ငယ်သေးကြောင်း သူကိုယ်တိုင် လက်ခံထားသည်။ တောမလေ့အရ စောစောစီးစီး အိမ်ထောင်ပြုကြတာကိုတော့ သူ မကြိုက်။ တင်တင်ဝင်းကိုလည်း မကြိုက်။

လှသိန်းက ...

“တင်တင်ဝင်းလေးက မဆိုးပါဘူး ဖိုးမောင်။ အရပ်က သူ့အစ်ကိုလို ပုပေမယ့် လုံးလုံးကျစ်ကျစ်ကလေး။ သူ့အရပ်နဲ့ သူဆိုရင်





တော့ ခါးသေးရင်ချီ ပဒုမ္မနီလေးပေါ့ကွာ။ လှယဉ်ဆင့်လို ‘ရွှေဘိုမင်းကြိုက်ကြီး မဟုတ်ပေမယ့်လဲ”

လှသိန်းစကားကို သံချောင်းက ဖြတ်ပစ်သည်။

“မင်းကတော့ နှာဘူးပဲ။ မိန်းမတစ်ယောက်ကိုကြည့်ရင် တဏှာကြည့်နဲ့ပဲ ကြည့်တယ်။ ဒီမှာ လူမှာ စိတ်ထားကောင်းဖို့က အရေးကြီးတာကွ။ တင်တင်ဝင်းက ဝင်းမောင်ကြီးလိုပဲ စိတ်ထားကောင်းတယ်။ ဖော်ရွေတယ်။ ဘယ်သူ့ကိုမဆို ကူညီတတ်တယ်။ အလုပ်ကျတော့လဲ မရွေးဘူး။ မင်းတို့အမေ ဒေါ်ထွေးကြီးနဲ့ဆိုရင် အလိမ္မာအိမ်ပါ ချွေးမမျိုးဖြစ်မှာ။ ဒီနေရာမှာ သမီးရဲ့အလှကိုကြည့်ချင်ရင် အမေကို ကြည့်ရတယ်တဲ့။ ဒေါ်ခင်ဝင်းကို ကြည့်။ အသက်ကြီးပေမယ့် မပျက်စီးသေးဘူး။ တင်တင်ဝင်းလေးလဲ ကြီးလာရင် သူ့အမေလိုပဲ ရုပ်က ကျန်မှာသေချာတယ်”

“ဒန်ချောင်း ... မင်းကမှ ဖွန်ကြောင်အစစ်။ သမီးတင်မက ဘူး။ မအေပါသွားပြီး ပြစ်မှားတဲ့အကြည့်နဲ့ ကြည့်တာ”

“နံ့ပိန် ... မင်းကမှ တဏှာရူး”

“မင်းကမှ တဏှာရူး ဒန်ချောင်း”

“မင်းတို့နှစ်ယောက်စလုံး မထူးပါဘူး”

ဖိုးမောင်က ဝင်ပြောသည်။

“မိန်းမဟူသာ၊ ထိုက္ကုတ္တိကား၊ မရှိမကောင်း၊ ရှိမကောင်းနှင့်၊ မပေါင်းလဲခက်၊ ပေါင်းလဲခက်တဲ့။ ငါလဲ အဲဒီလောက်ပဲ မှတ်မိတယ်။ မဟာသုတကာရီ မဃဒေဝ လင်္ကာသစ်ထဲမှာ ပါတယ်။ မိန်းမဆိုတာ အရိုးနည်းပါ။ အကောက်များတယ်တဲ့။ ဘယ်မိန်းမမှ မကောင်းပါဘူး ကွာ။ ဆဒ္ဒန်ဆင်မင်းဇာတ်တော်မှာ ကြည့်။ စူဠသုဘဒ္ဒါဟာ မုဆိုးကို ဆင်မင်းရဲ့အစွယ် ဖြတ်ခိုင်းတယ်။ ဘယ်လောက် အငြိုးကြီးထားလဲ။ ဒါက အရင်ဘဝက အင်ကြင်းပန်းထဲမှာပါတဲ့ ခါချဉ်အကိုက်ခံရလို့ နောက်ဘဝအထိ အငြိုးမပြေတာ”

“မင်းပြောတာ ဆဒ္ဒန်ဆင်မင်းဇာတ်လား။ ဆင်ဘဝတွေ၊ လူ့ဘဝတွေ ရှုပ်နေတာပဲကွာ။ ငါတော့ နားမလည်ပါဘူး”

သံချောင်းက ပြောသည်။

"ဘုရားက မင်းလို နလပြိန်းတုံးအတွက် ဟောခဲ့တာမှ မဟုတ်တာ ဒန်ချောင်းရာ။ အေး ... ဆဒ္ဒန်ဆင်မင်းဇာတ်ထဲက ရှူဠသုဘဒ္ဒါလိုသာ ဆိုရင်တော့ လှယဉ်ဆင့်လဲ ငါတို့ကို အငြိုးထားမှာပဲ။ အထူးသဖြင့် ဖိုးမောင်ကို"

"သူက ငါ့ကို ဘာလုပ်နိုင်မှာလဲ"

"သူကတော့ ဘာမှမလုပ်နိုင်ဘူးပေါ့။ ဒါပေမယ့် သူ့ဘူတား ကြီး ဦးကျော်ထွန်းကတော့ တတ်နိုင်တယ် ဖိုးမောင်"

သံချောင်းပြောစကားကို မည်သူမျှ မကန့်ကွက်။

❀ ❀ ❀



# အခန်း (၇)

## ရောဝတီ၏သမီးပျို

ဝင်းမောင်ကြီးသည် ရန်ပွဲတွင် ပါဝင်ပတ်သက်ခဲ့ခြင်း မရှိသော်လည်း ဝင်းမောင်ကြီးချက်သည့် အရက်ကို ကိုထွန်းတို့ဘက်ကလည်း သောက်သည်။ ဖိုးမောင်တို့ဘက်ကလည်း သောက်သည်ဆိုသောကြောင့် ရွာလူကြီးများအလယ်တွင် မျက်နှာမရလှပေ။ မြို့အနီးတောအနှံ့တွင် မြန်မာဖြစ် တံဆိပ်အမျိုးမျိုးနှင့် အရက်များ၊ ဘီယာများကို ဆိုင်ပေါ်တင်ရောင်းနေ၍ ဘာမှမဖြစ်သော်လည်း အရက်ချက်ရောင်းလျှင်ကား ယစ်မျိုးလိုင်စင်ရှိမှ ဖြစ်ပေမည်။ ဝင်းမောင်ကြီးသည် အိမ်ရှေ့တွင် ဆိုင်လေးဖွင့်ကာ တံဆိပ်အရက်အမျိုးမျိုးကြားတွင် သူ့အရက်ကို ဈေးပေါပေါနှင့် ညှပ်၍ ရောင်းနေရသည်။

ကိုထွန်းသည်လည်း ပြတ်လျှင် ခဏာပင်။ ဝင်းမောင်ကြီး၏ ဖောက်သည် ဖြစ်မြဲဖြစ်နေသည်။ တိုင်းအောင်နှင့် သူ့ခယ်မ လှယဉ်ဆင့်တို့က မြှောက်ပေးလို့သာ ရန်ပွဲဖြစ်သွားရသော်လည်း တကယ်တော့ သတ္တိရှိလှသူ မဟုတ်ပေ။ ဖိုးမောင်၏လက်ချက် မိသွားသောကြောင့်လည်း ဖိုးမောင်ကို လန့်သွားသည်။ ထို့ကြောင့် သူသည် ဝင်းမောင်ကြီးထံမှ အကြွေးရအောင်လည်း ပေါင်းရသည်။ ဖိုးမောင်ကိုလည်း ဖော်ဖော်ရွေရွေလုပ်ရသည်။ သူနှင့် ဝင်းမောင်ကြီးတို့နှစ်ယောက် စကားစပ်မိ

ကာ ဖိုးမောင်တို့ကို လျှော်ပင်ရွာသို့ခေါ်သွားရန် တိုင်ပင်ဖြစ်ခဲ့ကြသည်။

ဆရာကြီးဦးစံခင်ပြောတာ မှန်သည်။ တစ်ဦးနှင့်တစ်ဦး ရန်ငြိုးတွေ ထားနေလို့မဖြစ်။ ငြိမ်းချမ်းမှသာ လုပ်စားကိုင်စား၍ အဆင်ပြေမည်။ လျှော်ပင်တွင် ဦးစောတင်၏ အလျှုရှိသည်။ ဗီဒီယို မိုးအလင်းပြမည်။ သူတို့ကို ခေါ်ထားသည်။ လှယဉ်ဆင့်တစ်ယောက် ကတော့ ဘိုကလေးရောက်နေပြီ။ တိုင်းအောင်နှင့်လည်း ခွာပြသွားပြီ။ ထို့ကြောင့် ဖိုးမောင်တို့ကိုခေါ်သွား၍ ပြဿနာမရှိ။

ဦးစောတင် ယခုနှစ် စီးပွားရေးအလွန်ကောင်းလှသည်။ ထို့ကြောင့် ဇနီးဖြစ်သူ ဒေါ်မြနွယ်၏ တိုက်တွန်းချက်အရ အလှူလုပ်လိုသည်။ ဘုန်းကြီးတွေ နေ့ဆွမ်းကပ်မည်။ ကိုတွံမ သားသုံးယောက်ကို ရှင်ပြုပေးမည်။ ရှင်လောင်းများမှာ သူ့တူတွေဖြစ်သည်။ ရှင်လောင်း လှည့်ပြီး နတ်ပြုပြီးလျှင် ညနေပိုင်း ဆံချမည်။ ထို့ည ပြင်စလူဘက်က ဆိုင်းလာတီးလိမ့်မည်။ နောက်တစ်နေ့ ဘုန်းကြီးတွေ ဆွမ်းကပ်မည်။ ကိုရင်တွေကို ဆွမ်းကပ်မည်။ လူတွေကို ကျွေးမည်။ ညကျတော့ ဗီဒီယိုကို ဒီဗီဒီစက်ဖြင့် ပိတ်ကားကြီးထောင်ကာ ပြမည်။ ပရိတ်သတ်ကလည်း ဒါကိုပဲ တောင်းဆိုသည်။

"ကျွန်တော်တို့ငယ်ငယ်တုန်းကတော့ အငြိမ့်ပဲ မျှော်ရတာပေါ့ဗျာ။ အခုတော့ ဗီဒီယိုမှ ဗီဒီယိုလေ။ ကားတွေလဲ ကာလသားတွေက သူတို့ဟာသူတို့ သွားရှာလာကြတယ်"

"အဲဒါက အရေးမကြီးဘူး ကိုစောတင်။ ကိုကျော်ထွန်းကြီး လာရင် သေသေချာချာ ဧည့်ခံဖို့လိုတယ်နော။ ကျွန်တော်တို့က သူ့ပဲ အားကိုးနေရတာ"

"ဟုတ်တာပေါ့ ကိုအောင်။ အခုတောင် ငွေက မလောက်ချင်ဘူး။ အလျှုက လုပ်ရင်းလုပ်ရင်း ကျယ်သွားတယ်။ ဘုန်းကြီးက (၅) ပါးကနေ (၁၀) ပါးဖြစ်သွားတယ်။ မိန်းမက သိပ်လုပ်ချင်နေတော့လဲ လုပ်ပေ့စေဆိုပြီး လွှတ်ပေးလိုက်တာ။ ကိုကျော်ထွန်းကြီးဆီက ငွေနည်းနည်း ယူလိုက်ရတယ်"





"ငွေနည်းနည်း ယူပြီးရင်လဲ မြန်မြန်သာ ဆပ်ပေတော့ ကိုစောတင်။ ဒီလူကြီးက အတိုးတက်တာ သိပ်မြန်တယ်။ ဆွေမျိုးမကင်းတာတောင် ညှာတာမဟုတ်ဘူး"

ဦးစောတင် သက်ပြင်းချလိုက်သည်။

"စေတနာ သဒ္ဓါတရား နည်းလွန်းလို့တော့ မဟုတ်ဘူး ကိုအောင်။ ခက်တာက ခင်ဗျား ခယ်မဗျ"

ဦးစောတင်နှင့် ဦးအောင်မှာ မယားညီအစ်ကိုတော်ကြသည်။ ဦးစောတင်၏ဇနီး ဒေါ်မြနွယ်နှင့် ဦးအောင်၏ဇနီး ဒေါ်လှသွယ်မှာ ညီအစ်မအရင်းပင်။

"ကျွန်တော့်ခယ်မ ဘာဖြစ်လို့လဲ"

"သမီးလေးကလဲ အရွယ်ရောက်ပြီလေ။ သူ့သမီးကို ပွဲထုတ်ချင်တာပေါ့ဗျာ။ တစ်ဦးတည်းသော သမီးဆိုတော့"

"ကျွန်တော်ကတော့ တူမလေးကို ငယ်သေးတယ်ပဲ ထင်မိတာ။ အပျိုကြီးဖားဖား ဖြစ်လာပြီကိုး။ ခင်ဗျားက မိန်းကလေး မွေးထားလို့ တော်သေး။ ကျွန်တော့်မှာက သားတစ်ယောက် မွေးထားပါတယ်။ ငပုရဲ့သားနဲ့မှ ရန်သွားဖြစ်တယ်။ ကျွန်တော့်အဖိုးရဲ့ဓားကို ရေကျော်ကြီးက သိမ်းသွားလို့ဗျို့။ မနည်း ရအောင်ပြန်လုပ်ရတယ်။ ကျွန်တော့်အဖိုး ရွှေစလွယ်ရတုန်းက အင်္ဂလိပ်အစိုးရမင်းများက ဖျာပုံမှာ ခေါ်ပေးတဲ့ ဓားလေဗျာ"

"ဒါက သားစဉ်မြေးဆက် ဂုဏ်ယူရမှာ။ ငပုမှာလဲ သူ့အဖိုးကို ဂျပန်ကပေးတဲ့ ဓားဆိုလားဗျာ။ ဒါမျိုး ဓားတစ်ချောင်း ရှိတယ် မဟုတ်လား။ ခင်ဗျားတို့ငယ်ငယ်က အဲဒီဓားတွေယူလာပြီး ရောကလတာပြင်နားမှ ချိန်းပြီး ခုတ်ကြတာလေ"

ဦးအောင်က ရယ်လိုက်သည်။

"အဲဒီတုန်းက **အထွေး** ကို လုကြတာပေါ့ဗျာ။ ဒီကောင်က နိုင်သွားပြီး အထွေးနဲ့ရတယ်။ လျှော်ပင်ကိုလုတော့ ခင်ဗျားတို့ကပါ ကျွန်တော့်ဘက်ကဆိုတော့ ဒီကောင် ခနိပင်ကို ပြေးသွားရတယ်။ ခနိပင်က ကဒုံကနိချောင်းကို မျက်နှာမူထားတာ။ လျှော်ပင်က

ရောဝတီမြစ်ကြီးကို မျက်နှာမူထားတာ။ ခြေခင်းလက်ခင်းက မတူဘူး။ လျှော်ပင်က သာတယ်ဆိုပါတော့။ ဒါပေမယ့် အသည်းနှလုံးထဲက အနာကတော့ အနာပဲ''

"ဒါတွေထားလိုက်ပါတော့ဗျာ။ နှစ်တွေလဲ ကြာခဲ့ပါပြီ။ အင်္ဂလိပ်ခေတ်မှာ ခင်ဗျားတို့ ကျွန်တော်တို့အမျိုးတွေက အင်္ဂလိပ်အစိုးရဆီမှာ ရိုးရိုးသားသား အမှုထမ်းကြတယ်။ အင်္ဂလိပ်စစ်တပ်ထဲ ဝင်တယ်။ ကိုပုတို့အမျိုးတွေက တို့ဗမာအစည်းအရုံး လုပ်ကြတယ်။ ဂျပန်နဲ့ သွားပေါင်းတယ်။ ဘီအိုင်အေတက်လာတော့ ကိုပုတို့အမျိုးတွေ ပါလာတယ်။ ကျွန်တော်တို့အမျိုးတွေကို အင်္ဂလိပ်လက်ပါးစေဆိုပြီး ရန်ရှာတော့တာပဲ။ အဲဒီတုန်းက ရွာအလိုက်ကို ချကြတာတဲ့။ မြောင်းမြဘက်မှာ အဆိုးဆုံးပေါ့။ နောက်တော့လဲ အင်္ဂလိပ်လက်အောက်မှာ စစ်မှုထမ်းခဲ့ကြတဲ့ ဘားမားအာမီနဲ့ ဂျပန်လက်အောက်ကနေ ဂျပန်ကို ပြန်တော်လှန်တဲ့ မျိုးချစ်ဗမာ့တပ်မတော်နဲ့ ပေါင်းပြီး တပ်မတော်ဆိုတာ ဖြစ်လာတာပါ။ တကယ်တော့ အင်္ဂလိပ်မြှောက်ပေးတဲ့လူနဲ့ ဂျပန်မြှောက်ပေးတဲ့လူနဲ့ ဖြစ်ခဲ့ကြတာတွေပါ''

"ကိုယ့်လမ်းနဲ့ကိုယ် သွားနေကြပြီပဲ ကိုအောင်။ အခု လျှော်ပင်နဲ့ ခနိပင်က အရှေ့နဲ့အနောက် ဖြစ်နေပါပြီ။ ခေါင်းထဲ မထည့်နဲ့တော့ဗျာ''

"ကျွန်တော်လဲ မေ့နေပါပြီ။ ကျွန်တော့်သားက ငပုရဲ့သားနဲ့မှ သွားရန်ဖြစ်တယ်ဆိုလို့ ဒါတွေ ပြန်သတိရလာတာ။ ခါးကြီးပြန်ရဖို့ ကိစ္စကလဲ တော်တော် ပြန်ပြောယူရတာကိုး''

"ဒါနဲ့ ခင်ဗျားသား တိုင်းအောင်ရော မတွေ့ပါလား''

"လာတယ်၊ လာတယ်။ သူ့သူငယ်ချင်းတွေနဲ့ ခနိရေ လျှောက်သောက်နေလား မသိဘူး။ တိုင်းအောင်က ခင်ဗျားသမီးကို ညီအစ်မတစ်ဝမ်းကွဲသာဆိုပေမယ့် အရင်းလိုချစ်ရှာတာ''

"ကျွန်တော့်သမီးလေးကလဲ သူ့မှာ အစ်ကိုအရင်း မရှိရှာတော့ အစ်ကိုဝမ်းကွဲကိုပဲ အစ်ကိုရင်းလို ချစ်ရှာတာပါ''

"ကဲ ... ကိုကျော်ထွန်းကြီးကို မျှော်ကြဦးစို့ရဲ့''





လျှော်ပင်ရွာသည် ရောဝတီမြစ်ဝရှိ ရောရွာ၏ မြောက်ဘက် (၇) မိုင် (၈) မိုင်ခန့်တွင် ရှိသည်။ ရောဝတီမြစ်ဝကြီး၏ အနောက်ဘက်ကမ်း မုန်တိုင်းကြီးချောင်း၏ တောင်ဘက်တွင်ရှိသည်။ ရွာ၏အရှေ့ဘက်မှာ ကဒုံကနီ ဒီရေတောကြီးဖြစ်ပြီး ထိုတောကြီးကို ဖြတ်ထွက်နိုင်ပါက ခနိပင်၊ ရေကျော်ကြီးရွာများသို့ ရောက်နိုင်သည်။ လမ်းဟူ၍ မည်မည်ရရ မရှိ။ ရေနှင့် ရွှံ့သာ ရှိသည်။

ဦးစောတင်၏အလှူတွင် အထူးခြားဆုံးကား ဦးစောတင်နှင့် ဒေါ်မြနွယ်တို့၏ သမီးချောလေးပင်တည်း။

ဦးစောတင်တို့ လင်မယားသည် သူတို့၏ တစ်ဦးတည်းသော သမီးလေးကို လျှော်ပင်တွင် ကျောင်းမထား။ ထားချင်လို့လည်း လျှော်ပင်တွင် ကျောင်းကမရှိ။ ရောတွင်လည်း မထားခဲ့။ ကဒုံကနီတွင်လည်း မထား။ ရောဝတီမြစ်ဝနှင့် ဘိုကလေးမြစ်ဝကြား မုန်တိုင်းကြီးချောင်း၏ တောင်ဘက် ရွှံ့နွံတောကြီးတွင် ရောနှင့် ကဒုံကနီသာ မြေမြင့်သည်။ ရွာကြီးသည်။ ကျောင်းရှိသည်။ ကျန်ဒေသများမှာ ရွှံ့တော နွံတောကြီးဖြစ်ပြီး မြေအနည်းငယ် မြင့်သည့်နေရာများတွင်သာ ရွာငယ်များရှိသည်။ ရေငံမဝင်အောင် တာပတ်နိုင်မှသာ လယ်ကွင်းများ ရှိသည်။ မိုးအခါဝယ် ရောနှင့် ကဒုံကနီသာ ရေအနည်းငယ် ဝင်သည်။ ကျန်ဒေသအားလုံး ရောဝတီမြစ်ကြီးနှင့် ဘိုကလေးမြစ်ဝတို့ ဆက်စပ်ပြီး ရေပြင်ကြီး ဖြစ်သွားသည်။

လျှော်ပင်မှာ ကျောင်းမရှိ။

ကျောင်းထားချင်လျှင် ရောမှာ ထားချင်ထား။ ကဒုံကနီတွင် ထားချင်ထား။ အထက်တန်းအထိ နေနိုင်မည်။ မိုးကျတော့ လှေနှင့် သွားရမည်။ မိုးကျော်လျှင်ပင် ဗွက်ရုန်းရမည်မို့ လျှော်ပင်မှ ကျောင်းတက်ရတာ မလွယ်။ ဝေးလည်း ဝေးလှသည်။ သမီးလေးကို ခွဲထားရမည့်အတူတူ ဆွေမျိုးများရှိရာ ဘိုကလေးမှာ ထားသည်။

ဦးစောတင်၏ အစ်ကိုကြီးဖြစ်သူ ဦးစောမြင့်အိမ်မှာ ထားသည်။ ကျောင်းပိတ်လျှင်ပင် ရွာမပြန်ခိုင်း။ ကိုစောတင်တို့ လင်မယား

ကသော မြို့ကို တက်ကြသည်။ ထို့ကြောင့် လှော်ပင်တွင်ပင် သူတို့သမီးလေးကို မြင်ဖူးသူ သိပ်မရှိ။ ဘိုကလေးတွင် မြင်ဖူးလာသူများကတော့ ကိုစောတင်နှင့် မမြနွယ်တို့၏ သမီးလေးကို ချောလှသည်ဟု ဆိုကြသည်။ ထိုသတင်းက တောမီးပမာ ပျံ့နှံ့နေသည်။ ကိုစောတင်သမီးလေးက ချောတယ်။ မမြနွယ်သမီးလေးက လှတယ်။ ချစ်စရာလေး။

သို့သော် သူတို့သမီးလေးက လှော်ပင်တွင်ပင် အလည်လာလျှင် ကြာကြာနေလေ့ မရှိသဖြင့် မြင်ဖူးသူကား ရှားလှလေသည်။

ဖိုးမောင်၊ သံချောင်း၊ လှသိန်းနှင့် သူငယ်ချင်းများသည် လှော်ပင်သို့ ရောက်ရှိနိုင်သော ချောင်းရိုးအတွင်း ပိတ်ဆို့နေမည်စိုးသဖြင့် ရေကျော်ကြီးရွာရှိ ဝင်းမောင်ကြီးထံသို့ ပဲ့ထောင်နှင့် ဆင်းလာသည်။ သူတို့ ပဲ့ထောင်လှေပေါ်တွင် မြင့်မြင့်ကြည်တို့လို ညီမတွေလည်း ပါသည်။ ဝင်းမောင်ကြီးနှင့် တင်တင်ဝင်းတို့က ရေကျော်ကြီးတွင်လှေပေါ်တက်ပြီး ကဒုံကနီအထိ ဆက်ဆင်းကြသည်။ ကဒုံကနီတွင် ညအိပ်ကြသည်။ ထို့နောက် ကဒုံကနီမှ ကျောင်းစု၊ ဆူးပုတ်လမ်းကြောင်းအတိုင်း ရောသို့ သွားကြသည်။ ထိုနေရာများတွင် လယ်ကွင်းအနည်းငယ်ရှိပြီး တာပတ်ရိုးတွေကာထားတာ တွေ့ရသည်။ သူတို့သည် တာရိုးလမ်းအတိုင်း တစ်ပျော်တစ်ပါး လမ်းလျှောက်လာကြသည်။

သူတို့၏ လက်ဝဲဘက်တွင် ရေစစ်ရက်မို့ ပင်လယ်ပြင်ကြီးကဝေးလံစွာ ဆုတ်ခွာသွားလေရာ ကျယ်ဝန်းသော လတာပြင်ကြီးသည် ရွှံ့ပြင်ကြီးဖြစ်နေသည်။ လက်ယာဘက်တွင် လယ်ကွင်းအချို့ ရှိသည်။ ရောရောက်တော့ နေ့လယ်စာစားပြီး လှော်ပင်ရှိရာ မြောက်ဘက်သို့ လျှောက်ကြသည်။ ယခုတစ်ခါ သူတို့၏ လက်ဝဲဘက်တွင် ရောဝတီမြစ်ကြီးက ကျယ်ပြောလှသည်။ လက်ယာဘက်မှာတော့ ဓနိတောများ၊ လမုတောများ သွားလို့လာလို့မရသည့် ရွံ့ဗွက်များ၊ ရေတက်လာမှသို့မဟုတ်လျှင်လည်း မိုးတွင်း ရေပြည့်မှ လှေနှင့်တိုးနိုင်မည့် ဒီရေတောများပင်။





"မိုးကျရင် ဟောဒီ ကဒုံကနီတောကြီးက ရေပြည့်သွားမှာပဲ။ လှော်ပင်နဲ့ ဓနိပင်ကို လှေနဲ့ ဖြတ်ထွက်လို့ရမှာပေါ့"

သံချောင်းက ပြောသည်။

"ရတာပေါ့ကွာ။ တကယ်တော့ ရေအတက်ဆုံးအချိန်ဆိုရင် ကဒုံကနီနဲ့ ရောပဲ မြေကြီးရယ်လို့ ကျန်တာပဲ။ ဘယ်ရွာဖြစ်ဖြစ် ရေဝင်တာပဲ မဟုတ်ဘူးလား။ အဲဒါကြောင့် ငါတို့အိမ်တွေ ခြေတန်ရှည်နေရတာပေါ့ကွ"

သူတို့လူစုသည် ရှေ့မှသွားနေသော မိန်းကလေးတစ်သိုက်ကို မှီလာသည်။

"ဘယ်ရွာကလဲ မသိဘူးကွ။ သွားရောရမယ်"

လှသိန်းက တိုးတိုးပြောသည်။

"ပြဿနာမရှာရရင် မနေနိုင်ဘူးလား နံပိန်။ ဒါ တိုင်းအောင်တို့ရွာကို သွားနေတာနော်"

"ဘာဆိုင်လဲကွာ။ ငါတို့က ဒီကောင့်ကို ကြောက်ရမှာလား။ မင့်ကောင် ရေကျော်ကြီးက ပွဲကတည်းက မှတ်သွားပါပြီ"

လှသိန်းနှင့် သံချောင်းတို့ ငြင်းခုန်နေစဉ်မှာပင် ရှေ့မှ မိန်းကလေးတစ်သိုက်သည် ရုတ်တရက် ဆူဆူညံညံ အော်ဟစ်ပြီး နောက်လှည့်ပြေးလာကြရာ အမျိုးသမီးငယ်လေးတစ်ဦးသာ ကြောင်ပြီး ရပ်လျက် ကျန်သည်။

"ဘာဖြစ်တာလဲ ... ဘာဖြစ်တာလဲ"

"မြွေ ... မြွေ ... မြွေ"

"ဟဲ့ ... ပဂေး ... ဘာလုပ်နေတာလဲ"

"ဟဲ့ ... လုပ်ကြပါဦး"

"ပဂေး"

ပဂေးဟု ခေါ်သံတွေ ညံနေသည်။

ဖိုးမောင်သည် လွယ်အိတ်ကို လက်နှိုက်လျက်မှ အားလုံးကိုကျော်တက်ပြီး ပြေးလာလိုက်သည်။ ကောင်မလေး၏ ရှေ့ခြေလှမ်းသုံးလှမ်းခန့်တွင် မြွေတစ်ကောင် ပါးပျဉ်းထောင်ပြီး ငြိမ်နေသည်။

ကောင်မလေးမှာ ကြောက်ပြီး တုန်နေသည်။ မြွေကလည်း မလှုပ်မရှက်။ ပါးပျဉ်းတွေကကြီးတော့ မြွေဟောက်ဖြစ်ပုံရသည်။

ဖိုးမောင်သည် လွယ်အိတ်ထဲမှ လောက်လေးခွဖြင့် ထုတ်၍ မဆိုင်းမတွ ပစ်ထည့်လိုက်ရာ မြွေသည် ဦးခေါင်းကို ဖောင်းကနဲနေအောင် ထိပြီး တွန့်လိန်နေတော့သည်။ ဖိုးမောင်က သတိကြီးစွာထား၍ ချဉ်းကပ်သွားသည်။

"ဖိုးမောင် သတိထားနော်။ အဆိပ်ပြင်းတယ်"

"မြွေဟောက်ကြီးဟ"

ဖိုးမောင်သည် မြွေကို အမြီးမှ ဆက်ကနဲကိုင်ပြီး နှစ်ပတ်သုံးပတ်ခန့် ဝှေ့ရမ်းပစ်လိုက်သည်။ အချို့လည်း မိမိဘက်သို့ လွင့်လာမည်ထင်ပြီး ရောင်ကြ ရှားကြသည်။ ဖိုးမောင်က မြွေကို ရောဝတီမြစ်ကြီးဘက်သို့ လွှဲ၍ ပစ်ထည့်လိုက်ရာ ဇေဒါတောထဲ ကျသွားသည်။

"မရှင်နိုင်တော့ပါဘူး"

ဖိုးမောင် နောက်ပြန်လှည့်လိုက်သည်။

ကောင်မလေးတစ်ယောက် ကြက်သေသေပြီး သူ့ကို ကြောင်တောင်ငေးကြည့်နေသည်။ မျက်တောင်ပင် မခတ်။ ဖိုးမောင်လည်း မျက်တောင်ပင် မခပ်မိတော့။

သူ့ရှေ့တွင် ရပ်တန့်နေသော ကောင်မလေးတစ်ယောက်။

အများကတော့ ပဒေး ဟု ဝိုင်းခေါ်နေကြသည်။

သူ့ထက်တော့ အသက် တစ်နှစ်ခန့်များ ငယ်လေမလား။ သူသည် အသက် (၁၆) နှစ်ကျော်ရှိမှု။ သို့သော် ကောင်မလေး၏ အသက်က အရေးမကြီး။ ဤကောင်မလေး၏ အသက် ဘယ်လောက်ရှိသလဲ။ (၁၅) နှစ်လား။ (၁၆) နှစ်လား။ တစ်ရာလား။ နှစ်ရာလား။ လုံးဝ အရေးမကြီး။

ကြည့် ...။





ထင်းနေသော မျက်ခုံးလေးတွေက ထူသည်လည်း မဟုတ်။ သွယ်သည်လည်း မဟုတ်။ အဖျားတွင် သွယ်သည်။ အလယ်တွင် အနည်းငယ် ထူသည်။ မျက်ခုံးနှစ်ခု ထိစပ်လုနီးနီးတွင် ထူပြီး ပြတ်သည်။ မျက်ခုံးနှစ်ခုကြားတွင် ဘာမှမရှိ။ အချို့ချို့သော သူများလို မျက်ခုံးချင်း မဆက်။

မျက်ဝန်းများက ဝိုင်းစက်ကြည်လင်သည်။

တောက်ပသည်။ မြန်မာပီပီ မီးခိုးရောင်ပါပဲ။

မျက်တောင်တွေက ကော့သည်။ အခြယ်အသ အပြုအပြင်မရှိသည့်တိုင် မျက်လုံးတွေက လှသည်။ မျက်တောင်တွေက အတုတပ်ထားသလား ထင်ရသည်။ ရှည်သည်။ ကော့သည်။

နှာတန်က ဖြောင့်စင်းသည်။

နှုတ်ခမ်းလေးတွေက တင်းသည်။ လှသည်။

မျက်နှာမှာ ဝိုင်းဝိုင်းစက်စက်ကြီးလည်း မဟုတ်။ အရမ်းကြီး ရှည်သွယ်နေတာမျိုးလည်း မဟုတ်။

သူမ၏ ဆံကေသာတွေက တိုသည်။ ပခုံးအထက်တွင်သာ ဝဲနေသည်။ အသက်အရွယ်နှင့်ပြောရလျှင် ဤဆံပင်ကို အပြစ်တင်စရာ မရှိ။

ပြီးတော့ ...

သူမသည် သူ့ထက် နှစ်လက်မခန့်သာ နိမ့်မည်ထင်သည်။ ငါးပေရှစ်လက်မခန့်သာရှိသော သူ့အရပ်နှင့်ယှဉ်ပါက သူမသည် ငါးပေခြောက်လက်မ ရှိပြီ။ မြန်မာအမျိုးသမီး တစ်ယောက်အနေနှင့် ဤမျှဆိုလျှင် ပေမီဒေါက်မီ ဖြစ်ပြီ။

လည်တိုင်က ပြေပြစ်သည်။ လက်ပြတ်အင်္ကျီ ဝတ်ထားသဖြင့် ပြေပြစ်သောပခုံးတွေက လုံးဝန်းပြီး ထင်းနေသည်။ လက်မောင်းတွေက ပြည့်ဖြိုးသည်။ သူမ၏အလှမှာ တက်သစ်စအလှ။ သူမသည် အပျိုဖြစ်တာ မကြာသေးဟုပင် ထင်ရသည်။ သူမ၏ ရင်တို့သည် ယောကျာ်းများနှင့်ပင် မခြား။ ဖွံ့ဖြိုးကာစလေး။ ပြောရမည်ဆိုလျှင် ရှိသည်ဆိုရုံလေး။

ဝမ်းဗိုက်တွေက လျှပ်ပြီး ချပ်နေသည်။

ခါးကလေးက သေးကျဉ်သည်။

တင်ပါးတွေကို ဖွံ့ထွားလှပြီဟု ပြောလို့မရ။ သူမ၏အလှကို လှယဉ်ဆင့်နှင့် နှိုင်းပြော၍မရ။ လှယဉ်ဆင့်က ပေမှီဒေါက်မှီ။ သူမက ယခုမှ ဖွံ့ဖြိုးစ တက်သစ်စ။ အလှအပဟူသော ကျယ်ပြောလှသည့် နယ်မြေကြီးတစ်ခုအတွင်းသို့ ယခုမှ ဝင်ရောက်ရန် ကြံရွယ်၍ စာမေးပွဲ ဖြေဆိုရန် ကြံစည်လာသည့် မလိမ်မိုး မလိမ်မာ အလှပဂေး ...။

အလှပဂေး ...။

အလှပဂေး ...။

သူမကို ပဂေးဟု ခေါ်နေတာ ကြားရသည်။

ဘာကြောင့်ပါလဲ ...။

လျင်မြန်လွန်းလှသော လျှက်တစ်ပြက်အတွေးများအတွင်း အရာရာသည် ခဏမျှ တိတ်ဆိတ်ငြိမ်သက်သွားကြသည်။ ထိုအချိန်သည် အလွန်တရာမှပင် တိုတောင်းလှသော အခိုက်အတန့်လေး ဖြစ်သည်။ ထိုအခိုက်အတန့်လေးအတွင်းမှာပင် ဦးနှောက်ပိုင်ရှင်များသည် အတွေးများကို ကွန့်မြူးကြသည်။

ထိုအချိန်မှာပင် ...

ကောင်မလေးသည် ဖိုးမောင်ကို ကြည့်လျက်မှ ဒူးတွေ ညွတ်ကျလာသည်။ လက်တွေက လေကို ရမ်းသန်းပြီး ဖမ်းဆုပ်သည်။

ဖိုးမောင်သည် သုံးလှမ်းမျှသော အကွာအဝေးကို တစ်လှမ်းမျှနှင့် ရောက်သည်။ သူမကို လက်တစ်ဘက်က ခါးသိမ်လေး၏ နောက်ကျောမှ ကန့်လန့်ခံပြီး တစ်ဘက်က ပခုံးစွန်းတစ်ဘက်ကို ထိန်းကာ ပွေ့ထားလိုက်သည်။

"ဘယ်လိုဖြစ်ရတာလဲ"

ဖိုးမောင် ရေရွတ်မိသည်။

"ပဂေးက ကြောက်တတ်တယ်"

ကောင်မလေးတစ်ယောက်က ပြောသည်။





"မြွေက သေပါပြီ။ ကြောက်စရာ မရှိတော့ပါဘူး"

ဖိုးမောင်က ပြောသည်။

"မဟုတ်ဘူးရှင့်။ ပဂေးက မြွေကို လုံးဝ မမြင်ဖူးတာ"

ဖိုးမောင် အံ့ဩသွားသည်။

"မြွေတောင် မမြင်ဖူးဘူးလား။ ဒါဆို တိရစ္ဆာန်ရုံတောင် ရောက်ဖူးဘူးပေါ့"

"သူ့ အဖေအမေက အရမ်းဂရုစိုက်တာ"

"ဒီအတိုင်း မထားနဲ့လေ။ အသက်ရှူ ကြပ်ဦးမယ်"

တစ်စုံတစ်ယောက်က သတိပေးလိုက်သောအခါမှ ယပ်ခပ်ရန် သတိရသူက ရသည်။ တစ်ယောက်က ရှူဆေးကို နှာခေါင်းဝ တေ့ပေးသည်။ ကောင်မလေးက မလှုပ်။

"သေပြီလား မသိဘူး"

တစ်စုံတစ်ယောက်၏ ရေရွတ်သံ ထွက်လာသည်။

ဖိုးမောင်က ခပ်ဆတ်ဆတ် ပြောသည်။

"အဲဒါ ဘယ်သူပြောတာလဲ။ သူများသားသမီးကို ဒီလို မဦးမချွတ် ပြောရလား။ ဟောဒီမှာ အသက်ရှူနေတယ်။ ကြည့်ပါလား"

ဖိုးမောင်က ဒေါသသံဖြင့်ပြောပြီး ကောင်မလေး၏ ရင်အစုံကို လက်ဝါးတစ်ဘက်ဖြင့် ဖိပြသည်။

"ကြောက်သွားလို့ပါ။ ဘာမှ မဖြစ်ပါဘူး"

ကောင်မလေး လှုပ်ရှားလာသည်။

သတိရလာပြီ။

သူမသည် ဖိုးမောင်၏ ရင်ခွင်ထဲရောက်နေရာမှ လူးလဲထသည်။ ဖိုးမောင်က အသာအယာ လွှတ်ပေးသော်လည်း လက်တစ်ဘက်ကတော့ လဲမကျအောင် ထိန်းထားပေးသည်။

"ရေ ... ရေသောက်ချင်တယ်"

ဖိုးမောင်က လွယ်အိတ်ထဲမှ ရေသန့်ဗူးကို ထုတ်သည်။

"ရော့ ... ဒါသောက်"

"ဒါ ရေသန့်အစစ်လား"

"ဒီဘက်မှာတော့ ရေသန့်ဆိုပြီး ပုလင်းထဲထည့်ပြီး တိပ်နဲ့ ပိတ်လိုက်တာပဲ။ ရေသန့်အစစ်က ရန်ကုန်တောင် ရချင်မှရမှာ"

ဖိုးမောင်က ပြောသည်။ ကောင်မလေးက ရေသောက်သည်။

"နေပါဦး။ နင့်နာမည်က ဘာလဲ"

"ပဂေး"

ဖိုးမောင်၏ နှလုံးအိမ်အတွင်းတွင် ပဂေးဟူသော အသံသည် အကြိမ်ကြိမ်အခါခါပင် ပဲ့တင်ရိုက်ခတ်သွားသည်။

"ပဂေးဆိုတာ ကရင်နာမည်လား"

"ကရင်နာမည်ပဲဖြစ်ဖြစ်၊ ဗမာနာမည်ပဲဖြစ်ဖြစ် ဘာထူးလို့လဲ။ ပဂေးဆိုတာ အလှပဂေး ကို ပြောတာ"

ဖိုးမောင် ငြိမ်သွားသည်။

"ဒီနာမည်က မင်းနဲ့ အထိုက်အတန်ဆုံး နာမည်ပဲ"

"ဘာ"

ပဂေးက ပြန်မေးသည်။

"တစ်ခြားသူကို ဒီနာမည်မှည့်လို့ မရတော့ဘူး"

"ဘာဖြစ်လို့"

"ပဂေးဆိုတာ အလှပဂေးကို ပြောတာကိုး။ ဒီတော့ ပဂေးဆိုတာ မင်းတစ်ယောက်ပဲ ရှိတယ်။ ပဂေးဆိုတာ နောက်ထပ် မရှိတော့ဘူး"

ပဂေး သက်ပြင်းရှိုက်သည်။

"အစ်ကို့နာမည်ကရော"

"ဖိုးမောင် ... တဲ့"

"ဖိုးမောင်"

ပဂေးက ရေရွတ်သည်။

"မောင်ဆိုတာ ယောကျ်ားလေးတွေရဲ့ နာမည်ပဲ"





"မောင်ဆိုတာက ဟုတ်ပါတယ်။ ကောင်လေးတွေရဲ့ နာမည်။ ဖိုးဆိုတာက အဖိုးကြီးတွေရဲ့ နာမည်"

ပဂေးက ခစ်ကနဲ ရယ်သွမ်းသွေးသည်။ သူတို့နှစ်ယောက် ကားကောင်းနေဆဲ တဒင်္ဂတွင်း အချို့က သူတို့ကို ကျော်တက်သွားပြီ။

"ဖိုးဆိုတာ အဖိုးကြီးဆိုရင်လဲ တို့ကို မောင်လို့ပဲ ခေါ်ပါ။ ရပါတယ်"

"ကျေးဇူးတင်ဖို့ ကောင်းလိုက်တာ။ ခေါ်ရဲတဲ့ အချိန်ကျမှပဲ ခေါ်တော့မယ်"

"တို့ မင်းကို ထပ်တွေ့ခွင့် ရှိသေးလား"

"ဖူးစာရှိရင် ဘယ်သူမဆို တွေ့ကြတာပဲလေ"

"ဒါဆို သေချာပြီ"

"ဘာ သေချာတာလဲ"

"တို့တွေ တွေ့ကြရအောင်"

လှသိန်းနှင့် သံချောင်းသည် ဖိုးမောင်နှင့် ပဂေးကို အကဲခတ်ပြီး စောင့်ရှောက်နေကြရ၏။ ခဏအကြာတွင် ပဂေးသည် သူမ၏ အဖော်များနှင့် ခရီးထွက်သွား၏။ ရောနှင့် လျှော်ပင်အကြား လူအများသည် ရှင်လောင်းလှည့်အမှီ ရောက်သွားရန် ကြိုးစားနေကြရ၏။ ပဂေးမှာလည်း ကွမ်းတောင်ကိုင်မို့ လျှော်ပင်ကို အမှီသွားရပေမည်။ လှသိန်းတို့လူသိုက်ကား ရောမှ ဘုန်းကြီးများ မကြွလာသေးသဖြင့် အလျင်စလို မလုပ်ကြပေ။ ဖြေးဖြေးဆေးဆေး လုပ်နေကြသည်။ သူတို့သည် လျှော်ပင်သို့မရောက်ခင် ဖထီး၏တဲတွင် ခနိုရည် ဝင်သောက်ရင်း နားနေကြသေးသည်။

"စားကြော သောက်ကြောဆိုတာ အမြဲတမ်း တွေ့တတ်တာ မဟုတ်ဘူး နံပိန်။ ငါတို့မှာ နေ့တိုင်း ငါးခြောက်ရိုးနဲ့ပဲ မြို့နေရတာ။ ငါတို့ ခနိုပင်မှာ ဝက်မွေးတဲ့သူမရှိလို့ ဝက်တောင် မမြင်ဖူးဘူး။ အခုလို စားကြောသောက်ကြောမှန်နေတုန်း မင်းပါးစပ်က ဆင်ခြင်ရင် ကောင်းမယ်"

"ငါက ဘာလုပ်လို့လဲ"

"မင်းက ပြဿနာရှာတတ်လို့ ပြောနေရတာ လှသိန်း"

"သောက်စကား ရှည်မနေနဲ့ ဒန်ချောင်း။ အခု ငါတို့ရဲ့ ရွှေမင်းသားလေးက အခြေအနေကောင်းနေပြီ။ ပဂေးဆိုတာ လျှော်ပင်က ဦးစောတင်နဲ့ ဒေါ်မြနွယ်တို့ရဲ့ သမီးအချော အလှပဂေးလေးကွ။ အလှပဂေးလေးမို့ ပဂေးလို့ နာမည်ပေးထားတာ။ ငါ လမ်းမှာ စုံစမ်းပြီးပြီ"

"အေး ... အဲဒီ ဦးစောတင်နဲ့ ဒေါ်မြနွယ်တို့ရဲ့ သမီးလေး ပဂေးဆိုတာ ဦးအောင်ရဲ့သား တိုင်းအောင်ရဲ့ နှမဝမ်းကွဲဆိုတာ မင်းသိလား။ တိုင်းအောင်ရဲ့အမေ ဒေါ်လှသွယ်နဲ့ ပဂေးရဲ့အမေ ဒေါ်မြနွယ်က ညီအစ်မ အရင်းခေါက်ခေါက်ကွ"

"ဒါကတော့ ဝမ်းကွဲမောင်နှမပဲ ဒန်ချောင်း။ တစ်ချိန်ချိန်ကျရင် ယောက်ဖ တစ်ယောက်ယောက်လက်ထဲ ထိုးအပ်ရမယ်ဆိုတာ တိုင်းအောင် သိရမှာပေါ့။ ကိုယ့်ညီမကိုယ် အဲဒီလောက် နမျောနေလို့တော့ မရဘူးလေ"

"ငါပြောတာ ငါတို့နဲ့ တိုင်းအောင်နဲ့ ရန်ဖြစ်ထားတာ မကြာသေးဘူးနော်"

"အဲဒါက လှယဉ်ဆင့်ပြဿနာပဲ။ အခု ငါတို့လာကြတာက ငြိမ်းချမ်းရေးခရီး။ မပူစမ်းပါနဲ့ ဒန်ချောင်းရာ"

"ဟော့ကောင် ...။ မင်း ငါ့ကို လူကြားထဲမှာ ဒန်ချောင်းလို့ မခေါ်နဲ့။ သံချောင်းကွ ... သံချောင်း"

"မင်းကရော ... ငါ့ကို လူကြားထဲမှာ နံပိန်လို့ ဘာဖြစ်လို့ ခေါ်လဲ"

သူငယ်ချင်းနှစ်ယောက်မှာ ဖထီး၏ ခနီရှည်ဆိုင်တွင် အခြေအတင် စကားများကြလေပြီ။

ဖိုးမောင် ဝင်လာသည်။ သူငယ်ချင်းများ၏ အခြေအနေကို သူ သိပြီးလေပြီ။ ပြောသမျှစကားလည်း ကြားပြီးလေပြီ။



"မင်းတို့ အခု စကားများပြီး ရန်ဖြစ်ကြတာလား"

ဖိုးမောင်က ဘာမှမဖြစ်သကဲ့သို့ မေးမြန်းနေလေရာ လှသိန်းနှင့် သံချောင်း မည်သို့ဖြေရမှန်း မသိ။

"ပြောလေကွာ"

ဖိုးမောင်က ခပ်ဆတ်ဆတ် ခပ်ပြတ်ပြတ် မေးပေမယ့် တိုးသည်။

"မဟုတ်ပါဘူး။ ငါတို့ ငြင်းနေကြတာ"

လှသိန်းက အထစ်ထစ်အငေါ့ငေါ့ ဖြေသည်။

"ဘာငြင်းတာလဲ"

"ငါက မင်းရဲ့ ပဂေးကိစ္စကိုပြောတာ။ ဒီဒန်ချောင်းက ပြဿနာရှာနေတာ"

"ငါပြောတာက တိုင်းအောင်နဲ့ ပြဿနာမတက်ဖို့"

"တော်တော့"

ဖိုးမောင်က တိုးညင်းစွာ ပြောသည်။

အားလုံး တိတ်သွားသည်။

"အဲဒီကောင်မလေးနာမည်က **ပဂေး** လား"

"ဟုတ်တယ်။ အလှပဂေးလေးမို့ သူ့မိဘတွေက ဒီနာမည်ကို မှည့်တာတဲ့။ ငယ်ငယ်လေးကတည်းက ဘိုကလေးမှာပဲ ကျောင်းထားလို့ ဒီ ကဒုံကနီတောကကောင်တွေ မသိတာ"

လှသိန်းက ဝင်ဖြေသည်။

"ပဂေး"

ဖိုးမောင်က လေးလေးပင်ပင် ရေရွတ်သည်။

"ပဂေး"

ဖိုးမောင် ထပ်မံ ရေရွတ်ပြန်သည်။ သူငယ်ချင်းတွေ ငြိမ်နေကြသည်။ ဖိုးမောင်သည် သူတို့ထဲတွင် အငယ်ဆုံး။ သို့သော် ဆယ်တန်းအောင်ထားသူမို့ အရည်အချင်းတွေ အမြင့်မားဆုံး။ သူတို့၏ အတွေ့အကြုံအရ ပြောရလျှင် ဉာဏ်အကောင်းဆုံး။ ရုပ်ပိုင်းဆိုင်ရာအရ

ပြောရလျှင် ကြေးနီရောင်အဆင်းဖြင့် အရပ်မြင့်မြင့်၊ ဗလတောင့်တောင့် အလွန်ပင် ယောကျ်ားပီသလှသူ။ ဥပဓိရုပ်က ပြောစရာမရှိ။

ထို့ကြောင့် သူငယ်ချင်းတစ်သိုက်ကြားတွင် အသက်အရွယ် အငယ်ဆုံးပေမယ့် ခေါင်းဆောင်ဖြစ်နေသူက ဖိုးမောင်။ သူပြောတာကို သူတို့အားလုံး နားထောင်ကြသည်။

"အဲဒီပဂေးကို ..."

ဖိုးမောင်၏စကားကို ငံ့လင့်နေကြသည်။

"ငါ ကြိုက်တယ်"

အားလုံး တိတ်ဆိတ်သွားသည်။

"ဘာ ... ဘယ်လို"

"ဟေ့ကောင် ပြန်ပြောဦး"

"ပဂေးကို ငါ ချစ်တယ်"

ဖိုးမောင်က ကြွေးကြော်လိုက်ရာ သူငယ်ချင်းများ၏ ထောက်ခံသော ဩဘာသံတွေက ညံသွားရသည်။

"ဒီမှာ ရှိသမျှ ခနိရေအကုန်လုံး ငါ အဝတိုက်မယ်။ ဖထီး ... လုပ်လိုက်ဗျာ"

"ကြာသလားလို့ ... ကြာသလားလို့"

"ချဉ်စုတ်စုတ် ခနိရေများ အကောင်းလုပ်လို့"

တစ်စုံတစ်ယောက်က စောဒကတက်သောအခါ ဆဲဆိုသံတွေ ညံသွားသည်။

"ပဂေးသည် ကမ္ဘာပေါ်မှာ အလှဆုံး။ ပဂေးသည် ကမ္ဘာပေါ်မှာ အချောဆုံး၊ စကြာဝဠာမှာ ချစ်စရာအကောင်းဆုံး၊ ပဂေးသည် ငါ့ရဲ့ အသည်းနှလုံး။ ရောဝတီလဲ ကြားတယ်။ ကပ္ပလီပင်လယ်ပြင်ကြီး လဲ ကြားတယ်"

"ကောင်မလေးက မင့်ထက် ငယ်မယ်ထင်တယ်"

"ငယ်ငယ်ကြီးကြီးကွာ။ ငါ့မျက်လုံးထဲက မထွက်တော့ဘူး"

လှသိန်းကို ဖိုးမောင်က ပြန်ပြောသည်။

သံချောင်းကလည်း ...





"ကောင်မလေးကို ငါကြည့်တယ်။ အပျိုမှ ဖြစ်သေးရဲ့လား ကွာ"

ဖိုးမောင် ဘာပြန်ပြောရမှန်း မသိ။

"လှယဉ်ဆင့်ဆိုရင် ကျွဲကောသီးကြီးတွေလောက်ရှိတယ်"

"အဲဒီလောက်ကြီးလဲ မဟုတ်ပါဘူး သံချောင်းရာ။ အုန်းမှုတ် ခွက် ရွယ်တူနှစ်ခွက် မှောက်ထားသလောက်ပါ။ မင့်ဟာက ပိုပြန် ပြီ"

"ထားပါတော့ လှသိန်းရာ။ အုန်းမှုတ်ခွက်ပဲဖြစ်ဖြစ်၊ လိမ္မော် သီးပဲဖြစ်ဖြစ် အခု ဒီကောင့်ပဂေးက ကြက်ဥလောက်ပဲ ရှိမှာကွ"

"ဘာကြက်ဥလဲ"

ဖိုးမောင်က ပြန်မေးသည်။

"ကြက်ဥတောင် ကြက်ဥ မကြက်တကြက် ကြော်သလောက် ပဲကွာ။ ခပ်ပြားပြားပေါ့"

သံချောင်းက ဖြေသည်။

"ဟေ့ကောင်တွေ ... မင်းတို့ထက်တော့ အရပ်ရှည်တယ်နော်။ ပြားချပ်ချပ်ပဲဖြစ်ဖြစ်၊ ပြားကပ်ကပ်ပဲဖြစ်ဖြစ် သူ့အသက်အရွယ်လေးနဲ့ သူ့ကိုယ်လုံးက အလိုက်ဖက်ဆုံးပဲကွ"

ပဂေးသည် ကိုယ်ခန္ဓာ ဖွံ့ထွားသူ မဟုတ်ပေ။ အစ်ကို ကာလသားတို့အကြိုက် တင်းပြည့်ကျပ်ပြည့် မဟုတ်ပေ။ တကယ့် တက်သစ်စ၊ ဖွံ့ဖြိုးကာစ အလှမျိုးဖြစ်သည်။ ရင်က ယောကျ်ားလေး မဟုတ်ပါဟု ပြောနိုင်ရုံမျှသာ ရှိသေးသည်။ ခါးသေးသောကြောင့်သာ တင်တွေက သိသာထင်ရှားရသည်။ ခါးသာ လက်မအနည်းငယ်မျှ တုတ်သွားပါမူ တစ်ဖြောင့်တည်း ဖြစ်နေမလားမသိ။ သူမ အရပ် ရှည်သည်။ (၅) ပေ (၆) လက်မ ရှိမည်။ ငယ်ရွယ်နုပျိုမှုသည်ပင် သူမ၏ ကိုယ်ခန္ဓာပေါ်တွင် အထင်ရှားဆုံး အလှဖြစ်သည်။

ဖိုးမောင်၏ အစ်မနှစ်ယောက်ဖြစ်သော တိုးတိုးဝင်း၊ မြင့်မြင့်ကြည်နှင့် ဝင်းမောင်ကြီး၏ညီမ တင်တင်ဝင်းတို့ပါဝင်သော

မိန်းကလေးတစ်သိုက်မှာ ယောက်ျားလေးတွေကို မစောင့်ဘဲ သွားနှ
ပြီ။

ဖိုးမောင်တို့လူစုတွင် လှသိန်းနှင့် သံချောင်းသာမကဘဲ ခနိပင်မှ ညိုကြီး၊ ရေကျော်ကြီးမှ ဝင်းမောင်ကြီး၏ ညီဝမ်းကွဲများဖြစ်သော ဆယ်ပြားနှင့် သာဟန်အပြင် ကဒုံကနီမှ မူတူးလည်း ဖြစ်၍ လိုက်လာ သည်။ သူတို့သည် လျှော်ပင်ရွာအဝင်တွင် ခနိပင်ရွာသို့ ရောက်ရှိနိုင် သော ချောင်းရိုးပေါ်မှ ခနော်နီ ခနော်နဲ့ ဝါးတံတားလေးကို ဖြတ်ရ သည်။ ချောင်းထဲတွင် ထူထပ်သော ရွံ့နွံများသာရှိသည်။

"ရောဝတီဟာ ဒီလိုလှတဲ့ သမီးပျိုလေးတွေကိုလဲ ဖန်ဆင်း တတ်သားပဲကိုး"

ဖိုးမောင်၏ ကြွေးကြော်သံက သူ့ရင်ထဲမှာ ပြန့်ပြီး ပွဲ့တင် ထပ်နေသည်။

ဳ ဳ ဳ



# အခန်း (၈)

## အာသာဝတီ နွယ်နီနတ်ပန်း

လျှော်ပင်ရောက်တော့ ဝင်းမောင်ကြီးတို့ အမျိုးအိမ်တွေမှာ ခွဲပြီး တည်းခိုကြရသည်။ အားလုံး ကျပ်ကျပ်သိပ်သိပ်ပင် ဖြစ်သည်။ လျှော်ပင်တွင် မနည်းဖြစ်အောင် ဖွဲ့စည်းထားရသော ဒိုးပတ်ပိုင်းက ဆူဆူညံညံ တီးသည်။ ဦးရွှေရိုးနှင့် ဒေါ်မိုးအဖြစ် ဝတ်ဆင်ထားသော လူနောက်လူပြောင်များမှာ လုံးဝ ကတတ်သူများမဟုတ်။ သို့သော် တတ်သမျှ မှတ်သမျှ ကြိုးပမ်းပြီး ကကြရှာသည်။

ရှင်လောင်းလှည့်လျှင် မိန်းမချောလေးတွေ ကွမ်းတောင် ပန်းတောင် ကိုင်ကြရစမြဲပင်။ အလှူ့ရှင်၏သမီးကြောင့်ဟု ပြော၍မရ အောင်ပင် ချောမောလှပသူလေးမို့ ရှေ့ဆုံးက ထွက်လာသူမှာ ပဂေး သာ ဖြစ်သည်။ သူမကို မည်သူမျှ လိုက်၍မမှီနိုင်။ အလှူ့ရှင်သမီး ကြောင့် ရှေ့ထွက်လာရခြင်း မဟုတ်။ ချောကိုချောလို့ ဖြစ်သည်။

"မင့်ကောင်မလေး အခုအခံတွေ ထည့်ထားတာလား မသိ ဘူး။ နည်းနည်း အစ်ထွက်လာသလိုပေါ့"

"ကောက်ညှင်းထုတ်ကို နှီးနဲ့စည်းလိုက်ရင် ဖုထွက်လာသလို ပေါ့ကွာ။ ရွှေနှင်းဆီခါးပတ်နဲ့ ခါးကို တင်းတင်းချိတ်လိုက်တော့ ပိုပြီ ခါးသေးရင်ချီ ဖြစ်သွားတာပေါ့"

သံချောင်း၏စကားကို ညိုကြီးက သံယောင်လိုက်ပြီး နောက်ပြောင်နေလေရာ လှသိန်းက နှစ်ယောက်စလုံးကို ဖောက်ပိုးအုပ်သည်။

"မင်းတို့မျက်လုံးတွေက တဏှာရူး မျက်လုံးတွေပဲ။ လူပျို့လက် ဝက်မြီးတဲ့။ လူပျို့မျက်လုံးကျတော့ ကျီးကန်းရှုံးတယ်လို့ ပြောရမလား မသိဘူး"

ရှင်လောင်းများမှာ စီးစရာ မြင်းမရှိ။ ကိုစောတင်နှင့် မမြနွယ်တို့၏ တူသုံးယောက်ကို လူကြီးတွေကပဲ ပခုံးနှင့် ထမ်းကြရသည်။ ရှင်လောင်းများမှာ ငယ်ရွယ်ကြသေးသည်။ ကိုးနှစ် ဆယ်နှစ်သားများသာ ဖြစ်သည်။ ရှင်လောင်းလှည့်စရာ ရွာကလည်း ကြီးသည်မဟုတ်။ နတ်ပြပြီး ဆံချသည်။ ယနေ့တစ်ညတော့ လျှော်ပင်မှာ ကျိန်းစက်ကြရမည်။ နောက်တစ်နေ့ သံဃာတော်များကို အရုဏ်ဆွမ်းနှင့် နေ့ဆွမ်းဆက်ကပ်ပြီးပါက ရောရှိ ဘုန်းတော်ကြီးကျောင်းသို့ လိုက်သွားကြရပေမည်။

ဖိုးမောင်၏ မျက်လုံးများက ပဂေး၏နောက်သို့သာ ဝဲပျံ၍ လိုက်ပါနေကြသည်။ ပဂေးကလည်း ဖိုအောင်တစ်ယောက် သူ့ကိုသာ အာရုံစိုက်နေကြောင်း ရိပ်မိသည်။ အခွင့်သာတိုင်း ဖိုးမောင်ကို မျက်လုံးလေးတွေ ဝင့်၍ကြည့်သည်။ ပြုံးပန်းလေးတွေ လက်ဆောင်ပေးသည်။ ပြီးတော့ ရှက်သွေးလေးတွေ ဖြာပြီး မျက်လွှာချသည်။ ပဂေးပြုံးပြသည်ကို မြင်လိုက်ရတိုင်း ဖိုးမောင်တစ်ယောက် လေထဲကို မြောက်တက်သွားသည်သို့ အူမြူးသွားလေ့ရှိသည်။

အကြည့်ချင်းဆုံတော့လည်း ရင်ခုန်သည်။ အလှမ်းဝေးပေမယ့်လည်း ရင်ခုန်သံတွေကို အပြန်အလှန် ကြားရသလိုရှိသည်ဟု ထင်ကြသည်။ ဒိုးပတ်သံ၊ အသံချဲ့စက်ကအသံ၊ လူသံ၊ သူ့သံများမှာ သူတို့၏ ရင်ခုန်သံတွေကို ကျော်လွှားဖုံးလွှမ်းပစ်နိုင်ခြင်း မရှိ။ တစ်ခါသော် ပဂေးသည် သွားလေးတွေပေါ်ရုံမျှ ရယ်ပြီး ဖိုးမောင်ကို လက်သီးဆုပ်ကလေးနှင့် ရွယ်ပြသည်။ ဖိုးမောင်က လက်မထောင်သည်။ ပဂေးသည် လူမိသွားမှာစိုးသဖြင့် မျက်နှာပိုးသပ်ပြီး အိနြေ္ဒဆယ်ရသည်။





ဖိုးမောင် ပဂေးကိုချစ်ကြောင်း စိတ်ထဲမှာ ဒုံးဒုံးချထားပြီးပေပြီ။ ပဂေးကလည်း သူ့ကို ပြန်ချစ်ကြောင်း မိမိရရ ပိုင်ပိုင်နိုင်နိုင်ပင် ယုံကြည်ထားလိုက်သည်။ ပဂေးနှင့် တွေ့ဆုံရ၍ ဖြစ်ပေါ်လာသော ခံစားချက်တွေက လှယဉ်ဆင့် သူ့ကို မြူဆွယ်နေတုန်းက ခံစားရတာတွေနှင့် မတူ။ လုံးဝ မတူ။ လှယဉ်ဆင့်နှင့်တုန်းက သူ့ရင်ထဲမှာ ဘာမှ မခံစားရ။ သဘာမန်လူတစ်ဦးနှင့် ပြောဆိုဆက်ဆံနေရသလိုသာ ရှိသည်။ ရင်ထဲမှာ ခြောက်သွေ့နေသည်။ ယခုတော့ ရင်ထဲမှာ အချစ်လှိုင်းတွေက တငြိမ့်ငြိမ့် လှုးလွန့်နေသည်။ ရံဖန်ရံခါတွင် နိုးကြွားတက်ကြွမှုကြောင့် အချစ်ဒီလှိုင်းများက တဝုန်းဝုန်း တဒိုင်းဒိုင်းနှင့် ပျော်စရာကောင်းအောင် လှုပ်ခတ်ကြသည်။

ရောဝတီမြစ်ကြီးသည် ငြိမ့်ငြိမ့်လေး စီးနေသည်။

ဗေဒါတွေ၊ ဒိုက်တွေက ရေစီးတွင် နှေးကွေးစွာ မျောပါနေသည်။ ဖိုးမောင်၏ရင်ထဲမှာတော့ ပျော်ပွဲရွှင်ပွဲတွေ ကျင်းပနေသည်။ ကောင်းကင်သည် မင်းလွှင်မြူခိုးများကြောင့် အပြာရောင်တောက်တောက် မဟုတ်။ အဖြူဘက်ကို လှချင်နေသည်။ နွေရောက်ပြီမို့ ရေခိုးရေငွေ့တွေက မိုးယံထက်ဆီသို့ အငွေ့ပျံတက်နေကြပြီ။ သို့သော် မိုးကျဖို့က ဝေးသေးသည်။ သူတို့သည် ပူပြင်းသောနွေကို အမိုးအကာမဲ့စွာပင် ဖြတ်သန်းကြရဦးမည်။

အပူဒဏ်ကြောင့် မိန်းကလေးတွေ ခေါက်ထီးလေးတွေ ထုတ်ဆောင်းကြရသည်။ ယောက်ျားတွေက တဘက်ပေါင်းသူ ပေါင်းသည်။ ဦးထုပ်ဆောင်းသူ ဆောင်းကြသည်။

နတ်ပြနေစဉ်တွင် ပဂေးသည် တစ်စုံတစ်ယောက် ရိပ်မိမှာကို စိုးရိမ်သည့်အလား ခပ်တည်တည်လေး လုပ်လိုက်သည်။ ဖိုးမောင်ကို မကြည့်။ ဖိုးမောင်လည်း သတိထားမိသည်။ ပဂေးကား လူအများ၏ အာရုံတွင် နေရာရထားသူလေးမို့ သတိထားရပေမည်။ ပဂေး၏ ကိုယ်ခန္ဓာပေါ်တွင် မျက်လုံးပေါင်းတစ်ထောင်က ပျံဝဲနေကြမည်။ တီးတိုးလေသံတွေက ပဂေးအကြောင်းပဲ ဖြစ်မည်။ နေသာ ပူနေသည်။ ဖိုးမောင်ရင်ထဲမှာ အေးမြနေသည်။

တစ်ယောက်ယောက်က ဖိုးမောင်ကို ပခုံးချင်း တိုက်လိုက်သည်။ ဖိုးမောင်က ဆယ်ပြားတို့ သာဟန်တို့ နောက်သည်ထင်ပြီး ပြန်တိုက်သည်။ တိုင်းအောင်သည် ဖိုးမောင်၏ပခုံးတစ်ဘက်ကို ဆောင့်တွန်းလိုက်ရာ ဖိုးမောင်ကလည်း သူ့လက် ပြန်မရုတ်နိုင်ခင်မှာပင် ပုတ်ချလိုက်သည်။

"မင်း ဘာလုပ်တာလဲ"

"မင်းကရော ဘာလုပ်တာလဲ"

တိုင်းအောင်၏မျက်လုံးတွေ မီးဝင်းဝင်းတောက်နေသည်။ ဖိုးမောင်က မျက်မှောင်ကြုတ်ပြီး တိုင်းအောင်ကို စူးစိုက်၍ ကြည့်သည်။

"ငါ ဘာလုပ်လို့လဲကွ။ နတ်ပြတာ ကြည့်နေတာပဲ"

"မင်း ငါ့ညီမကို ကြည့်နေတယ်"

"မျက်လုံးပါရင် ကြည့်မှာပဲ"

"မင်း ကြည့်စရာမလိုဘူး ဖိုးမောင်"

"နေပါဦး။ မင့်ညီမက ဘယ်သူလဲ"

တိုင်းအောင် ဘာပြန်ပြောရမှန်းမသိ ဖြစ်သွားသည်။ ဖိုးမောင် သိသိကြီးနှင့် အကြောင်ရိုက်တာကိုလည်း မခံမရပ်နိုင် ဖြစ်သွားရသည်။

"မင်း လူပါးမဝနဲ့ ဖိုးမောင်"

"ငါ ဘာလုပ်လို့လဲ တိုင်းအောင်။ မင်းက သက်သက် ပြဿနာလာရှာတာပဲ"

"မင်းက ငါတို့အလှူကို လာရအောင် ဘာအရည်အချင်း ရှိလို့လဲ"

"ဖိတ်လို့ လာတာပေါ့ကွ။ ဘာလဲ။ မင်းက ဖိတ်စာ လိုက်စစ်တဲ့ ကောင်လား"

"အေး ... သူများက ဖိတ်လို့လာရင်လဲ သေသေဝပ်ဝပ် လာပေါ့ကွ။ မင်းတို့လို ခနိုတောထဲကကောင်တွေကို ဘယ်သူကများ ဖိတ်တာပါလိမ့်"





ဖိုးမောင်က မည်သို့မျှ မတုံ့ပြန်ဘဲ ခနဲ့တဲ့တဲ့ ရယ်မောနေရာ တိုင်းအောင်အတွက် ပို၍ ဒေါသထွက်စရာ ဖြစ်လာရသည်။

"မင်းတို့ လူပါးမဝနဲ့နော်။ မြစ်ထဲပစ်ချလိုက်လို့ ခနိုတောင်မရောက်ဘဲ နေသွားမယ်"

"လုပ်လိုက်လေ ... ကြာသလားလို့"

"တော်တော့ကွာ။ တိုင်းအောင် ... မင်းကလဲ အလကားနေရင်း ဒေါသကြီးနေတယ်။ ရောဂတီသားအချင်းချင်းပဲကွ"

ဝင်းမောင်ကြီးက ဝင်၍ ဖြန်ဖြေသည်။

"ခင်ဗျား မသိပါဘူး။ ဒီကောင် ကျွန်တော့်ညီမကို လာရစ်နေတာ"

"အဲဒါရော ဘာဖြစ်လဲ။ လူပျိုနဲ့ အပျိုပဲ"

သံချောင်းက ဝင်ပြောရာ တိုင်းအောင်က သံချောင်း၏ မျက်နှာကို ဖျတ်ရိုက်ချသည်။ သို့သော် တိုင်းအောင်၏လက်မှာ လေထဲမှာပင် တန့်နေသည်။ ဖိုးမောင်၏ ဘယ်လက်က တိုင်းအောင်၏ ညာဘက် လက်ကောက်ဝတ်ကို ပြုတ်တူနှင့်ညှပ်သကဲ့သို့ ဖမ်းဆုပ်ထားသည်။ တိုင်းအောင်၏ဗလကလည်း မသေးလှ။ ဖိုးမောင်နှင့် မတိမ်းမယိမ်းပင်။ တိုင်းအောင် ရှန်းကြည့်သည်။ သူ့လက်က လှုပ်လို့မရ။

"ဟေ့ကောင် ... မင်း လွှတ်နော်"

တိုင်းအောင်က သတိပေးသည်။ ဖိုးမောင်က ...

"မင်းလဲ လက်မပါနဲ့လေ"

ဝင်းမောင်ကြီးက ဖိုးမောင်၏လက်ကို အသာအယာ ဆွဲဖြုတ်ပေးရာ ဖိုးမောင်လွှတ်ပေးလိုက်သည်။ တိုင်းအောင်က သူ့ ညာလက်ကောက်ဝတ်ကို ဘယ်လက်ဖြင့် ဆုပ်သည်။ သူ နာကျင်နေသည်။ ဖိုးမောင်တို့လူစုတွင် လှသိန်း၊ သံချောင်း၊ ညိုကြီး၊ ဆယ်ပြားနှင့် သာဟန်အပြင် ကုလားမှုတူးကိုလည်း တွေ့ရသည်။ ဝင်းမောင်ကြီးက တော့ ကြားနေဖြန်ဖြေမည့်သူ။ သူ့ဘက်မှာက စောဂျက်နှင့် အေးဝင်းသာ ပါသည်။ လူချင်းက မမျှ။

"မင်းတို့ကို ညည့်သည်တွေမို့လို့ ခွင့်လွှတ်လိုက်မယ်။"

ဝင်းမောင်ကြီးက "ဒီကောင်တွေ ဘာမှမလုပ်စေရဘူး။ ငါ တာဝန်ယူတယ်ကွာ။ သူတို့ကို ငါပဲခေါ်လာတာပါ။ အရင် ရေကျော်ကြီးမှာ ဖြစ်ခဲ့တာတွေကို မေ့ပစ်တော့ကွာ။ ရန်ဖြစ်တဲ့ခေတ်မှ မဟုတ်တော့ပဲ"

ဝင်းမောင်ကြီး၏စကားကို စိတ်မပါလက်မပါဖြင့် လက်ခံရသည့် အမူအရာမျိုးဖြင့် တိုင်းအောင်က နောက်တစ်လှမ်းဆုတ်သည်။ တကယ်တော့ တိုင်းအောင်သည် သူ့ဘက်က လူနည်းနေသဖြင့်သာ အားမတန်၍ မာန်လျှော့သွားခြင်းဖြစ်ကြောင်း ဖိုးမောင် နားလည်နေသည်။

"ဖိုးမောင် ... မင်း ငါ့ညီမကို ထိမယ်မကြံနဲ့နော်"

"ဒါကတော့ မင်းနဲ့မဆိုင်ဘူး တိုင်းအောင်"

"ဘာပြောတယ်"

တိုင်းအောင် ရှေ့တိုးလာသည်။

"လွတ်လပ်တဲ့ အပျိုလူပျိုပဲကွာ။ ဒီကိစ္စက ငါနဲ့ မင်းညီမနဲ့ပဲ ဆိုင်တယ်။ မင်းက အနေသာကြီးပါ"

တိုင်းအောင် - ဖိုးမောင်ကို ထိုးမလိုလုပ်ပြန်သဖြင့် ဝင်းမောင်ကြီးက သူတို့နှစ်ယောက်ကြား ဝင်ရပြန်သည်။

"ဖိုးမောင် ... မင်းကလဲ ပြောနေတာကို။ တိုင်းအောင် ... တော်ကွာ။ ဒါ ရန်ဖြစ်ရမယ့် ကိစ္စမဟုတ်ဘူး"

ဝင်းမောင်ကြီးသည် ဖိုးမောင်ကို တစ်ချက်လှမ်းကြည့်ပြီး တိုင်းအောင်ကို ဆွဲခေါ်လာသည်။ တိုင်းအောင် အသာတကြည် လိုက်ပါလာသည်။ ဝင်းမောင်ကြီးလှမ်းကြည့်တော့ စောဂျက်နှင့် အေးဝင်းက ရန်စောင်ပြီး ကျန်ရစ်သည်။

"ဟေ့ကောင်တွေ ... အေးဝင်းနဲ့ စောဂျက်၊ စောင်းငန်း၊ စောင်းငန်း လုပ်မနေနဲ့။ မင်းတို့ပါ လိုက်ခဲ့ကြ"

ဝင်းမောင်ကြီးက လှမ်းခေါ်သည်။ စောဂျက်နှင့် အေးဝင်းလည်း မလိုက်ချင် လိုက်ချင်ပုံနှင့် လိုက်လာသည်။





"မင်းကလဲကွာ။ တစ်နယ်တည်းသားချင်း ဘဝတူချင်းပဲ။ ဘာ ရန်ဖြစ်စရာရှိလဲ။ ရေကျော်ကြီးက ကိစ္စဆိုတာလဲ ကိုထွန်းခယ်မလှယဉ်ဆင့် အတို့အထောင်လုပ်လို့ ဖြစ်တယ်ဆိုတာ မင်းလဲ အသိသားပဲ။ ဒီကောင်မလေးကလဲ စာရိတ္တက ကောင်းတာမဟုတ်ဘူး။ ဒါ ရန်ငြိုးထားစရာ မဟုတ်ပါဘူးကွာ။ အခုလဲ ငါက မင်းတို့ချင်း ဖြစ်ခဲ့သမျှတွေ ပြီးပြီးပျောက်ပျောက်ဖြစ်အောင် သက်သက်ခေါ်လာတာပါ"

တိုင်းအောင်က သက်ပြင်းရှိုက်သည်။

"ကျွန်တော်ကတော့ ဒီကောင်တွေနဲ့ မပတ်သက်ချင်ဘူး"

"ဒီလိုလဲ ဘယ်ဟုတ်ပါ့မလဲ တိုင်းအောင်။ ယဉ်ကျေးမှုဆိုတာက ရှိသေးတယ်ကွ။ မင်းက အိမ်ရှင်လေ"

"အိမ်ရှင်မို့လို့ သည်းခံနေတာပေါ့။ ဒီကောင် ကျွန်တော့်ညီမကို လာစနေတာ ကျွန်တော်မကြိုက်ဘူး"

"မင်းမှာ ညီမအရင်းမှ မရှိတာ။ ဘယ်ညီမလဲ"

ဝင်းမောင်ကြီးက မသိချင်ယောင်ဆောင်ပြီး မေးသည်။

"ပဂေး"

"ဦးလေးစောတင်ရဲ့ သမီးလား။ အပျို လူပျိုပဲကွာ။ နှမလင်နေ မောင်ဖင်ကြိမ်းတဲ့။ ဒါတော့ သည်းညည်းခံရမှာပေါ့။ အပျိုလူပျိုဆိုတာ ဒီလိုပဲ။ သူ့နှမကိုယ့်နှမ ပိုးကြတာပဲ မဟုတ်လား။ ကိုယ်ပြန်ယူလို့လဲ ရတာမဟုတ်ဘူ့ အလကား သဝန်တိုမနေစမ်းပါနဲ့"

"ကျွန်တော့်ညီမက အရွယ်ရောက်သေးတာ မဟုတ်ဘူးဗျ"

"အေးပါ ... ငါလဲ ဖိုးမောင်ကို ပြောပါ့မယ်"

ဝင်းမောင်ကြီးက စကားနည်းရန်စဲ ပြောသည်။

တိုင်းအောင်ကား ဖိုးမောင်ဆိုလျှင် အသံကိုပင် မကြားချင်။

တိုင်းအောင်သည် ဝင်းမောင်ကြီးနှင့် စကားစဖြတ်ပြီး လူကြီးများရှိရာသို့ ရောက်လာသည်။ ဦးအောင်နှင့် ဦးစောတင်တို့သည် မမြနွယ်၊ မလှသွယ်တို့ညီအစ်မနှင့်အတူ အလှူကိစ္စ စီမံခန့်ခွဲရင်း အလုပ်ရှုပ်နေကြသည်။

"ဦးလေး"

"ဟေ ... ဘာလဲကွ ငါ့တူ"

ဦးစောတင်က တိုင်းအောင်ကို ပြန်မေးသည်။

"ခနီပင်ကို ဘာလို့ဖိတ်တာလဲ"

"ဘာကိုပြောတာလဲ"

"ခနီပင်က ဦးပုတို့မိသားစုကို ဘာဖြစ်လို့ဖိတ်တာလဲလို့ ပြောတာ"

တိုင်းအောင်၏လေသံက မာသည်။ လူကြီးကို ပြောရမည့်လေသံ ဟန်ပန်မျိုးမဟုတ်။

မလှသွယ်က ...

"တိုင်းအောင် ... မင်း ဘာစကားပြောတာလဲ။ လူကြီးကို အဲဒီလိုပဲ ပြောရလား။ မင်း ယဉ်ကျေးမှုမရှိဘူးလား"

တိုင်းအောင်၏မျက်နှာက အမူအရာ မပြောင်း။ ပျော့ပျောင်းသွားခြင်း မရှိ။

"ဦးပုက အဖေနဲ့ ကမ္ဘာ့ရန်ပဲ မဟုတ်လား။ အဲဒါ ဘာလို့ ဖိတ်ရတာလဲ"

ဦးအောင်က သူ့သား၏အမူအရာကို အံ့သြစွာဖြင့် ကြည့်ရင်း ...

"ဟ ... ဖိတ်ရမှာပေါ့ကွ။ ဟိုတုန်းကကိစ္စတွေက ဟိုတုန်းကပဲ။ မင်းတို့တောင် မွေးသေးတာ မဟုတ်ဘူး။ သူလဲ ခနီပင်မှာ ရွာလူကြီးပဲ။ ဖိတ်ရမှာပေါ့။ သူတို့လဲ အလှူရှိရင် ငါတို့ကို ဖိတ်တာပဲ"

"အဖေက ဒေါ်ထွေးကိုမရလို့ ဦးပုကို မကျေနပ်တာဆို"

"မင်း မိုက်ရိုင်းလှချည်လား"





ဦးအောင်သည် တိုင်းအောင်၏ပါးကို ခပ်ဆတ်ဆတ် ရိုက်ချလိုက်သည်။ ဖျောင်းကနဲ အသံနှင့်အတူ တိုင်းအောင်၏ခေါင်းမှာ လည်ထွက်သွားသည်။

"ဟဲ့ ... ဟဲ့ မလုပ်ကြပါနဲ့"

မမြနွယ်က တားသည်။

"အေးပျာ။ ခင်ဗျားအလှူမှာ ဒီလိုဖြစ်ရတာ ကျွန်တော် တောင်းပန်ပါတယ် ကိုအောင်။ ဒါပေမယ့် ဒီကောင်က အလိုလိုက်တာ များနေတော့ ဒီလိုမဆုံးမရင် မရဘူး"

ဦးအောင်က တိုင်းအောင်ကို ထပ်မံရိုက်နှက်ရန် ပြင်ရာ ဦးစောတင်နှင့် မမြနွယ်က ဆွဲရသည်။ မလှသွယ်က သူ့သားကို ချော့ခေါ်သွားသည်။

မလှမ်းမကမ်းမှ စောင့်ကြည့်နေသည့် ဝင်းမောင်ကြီး သက်ပြင်းချသည်။ ပဂေးဘက်သို့ လှည့်ကြည့်သည်။

"ယက္ခတွေ၊ ဂူမ္ဘာန်တွေ ဝိုင်းရံနေတဲ့ အာသာဝတီ နွယ်နီ နတ်ပန်းပါလား။ ဖိုးမောင်ရေ ... မင်းတော့ မလွယ်ဘူး"

❀ ❀ ❀

# အခန်း (၉)

## အချစ်ညချမ်း

အနောက်ဘက်မိုးကောင်းကင်သည် ဆည်းဆာရောင်ကြွင်းများကြောင့် အနီရောင်တောက်နေသည်။ နေလုံးကို မမြင်ရတော့။ ဖျိုင်းတစ်အုပ် အိပ်တန်းတက်ရန် ပျံသန်းသွားရာ နောက်ဆုံးအသုတ်ပင် ဖြစ်လိမ့်မည်။ မြစ်ယံမှ လေတဖြူးဖြူး တိုက်၍နေသည်။

ဤအချိန်ကား လျှော်ပင်ရွာလေးအတွက် အသာယာဆုံးအချိန် ဖြစ်ပေလိမ့်မည်။ လျှော်ပင်ရွာတွင် စေတီပုထိုးဟူ၍ မရှိ။ ဘုန်းကြီးကျောင်း မရှိ။ ထို့ကြောင့် ပွဲလမ်းသဘင်ဟူ၍ ရှားလွန်းလှသည်။ ယခုလို တတ်နိုင်သူတို့က လှူဒါန်းကျွေးမွေးမှသာ ရွာသည်စည်ကားရလေသည်။

လျှော်ပင်ကား ဘုရားပေးသော ကုန်းမြေပင်ဖြစ်သည်။ ရွာမှ မုန်တိုင်းကြီးချောင်းအထိမှာ နွံတောကြီးဖြစ်သည်။ ရွာနှင့် အုန်းပင်မှာ အပင်ကြီးများရှိပြီး အရှေ့ဘက်တွင် လယ်ကွက်အချို့ ရှိသည်။ ယခု လျှော်ပင်ကား မြေသားအမာခံရှိသဖြင့် အိမ်ယာများ ဆောက်လုပ်နိုင်ကြသည်။ မိုးတွင်းမှာ ရေမြုပ်ပေမယ့် ခြေတန်ရှည်အိမ်များနှင့် အဆင်ပြေသည်။ တကာယ်တော့လည်း နွံတောကြီးအတွင်းမှ ကျွန်းပင်ဖြစ်သည်။





ဦးစောတင်သည် အလှူအတွက် မီးစက်ကို ငှားထားသည်။ ဆိုင်းအဖွဲ့မှာလည်း တစ်နှစ်နေလို့မှ တစ်ခါ ငှားမည့်သူမရှိ ဖြစ်နေလေချ ကောင်းစွာ မမှောင်ခင်မှာပင် လက်စွမ်းပြနေကြသည်။ လူငယ်လူရွယ်များကား ဗီဒီယိုကိုသာ မျှော်လင့်နေကြသဖြင့် နောက်နေ့ညမှပြရမည့်ဗီဒီယိုကို ယခုညကတည်းက ကြိုတင်ပြသပါမည်ဟု ပြောထားရသည်။ သို့သော် ည (၁၀) နာရီကျမှ ဗီဒီယိုပြမည်ဆိုသောကြောင့် ဆိုင်းအဖွဲ့မှာ ရသ၍အချိန်ကလေးမှာ လက်စွမ်းပြ တီးကြရလေ၏။

သို့သော် ဆိုင်းတီးရာမဏ္ဍပ်ထဲတွင် လူကြီးများသာ များပြားနေပြီး ဦးအောင်၏အိမ်အောက်တွင်ရှိနေသော ကာရာအိုကေတွင်သာ လူစည်ကားနေလေသည်။ ကာရာအိုကေဆိုချင်သူများတွင် အသက် (၅၀) ကျော်သူများပင် ပါဝင်နေသောကြောင့် လူငယ်တွေ ကြွက်စီကြွက်စီ ဖြစ်နေကြရသည်။ ကာရာအိုကေသာ ဆိုရမည်ဆိုလျှင် ထမင်းမစားဘဲ နေပါဆိုလျှင် နေမည့်သူချည်းပင်။

မီးရောင်တွေက ထိန်လင်းနေသည်။ မီးစက်သံ၊ ဆိုင်းသံနှင့် ကာရာအိုကေသီဆိုသံများသည် ညကို ပိုမို၍ စိုပြေစေလေသည်။ အမှောင်ထုသည် လျှော်ပင်ကို သိမ်းပိုက်လိုက်လေပြီ။ လျှပ်စစ်မီးရောင်များက အမှောင်ထုကို တွန်းလှန်တိုက်ခိုက်ပစ်လိုက်သည်။

ဖိုးမောင်အတွက်ကား ပဂေးကို ရှာဖွေတွေ့ရှိရေးပင် ဖြစ်နေသည်။ ပဂေးတို့အိမ်မှာ ခြေတန်ရှည်အိမ် အမြင့်ဖြစ်ပြီး အိမ်ရှေ့တွင် ဝရန်တာပါသည်။ ဓနိမိုးပေမယ့် အိမ်က အခြားအိမ်များထက် ကြီးမားသည်။ လျှော်ပင်တွင် ဦးစောတင်တို့ ဦးအောင်တို့မှာ စီးပွားရေးအင်အားကောင်းပြီး ပွဲတောင်တွေ ပိုင်သည်။ အုန်းခြံတွေ ပိုင်သည်။

ဝင်းမောင်ကြီးနှင့် ကိုထွန်းသစ်သည် တိုင်းအောင်ကို ချော့မော့၍ခေါ်သွားပြီး စောမူးတို့အိမ်တွင် အရက်တိုက်နေကြသည်။ စောဂျက်၊ အေးဝင်း၊ လှိုင်အောင်နှင့် မှတ်ကြီးတို့လည်း စောမူးအိမ်တွင် စုဝေးနေကြသည်။ တိုင်းအောင်သည် ပထမပိုင်းတွင် ပဂေးနှင့် ဖိုးမောင်ကို စိတ်မချပုံရသော်လည်း မမြင်ရတာကြာတော့လည်း မေ့သွားသည်။ ဓနိပင်ဆိုတာကလည်း ရေကျော်ကြီးမြောက်ဘက် ရွှံ့နွံတောထဲမှ

ဘုရားပေးသောမြေပင် ဖြစ်သည်။ ကုန်းမြေမို့မို့လေးမှာ လျှော်ပင်ခန့်ပင် ကျယ်ဝန်းခြင်းမရှိ။ မိုးအခါတွင်ကား လျှော်ပင်နှယ်ပင် ရေမြုပ်မြ ပင်။

တကယ်တော့လည်း လျှော်ပင်ရော၊ ခနိပင်ပါ လူတွေ လာရောက် စုဝေးနေထိုင်ကြလို့သာ ရွာဟုခေါ်ရသော်လည်း တရားဝင် ဖွဲ့စည်းထားသော ရွာများမဟုတ်။ လျှော်ပင်သည် ရော၏ရပ်ကွက် တစ်ခုမျှသာဖြစ်ပြီး ခနိပင်မှာလည်း ရေကျော်ကြီး၏ ရပ်ကွက်မျှသာ ဖြစ်သည်။ အရှေ့နှင့်အနောက် ကွာခြားသည်ကလွဲ၍ ရွာသူရွာသားများ မှာ လယ်မရှိ၊ ယာမရှိသဖြင့် ငါးဖမ်းခြင်းကိုသာ အားကိုးရသည်။ ဘဝပေး အတွေ့အကြုံအရ ပင်လယ်ထဲထွက်ရမှာကို မည်သူမျှ မကြောက်။

ဖိုးမောင်သည် လုသိန်းနှင့် သံချောင်းကို အဖော်ပြု၍ ပဂေး တို့အိမ်အနီးတွင် ရစ်သီရစ်သီ လုပ်နေသည်။ လုသိန်းနှင့် သံချောင်းက တိုင်းအောင်၏အခြေအနေကို ကြည့်ပေးကြသည်။ လူတွေ ပျားပန်း ခတ်မျှ လှုပ်ရှားသွားနေကြချိန်တွင် ပဂေးသည် ဖိုးမောင်နှင့် မျက်နှာချင်းဆိုင်ကို ရောက်လာလေသည်။

''ငါ တကယ်ပြောတာပါ။ နင့်လောက်လှတာ တစ်သက်နဲ့ တစ်ကိုယ် တစ်ခါမှ မမြင်ဖူးဘူး''

''ပိုပြီ''

''လိုတောင် လိုပါသေးတယ် ပဂေးရယ်''

''သူ ထမင်းစားပြီးပြီလား''

''ထမင်းစားဖို့တောင် မေ့နေတယ်''

''အဖြစ်သဲပြတာပေါ့လေ''

''အရှိကို အရှိအတိုင်းပါ။ တို့များတောသားတွေက ပို မပြော တတ်ပါဘူး''

''တို့ကလဲ မြို့သူမဟုတ်ပါဘူး''

''တစ်သက်လုံး ဘိုကလေးမှာ ပုန်းနေတော့လဲ မြို့သူဖြစ်သွား တာပေါ့''





''တို့တော့ ရောဝတီမြစ်ကြီးကို အခုလို တစ်မျှော်တစ်ခေါ်ကြီး မြင်ရတာကို ပိုသဘောကျတယ်''

''တို့လဲ ဒီအတိုင်းပါပဲ။ မြို့ရောက်သွားရင် အသက်ရှုကျပ် တယ်။ ရန်ကုန်ဆို တစ်ပတ်ပြည့်အောင် မနေဖြစ်ဘူး''

''အဖေတို့ မေးနေဦးမယ်''

''တို့ ထပ်မတွေ့တော့ဘူးလား''

''အစ်မတို့က ကြည့်နေမှာ''

''ထမင်းတွေဘာတွေ စားလိုက်ပါဦး။ ည (၈) နာရီလောက် ကျတော့ တို့ တစ်ခေါက်လာခဲ့မယ်''

''အင်း''

ပဂေးသည် မသိမသာပြောပြီး သူတို့အိမ်ဘက် လှည့်ထွက် သွားသည်။ ဖိုးမောင်သည် ပဂေးကို သူ့မြင်ကွင်းမှ ကွယ်သည်အထိ ငေးသည်။ တကယ့် ပွင့်သစ်စ၊ ဖူးသစ်စ၊ နုနယ်ငယ်ရွယ်သေးသည့် အလှ။ ဖိုးမောင်၏ရင်တွင်းမှာ အချစ်အငြောင့်ကလေးက နိုင်မြဲစွာပင် ငြိတွယ်နေလေပြီ။

''မင်းတို့ တိုးတိုး တိုးတိုးနဲ့ ဘာတွေပြောနေကြတာလဲ ကွ''

လုသိန်းက စပ်စုသည်။

''ဒီလိုပဲပေါ့ကွာ''

''ဘာတွေ ဒီလိုပဲလဲ''

''နေကောင်းလား။ ထမင်းစားပြီးပြီလား။ ဒါတွေပဲ ဖြစ်မှာပေါ့ နံပိန်ရာ။ မင်းက အလိုက်ကမ်းဆိုးကို မသိဘူး။ ချစ်သူတွေဆိုတာ သူတို့ရင်ထဲမှာ ပြောစရာစကားတွေ ဘယ်တော့မှ မကုန်ဘူး''

လုသိန်း၏စကားကို သံချောင်းက ဖြတ်ပြောသည်။

''ကဲ ... လာကွာ။ ငါတို့လဲ သွားဝိုင်းကြရအောင်''

''ဆယ်ပြားတို့ ညီကြီးတို့ဆီ သွားမှာလား''

ဖိုးမောင်က မေးသည်။

''ဒါပေါ့''

သူတို့သုံးယောက် အတူ ထွက်လာသည်။ မြစ်ကမ်းက ကွေ့နေသောကြောင့် ရွာသည် တစ်တန်းတည်းမဟုတ်။ အုန်းခြံတွေထဲ ဖြတ်ရသည်။

"တိုင်းအောင် ဘယ်ရောက်နေလဲ"

သံချောင်းက သတိတရ မေးသည်။

"ကိုထွန်းနဲ့ ကိုဝင်းမောင်ကြီးက စောမူးတို့အိမ် ခေါ်သွားတယ်။ ဒီကောင် ကိုထွန်းနဲ့တွေ့လို့ကတော့ ထလို့တောင် ရမှာမဟုတ်ဘူး။ ကိုထွန်းက အရက်သာရှိလို့ကတော့ အလဲသောက်၊ အမူးသောက်ပဲ"

"တော်ရုံနဲ့လဲ မှောက်မှာမဟုတ်ဘူးဆိုတော့ တိုင်းအောင်လဲ ထလို့ရမှာ မဟုတ်ဘူး။ သူတို့ သေချာလောက်ပြီဆိုရင် ကိုဝင်းမောင်ကြီး လာလိမ့်မယ်။ အမှန်ကတော့ တိုင်းအောင်နဲ့အတူ ဝိုင်းဖို့ လုပ်ထားတာ။ မင်းတို့က မျက်နှာချင်းဆိုင်လိုက်တာနဲ့ ပြဿနာက စတော့တာကိုး"

လှသိန်းက လမ်းလျှောက်ရင်း ပြောလာသည်။

ဖိုးမောင် စဉ်းစားနေသည်။ သူတို့လူစု သောက်ကြစားကြဦးမည်။ သောက်ပြီးစားပြီးမှ ပဂေးနဲ့တွေ့လို့ ကောင်းပါ့မလား။ အခွင့်အရေးရပါက ပဂေးကို တွေ့ရဦးမည်။ သူသည် သူငယ်ချင်းများနှင့် သောက်စားပျော်ပါးရန် စိတ်မဝင်စားတော့ပေ။ သူငယ်ချင်းများကလည်း သူ့ကို ဤအတိုင်း ပြန်လွှတ်မည်မဟုတ်ပေ။

သူသည် သုံးနေကျနည်းကိုပင် သုံးရပေဦးမည်။

"ကဲ ... ဆာတယ်ကွာ။ မင်းတို့က ခြေလှမ်းကို နှေးတယ်။ မြန်မြန်သွားရအောင်"

ဖိုးမောင်က လောဆော်သည်။

"ဟ ... ငါတို့လဲ ခြေရှိသလောက် သွားနေတာပဲ။ မင်းက လန်ဘား ကျောက်တံတားမို့လို့ ခြေလှမ်းကြဲပြီး မြန်နေတာကွ"

လှသိန်းက ပြောသည်။





"နံပိန်ရာ ... မင်းက ငါတို့နှစ်ယောက်ဟာ ဂျပုတွေပါလို့ ပြောလိုက်တာပေါ့လေ"

သံချောင်းက နောက်သည်။ သူတို့နှစ်ယောက်သည် အမှန်တကယ်ပင် အရပ် ငါးပေစီခန့်သာ ရှိသူများဖြစ်ကြသည်။ ဤရွာနှင့် ဤအရပ်တွင် အရပ်ငါးပေခန့်ရှိလျှင်ပင် လူစင်မီပေပြီ။ အရပ်ပုသည်ဟု ယူဆ၍မရ။ သို့သော် ဖိုးမောင်နှင့်ယှဉ်လိုက်တော့ သူတို့သည် လူပုတွေမှန်း ပို၍ သိသာထင်ရှားလာသည်။ ဖိုးမောင်သည် အရပ် ငါးပေရှစ်လက်မခန့်ရှိရာ သူတို့ထက်တော့ အရပ်ရှည်သည်။ ခေါင်းတစ်လုံးစာခန့် မြင့်နေသည်။

"နေစမ်းပါဦး ဒန်ချောင်းရာ။ ငါတို့လူမျိုးတွေ ဘာဖြစ်လို့ အရပ်ပုပြီး ညှပ်လာရတာလဲ"

"အဲဒါ မင်းရဲ့ကိုယ်တွေ့လား။ မင့်အတွေ့အကြုံကို အားလုံးအတွက် ဆွဲထည့်ပြီး အရပ်နဲ့လှည့်ပြီး ရန်မတိုက်ပေးနဲ့ နံပိန်"

သံချောင်းက တုံ့ပြန်သည်။

"ငါ့အဖေက ငါ့ထက် အရပ်ရှည်တယ်ကွ။ သူပြောတာ ငါ့အဖိုးက သူ့ထက်တောင် ရှည်သေးတယ်တဲ့"

"အရပ် ... အရပ်"

"စစ်သူကြီး မဟာဗန္ဓုလဟာ တော်တော် အရပ်ရှည်သတဲ့။ အလောင်းဘုရား ဦးအောင်ဇေယျကို လာတွေ့တဲ့ အင်္ဂလိပ်တွေကလဲ သူ့ကို မော့ကြည့်ရသတဲ့"

"မင့်စကားတွေကို ငါ မကန့်ကွက်ပါဘူး လှသိန်း။ ဒါပေမယ့် မင်းမပြောရင် ကောင်းမယ်ကွာ။ မင်းပြောရင် တန်ဖိုးရှိတဲ့ အကြောင်းအရာတွေက ပေါ့ပျက်ပျက် ဖြစ်သွားမယ်။ ဘာဖြစ်လို့လဲဆိုတော့ မင်းက 'ပ' သုံးလုံးလေ"

"ဘာ 'ပ' သုံးလုံးလဲ"

"ပစောက်သုံးလုံးလေ"

"ဘာလဲ သံချောင်း။ မင်း ငါ့ကို အသားလွှတ်တော့ မဖိုက်နဲ့နော်"

"ဒီမှာလှသိန်း ... ပသုံးလုံးဆိုတာ ပေါ့ပျက်ပေါ ... တဲ့ကွ။ မင်းက ပေါ့တယ်။ ပေါ့တယ်ဆိုတာ ပေါ့ပါးသွက်လက်တာ မဟုတ်ဘူး နော်။ ပေါ့ဆတယ်။ ပေါ့ပျက်ပျက်နိုင်တယ်။ ပြောရရင် သောက်သုံး မကျဘူးပေါ့ကွာ။ အဲဒီလို ပေါ့တော့လဲ ပျက်ပြီပေါ့။ ပျက်ဆိုတာကတော့ အထူးရှင်းပြစရာ မလိုပါဘူး။ ပျက်ပြီဆိုကတည်းက ပေါ့ပျက်ပျက်နိုင်တာ တင်မကတော့ဘူး။ ပျက်စီးပြီ။ ပျက်စီးခြင်းငါးပါး ဆိုက်ပြီ။ မင်း ကြားဖြတ်မမေးနဲ့။ ပျက်စီးခြင်းငါးပါးကို ငါ မသိဘူးကွ။ ဒါပေမယ့် ငါသိသမျှ ပျက်စီးခြင်းတွေကို ပြောရင်တော့ ငါးရာလောက် ရှိမလား ပဲ"

"ဒန်ချောင်း ... မင်းက ငါ့ကို နှိပ်ကွပ်နေတယ်ပေါ့လေ"

"နေဦး နံပိန်။ ငါပြောတာ မပြည့်စုံသေးဘူး။ ပစောက်တစ်လုံး ကျန်နေသေးတယ်ကွ။ ပေါ့ပျက်ပေါဆိုတာ မင်းက ပေါ့တယ်။ ပျက် တယ်။ ပြီးတော့ ပေါသွားရော။ သဘောကတော့ သောက်ပေါပေါ့ကွာ။ မင်းက ငပေါလေ"

"ဒန်ချောင်း ... ရေမြင်းမသား။ ဂေါ်ဇီလာနဲ့ မိကျောင်းနဲ့ စပ်ကျတဲ့ကောင်"

လှသိန်းက ပါးစပ်ထဲ တွေ့ကရာ ဆဲတော့သည်။ ထို့နောက် သံချောင်းကို ထိုးသည်။ သံချောင်းက တဟားဟားရယ်ပြီး ခုခံသည်။ တကယ်တော့ သူငယ်ချင်းနှစ်ယောက် အပြောင်အပြက် အပျော်ထိုး ကြခြင်း။ လှသိန်းက သံချောင်း၏ပုဆိုးကို ဆွဲချွတ်သည်။ သံချောင်း ပုဆိုးပြန်ဝတ်နေရချိန်မှာ လှသိန်းက သံချောင်း၏ကြောပြင်ကို ဖြန်းကနဲနေအောင် လက်ဝါးဖြင့်ရိုက်သည်။ သံချောင်းက လှသိန်းကို တံတွေးဖြင့် လှမ်းထွေးသည်။

"ဒန်ချောင်း မင်း မယုတ်ပတ်နဲ့နော်"

"နံပိန် ...။ မင်း နံပိန်လိုနေနော်။ ကျွဲချီလိန် လူနံပိန်တဲ့။ မင်းကြားဖူးလား"





"မင်းသာ ကံမကောင်းလို့။ သံချောင်းသာ မှည့်တာ။ ဒန်ချောင်းဖြစ်နေတာ။ ဒန်ဆိုတာ အလူမီနီယံဆိုတော့ မင်း နည်းနည်း ပြောက်နေဦးမယ်။ တကယ်တော့ ဒန်ချောင်းတောင် မဟုတ်ဘူး။ ဖန်ချောင်း"

သူတို့နှစ်ယောက် တစ်ယောက်နှင့်တစ်ယောက် ဆဲကြဆိုကြ နှင့် လိုက်လံထိုးကြိတ် သတ်ပုတ်နေကြချိန်တွင် ဖိုးမောင်က အကွက် ကောင်းယူလိုက်သည်။

"အေး ... မင်းတို့ စကားများနေတာ။ ငါကတော့ ဗိုက်ဆာပြီ။ သွားမယ် ...။ ဝမ်း ... တူး ... သရီး"

ဖိုးမောင်က လှစ်ကနဲ ရှေ့သို့ ပြေးလေရာ သူငယ်ချင်း နှစ်ယောက်လည်း ထိုအခါကျမှ ဖိုးမောင်နောက်သို့ ဒရောသောပါးနှင့် ပြေးလိုက်ကြရ၏။ သူတို့နှစ်ယောက် လျင်မြန်လှသော ဖိုးမောင်ကို မျက်ခြည်ပြတ်သွားကြသည်။

"ဘာမြန်သလဲ မပြောနဲ့"

လှသိန်းက ဖိုးမောင်နောက် ပြေးလိုက်နေရာမှ မောသံကြီး ဖြင့် ပြောသည်။

"ဒီကောင် ပဂေးနဲ့တွေ့ပြီး အူမြူးနေတယ်ကွ။ အဲဒါကြောင့် သောက်ပွဲကျင်းပပြီး ကိုကြီးကျော် ကချင်နေတယ်ထင်တယ် လှသိန်း"

"မင်း စဉ်းစားကြည့်ပါဦး။ လှယဉ်ဆင့်က မင်းရောငါပါ တွေ့ ဖူးတယ်။ မြင်လိုက်ရတာနဲ့ ကြက်သီးကို ဖြန်းကနဲ ထသွားလောက် အောင် ဆွဲဆောင်မှုက ကောင်းတယ်။ ပဂေးဆိုတာ မင်းမြင်တဲ့အတိုင်းပဲ။ အခုမှ တကယ့်ချာတိတ်မလေး။ ဘိုကလေးမှာ ဆယ်တန်းဖြေပြီး ပြန်လာတာတဲ့ ကောင်မလေးက သိပ်မဖွံ့သေးဘူး။ မထွားသေးဘူး။ တကယ့် အပျိုပေါက်ကလေးနော်"

"အဲဒါ ဘာဖြစ်လဲ"

"မင်း ဘယ်လိုသဘောရသလဲ။ ဖိုးမောင်ကလဲ ပဂေးကို မြင်တာနဲ့ ကြိုက်သွားပြီ။ ကောင်မလေးကလဲ ကြည့်ရတာ ဒီကောင့်

ကို ကြိုက်နေပုံပဲ။ အခုမြင်၊ အခုကြိုက် ... အဲဒါ ဖြစ်နိုင်ပါ့မလား သံချောင်း''

သံချောင်းက ရယ်လိုက်သည်။

''မင်းရော။ အခုမြင် အခုကြိုက်ပြီး အခုပဲ ပါးရိုက်ခံရတာ ဘယ်နှစ်ယောက်ရှိပြီလဲ။ နင့်ကို ငါချစ်တယ်။ ငါ့ကို နင်ချစ်မလား ဆိုတဲ့ သီချင်းပေါ်တာ အနှစ်သုံးဆယ်တောင် ရှိပြီကွာ။ ငါတို့ မမွေးခင် ကတည်းက။ အဲဒါ ဘာဆန်းလို့လဲ။ ခဏတဖြုတ် ရောဂါထတာ နေမှာပေါ့''

''မင်းက အဲဒီလို ထင်လို့လား သံချောင်း''

ဖိုးမောင်သည် အုန်းပင်များအကွယ်တွင် ပုန်းအောင်းနေသည်။ သူငယ်ချင်းနှစ်ယောက်သည် သူ့ ရှေ့က သွားနှင့်ပြီထင်ပြီး စကား တပြောပြောနှင့် လိုက်သွားကြသည်။ ဖိုးမောင် အသံမထွက်အောင် ကြိတ်ပြီး ရယ်သည်။

''ခဏတဖြုတ်ရောဂါ မဟုတ်ဘူးဟေ့။ ထာဝရမေတ္တာ''

သူ အသံမထွက်အောင် ရေရွတ်သည်။ လှသိန်းနှင့် သံချောင်း အမှောင်ထဲပျောက်သွားမှ သူသည် အုန်းပင်များကြားမှ နောက်ကြောင်းသို့ ပြန်လှည့်သည်။ အနောက်ဘက် မိုးကောင်းကင်မှ လေးကိုင်းသဏ္ဍာန် သေးသေးမျှင်မျှင် လခြမ်းကွေးသည် အုန်းပင်များ ကြားမှ အမှောင်ထုကို အံတုရန် ကြိုးစားနေသည်၊ တောက်ပလင်းလက်သော ကြယ်ပွင့်လေးများက ခြံရံလာသဖြင့် လခြမ်းကွေးလေးသည် အားတက်သယောင် ထင်ရသည်။ လျှော်ပင်၏ညကို သိမ်းပိုက်နိုင်ရန် ကြိုးစားနေသည်။ ဖိုးမောင်သည် ပဂေးတို့အိမ်၏ ဝရန်တာနှင့် အပြန် အလှန်မြင်ရနိုင်သော အုန်းပင် သုံးလေးပင်စုနေရာတွင် ရပ်၍ စောင့်နေသည်။

ပဂေးသည်လည်း သူ့ကို မျှော်နေမည်ဟု ထင်သည်။

ည (၈) နာရီပင် ထိုးတော့မည်။

ကာရာအိုကေဆိုင်တွင် ကိုမိုက်ခဲတို့ မိုက်ခွက်ကို လုနေကြဆဲ။ ဆိုင်းဝိုင်းရှေ့တွင် လူကြီးအချို့သာ ရှိသည်။





ဖိုးမောင်သည် မိမိ၏ရင်ခုန်သံကို ပြန်လည်နားထောင်ရင်း စိတ်ရှည်လက်ရှည် စောင့်ဆိုင်းနေသည်။ ရောဝတီ မြစ်ကမ်းနဘေးမှ လျှော်ပင်၏ညချမ်းသည် သာယာလှဘိသည်။ မြစ်ဘက်မှတိုက်လိုက်၊ ကုန်းတွင်းမှတိုက်လိုက်နှင့် မာယာမျိုးစုံပြနေသော နွေလေရူးသည် သူ့ရင်ကို အေးမြစေသည်။ သူသည် ကိုယ်သင်းပေါင်ဒါနံ့မှ ကျန်ပါ သေးရဲ့လားဟူသော အတွေးနှင့် ကိုယ့်ချိုင်းကို ကိုယ်ပြန်နမ်းကြည့် သည်။ ဆံပင်မှာ ခေါင်းလိမ်းဆီမှ ကျန်သေးရဲ့လား ပွတ်သပ်ကြည့်မိ သည်။ သူငယ်ချင်းများကို လှည့်စားပြီး ပြေးရလွှားရသဖြင့် ချွေး အနည်းငယ် ထွက်နေသည်။ လူပျိုပေါက်ကလေးက သူ့ချွေးနံ့ကို သူ ပြန်လန့်နေသည်။ သိပ်တော့ မဆိုးလှဟုလည်း နှစ်သိမ့်မိသည်။ အရက်သေစာ သောက်စားထားခြင်းမရှိ၍ သူ့ကိုယ်က ဘာအနံ့မှ မထွက်ဟုလည်း ထင်သည်။

သူသည် စုပြုံကိုက်ခဲနေသော ခြင်များကို ရမ်းရင်းခါရင်း စိတ်ရှည်ရှည်ထား၍ စောင့်ဆိုင်းနေရသည်။

ပဂေး ဘာလုပ်နေပါလိမ့် ...။

ယခုအချိန် အလှပဂေးလေး ဘာများလုပ်နေပါလိမ့် ...။

ပဂေးခမျာလည်း အချစ်နတ်၏ ဖမ်းစားခြင်းကို ခံနေရလေပြီ။ ဖိုးမောင်၏ ရိုးသား၍ တည်ကြည်ခန့်ညားပြီး ယောကျ်ားပီသသော သွင်ပြင်က သူမ၏မြင်ကွင်းတွင် စွဲနေသည်။ သူမသည် လျှော်ပင်သူ စစ်စစ်ဖြစ်ပါလျက်က လျှော်ပင်တွင် မကြီးခဲ့ရ။ မိဘတွေက သူမကို ရောဝန်းကျင်တွင်ပင် စိတ်မချဟု ထင်သလားမသိ။ ဘိုကလေးတွင် မူလတန်းကစ၍ ကျောင်းနေရသည်။ ဖခင်၏အစ်ကိုဖြစ်သော ဦးစောမြင့်အိမ်မှာ နေရသည်။ ဦးစောမြင့်က တူမဖြစ်သော သူမကို ချစ်သည်။ ဦးစောမြင့်၏ဇနီး ကြီးတော် (ကျီးဒေါ်) ဖြစ်သူ ဒေါ်သီသည် ပဂေးနှင့်ပတ်သက်လာလျှင် ကြမ်းလှသည်။

ဒေါ်သီက ပဂေးကို ဗိုင်းကောင်းကျောက်ဖိဖြစ်အောင် ထိန်းသိမ်းပဲ့ပြင်သည်။ နေ့စဉ် အချိန်ဇယားဆွဲထားသည်။ မနက် ငါးနာရီမှထကာ အချိန်ဇယားအတိုင်း လှုပ်ရှားရသည်။ ဘုရားရှိခိုးချိန်၊

နံနက်စာစားချိန်၊ စာကျက်ချိန်၊ ကျောင်းသွားချိန်များ တစ်မိနစ်မှ နောက်ကျလို့မရ။ စောလို့လည်း မရ။ ကျောင်းကပြန်လာတော့လည်း ကစားချိန်၊ ရေချိုးချိန်၊ ထမင်းစားချိန်၊ စာကျက်ချိန်၊ အိပ်ချိန်အားလုံး အတိအကျပင်။ ပဂေးသည် ဒေါ်သီကို မိဘများထက် ကြောက်ရသည်။ သူမ၏မိဘများဖြစ်သော ဦးစောတင်နှင့် ဒေါ်မြသွင်ကိုယ်တိုင်က ဒေါ်သီကို ခပ်ကြောက်ကြောက်ပင်။

ထိုသို့ စည်းကမ်းတကျနှင့် ကျပ်တည်းစွာနေခဲ့ရသော ပဂေး အဖို့ လွတ်လပ်မှုကိုတော့ တမ်းတသည်ပင်။ တင်းကျပ်လှသော သတ်မှတ်ချက်များအတိုင်း လှုပ်ရှားနေရရာမှ အသက်ရှုချောင်ပြီဆိုတော့လည်း ပဂေးတစ်ယောက် လွတ်လပ်သွားရသည်။ မိဘရင်ခွင် ပြန်ရောက်တော့ လွတ်လပ်မှု၏အရသာကို ခံစားရသည်ဟု ထင်သည်။ သို့သော် လွတ်လပ်မှုဟူသည်မှာ မည်သည့်အရာမှန်း မသိ။ မိဘများ အိမ်တွင် ကြက်တူရွေးလေးတစ်ကောင် ရှိသည်။ အိမ်က လူကြီးများက ကြိုတင် သင်ကြားထားသောကြောင့် ပဂေး ... ပဂေးဟု ခေါ်တတ်သည်။

ကြက်တူရွေးလေးသည် လှောင်အိမ်ထဲမှာ နေရသည်။ ကုလားအော်ရက်သီးကြီးများကို စားရသည်။ လျှာပါးပြီး စကားပိုတတ်အောင်ဟု ဆိုသည်။ ကြက်တူရွေးလေးခမျာ လွတ်လပ်ပါရဲ့လား။ ထိုကြက်တူရွေးလေးကို လှောင်အိမ်တံခါးဖွင့်ပြီး လွှတ်ပစ်ချင်စိတ် ပေါ်နေသည်။ သနားပါရဲ့။ ကြက်တူရွေးခမျာလည်း သနားစရာကောင်းသည်။ လွတ်လပ်မှုကို ဆုံးရှုံးနေရရှာသည်။

သူမကရော ...။

ပဂေးသည်လည်း လွတ်လပ်မှုကို ဆုံးရှုံးနေသည်ဟု ထင်မိသည်။

တော်ပါသေးရဲ့ ...။

ဒေါ်သီက လျှော်ပင်အထိ လိုက်မလာ။ ဘိုကလေးတွင်ပင် ကျန်ရစ်သည်။ သို့သော် တိုင်းအောင်က တမျှော်။ တိုင်းအောင်သည် ဘိုကလေးရောက်တိုင်း သူမထံ လာတွေ့သည်။ လိုတာတွေ ဝယ်ပေး





သည်။ တိုင်းအောင်သည် အစ်ကိုတစ်ဝမ်းတည်း ကွဲသူဖြစ်သည်။ သူမသည် အစ်ကိုရင်းမရှိသူပီပီ တိုင်းအောင်ကိုသာ အားကိုးရသည်။ တိုင်းအောင်ကလည်း ညီအစ်မရင်းတမျှ စောင့်ရှောက်သည်။ သူမ တွေ့ဖူးသမျှသော မောင်နှမများတွင် အစ်ကိုတို့မည်သည် ညီမတို့ကို ဘယ်တော့မှ ဦးစားမပေး။ အများစုက သူတို့သည် ညီမများကြောင့် နောက်ပြောင်ခြင်း ခံနေရသည်။ ယောက်ဖ အခေါ်ခံနေရသည်။ စစရာ၊ နောက်စရာဖြစ်နေသည်ထင်ပြီး ညီမများကို မျက်နှာသာ မပေး။

တိုင်းအောင်ကား ဤသို့မဟုတ်။ သူမအပေါ် တကယ်ကောင်းသည်ကား အမှန်ပင်။ သူမကို အရင်းအခြာလို သဘောထားသည်။ သူမကလည်း တိုင်းအောင်ကို အစ်ကိုအရင်းတမျှ ချစ်သည်။ သို့သော် တိုင်းအောင်နှင့် ဖိုးမောင်က ရန်ဖြစ်ပြီးကြပြီးပေပြီ။ ဘယ်လိုကဘယ်လို ဖြစ်ကြသည်မသိ။

သူမသည် ပန်းကျော့ရုံမျှသော ဆံပင်များကို ဆံထုံးထုံးပြီးမှ မလှဘူးထင်ပြီး ပြန်ဖြေချသည်။ သူမ၏အပါးတော်မြဲဖြစ်သူ ဆွေနီး မျိုးစပ်ထဲမှ မကွန့်က ...

"ပဂေးလေးရယ်။ ဆံထုံးလေးနဲ့ လှပါတယ်။ ဘာဖြစ်လို့ ပြန်ဖြေချရတာလဲ"

"ပဂေးက ဘာလို့ ဆံထုံးထုံးရမှာလဲ။ ဘယ်သူ့အတွက် ထုံးရမှာလဲ။ ဆံပင် အများကြီးမှ မရှိတာ။ ဆံထုံးက သေးသေးလေး နေမှာပေါ့"

"ဘာပဲဖြစ်ဖြစ် သမီးရယ်။ ဟိုလူ လာနှုတ်ဆက်၊ ဒီလူ လာနှုတ်ဆက်ဆိုတော့လဲ ပဂေးလေး လှတာပေါ့"

"ပဂေးက ဆံထုံးထုံးမှ လှမှာလား"

ပဂေးက ခပ်ဆတ်ဆတ် ပြောလိုက်သောအခါ မကွန့်လည်း ဘာပြန်ပြောရမှန်းမသိ။ သူမ၏တာဝန်မှာ ပဂေးကို အလိုလိုက်ရန်နှင့် ပဂေးလိုအပ်သမျှ ဆောင်ကြဉ်းပေးရန် ဖြစ်သည်။ သူမသည် ပဂေး၏ လူယုံတော်၊ အထိန်းတော်ဖြစ်သကဲ့သို့ ဒေါ်မြနွယ်၏ သူလျှိုဒလန်လည်း

ဖြစ်နေရသည်။ ပဂေးနှင့် မိဘများ၊ ဒေါ်သီတို့အကြားတွင် လည်းသလို ကြည့်နေရသည့် ဘဝ။ သူမဘဝတွင် ပြဿနာမရှိ။ သို့သော် ယခု တော့ ဖိုးမောင်နှင့်ပတ်သက်၍ မကွန့်သည် ပြဿနာ၏ အစွန်းအစကို မြင်နေရပေပြီ။

"ပဂေးနော် ... ပဂေး။ ညည်း ဟိုကောင်လေးကို သဘောကျနေပြီလား"

"ရှင်"

ပဂေးလေသံက အလန့်တကြားနိုင်လှပေမယ့်လည်း အမူအရာကတော့ လှုပ်လှုပ်ရှားရှား မရှိလှပေ။

"ခနိုပင်က ဖိုးမောင်ကို ညည်းကြိုက်နေပြီ မဟုတ်လား။ ငါ့ကို မှန်မှန်ပြောနော်"

"ကွန့်ကွန့်ကလဲ"

"အမလေး ...ဟိုက မြွေကို ဖယ်ပေးကတည်းက ညည်းက သူ့ရဲ့ကောင်းကြီးတစ်ဆူလို ကိုးကွယ်နေပြီဆိုတာ ငါ သိပါတယ်နော်"

"သူက ချောလား"

ပဂေးက ရုတ်တရက် ဖြတ်မေးလိုက်သည်။

"အမလေး ... ခနိုပင်ဆိုတာ ဒီရွှံ့တော၊ နွံတောထဲမှာ ကုန်းလေး၊ ကမူလေးရှိလို့ တဲထိုးပြီး ဝင်အခြေချကြတဲ့ ဇနပုဒ်ပါတော်။ ဘိုကလေးတောင်ပိုင်းမှာ ရေဝေးနဲ့ ဘိုကလေးမြစ်ကြားကို ကြည့်။ မုန်တိုင်းကြီးချောင်း တောင်ဘက်မှာ ရွှံ့နဲ့ နွံနဲ့ချည်းပဲ။ မိုးတွင်းဆို ကဒုံကနိနဲ့ ရောပဲ ကုန်းဆိုလို့ရှိတာ"

"ကွန့်ကွန့်ကလဲ ဘာတွေလျှောက်ပြောနေတာလဲ။ ပဂေးက သူ့ကို ချောလားလို့ မေးတာ"

"ရွှံ့တောထဲက လူဟာ ရွှံ့ရုပ်ပဲပေါ့ သမီးရယ်"

ပဂေးက ခြေဆောင့်သည်။ လက်ထဲတွင်ရှိနေသော ပုတီးကုံး တစ်ကုံးကို ဆောင့်ဆွဲ၍ ဖြတ်ပစ်ပြီး လွှင့်ပစ်သည်။ မာန်ဖီသံလေးလဲ ထွက်လာသည်။





"အမလေးတော် ... မရွှေပဂေး။ ဘာဖြစ်ရတာလဲ"

"ကွန့်ကွန့်နှိပ်စက်လို့ဆိုပြီး တိုင်ပြောမယ်"

"ငါက ညည်းကို ဘာနှိပ်စက်လို့တုန်း"

"ကွန့်ကွန့် နှိပ်စက်တာထက်တောင် ဆိုးသေး။ တိုင်မယ်။ တိုင်မယ်"

"အမလေးလေး ... မရွှေပဂေးရယ်။ တိုင်တော့ မတိုင်နဲ့။ ညည်းအမေ မမြနွယ်က မီးသွေးခဲကြီးကို ညည်းက မြေဖြူခဲပါပြောလဲ ယုံတာပဲ။ မီးခဲကို ရေခဲပြောလဲ ယုံတာပဲ။ ငါ ဒုက္ခမရောက်ပါရစေနဲ့"

"ဒုက္ခရောက်ချင်လို့လား"

"မရောက်ပါနဲ့ဆိုနေ"

"ဒါဆိုရင်"

"ဘာလဲ"

"ပဂေး လှချင်တယ်"

"အခုရော မလှလို့လား သမီးရယ်"

"အလှဆုံးထက် လှချင်တယ်။ အမြဲတမ်းထက် လှချင်တယ်။ လှနေတာထက် လှချင်တယ်"

"ဘယ်လိုဖြစ်သွားရပါလိမ့်"

"ကွန့်ကွန့် ပြောနော်။ သူ လှလား"

မကွန့် သက်ပြင်းချလိုက်သည်။ ပဂေးကား အချစ်နတ် ပူးဝင်ဖမ်းစားခြင်းကို ခံနေရလေပြီ။ သူမအနေနှင့် ပဂေးကို မဖြစ်သင့်တာ မဖြစ်ရအောင် အနီးကပ်ထိန်းသိမ်းရမည့်တာဝန် ရှိသည်။ သို့သော် သူမသည် ပဂေးကို တင်းတင်းကြပ်ကြပ် မာမာထန်ထန် ကိုင်တွယ်နိုင်သူ မဟုတ်။ ပဂေးအနီးတွင် ပဂေးလိုတာ လုပ်ပေးရသော ပျော်တော်ဆက် အထိန်းတော်သာ ဖြစ်သည်။ ပဂေး၏အမေက ပဂေးပြောသမျှ ယုံသည်။ ပဂေးက တစ်ခုခု လုပ်ကြံလည်ဆည်၍သာ တိုင်ကြားလိုက်။ မမြနွယ်တို့က အဖြစ်သည်းပြီ။ ကဲပြီ။ သို့နှင့် မကွန့်

သည့် မကြီးမငယ်နှင့် ဖွံ့ဖွံ့ထွားထွား တင်ပါးကို လက်ဖြင့် တဖြန်းဖြန်း အချခံချင် ခံရသည်။

''ငါ့မှာလေ ညည်းနဲ့နေလို့ အပျိုကြီးဖြစ်ရတာ''

''အံမာ ... သူ့ဟာသူ မစွံဘဲနဲ့များ''

''ညည်းကိုထိန်းရတာနဲ့ ငါ့မှာ စွံချိန်တောင် မရဘူး''

''ကွန့်ကွန့်က စွံချင်တာပေါ့လေ''

''မဟုတ်ပါဘူး မမရယ်။ သွား ... သွား''

''သူ လှလားလို့''

''ငါ့စိတ်ထဲမှာတော့ ရွှံ့တောထဲက ရွှံ့ရုပ်ပါပဲ''

''ဘာ''

''နေ ... နေပါဦး ပဂေးလေးရယ်''

ကွန့်ကွန့်က ချော့နေရသည်။

''လှတယ်၊ မလှဘူး။ ချောတယ်၊ မချောဘူးဆိုတာ ကြည့်တဲ့သူရဲ့အမြင်မှာ တည်တယ် သမီးရဲ့။ ကွန့်ကွန့်က မီးသွေးပုံကြီးကို ကြည့်ကောင်းလှချည်ရဲ့လို့ ထင်ပေမယ့် ပဂေးကတော့ မီးသွေးပုံကြီးလို့ပဲ မြင်မှာပဲ မဟုတ်လား''

''ဆိုလိုတာက''

''ပဂေးစိတ်ထဲမှာလှရင် လှတာပဲပေါ့''

''လှတယ်''

ပဂေးက အသံလေးများထွက်အောင် ရယ်မောသည်။ မကွန့်က အလိုက်သင့်နေရသည်။

''လှတယ်ဆိုတာက ရိုးရိုးပြောတာ ကွန့်ကွန့်ရဲ့။ သူက ယောက်ျားပီသတယ်။ ပဂေးက ယောက်ျားဖြစ်ပြီး ယောက်ျားမပီသရင် သိပ်မုန်းတယ်။ ယောက်ျားပီသမှ ပဂေးက ချစ်တာ''

မကွန့်သည် ရင်ဘတ်ကို လက်နှင့်ဖိသည်။

''မြတ်စွာဘုရား''

''ဒါက ဘာဖြစ်ရပြန်တာလဲ။ ကွန့်ကွန့်နော် ...''

''ညည်းက ဒီကောင်လေးကို ချစ်နေပြီပေါ့''





''ချစ်တယ်လေ။ အဲဒါ ဘာဖြစ်လဲ။ ကွန့်ကွန့်က မကျေနပ်ဘူးလား''

ပဂေးက မှန်တင်ခုံပေါ်မှ ကတ်ကျေးကို လှမ်းဆွဲသည်။

''အံမယ် ... ညည်းက ငါ့ကို ကတ်ကျေးနဲ့ ထိုးမယ်ပေါ့လေ''

''ကတ်ကျေးနဲ့တော့ မထိုးဘူး။ ကွန့်ကွန့်ဆံပင်တွေကို ဖြတ်ပစ်မယ်''

ပဂေးက ကတ်ကျေးကိုင်ပြီး လိုက်သည်။ တကယ်လုပ်ဖို့ မဟုတ်။ မကွန့်က ပြေးသည်။ တကယ်မလုပ်မှန်း သိသည်။ မကွန့်ကား ထမင်းဆာနေသည့်အပြင် နောက်ကျပါက အသားနည်းပြီး ရေထပ်ရော သော ဟင်းများနှင့် တိုးမှာစိုးသောကြောင့် အခန်းထဲက ပြေးထွက်သွားလေ၏။

ပဂေး မှန်တင်ခုံရှေ့တွင် ခဏမျှထိုင်၍ မိမိကိုယ်ကို စစ်ဆေးသည်။ မိမိ လှရဲ့လား။ ရေမွှေးတွေ ဖြန်းသည်။ ထို့နောက် သူမ၏ အခန်းမှ ဝရန်တာသို့ ထွက်သည်။ သူမတို့အိမ်၏ ရှေ့ဘက်ဝရန်တာမှာ ရှည်လျားလှသည်။ မည်သည့်အခန်းကထွက်ထွက် ထွက်လို့ရသည်။ မီးချောင်းရောင်တွေက ထိန်လင်းနေသဖြင့် ပဂေးကို အဝေးကပင် မြင်ရပေမည်။

အိမ်ရှေ့မှ အုန်းတောများက မှောင်နေသည်။

အုန်းတောများအလွန်တွင် ရောဝတီကမ်းနဖူး။

ရောဝတီကား ကျယ်ဝန်းစွ။

စောစောက မြင်ခဲ့ရသည့် ထွက်ပြူစလကို မမြင်။

ဘယ်များ ရောက်နေပါလိမ့်။

ဘယ်များ ပုန်းနေပါလိမ့်။ လကွေးကွေးလေးရယ်။

ဖိုးမောင်သည် အုန်းပင်များ၏ အရိပ်အောက်မှနေ၍ ပဂေးကို ချောင်းနေသည်။ အိမ်ရှေ့တွင် လူများ အပြန်အလှန် ဖြတ်သွားဖြတ်လာရှိပေမယ်လည်း ဝရန်တာပေါ်က ပဂေးကို လူတိုင်း သတိမပြုမိပေ။

ဖိုးမောင်ကား ရှိရှိသမျှ လူတွေအားလုံးကို မမြင်တော့၊ ပဂေးတစ်ယောက်တည်းကိုသာ မြင်တော့သည်။ အကယ်၍သာ သူသည် တစ်ကမ္ဘာလုံးမှလူများကို မြင်ခွင့်ရှိသည်ဆိုငြားအံ့၊ သူသည် ပဂေးကိုသာ ကြည့်မည်။ သူ့မျက်လုံးတွေက ပဂေးကိုသာ မြင်လိမ့်မည်။

ကြည့်လေ ...။

လှလိုက်သည့်ဖြစ်ခြင်း။

သူတို့မိဘတွေများ နာမည် မှည့်ပဲမှည့်တတ်သည်။

ပဂေး ... တဲ့။

အလှပဂေး ... ပေါ့။

အလှပဂေးကလွဲ၍ ဘာများ ရှိဦးမှာနည်း။

ပဂေးသည် ဆံပင်ကို ရိုးရိုးလေးပင် နောက်ပိုင်းမှာ ဆံညှပ်နှင့် ညှပ်ထားရာ မျက်နှာလေးက ရှင်းသန့်နေသည်။ သနပ်ခါးလူးပြီး ပါးကွက်လှလှလေး လိမ်းထားသည်။ ဝတ်ထားတာကလည်း ရိုးရိုးလေး။ အောက်မှာက အပြာရောင် ထက်အောက်ဆင်တူ စကတ်ထမီ၊ ပဂေးသည် နားကပ်တစ်ရန်ကိုပင် မပန်ထား။ ဆွဲကြိုးတစ်ကုံးကိုပင် မဆွဲထား။

ကောင်းသည်။

လက်ဝတ်လက်စား အလှတန်ဆာတွေသာ ဆင်မြန်းထားပါက ရှိရင်းစွဲအလှအပများကို ထိုအလှတုများက လုယူသွားလိမ့်ဦးမည်။

ဖိုးမောင် ရင်ခုန်လှပြီ။ ပဂေးသည် သူ့ကို ရှာနေဟန်တူသည်။ သူသည် လူသူအရိပ်အခြေ ကြည့်သည်။ သူ့ကို မည်သူမျှ စောင့်ကြည့်နေခြင်း မရှိမှန်း သေချာသောအခါ သူ မှောင်ရိပ်ထဲမှ ထွက်သည်။ အလင်းရောင်ထဲတွင် လူလုံးပြသည်။ ပဂေး သူ့ကို မြင်သည်။

သူက မသိမသာ လက်ယပ်ပြသည်။

ပဂေးက ရင်ဖိုစွာဖြင့် လက်ကလေး ကာပြသည်။





ပဂေး အိမ်ထဲပြန်ဝင်သွားတော့ သူလည်း မှောင်ရိပ်ထဲမှာ အတန်ကြာအောင်ပင် စောင့်ရသည်။ ပဂေးတို့အိမ်ဘက်ကို မျက်ခြည်မပြတ် ကြည့်နေသည်။

နောက်မှ ချွတ်ကနဲအသံကြားလို့ လှည့်ကြည့်လိုက်တော့ ...

"ပဂေး"

"လာ"

ပဂေးက ခေါ်သဖြင့် သူမ၏အနားကို သူ ချဉ်းကပ်သွားသည်။ မီးရောင်များကို အုန်းပင်အုန်းလက်များ ကာထားသဖြင့် မီးရောင်တွေက ကွက်တိကွက်ကြားပင်။ သို့သော် သူတို့နှစ်ယောက်၏ မျက်လုံးတွေက ကျင့်သားရနေကြသည်။

ဖိုးမောင်က ပဂေး၏လက်ကလေးတစ်ဖက်ကို ဆွဲယူလိုက်ရာ အေးစက်ပြီး တုန်ရင်နေတာ တွေ့ရသည်။

"ပဂေး ကြောက်တယ်ကွယ်"

"မကြောက်ပါနဲ့။ တို့တွေ ရှိပါတယ်"

"မှောင်လိုက်တာနော်။ စောစောက လသာပါတယ်။ လက ဘယ်ရောက်နေပါလိမ့်"

"နေထွက်လာတာကိုး"

"ရှင်"

"ပဂေးထွက်လာတော့ လမင်းကြီးခမျာ နေမင်းကြီးထွက်လာပြီ။ သူတော့ မယှဉ်နိုင်တော့ဘူးဆိုပြီး မှောင်ရိပ်ထဲမှာ ရှို့ရှို့လေး ပုန်းနေရှာတယ်လေ"

"ပြောတတ်လိုက်တာ"

"ရင်ထဲကစကားပါ"

ဆန်းစလသည် အနောက်ဘက် မိုးကောင်းကင်တွင် ခေတ္တခဏသာ ထွန်းလင်းတောက်ပပြီးနောက် ပျောက်ကွယ်သွားလေပြီ။ သို့သော် ရာသီဥတုကြည်လင်သဖြင့် ကြယ်ရောင်တွေ လင်းလက်နေသည်။

"ကြယ်တွေအများကြီးပဲကွယ်။ ပဂေး ရှက်တယ်"

"ကြယ်တွေဟာ လမင်းကြီးပျောက်သွားလို့ လိုက်ရှာနေကြတဲ့ မျက်လုံးတွေပေါ့"

"လမင်းကြီးက ဘယ်မှာလဲ"

ဖိုးမောင်က ပဂေးကို ရင်ခွင်ထဲတွင် ဆွဲပွေ့ထားလိုက်သည်။ ပဂေး၏ နွေးထွေးသောကိုယ်ခန္ဓာလေးမှာ တဆတ်ဆတ် တုန်နေရှာသည်။ ပဂေး၏ရင်ထဲတွင် ကြောက်တာရော၊ ရှက်တာရော ရောယှက်နေသည်။ အပျိုရိုင်းမလေး၏ ပထမဆုံး အတွေ့အကြုံကား ငလျင်လှုပ်သလိုလို မုန်တိုင်းထန်သလိုလို ...။

"လမင်းကြီးက ဟောဒီမှာပေါ့"

"မထင်ရဘူးနော်"

"ဘာကိုလဲ"

"အဲ့ဒီလောက် စကားတတ်လိမ့်မယ်လို့"

"နှလုံးသားက သင်ကြားပေးတာတွေ"

သူတို့နှစ်ယောက် လက်ချင်းတွဲ၍ အိမ်များနှင့်ဝေးရာသို့ အုန်းတောထဲတွင် လျှောက်လာကြသည်။ အုန်းပင်များလွန်တော့ ရောဝတီကမ်းနဖူးကို ရောက်သည်။ ကန့်လန့်ဖြတ်လဲကျနေသော အုန်းပင်တစ်ပင်ပေါ်တွင် သူတို့နှစ်ယောက် အတူထိုင်သည်။

"ပဂေးကို ရွှေ့ကပဲ လာမယ်ထင်တာ"

"အဲဒီလိုသာလာရင် လူတွေ တွေ့မှာပေါ့။ ဆိုင်းဝိုင်းဘက် သွားသလိုလိုနဲ့ ကွေ့ပြီး လာရတာ"

"ပဂေးက ဉာဏ်ကောင်းသားပဲ"

"ချစ်တော့လဲ ဉာဏ်က ဘယ်ကဘယ်လို ပေါ်သလဲ မသိဘူး"

"ပဂေး မောင့်ကို ချစ်လား"

"ဒါတောင် မသိဘူးလား"

"သက်သေတော့ လိုသေးတာပေါ့"

"ပဂေး ရှက်တယ်နော်"





ရောဝတီ၏ လှိုင်းပုတ်သံနှင့် သက်ပြင်းရှိုက်သံတွေ ရောသွားသည်။ လေတိုက်သဖြင့် အုန်းလက်တွေ လှုပ်ရမ်းကုန်သည်။

"အဲဒီလို မကဲနဲ့ကွယ်။ ပဂေး ရှက်ပါတယ်ဆို"

"မောင်လဲ ပဂေးကို မြင်မြင်ချင်း ချစ်သွားတာပဲ"

"သွားပါ။ အစ်မ လှယဉ်ဆင့်နဲ့အကြောင်းတွေ ပဂေးများ မကြားဘူးထင်လို့လား"

"အဲဒါ အလကားပါ ပဂေးရယ်။ သူ့ဟာသူ ပြဿနာရှာတာ။ သူက ကိုဝင်းမောင်ကြီးတို့အိမ်မှာ အရက်ယူတာ။ တိုင်းအောင်က မြင်သွားတော့ မောင်တို့ကို လိုက်ချောင်းတာပေါ့။ သူ့ကိုမေးတော့လဲ မောင်ကပဲ မဟုတ်တရုတ် လုပ်ပုံမျိုးဖြေတယ်။ အဲဒါနဲ့ ရန်ဖြစ်ကြရတာ"

"မောင်ကရော မဟုတ်တရုတ် မလုပ်ဘူးလား"

"ဝေးပါသေးတယ်"

"ဒါပဲနော်။ ဘယ်မိန်းမနဲ့မှ မပတ်သက်ရဘူး"

"မောင့်ကို ပဂေးတစ်ယောက်တည်း ပိုင်တာပါ"

"ကိုယ့်စကားနဲ့ကိုယ်နော်။ နောက်ပြီး ရန်လဲမဖြစ်ရဘူး။ တုတ်တစ်ပြက် ဓားတစ်ပြက်နဲ့။ သေမှာ မကြောက်ဘူးလား"

"ဒါကတော့ သူတို့က စတာပါ"

"အစ်ကိုက စိတ်ဆတ်တယ်။ ပြီးတော့ သူက ပဂေးကိုလဲ ချစ်တယ်။ အထူးသဖြင့် သူနဲ့ ရန်မဖြစ်စေချင်ဘူးကွယ်"

"စိတ်ချ ... မောင် တည့်အောင်ပေါင်းမယ်"

သူတို့နှစ်ယောက်မှာ မှောင်ရိပ်ထဲတွင် ပူးကပ်နေလေရာ လူနှစ်ယောက်ဟု မထင်ရ။ လူတစ်ယောက်တည်းကဲ့သို့ပင် မြင်ရမည်ဖြစ်သည်။ တကယ်တော့လည်း နုနယ်ငယ်ရွယ်လှသေးသည့် ချစ်သူနှစ်ဦးသည် ရူးရူးမိုက်မိုက်ပင် ချစ်မိကြလေပြီ။

"မောင့်ကြောင့် မြွေ သေသွားတယ်နော်"

"မသေလို့ ဘယ်ဖြစ်မလဲ ပဂေး။ အဆိပ် အင်မတန်ပြင်းတာပဲ။ သူ မသေရင် လူတွေကို ကိုက်မှာပေါ့"

"မြွေကိုလဲ မြင်လိုက်ရော ပဂေးလဲ ကျောက်ရုပ်လိုပဲ လှုပ်လို့မရတော့ဘူး။ ကြောင်ပြီး မေ့နေတယ်"

"မောင်ကတော့ ပဂေးကို အရင်မြင်ပြီးမှ မြွေကိုမြင်တာ။ နောက်က မြင်ရရုံနဲ့တင် ချစ်နေပြီ။ မြွေကို သွားမဆွဲခင် မောင် လှည့်ကြည့်လိုက်သေးတာ မှတ်မိလား"

"ပဂေးတော့ ကြောက်လို့ သတိမထားမိဘူး။ မောင်ရော မကြောက်ဘူးလား"

"မကြောက်ပါဘူး။ တကယ်တော့ လောကစာလုံးမှန်ကတည်းက အသက်မရှင်နိုင်တော့ပါဘူး"

ပဂေးက အသံထွက်အောင် သက်ပြင်းချသည်။

"အဲဒါ ခင်ဆွေဝင်းတို့က နမိတ်မကောင်းဘူးတဲ့"

"ဘာဆိုင်လို့လဲ ပဂေးရယ်"

"လမ်းမှာ မြွေက တားထားတယ်ဆိုတာ ဘဝလမ်းခရီးမှာ အနှောင့်အယှက် ရှိတော့မယ့်သဘောပဲတဲ့။ ပြီးတော့ မြွေက မျက်နှာချင်းဆိုင် ထိပ်တိုက်ကြီး ပါးပျဉ်းထောင်ပြီး တားထားတာ။ အခု ပြောရင်းတောင် ကြက်သီးထတယ်"

"အဓိပ္ပာယ်မရှိတာ ပဂေးရယ်။ မောင်တို့ မြွေ ခဏခဏ မြင်ဖူးပါတယ်။ ကန့်လန့်ဖြတ်သွားတာရော၊ ထိပ်တိုက်ရော၊ မြက်လျှော တို့ လင်းမြွေတို့ဆို အမြီးက အတင်းလိုက်ဆွဲတာ"

"ခင်ဆွေဝင်းကတော့ အတည်ပြောနေတာ။ သူတို့ အဖေ အမေတွေဆိုရင် မြွေက ထိပ်တိုက်ကြီး မျက်နှာချင်းဆိုင်တွေ့ရင် အဲဒီခရီးကို ဖျက်လိုက်ရောတဲ့။ မသွားတော့ဘူးတဲ့"

"မဟုတ်တာ ပဂေးရယ်။ အခုဟာက ပဂေး ကိုယ့်အိမ်ကိုယ် ပြန်လာတာပဲ။ မြွေကလဲ သူ့လမ်းသူ လာတာပဲ။ ဖူးစာရှိလို့ ဆုံကြတာပဲ"

ဖိုးမောင်က ရယ်သွမ်းသွေးလိုက်သည်။

"မောင်နော် ... မောင်။ မနောက်နဲ့။ ပဂေးက တကယ် ပြောနေတာ။ နတ်မြွေဆိုရင် ဘယ့်နှယ့်လုပ်မလဲ"





"နတ်မြွေဆိုရင် မောင့်ရဲ့ ကျွဲချိုလေးခွကလာတဲ့ လောက် စာလုံးတစ်ချက်တည်းနဲ့ သေမှာလား။ ကိုယ်ယောင်တွေ ဘာတွေ ဖျောက်သွားမှာပေါ့။ အလကားပါ။ ဘာမှ မကြောက်နဲ့"

"ပဂေးစိတ်ထဲမှာတော့ ထင့်တာပေါ့ မောင်။ ကိုထွန်းမိန်းမ မမွှေးကလဲ ပြောတာကိုး။ တင်တင်ဝင်းကတော့ အလကားပါတဲ့။ မောင်တို့လမ်းမှာ မြွေတွေ့တာများ ခဏခဏပဲတဲ့။ ချက်တောင် စားကြတာတဲ့။ မိုးအိကတော့ ယတြာချေပါလားတဲ့။ ဘာပဲဖြစ်ဖြစ် ယတြာတော့ ချေဦးမှ"

"စိတ်မပူပါနဲ့ ပဂေးရယ်။ ခင်ဆွေဝင်းတို့ မမွှေးတို့ပြောသလို လမ်းမှာမြွေတွေ့တာဟာ ဘဝလမ်းခရီးမှာ အနှောင့်အယှက်ရှိမယ့် အတိတ်နိမိတ်ပဲထား။ မောင် ဖယ်ရှားနိုင်တယ်လေ။ ဘယ်အခက်အခဲပဲကြုံကြုံ မောင်တို့ ဖယ်ရှားကျော်လွှားနိုင်မယ်လို့ ယူရင်ရော မရဘူးလား"

"ဒါလဲ ဟုတ်တာပဲ"

"စိတ်မပူပါနဲ့ ပဂေးလေးရယ်"

"မောင် ပဂေးကို တကယ်ချစ်တယ်နော်"

"မေးနေရသေးလားကွယ်"

"ပဂေးဘဝမှာ ဘယ်ယောကျ်ားကိုမှ တစ်ခါမှ မချစ်ဖူးဘူး။ ရည်စားစာပေးတာတွေ၊ ရည်းစားစကား လိုက်ပြောတာတွေ ကြုံဖူးပါတယ်။ ရင်ထဲမှာ ဘယ်လိုမှမနေဘူး။ မောင်နဲ့တွေ့လိုက်ရတော့လေ ရင်ထဲမှာ သိမ့်ကနဲ ခုန်သွားတယ်။ ကတုန်ကယင်ကြီး ဖြစ်လာတယ်။ တစ်ခုခုကို အရမ်းကြောက်သလို တုန်လှုပ်သွားတယ်။ အဲဒါ မြွေကို ကြောက်လို့မဟုတ်ဘူးနော်။ ပြီးတော့ ဒူးတွေပျော့ခွေပြီး မောင့်ရင်ခွင် ထဲ ပစ်လှဲချပစ်လိုက်ချင်တယ်။ အဲဒါ အချစ်ပဲဖြစ်မယ်"

"မောင်လဲ ဒီလိုပါပဲ။ ဘယ်မိန်းမအပေါ်မှာမှ စိတ်မဝင်စားဖူးပါဘူး။ ပဂေးကိုမြင်တာနဲ့ ရင်ထဲမှာ လှုပ်ရှားသွားတယ်။ မြွေကို လွှင့်ပစ်ပြီးတဲ့အချိန်မှာ မောင်ဟာ ပဂေးကို ချစ်မိသွားတာ သေချာသွားပြီ"

ပဂေးကလေ ...။ မောင့်ကို ချစ်တယ်လို့ အရင်ဦးအောင် ပြောလိုက်ချင်တာ။ သိတယ်မဟုတ်လား။ ဒီက မိန်းကလေးလေ''

''မောင်ကတော့ လူတွေရှိလို့။ ပဂေးတို့အဖွဲ့တွေလဲ လွန်သွားရော ပဂေးကို ငါချစ်တယ်လို့ ပြောလိုက်တယ်''

''မောင့်သူငယ်ချင်းတွေကြားမှာ''

''အင်းလေ''

''ဟယ် ... မရှက်ဘူးလား''

''မုန်တာပြောတာ ဘာလို့ရှက်ရမှာလဲ။ ပိုပြီးသေချာအောင်လို့ ပဂေးကို ငါချစ်တယ်လို့ အသံကုန်အော်လိုက်သေးတယ်''

''ဟယ်တော် ... ရှက်စရာကြီး''

''ဒီကောင်တွေက စိတ်ချရတာ မဟုတ်ဘူး။ ကြိုတင်ပြီး မောင်းခတ်ထားရတာ။ ယက္ခတွေ၊ ဂူမ္ဘာန်တွေ စောင့်ကြပ်နေတဲ့ အာသာဝတီနတ်ပန်းလေးကို မကြောက်မရွံ့ ခူးချင်တဲ့သူတွေက ရှိဦးမှာ။ ဒါကြောင့် အုတ်ခဲချ နေရာဦးပြီး ဘွတ်ကင်လုပ်ရတယ်''

ဖိုးမောင်၏စကားကို ပဂေးက သဘောကျပြီး တသိမ့်သိမ့် ရယ်သည်။ ဖိုးမောင်သည် ပဂေးကို ရင်ခွင်ထဲ ထွေးပွေ့ထားသည်။ သူတို့မှာ ပြောစရာ ချစ်စကားတွေက မကုန်နိုင်ကြသေး။ မည်သည့် အခါမှလည်း ကုန်လိမ့်မည်မဟုတ်။ မြွေပါး ကင်းပါးလည်း မကြောက်ကြ။ ချိုးချိုးချွတ်ချွတ် အသံကြားလျှင်တော့ ချစ်သူနှစ်ဦးခမျာ လူလာပြီထင်ပြီး ထိတ်ထိတ်ပြာပြာ လှုပ်လှုပ်ရှားရှား ဖြစ်ကြရသည်။ ဘာမှမဟုတ်မှန်းသိတော့ စိတ်အေးသွားပြီး ပျော်ရပြန်သည်။

''မောင်''

''ပဂေး''

''ပဂေးကို အညာလွယ်တယ်လို့ မထင်နဲ့နော်''

''အို ... ဘာလို့ထင်ရမှာလဲ''

''ပဂေးက ဦးအောင်တောင် ပြောချင်တာ။ မိန်းမသားမို့လို့။ မောင့်ကိုချစ်တဲ့ စိတ်ကလဲ တားလို့ကို မရဘူး။ မောင့်မျက်လုံးကြီးတွေ





ကလဲနော်။ တွေ့လိုက်တာနဲ့ ပဂေးကိုချစ်နေပြီဆိုတာ သေချာပေါက် သိတယ် သိလား''

''မောင်လဲ ဒီလိုပါပဲ။ ပဂေးရဲ့အကြည့်တွေကို မြင်လိုက်တာနဲ့ အချစ်ကို တွေ့လိုက်ပြီ''

အသာယာဆုံးသော အချစ်ညချမ်းပင် ဖြစ်သည်။ လသည် ပင်လျှင် ပဂေးကို ရင်မဆိုင်ဝံ့သောကြောင့် ထွက်ပြေးပုန်းအောင်းရလေရာ ကောင်းကင်ပေါ်မှ ကြယ်ပွင့်တို့အကြား ထင်ရှားသော သတင်း ဖြစ်နေလိမ့်မည်။ ဖိုးမောင်က ချစ်သူကို လမင်းကြီးနှင့် မနှိုင်းချင်တော့။ လမင်းကြီးကား ပဂေးနှင့်နှိုင်းလိုက်လျှင် ဘာမှမဟုတ်တော့။ လက်နှီးစုတ်၊ လက်ခုစုတ်မျှပင် တန်ဖိုးမရှိတော့။ လွင့်ပစ်ချင်လျှင် အရှုးများပင် ကောက်၍ ဝတ်ဆင်ကြလိမ့်မည် မဟုတ်။

''မခွဲနိုင်ဘူး ပဂေးရယ်''

''မခွဲလို့တော့ မဖြစ်သေးဘူး။ ပဂေးကို မတွေ့တာကြာရင် ရှုတ်ရှုတ်သဲသဲနဲ့ လိုက်ရှာကြဦးမှာ။ ခဏတော့ ခွဲရမှာပေါ့ မောင်ရယ်။ ပဂေးလဲ ဘယ်ခွဲချင်ပါ့မလဲ''

''မနက်ဖြန် တစ်နေကုန်အောင် ပဂေးကိုပဲ လိုက်ကြည့်နေမယ်။ ညကျတော့ ပဂေး ဗီဒီယိုကြည့်မှာလား''

''မောင့်ကိုပဲ တစ်ဝကြီး ကြည့်မယ်။ ဗီဒီယိုက ဘာလုပ်မှာလဲ။ ကမ္ဘာပေါ်မှာ အချောဆုံး၊ နာမည်အကြီးဆုံး မင်းသားတွေ တန်းစီပြီးပြလဲ ဒီမင်းသားကိုပဲ ကြည့်တော့မယ် သိလား''

''ချစ်တယ် ပဂေးရယ်''

''ချစ်တယ် မောင်ရယ်''

အချစ်ညချမ်းတွင် ချစ်သူတို့ အချစ်ချင်း ပြိုင်နေကြသည်။

# အခန်း (၁၀)

## မိကျောင်းကြီး

လျှော်ပင်ရွာလေး၏ ညကား သာယာနေဆဲပင်။ ဦးစောတင်နှင့် ဦးအောင်သည် ဘိုကလေးက စက်လှေသူဌေး ဦးထွန်းကျော်ကို ညှော်ခံရင်း သူတို့ပါ ဝိုင်းဖွဲ့သည်။ ဦးကျော်ထွန်း၏ လှေအချို့အနက် ကျော်ထွန်းတင့်စက်လှေမှာ မော်လမြိုင်ကျွန်းမြို့မှ ရောဝတီမြစ်အတိုင်း စုန်ဆင်းလာလျှင် ရောဝတီမြစ်ကြီး၏ အရှေ့ဘက်ကမ်းရှိ ရောရွာတွင် ရပ်နား၍ ပင်လယ်၏အခြေအနေကို စုံစမ်းလေ့ရှိသည်။ ဘိုကလေးမြစ်ဘက်က ဆင်းလာသော ကျော်ထွန်းဝင်းစက်လှေက ကဒုံကနီမှာ နားသည်။

ရံဖန်ရံခါတွင်မူ ကျော်ထွန်းတင့်သည် ဦးကျော်ထွန်းကိုယ်တိုင် လိုက်ပါလာပါက လျှော်ပင်တွင် ကုန်းအောင်ထိုး၍ ဆိုက်ကပ်လေ့ရှိသည်။ များသောအားဖြင့်တော့ ဦးကျော်ထွန်းသည် ကျော်ထွန်းဝင်းနှင့်သာ လိုက်လေ့ရှိသည်။

ဦးကျော်ထွန်းသည် ဂျော်နီဝေါ့ကားတံဆိပ်အနက် ဝီစကီနှင့် ဆိုဒါဘူးများကို မြို့က ဝယ်လာသည်။ ရေခဲရဖို့ကတော့ မလွယ်။ ဦးစောတင်က ငါးရှဉ့်၊ ဖား၊ လိပ် စသော ဦးကျော်ထွန်းကြိုက်တတ်သော အမြည်းများကို ဖုတ်ကင်ကြော်လှော်၍ ပြင်ဆင်ပေးထားရသည်။





"အေး ... မင်းတို့တွေလဲ ခနီရည်လေးမော့လိုက်၊ အရက်ဖြူလေး မော့လိုက်နဲ့ အရက်ကောင်းကောင်းကို သောက်ရမှာမဟုတ်ဘူးဆိုပြီး ငါ အပြည့်ယူလာတယ်။ ချသာ ချပေော့။ တစ်ပုလင်းကုန်နောက်တစ်ပုလင်းပေါ့"

ဦးကျော်ထွန်းသည် တံဆိပ်အနက် အရက်ပုလင်းကို သူကိုယ်တိုင်ဖောက်ပြီး သူ့ဖန်ခွက်ထဲသို့ လက်နှစ်လုံးခန့် ထည့်သည်။ ပြီးတော့ ဦးအောင်နှင့် ဦးစောတင့်တို့၏ ဖန်ခွက်များထဲသို့ လက်နှစ်လုံးစီခန့် သူကိုယ်တိုင် ထည့်ပေးသည်။

"ရေခဲတော့ ဘယ်ရှိပါ့မလဲကွာ။ ဆိုဒါတော့ မင်းတို့ဟာမင်းတို့ ရော။ ဝီစကီဆိုတာ ဆိုဒါနဲ့မှ ကောင်းတာကွ"

ဦးကျော်ထွန်းက ပေါ့(ပ်)ဆိုဒါတစ်ဘူးကို ဖောက်လိုက်ပြီး သူ့ဖန်ခွက်ထဲ ရောထည့်သည်။ ဦးအောင်ကို လှမ်းပေးတော့ ဦးအောင်က လက်ကာပြသည်။

"ကျွန်တော်က ရောလို့မရဘူး ဆရာ။ နီပဲချမှ ဖြစ်မယ်။ ပျော့သွားရင် မထိဘူး"

"အေးလေ ... မင်းက အဖြူသမားဆိုတော့ ဆိုဒါရောရင် ဘယ်တိုးလိမ့်မလဲ။ မင့်သဘောလေ။ စောတင်ရော ... မင်းရော ... ဆိုဒါ"

"ဟုတ်ကဲ့ခင်ဗျ"

ဦးကျော်ထွန်းက သူတို့နှစ်ယောက်အား တန်းတူသဖွယ် ရောရောနှောနှော ဆက်ဆံနေသော်လည်း ဦးအောင်နှင့် ဦးစောတင်မှာ ဦးကျော်ထွန်းအား တန်းတူရည်တူ ရောရောနှောနှော မဆက်ဆံဝံ့ပေ။ ဦးကျော်ထွန်းသည် သူတို့နှစ်ယောက်၏ စီးပွားရေးကို မ,တည်ထောက်ကူပေးထားသူ။ လက်ရှိစီးပွားရေးတွင်လည်း ဦးကျော်ထွန်းနှင့် မကင်း။ ထို့ကြောင့် သူတို့နှစ်ယောက်သည် ဦးကျော်ထွန်းအား ရိုရိုကျိုးကျိုး သေသေဝပ်ဝပ် ဆက်ဆံနေကြရလေသည်။

"စုချစ် ... ဘာလုပ်နေတာလဲ"

ဦးကျော်ထွန်း၏အသံက တိန်းထွက်လာသည်။

"လာပါပြီ ဦးရဲ့"

အတွင်းခန်းထဲမှ အသံကြားရသည်။ ဤအိမ်မှာ ဦးကျော်ထွန်း စက်လှေဆိုက်ပြီး ညအိပ်လျှင် သီးသန့် အိပ်စက်အနားယူရန်အတွက် ဆောက်လုပ်ထားသော ခနိုမို၊ ထရန်ကာ ခြေတန်ရှည်အိမ်ကြီးပေမယ့် ဦးစောတင်တို့ ဦးအောင်တို့အိမ်များနှင့် ယှဉ်နိုင်သော အိမ်ကြီးဖြစ်သည်။ ဦးကျော်ထွန်းသည် သူ လျှော်ပင်တွင်ရှိနေခိုက် အပန်းဖြေအနားယူရန် အဖြစ် စုချစ်ဆိုသော သမီးပျိုလေးကို ခေါ်လာသည်။ သူသည် လုယဉ်ဆင့်ကို ခေါ်လာရန် အစီအစဉ်ရှိသော်လည်း ဦးအောင်၏သား မိုက်ရူးရဲ တိုင်းအောင်နှင့် ပြဿနာမဖြစ်ချင်။ ဦးအောင် သူ့အတွက် မျက်နှာပူရမှာကိုလည်း မလိုလား။ ပြီးတော့ သူကိုယ်တိုင်လည်း ဤမျှ ပြည့်ပြည့်စုံစုံ ကုံကုံလုံလုံ လိုလေသေးမရှိအောင် ကြည့်ရှုစောင့်ရှောက် ထားပါလျက် တိုင်းအောင်နှင့် ရှုပ်သည့်အပြင် ခနိုပင်က လူငယ်တစ်ဦး နှင့်ပါ အသံထွက်သော လုယဉ်ဆင့်ကို သူ မလိုလားတော့ပြီ။ ယခု အခါ လုယဉ်ဆင့်သည် သူ့အတွက် အမြန်ဆုံး လွှင့်ပစ်ရမည့် အမှိုက် စုတ် ဖြစ်သွားသည်။

စုချစ် ထွက်လာသည်။

ပတ်ဝန်းကျင်တွင် မွှေးရနံ့တွေ သင်းပျံ့ကြိုင်လှိုင်၍ သွား သည်။ စုချစ် ရောက်လာသည်မှာ ဤအခန်းအတွင်း အရာရာကို ရွှန်းလဲ့တောက်ပသွားစေသည်။ စုချစ်သည် ကြိုးသေး၊ ရင်ဟိုက် အနက်ရောင်အင်္ကျီကို ဝတ်ထားခြင်းဖြင့် သူမ၏ ဖြူဝင်းသော အသား အရေကို ပိုမိုပေါ်လွင်စေသည်။ စကတ်က ပေါင်လည်ခန့်သာ ရှိသည်။ ဤမျှတောက်ပြီး လမ်းပန်းဆက်သွယ်ရေးခက်ခဲကာ လူသူ အရောက် အပေါက်နည်းလှသော ဒေသတွင် စုချစ်သည် တောမြိုင်လယ်က သူ့ယောင်မယ်ပင်တည်း။

ဦးကျော်ထွန်း၏မျက်နှာ ...။

ဦးကျော်ထွန်း၏မျက်နှာမှာ အလွန်ပင် အကြည့်ရဆိုးလှသည်။ လူက ခြေဆန့်လက်ဆန့် တိုသော်လည်း ဗလတောင့်ပြီး ဂင်တိုတိုနှင့် ကြံ့ခိုင်လှသည်။ အသားအရေက ညိုမှောင်းသည်။ အပြာရောင်ဘက်





ကို လှသည် ထင်ရသည်။ သူ၏ခေါင်းပေါ်မှာ ဆံပင်များသည် ခေါင်း နှင့်ကပ်လျက်သားရှိလေရာ ကတုံးမဟုတ်သော်လည်း ဆံပင်ရှိသည်ဟု မထင်ရပေ။ သူ၏ နဖူးပြင်မှာ ထင်ရှားလှသော အတွန့်ကြီးများ ရှိသည်။ မျက်ခုံးနှင့် မျက်ခွံများမှာ တွန့်လိပ်၍နေသည်။ အဖျားသွယ် သော မျက်အိမ်များအတွင်းမှ မျက်လုံးများက နီကျင်ကျင်အရောင် ရှိသည်။ သူ၏နှာတန်က ပြားပြီး နှာခေါင်းနှင့် ပါးစပ်ပြဲပြဲကြီးက တစ်ဆက်တည်း ထင်ရသည်။ အမြဲတမ်းပေါ်နေသော သွားများမှ သွားစွယ်တွေက ချွန်ထက်နေသည်။

မြုတ်တွေနေသော သူ့မျက်နှာမှာ မိကျောင်းကြီးတစ်ကောင် နှင့် တူလှသည်။ သူ့ကိုယ်ခန္ဓာမှာလည်း နှာတိုမိကျောင်းကြီးတစ်ကောင် ၏ ပုံနှင့် မခြားပေ။

ထို့ကြောင့်လည်း ဦးကျော်ထွန်းကို ကွယ်ရာတွင် မိကျောင်း ဟု ခေါ်ကြခြင်းမှာ သူ၏ အကြည့်ရဆိုးလှသော ရုပ်ရေကြောင့်ပင် တည်း။ သို့သော် ဦးအောင်နှင့် ဦးစောတင်တို့မှာကား သူ့ရှေ့တွင် မိကျောင်းကြီးဟု ခေါ်ဖို့ဝေးစွ၊ ကွယ်ရာတွင်ပင် ကြမ်းကြား၊ လေကြား ကြားမည်စိုးသဖြင့် လေသံမျှ မဟဝံ့ပေ။ ဦးကျော်ထွန်းသည် မိကျောင်း ကြီးဟူသော နာမည်နှင့်လိုက်အောင်ပင် မိကျောင်းတစ်ကောင်နှယ် ရက်စက်ကြမ်းကြုတ်လှကြောင်း သူတို့ ကောင်းစွာ သိထားကြသည်။ မိကျောင်းဟူသည် အစာအဟာရဖြစ်မည့် သားကောင်ကိုမြင်လျှင် ရှိသည့်ခွန်အားဖြင့် တိုက်ခိုက်အနိုင်ယူမည်။ ပြီးလျှင် လျှာမရှိသည့် အလျောက် အရသာခံဖို့ပင် မစဉ်းစားဘဲ အတုံးလိုက်၊ အတစ်လိုက် မျိုချမည်သာ ဖြစ်သည်။ စကားများ၍ လျှာရှည်သူများအား မိကျောင်း၊ မိကျောင်းသား စသည်ဖြင့် ခေါ်ဝေါ်ကြခြင်းမှာ တကယ်တော့ ရွဲ့ပြော ကြခြင်းသာ ဖြစ်သည်။

မိကျောင်းတွင် လျှာမရှိပေ။

စုချစ်သည် မိကျောင်းကြီးအား တယုတယပင် ပြုစုနေသည်။ ခြင်ဆေးခွေက အငွေ့တထောင်းထောင်းထနေသည့်တိုင် ခြင်တွေက တဝီဝီ ကိုက်လျက်ရှိရာ ဦးကျော်ထွန်း အလိုမကျ ဖြစ်ရတော့သည်။

"ခြင်တွေကလဲကွာ။ အဲဒါကြောင့် ငါ မင်းတို့ဆီမှာ မအိပ်ချင်တာ"

စုချစ်က ခြင်တွေကို ယပ်ခပ်ပေးနေသည်။ ဦးအောင်က တပည့်တစ်ယောက်အား ခြင်ဆေးခွေ နောက်တစ်ခွေ လာထွန်းပေးဖို့ အော်ပြောနေသည်။

"လုယဉ်ဆင့်ကိုတော့ ငါက ခေါက်ပစ်လိုက်ပြီ။ ဒီကောင်မက တော်တော်ရှုပ်တာပဲ။ မင့်သားတော့ အသည်းကွဲသွားမှာပေါ့"

ဦးအောင် ပြာပြာသလဲ ဖြစ်သွားသည်။

"ကျွန်တော့်သားက မလိမ်မိုး မလိမ်မာပါ ဆရာ"

"မင့်သား အပြစ်မဟုတ်ပါဘူး။ ဒီကောင်မ အပြစ်ပါ။ ခနိုပင်က ကောင်လေးတစ်ယောက်ကိုလဲ သွားရှုပ်သေးတယ်ဆို။ အဲဒါ ... ဘယ်ကကောင်လဲ"

"ခနိုပင်က ကိုပုရဲ့ သားလေးပါ"

"ကိုပု ... ဘယ်ကိုပုလဲ ..."

"မထွေးနဲ့ရတဲ့ ကိုပုပါ"

ဦးကျော်ထွန်းက တဟားဟား ရယ်သည်။

"မင်းရဲ့ ရည်းစားလုဘက်ကိုး"

"ဒါတွေ ပြီးသွားပါပြီ ဆရာ"

ဦးအောင်က ပြာပြာသလဲ ပြောသည်။

"ဘယ်ပြီးမလဲ မောင်အောင်ရဲ့။ ဘယ်တော့မှ မပြီးရဘူး"

ဦးကျော်ထွန်း၏အသံက ကြောက်မက်ဖွယ်ကောင်းသည်။

"ဒါဟာ ရာဇဝင်ကြွေးတွေကွ။ မင်းတို့ ငါတို့ရဲ့ အဖိုး အဖွားတွေ လက်ထက်ကတည်းက ရာဇဝင်ကြွေးတွေ။ ဒါကို ဘယ်သူ့လက်ထက်မှာ ဆပ်ရမှာလဲ"

ဦးအောင်နှင့် ဦးစောတင်တို့နှစ်ယောက်သည် ဦးကျော်ထွန်းအား နားမလည်နိုင်စွာ မော့ကြည့်နေကြသည်။ သူတို့နှစ်ယောက် အနေနှင့် ယခုအချိန်တွင် မည်သည့်အရာကိုမျှ နားလည်နိုင်စွမ်း မရှိကြ။ ဦးစောတင်သည် မိမိ၏အလှူကိစ္စကိုသာ စိတ်ဝင်စားနေပြီး





ဦးအောင်သည်လည်း ဦးကျော်ထွန်း၏ရှေ့မှောက်သို့ ရောက်နေသူပီပီ ပတ်သက်ရာ ပတ်သက်ရာ စီးပွားရေးလုပ်ငန်းများကိုသာ စိတ်ဝင်စားလေသည်။

ဦးကျော်ထွန်းကို ကြည့်ရသည်မှာ သူ့နံဘေး အရက်ငှဲ၊ အမြည်းခွံ့နှင့် ပြုစုနေရှာသော စုချစ်ကိုပင်လျှင် သူတို့နှစ်ယောက်လောက် စိတ်ဝင်စားပုံ မရပေ။

"မင်းတို့ မြစ်ဝကျွန်းပေါ်အကြောင်း ဘယ်လောက်သိကြသလဲ"

"ခင်ဗျာ"

စုချစ်၏ ရှိက်ဖိုကြီးငယ် အသွယ်သွယ်ကို သူမ လှုပ်ရှားသ၍ လိုက်လံငေးမောနေသော ဦးအောင်သည် လန့်ဖျတ်ပြီး ရေရွတ်မိသည်။ ဦးစောတင်ကား ဦးကျော်ထွန်းနှင့် ဆက်တီတစ်စုံတည်းတွင် ထိုင်နေရသော်လည်း ရိုကျိုးစွာ ခစားနေရသော ငယ်ကျွန်တစ်ဦးပမာ ...

"အေးလေ ... မင်းတို့က အသက်လေးဆယ်တန်းကျော် ရှိကြမယ်။ ငါက မင်းတို့ထက်ကြီးရင် ဆယ်နှစ်ပေါ့။ ငါးဆယ်တန်း ပေါ့ကွာ။ ဒါပေမယ့် ငါက ငါ့ကိုယ်ငါ အသက် (၁၆) နှစ်ထက် ကြီးတယ်လို့ မထင်ဘူးနော်။ မင်းတို့ရော ဘယ်လိုထင်လဲ"

"ခင်ဗျာ"

ဦးအောင်က ဖျတ်လတ်စွာ မတုံ့ပြန်နိုင်သော်လည်း...

"အစ်ကိုကြီးကိုတော့ ဘယ်သူက မှီမှာလဲ။ အစ်ကိုကြီးက အမြဲ နုပျိုနေတာကို။ ကျွန်တော်တို့နဲ့ယှဉ်ရင်တောင် ကျွန်တော်တို့က အဖိုးကြီး အထင်ခံနေရပြီ။ အစ်ကိုကြီးကတော့ သွက်လက်ဖျတ်လတ်ပြီး နုနေတာပဲ"

"လူငယ်ခြေသွက်ကလေးပေါ့ကွာ"

ဦးကျော်ထွန်းသည် ဦးစောတင်၏ မြှောက်ပင့်၍ ဖော်လံဖားလိုက်သောစကားကို လွန်စွာမှပင် သဘောကျသွားပြီး တဝါးဝါး တဟားဟား ရယ်မောလေတော့၏။ စုချစ်က အမြည်းကို တူကလေးနှင့်ညှပ်ပြီး ဦးကျော်ထွန်းရယ်ပြီးသည်အထိ အပြုံးကလေးဝင့်ကာ

စောင့်သည်။ ဦးကျော်ထွန်းအရယ်ရပ်မှ အမြည်းကို ခွန့်သည်။ အမြည်းကို ဝါး၍ ကြေညက်လောက်မှ အရက်ခွက်ကို ကမ်းပေးသည်။

"တောမှာသောက်ရလို့ ဖီလင်က အောက်မယ်ထင်တာ ဟော့။ လျှော့ပင်မှာလဲ အိုကေပါပဲလား။ နောက် ငါ မော်လမြိုင်ကျွန်းကနေဆင်းရင် ရာဆူဒိုင်မြစ်ကနေ မြင်းကကုန်းမြစ်ထဲ ဆက်ဆင်းမယ်။ ညောင်ပေါက်ဘက်နေ ရောဝတီထဲဝင်ရတာ ပျော်စရာမကောင်းဘူး။ မြင်းကကုန်းမြစ်ကနေ နတ်မှူးတို့၊ သံကန်တို့နားကနေ မြစ်ကလေးဘက်ကိုဆင်းရင် ရေက ကျဉ်းတယ်ကွ။ သပြုချောင်းအတိုင်းဆင်းပြီး ကုလားရိုက်ချောင်းက ကျွန်းပြသဒ်ထဲ ဝင်လိုက်ရင်လဲ ရောဝတီထဲ ရောက်တာပဲ။ ဒါကတော့ အခြေအနေအရပေါ့။ မော်လမြိုင်ကျွန်းကနေ ဘယ်လိုထွက်ထွက် နာရီဝက်ဆိုရင် ရောဝတီထဲ ရောက်တာပါပဲ"

ဦးကျော်ထွန်းကား မြစ်ချောင်းပေါင်း ရာနှင့်ချီ၍ရှိနေပြီး အလွန်တစ်ရာမှပင် ရှုပ်ထွေးလှသော ရောဝတီ မြစ်ဝကျွန်းပေါ်ဒေသကြီးကို ကျွမ်းကျင်လှသူဖြစ်လေ၏။

"မြစ်ဝကျွန်းပေါ်မှာ မြစ်တွေအားလုံး မြောက်ကတောင်ကို စီးတယ်မထင်ကြနဲ့ဟော့။ အရှေ့ကနေ အနောက်၊ အနောက်ကနေ အရှေ့ ကန့်လန့်ဖြတ် စီးနေတာတွေလဲ ရှိတယ်။ တောင်ကနေ မြောက်ဆန်တာလေးတွေလဲ ရှာနိုင်ရင် တွေ့တယ်ကွ။ တစ်ချို့မြို့တွေအားလုံး တကယ်တော့ ကျွန်းတွေပါပဲ။ အေး ... တစ်ခုရှိတယ်။ မြစ်ဝကျွန်းပေါ်က ရေပေါ်တယ်။ မြေသြဇာ ကောင်းတယ်။ အားလုံးတော့ မဟုတ်ဘူးနော်။ ဟိုင်းကြီးကျွန်း နဲ့ မြင်ခရိုင် ဘက်က ပုသိမ်မြစ်နဲ့ ပမ္မဝတီမြစ်က ရေကြည်တယ်။ ဒါပေမယ့် ရေငံဝင်တယ်။ ပြင်စလူကျွန်းလေးကတော့ ထူးခြားမယ့်နေရာပဲ။ ရောဝတီမြစ်ဝဆိုတာနဲ့ အထင်ကြီးမနေနဲ့။ ရောဝတီမြစ်ဟာ တစ်ချို့နေရာတွေမှာ တစ်ခြားမြစ်တွေလောက် မကျယ်ဘူး။ မကြီးဘူးကွ။ မော်လမြိုင်ကျွန်းနဲ့ ဘိုကလေးကြားက ဖြတ်စီးလာတဲ့ ရောဝတီမြစ်ဟာ ချောင်းသာသာပဲ ရှိတယ်။ ငါပြောချင်တာက ရောဆိုတိုင်း အထင်ကြီးစရာ မလိုဘူးကွ"





ဦးအောင်နှင့် ဦးစောတင်သည် ဦးကျော်ထွန်းက တောင်စဉ်ရေမရ လျှောက်ပြောသော ရောဝတီတရားကို နားကြားရင်း သောက်ဆိုသောက်ကြရသည်။ ခွက်ချင်းတိုက်ကြရအောင်ဆိုလျှင် ချွင်ကနဲနေအောင် ချီးယား(စ်) လုပ်ကြရ၏။

သူတို့သည် စကားအပို မပြောဝံ့ကြ။ ပြောဆိုမှ အသံထွက်ဝံ့သည်။ ထိုင်ဆိုထိုင်၊ ထဆိုထ တပည့်ရင်းများ ...။

"ငါပြောချင်တာက ရာဇဝင်။ ဒီရာဇဝင်က ရေးထားတာရှိချင်လဲ ရှိမယ်။ ဟိုး အင်္ဂလိပ်ခေတ်က ဦးဖိုးလူဆိုတာ တကယ့်လူပေါ့ကွာ။ မြောင်းမြခရိုင်နဲ့ ဖျာပုံခရိုင် နှစ်ခရိုင်ခွပြီး ပိုင်လိုက်တဲ့လယ်တွေဆိုတာ ဧက ထောင်နဲ့ချီတယ်။ ဟိုနားတစ်ထောင်၊ ဒီနားတစ်ထောင်၊ မော်လမြိုင်ကျွန်းနဲ့ ဘိုကလေးဘက်မှာ, သူ့လယ်တွေ လက်ညှိုးထိုးမလွဲဘူး"

ဦးအောင်နှင့် ဦးစောတင်ကား အရက်ခွက်ကိုယ်စီကိုင်ကာ မလှုပ်မယှက် ...။ မွှေးကြိုင်သော ရနံ့လေးတွေ တသင်းသင်းနှင့် ညင်သာစွာ လှုပ်ရှားယိမ်းနွဲ့နေသူလေးက စုချစ် ...။ ဦးကျော်ထွန်းကို သီးခြားဧည့်ခံရမည်။ အထူးဧည့်ဆောင် (သူတို့အခေါ် ဘိုတဲ) ပေါ်တွင် မင်းမူနေတာက စုချစ်၏အလှတွေဟု ဆိုရမလား ...။

စုချစ်၏ ကြိုးသေး၊ လည်ဟိုက်၊ ခါးတိုအကျီ အနက်ရောင်လေးမှာ ပိုးသားလို ပျော့ပျောင်းနူးညံ့လှသည်။ အထဲမှာ ဘာခံဝတ်ထားသလဲ မည်သူမျှ အတိအကျ မပြောနိုင်။ စုချစ်၏ လစ်ဟာနေသော အလယ်ပိုင်းသည် တောက်ပဝင်းလက်နေသည်။ အထက်အောက်ဆင်တူ ဝတ်ထားသော်လည်း အနက်ရောင်သည် အရာရာကို အမှောင်ချနိုင်ခြင်းငှာ မစွမ်းသာ။ ဦးအောင်နှင့် ဦးစောတင်သည် ချစ်စရာကောင်းသော စုချစ်၏ အလှအပနှင့် ဦးကျော်ထွန်း၏ စိတ်ဝင်စားစရာမကောင်းသော ရာဇဝင် ...။ မည်သည့်အရာကို စိတ်ဝင်စားရမည် မပြောတတ်။

"အဲဒီ ဦးဖိုးလူဆိုတာ မင်းတို့တွေရဲ့ အဖိုးပဲ။ အေး ... ငါ့အဖိုးလို့ပြောရင်လဲ ရတယ်ကွ။ မောင်အောင်ရထားတဲ့ ဓားကြီးက

ငါတို့အဖိုးပစ္စည်း။ မောင်စောတင်ရထားတဲ့ စလွယ်က သူ့စလွယ်။ ငါတို့အဖိုးနဲ့ ဘယ်လို ဆွေမျိုးစပ်မလဲ မမေးနဲ့။ ငါတို့ အဖိုးလူကလဲ မိန်းမက ခပ်များများလေ။ ငါ့လိုပေါ့ကွာ"

ဦးကျော်ထွန်းက ရယ်မောသောအခါ အားလုံး ရောရောင် ရယ်မောရသည်။ ဦးကျော်ထွန်း၏ မျက်နှာပေါ်တွင် ဖုထစ်နေသော ဖြုတ်တွေက ချွေးစေးတွေပြန်လာသဖြင့် စုချစ်က စန္ဒီးတာဝါဖြင့် တယုတယ သုတ်ပေးရသည်။

"အေး ... ငါ့အဖိုးခြေရာ နင်းတာလဲ ငါပဲရှိတာပါ။ မင်းတို့က ဖွတ်ကြား။ ဒီမှာ ... ငါတို့အဖိုး ... မင်းတို့အဖိုးက အင်္ဂလိပ်လက်ထက်မှာ စစ်မဖြစ်ခင်ကတည်းက ကေအက်(စ်)အမ်(မ်)ဘွဲ့ ရခဲ့တာကွ ...။"

" K.S.M "

ဦးစောတင် ရေရွတ်မိသည်။

"ငါတို့အဖိုးဟာ 'ကျက်သရေဆောင် ရွှေစလွယ်ရမင်း' ပဲ။ ရှေးဘုရင်တွေလက်ထက်ဆိုရင် နယ်စားပေါ့ကွာ။ အဲဒီခေတ်က နည်းတဲ့ ဂုဏ်ကျက်သရေလားကွာ။ ဒါပေမယ့် အဲဒီခေတ်ကတည်းက အတိုက်အခံဆိုတာ ရှိတယ်။ တစ်နယ်လုံးက လယ်သမားတွေဆိုတာ အားလုံး ကျိုးနွံတယ်။ ပိပြားနေတာပဲ။ ဒါပေမယ့် ဦးဘတူဆိုတာက နိုင်ငံရေးသမားပေါ့ကွာ။ သူတို့ပြောသလိုဆိုရင် တော်လှန်ရေးသမား ပေါ့"

"တော်လှန်ရေးသမား"

ဦးအောင်က အလွန့်တကြားဟန်ဖြင့် ရေရွတ်သည်။

"အဲဒီတုန်းက မာ့(ခ်စ်) တို့၊ လီနင်တို့ မတောက်တခေါက် စာဖတ်တဲ့လူတွေက သူတို့ကိုယ်သူတို့ တော်လှန်ရေးသမားတဲ့။ ပြောရရင် ကွန်မြူနစ်ပေါ့ကွာ။ ကွန်မြူနစ်ပြောပြီး တကယ့်တကယ် ကျတော့ ဂျပန်သွားခေါ်လာကြတယ်"

"ရဲဘော်သုံးကျိပ်ကို ပြောတာလား အစ်ကိုကြီး"

ဦးစောတင်က မေးသည်။





"သမိုင်းအကြောင်းတွေ ချိုးပြီး ငါ မပြောဘူး။ ငါတို့အမျိုးထဲမှာ ဦးဖိုးလူက သူကြီးမျိုး။ မြို့အုပ်မျိုးပေါ့ကွာ။ ရာဇဝတ်အုပ်လဲ ရှိတယ်။ အင်္ဂလိပ်ရိုင်ဖယ်(လ်)တပ်မှာ စစ်မှုထမ်းတဲ့ စစ်ဗိုလ်တွေလဲ ရှိတယ်။ ဦးဘတူတို့က ဘီအိုင်အေဆိုပြီး ဝင်လာတော့ အင်္ဂလိပ် နောက်ချန်တပ်တွေနဲ့ ချကြတာပေါ့ကွာ။ အဲဒီနောက်မှာ ဦးဖိုးလူရဲ့ ရိုးရိုးသားသားအုပ်စုနဲ့ ဦးဘတူရဲ့ တော်လှန်ရေးသမားယောင်ယောင်၊ ဓားပြယောင်ယောင်တွေ ချကြတာပေါ့။ နိုင်ငံရေးပြဿနာက လူကြီးတွေရှင်းလို့ ပြီးပါပြီ။ ဒါပေမယ့် ဆွေမျိုးစုအလိုက် ပြဿနာက မရှင်းဘူး။ လွတ်လပ်ရေးရတော့လဲ ဦးဘတူတို့က လက်ဝဲပေါ့ကွာ။ ငါတို့အဖိုး ဦးဖိုးလူကို နယ်ချဲ့လက်ကိုင်တုတ်တို့ ဘာတို့ စွပ်စွဲတာပေါ့။ အဆိုးဆုံးက ၁၉၆၂ ခုနှစ်နောက်ပိုင်းပဲ။ ငါကတော့ လူဖြစ်ပြီ။ မင်းတို့က မမွေးခင်။ ဘာကြာမလဲကွာ။ တစ်နှစ် နှစ်နှစ်ပဲ ကြာမယ်ထင်တယ်။ ငါတို့အဖိုး ဦးဖိုးလူ ချမ်းသာသမျှ ပြည်သူပိုင် အသိမ်းခံရတော့တာပဲ။ ဦးဘတူက ပြည်သူ့ခရိုင်တာဝန်ခံဆိုပြီး ထလုပ်တာ။ ငါ မှတ်မိတယ်။ အဲဒီကတည်းက အငြိုးပဲ"

"အဲဒီအငြိုးက ကျွန်တော်တို့အထိ ဆက်နေတာလား"

ဦးစောတင်က မသိနားမလည်ဟန်ဖြင့် မေးသည်။ ဦးကျော်ထွန်းသည် ဆာလောင်မွတ်သိပ်နေသော မိကျောင်းကြီး တစ်ကောင်ကဲ့သို့ မာန်ဖီလိုက်သည်။ ထူထဲတွန့်လိန်နေသော မျက်ခုံးများနှင့် ပျော့တွဲအိကျနေသော မျက်ခွံများ၏အောက်မှ မျက်လုံးများက နီရဲလာသည်။ ပြားနေသော နှာတန်အောက်မှ နှာခေါင်းပေါက်တွေက အပေါ်သို့ လန်နေသဖြင့် ပေါ်လွင်ထင်ရှားလှသည်။

"မင်းဟာ တုံးပဲ စောတင်။ ငါ့အဖိုးက ဦးဘတူရဲ့ မျိုးဆက်တွေကို အပြတ်ရှင်းရမယ်လို့ မှာတယ်။ ငါ့အဖေကလဲ ဒီအတိုင်း ဆက်မှာတယ်။ မင်းတို့အဖေတွေကရော ဒီအတိုင်း မမှာဘူးလားကွ။ ချိုးမှပဲ ...။

ဦးကျော်ထွန်းက မကြားဝံ့ မနာသာ အယုတ္တအနတ္တတွေကို ဆဲလိုက်ရာ စုချစ်က တသိမ့်သိမ့်ရယ်မောခြင်းဖြင့် တင်းမာမှုများကို ဖြေဖျောက်ပေးလိုက်သည်။

"မှတ်ထား ...။ အခု ဒီလျှော်ပင်ကရော၊ ရောကိုပါ စွန့်ခွာပြီး ကြောက်ပြေးပြေးတဲ့ ဓနိပင်က ပေဆိုတာဟာ ဦးဘတူရဲ့ မြေးပဲကွ ..."

ဦးအောင်က ခေါင်းတညိတ်ညိတ် လုပ်သည်။

"ကျွန်တော့်သားနဲ့ရန်ဖြစ်တာ အဲဒီ ပေရဲ့သားပဲ"

ဦးကျော်ထွန်းက တဝါးဝါး ရယ်ပြန်သည်။

"မင့်သား တိုင်းအောင်နဲ့ ပေရဲ့သား ဖိုးမောင်နဲ့ ငြိကုန်ကြတယ် မဟုတ်လား။ အဲဒါ လူယဉ်ဆင့်လေး တော်လို့ပေါ့ကွာ။ ဒါပေမယ့် တစ်ခုတော့ရှိတယ်။ ဒီကောင်မက ငါ့အပေါ် သစ္စာမရှိဘူး။ မင့်သားကို မေးလိုက်။ သူ သဘောကျတယ်ဆိုရင် ..."

ဦးအောင်သည် ရိုကျိုးစွာ ဦးညွှတ်၍ ...

"ကျွန်တော့်သားက အရူးပါ အစ်ကိုကြီး။ ဘာမှလဲ အဖြစ်မရှိပါဘူး။ ဘာမှလဲ မပတ်သက်ပါဘူး။ ဒီကိစ္စနဲ့ပတ်သက်ပြီး အစ်ကိုကြီး စိတ်အနှောင့်အယှက် မဖြစ်ပါနဲ့"

ဦးအောင်သည် သူ၏သားနှင့် ဦးကျော်ထွန်း၏ အပျော်မယားတစ်ဦး ပတ်သက်ဆက်နွှယ်နေရမှာကို မည်သို့မျှ မလိုလားနိုင်ပေ။ အထူးသဖြင့် သူသည် ဦးကျော်ထွန်း၏ ငြိုပြင်မှုကို မည်သို့မျှ ခံယူနိုင်စွမ်း မရှိပါလေ။

"ဒါပဲ ကိုယ့်လူတို့။ လူတိုင်း ဒီကိစ္စကို မသိကြပါဘူး။ ဒါပေမယ့် ဒီနေရာ ဒီဒေသမှာ ဆွေမျိုးစုကြီးနှစ်ခုဟာ ပြိုင်ဘက်ဖြစ်နေတယ်။ ဘိုကလေးတို့၊ မော်လမြိုင်ကျွန်းတို့မှာ ဒီအကြောင်းတွေသွားပြော။ ဘယ်သူမှ မမှတ်မိတော့ဘူး။ တစ်ချို့လဲ နီးစပ်ရာ နီးစပ်ရာ ပြေလည်ပြီး အဆင်ပြေပြေ နေသွားကြတာလဲ ရှိတာပေါ့ကွာ။ အေး ... ဒီတောင်ပိုင်းပင်လယ်နဲ့နီးတဲ့ နေရာတွေမှာတော့ အဲဒီတိုက်ပွဲက ကျန်သေးတယ်။ ဒါတောင် ငါ မနည်းရှင်းခဲ့လို့။ ငါ့အဖေတို့





လက်ထက်တုန်းက ယိုးဒယားကနေဝင်ပြီး ထော်ပိုင်ကိုဝင်သိမ်းထားတာ။ စစ်တပ်ကသိသွားလို့ ခံလိုက်ရတယ်။ ၁၉၉၀ ပြည့်နှစ် နောက်ပိုင်းမှာလဲ ငါတို့လူတွေ ဝင်လာလိုက်တာ ဘိုကလေးတောင်ပိုင်းမှာ တော်တော်ပြည့်နေပြီ။ ရဲတွေလာတော့တောင် (၂၆) ယောက်စလုံး ရှင်းပစ်ခဲ့တာ။ ပေတို့လူစုက တပ်မ(၁၁)နဲ့ပေါင်းပြီး မုန်တိုင်းစစ်ဆင်ရေးဆိုပြီး လုပ်လို့ အကြီးအကျယ် ဆုံးရှုံးခဲ့ရတယ်။ ဒီနောက်ပိုင်း ငါလဲ တစ်ယောက်စ နှစ်ယောက်စ ရှင်းနေတာပဲ။ မင်းတို့ခွင်ထဲမှာ ပေရဲ့ ဓနိပင်ဟာ ပစ်မှတ်ပဲကွ ...။"

ဦးစောတင်နှင့် ဦးအောင်မှာ ဦးကျော်ထွန်း၏ စကားများကို နားထောင်ရင်း ယုံရအခက် မယုံရအခက် ဖြစ်နေကြသည်။ ဦးစောတင်ကား ဦးကျော်ထွန်း အရက်မူးပြီး လျှောက်ပြောနေသည်ဟု ယူဆသည်။ ဦးအောင်မှာမူ သူနှင့် ဦးပုတို့ ဘိုကလေးတွင်ကျောင်းနေရင်း ဒေါ်ထွေးကို ရည်းစားလုဘက်ဖြစ်ခဲ့ရသည်ကို သတိရလာသည်။ ဒေါ်ထွေးသည် သူ့ကို မချစ်။ သူ့ထက်နွမ်းပါးသော ဦးပုကို ရွေးချယ်သွားခဲ့သည်။ ဤ အငြိုးအခဲသည် ယခုအချိန်တွင် ကြီးမားလှသည်ဟု မဆိုသာနိုင်တော့ပေမယ့်လည်း သွေးဆူလာချိန်တွင်ကား စနက်တန်လေး တစ်ခုနှယ်ပင်။

"ထားပါကွာ။ ဒါတွေက ဦးနှောက်စားစရာတွေပါ။ ရောက်တုန်းရောက်ခိုက် ပျော်ပျော်ပါးပါးပေါ့"

ဦးကျော်ထွန်းသည် ပုဇွန်ထုပ်ကြီးများအား ရှလကာရည်၊ ငံပြာရည်နှင့် ချင်း၊ ကြက်သွန်ဖြူထောင်း၍ နယ်ပြီး လတ်လတ်ဆတ်ဆတ် ကင်စားရသည်ကို အရသာတွေ့နေသည်။ ငါးရှဥ့်အစိုကို အရိုးလုံးဝ ရှာမတွေ့အောင်နှပ်ပြီး ရှမ်းနံ့နံ့အုပ်၍ မဆလာ၊ ဇီယာနိုင်နိုင်ဖြင့် ချက်ထားတာကိုလည်း သဘောကျသည်။

"အေး ... မင်းတို့လျှော်ပင်မှာ ဘယ်သူ အလှဆုံးလဲကွ"

ရုတ်တရက် ကောက်ခါငင်ကာ မေးလိုက်သော ဦးကျော်ထွန်း၏မေးခွန်းကို ဦးအောင်ရော၊ ဦးစောတင်ပါ မည်သို့ပြန်ဖြေရမှန်းမသိဘဲ ကြောင်အမ်းအမ်း ဖြစ်နေကြသည်။

"မင်းတို့ သီချင်း မကြားဖူးဘူးလား။ ဟောဒီရွာ တစ်ရွာလုံး ဒီသူငယ်မ အလှဆုံးဖြစ်ပေမယ်။ ကျေးတောရွာတစ်ရွာလုံး ဒီသူငယ်မပင် အလှဆုံးဖြစ်ပေမယ်"

ဦးကျော်ထွန်း၏ စည်းမကျ ဝါးမကျ သီဆိုသံကြီးက လျှော်ပင်၏ သာယာလှသော ညကို အကျည်းတန်စေသည်။ ရောဝတီမြစ်ဘက်မှ ပျံသန်းလာသော တစ်တီတူးငှက်၏ အော်မြည်သံက ဦးကျော်ထွန်းကို ကန့်ကွက်သည်။

"ဦးဟာလဲ"

ဆည်းလည်းသံလေး ထွက်ပေါ်လာသည်။

စုချစ် ...။

ဦးအောင်တင်ရော၊ ဦးစောတင်ပါ စုချစ်ကို အားကိုးတကြီး လှမ်းကြည့်မိကြသည်။

"ဦးကလဲ ...။ ဒီရွာတစ်ရွာလုံးမှာ စုချစ်ကလွဲပြီး ဘယ်သူများ ပိုလှဦးမှာတဲ့လဲ။ ဒီရွာမှာ စုချစ် အလှဆုံးပေါ့။ ဟုတ်ဘူးလား"

စုချစ်က ဦးကျော်ထွန်း၏လည်ပင်းကို ခိုစီးပြီး ခရာတာတာနှင့် ညုလိုက်သည်။ စုချစ်၏ နှာစေးနေသူတစ်ဦးက ပြောသောလေသံမျိုးသည် အစွမ်းထက်လှချေ၏။

"ဟေ ...ဟုတ်သားပဲ။ ကြည့်စမ်း ...ကြည့်စမ်း။ ငါ့ရှေ့မှာ လျှော်ပင်ရဲ့ အလှပဂေးတစ်ယောက် ရှိနေတာကို ငါ သတိမထားမိဘဲကိုး ..."

ဦးအောင် စိတ်ချသွားသည်။ ဦးစောတင်ကို မျက်စပစ်ပြသည်။ သူတို့ သွားချိန်တန်ပြီ။

ဦးစောတင်ကား ဘုရားတနေမိသည်။

ဦးကျော်ထွန်း၏ 'လျှော်ပင်ရဲ့ အလှပဂေး' ဆိုသည့် အသံကမှ သူ့ရင်ထဲတွင် ပဲ့တင်ထပ်ပြီး ဗလောင်ဆူနေလေပြီ။ သူသည် အရက်ဝိုင်းကို မြန်မြန်သိမ်းနိုင်အောင် ပြင်ရလေသည်။ စုချစ်က ဦးကျော်ထွန်းကို အစွမ်းကုန် ညုနေပြီ။ သူတို့ရှေ့မှာပင် မရှက်။ ဤအချိန်တွင် ပွဲသိမ်းရလျှင် အကောင်းဆုံးပင် ...။





သို့သော် ...

"ကိုစောတင်"

မမြနွယ်အသံမှာ တကယ့်ကို ငှက်ဆိုးထိုးသံ။ မမြနွယ်သည် အလိုက်ကန်းဆိုး မသိ။ အိမ်ပေါ်တက်လာသည်။ နောက်မှာက .. နောက်မှာက ... သူ့သမီးလေး ... တစ်ဦးတည်းသော သမီးလေး ... ပဂေး ...ပဂေး။

"နင် ... နင် ... ဘာလာလုပ်တာလဲ"

ဦးစောတင်က အထစ်ထစ် အငေါ့ငေါ့နှင့် မေးသည်။

"ဘာလာလုပ်ရမှာလဲ။ တော်တို့ပဲ အစ်ကိုကြီးအတွက် ဘဲတစ်ကောင်ပေါင်းဆို။ အဲဒါ ပို့နိုင်းမလို့ဟာ။ ဒီကောင်မ ပဂေးလေဘယ် အလေလိုက်နေမှန်း မသိဘူး။ အခုမှ ခေါ်လာရတာ"

မမြနွယ်ကား နာမည်နှင့်လိုက်အောင် နုနယ်သူမဟုတ်။ လျှာကြမ်း အာကြမ်းနှင့် ပြောတော့၏။ ဦးစောတင်က သူ့မိန်းမကို ကြိတ်၍ ကျိန်ဆဲလိုက်သည်။

"ထားခဲ့။ ထားခဲ့။ ထားခဲ့ပြီး မြန်မြန်သွား"

ဦးစောတင်က ခပ်ဆတ်ဆတ် ပြောသည်။

"အို ... သေသေချာချာ ပြင်ပေးခဲ့မှပေါ့"

"ထားခဲ့ဆို ထားခဲ့ဟာ။ ဒီမှာ ပြင်ပေးမယ့်သူ ရှိတယ်"

"အံမာ ...သူကလေးက ဘယ်သူတုန်း"

မိကျောင်းကြီးတစ်ကောင်၏ မာန်ဖီသံကြောင့် ဦးစောတင် တုန်လှုပ်သွားသည်။

"ကျွန်မတို့ ... သမီးလေ အစ်ကိုကြီးရဲ့"

မမြနွယ်က ဂုဏ်ယူဝင့်ကြွားသောလေသံနှင့် ဖြေသည်။ ဦးကျော်ထွန်း၏ မျက်လုံးများက ပဂေး၏ကိုယ်ခန္ဓာလေးပေါ်တွင် ခြေဆုံးခေါင်းဆုံး ပြေးလွှားကျက်စားနေလေပြီ။ ဦးစောတင်သည် မမြနွယ်လက်ထဲမှ ဘဲပေါင်းဇလုံကြီးကို ခပ်ဆောင့်ဆောင့် ယူရင်း ဦးကျော်ထွန်းကို ကျောခိုင်းလျက် မမြနွယ်အား မီးဝင်းဝင်းတောက်သော

မျက်ဆုံးများဖြင့် ကြည့်သည်။ ပဂေးကား ဘဲသွေးနှင့် အသည်းအမြစ်ကြော်ကို ကိုင်၍ မလှုပ်မယှက် ရပ်နေသည်။

''ဟယ် ... ကြည့်စမ်း။ ထွားလာလိုက်တာ၊ အဖိုးကြီးဖားဖားကို ဖြစ်လို့''

ဦးကျော်ထွန်း၏ ဆတ်ဖလစ်ပိုးထိထားသော နှာခေါင်းပွပွကြီးက နီရဲ၍နေသည်။

''ဘယ်နှတန်းရှိပြီလဲ''

''ဆယ်''

မမြနွယ်မဖြေမီ ဦးစောတင်က ကြားဖြတ်၍ ဖြေလိုက်သည်။

''ရှစ်တန်းပါ ခင်ဗျာ''

ဦးစောတင်သည် ပဂေးလက်ထဲမှ ပန်းကန်ကိုပါယူ၍ ဦးကျော်ထွန်းဘေးတွင် နေရာချထားလိုက်သည်။

''ဘယ်ကျောင်းမှာနေလဲ။ ဘိုကလေးမှာ လာနေပါလား။ ငါ ထုစ်ယောက်လုံး ရှိနေတာပဲ''

''ဘိုကလေးမှာ နေတာပါပဲရှင့်''

မမြနွယ်က ယခုတစ်ခါ ဦးအောင်ဖြေသည်။

''ကျွန်တော်လဲ အလှူကိစ္စလေး၊ ဘာလေး စီစဉ်လိုက်ဦးမယ် အစ်ကိုကြီး''

''ဩော် ... အေး ... အေး''

ဦးစောတင်သည် ဇနီးဖြစ်သူ မမြနွယ်နှင့် သမီးဖြစ်သူ ပဂေးတို့ သိမ်းရုံးဆွဲခေါ်၍ ဘိုတဲပေါ်မှ ဆင်းချလာသည်။ ဦးအောင်ကား ဦးကျော်ထွန်းနှင့်အတူ သောက်စားရန် ကျန်ခဲ့သည်။

''မောင်စောတင်သမီးလေးက မဆိုးဘူး မောင်အောင်ရေ။ ဗိုဒီယိုရိုက်ရင်တောင် ရတယ်ကွ''

ဦးစောတင် ဦးကျော်ထွန်း၏အသံကို သဲ့သဲ့ ကြားလိုက်ရသည်။





''တွေ့လား။ ကျုပ်တို့သမီးလေးကို ချီးမွမ်းနေတာ''

''အဲဒါ အကောင်းချီးမွမ်းနေတာ မဟုတ်ဘူး။ နင်တော်တော် အသုံးမကျတဲ့ မိန်းမ။ သူ့အကြောင်း နင်မသိဘူးလား''

ဦးကျော်ထွန်းနှင့် ဦးအောင်တို့၏ရယ်သံ ဝါးကနဲ ထွက်ပေါ်လာပြန်သည်။ ယခုတစ်ခါ စုချစ်၏ရယ်သံ လွင်လွင်လေးပါ ရောစွက်၍ နေသည်။

''တော်က ကျေးဇူးရှင်ကို ပြစ်မှားနေပြန်ပြီ။ ကျွန်မတို့ သူ့ငွေတွေနဲ့ပဲ လည်ပတ်နေရတာ မဟုတ်လား''

''အေး ... အဲဒီငွေတွေထဲက ရှန်းထွက်ရမယ်။ နားလည်လား''

''ဘာဖြစ်လို့လဲ''

''တယ်လေ ... ငါ ကလေးရှေ့မှာ မပြောချင်ဘူး။ ဒီလူကြီးက ကောင်းတာမဟုတ်ဘူးနော်၊ ပဂေး ... ဒီမှာ နင် ဘယ်တော့မှ ဒီလူကြီး အမြင်မခံနဲ့''

''ဘာဖြစ်လို့လဲဆို''

မမြနွယ်က မရမက မေးပြန်ပြီ။

''နှာဘူးကြီးဟ''

အားလုံး တိတ်သွားသည်။

ပဂေးရင်ထဲမှာ ထိတ်သွားသည်။

မိကျောင်းကြီးကား သားကောင်ကို မြင်သွားပြီလား မသိ။ မိကျောင်းတို့မည်သည် သားကောင်ကို အလွတ်ပေးရိုး ထုံးစံမရှိ။ ပဂေးသည် ဦးကျော်ထွန်း၏ မျက်နှာကြီးကို မြင်ယောင်ပြီး အော့နှလုံးနာလာသည်။

ဆံပင်တွေက ပြားကပ်ပြီး ရှိသည်မထင်ရ။

နဖူးတွေက သိသိသာသာကြီး တွန့်လိပ်နေသည်။

မျက်ခုံး၊ မျက်ခွံနှင့် အောက်မျက်ခမ်းများပါမကျန် ပျော့လိပ်နေကြပြီး မျက်လုံးတွေက ရဲနေသည်။

တစ်မျက်နှာလုံး ဖြူတ်တွေ။

နွားတန်က ပြားပြီး နွတ်ခမ်း လန်သည်။

ပါးစပ်တွေက ပြဲပြီး သွားတွေ ပေါ်နေသည်။

ကြောက်စရာကြီး။ တကယ့် ကြောက်စရာ ရွံစရာ။

ခြေဆန်လက်ဆန် တိုပေမယ့် တုတ်ခိုင်သည်။ လူပုံက ဂင်တိုတိုပေမယ့် အထက်ရှူး အလယ်ကား အောက်ရှူးပုံစံမျိုး။ သူမှာ အမြီးများရှိလေသလား။ မိကျောင်းပီပီ လျှာရော ရှိပါ့မလား။ လျှာမရှိလျှင် စကားပြောနိုင်မည် မဟုတ်။ ကြမ်းတမ်းသော သံစဉ်များကို ကြားရသည်မှာ ကျက်သရေမရှိ။ မသတီစရာ။

ပြီးတော့ သူ့ဘေးက မိန်းမက ဘာလဲ။ စုချစ်ဟုတော့ ခေါ်သည်။ ရွာကိုသူလာလျှင် မိန်းမတစ်ယောက် အမြဲပါသည်။ တစ်ခေါက်နှင့်တစ်ခေါက် ပါလာသူချင်း မတူ။

ဦးစောတင်ကား ပဂေးအတွက် စိုးရိမ်စိတ်နှင့် မမြနွယ်ကို လှမ်း၍ ဆူနေသည်။

"ကျွန်မလဲ ဒီလို မတွေးမိလို့ပါတော်"

"ကျပ်ကျပ် သတိထား။ နင်ပါ ပါသွားမယ်"

꧁ ꧁ ꧁



# အခန်း (၁၁)

## ချစ်သူတို့ထုံး

အလျှ၏ ဒုတိယညာ။

ယခုတစ်ခါတော့ လသည် မနေ့ညကထက် ပို၍ သာနေသည်။ ထုံးစံအတိုင်း မပြည့်မချင်း လဝင်ချိန်မှာ နောက်ကျ နောက်ကျ၍ လာပေမည်။

"လကွေးလေးက မနေ့ကထက် ပိုကြီးလာတယ် မောင်။ ဒါပေမယ့် ဝင်တော့မှာနော်"

သူတို့နှစ်ယောက် ကန့်လန့်ဖြတ်လဲကျနေသော အုန်းပင်ကြီးပေါ်မှာ မထိုင်ကြတော့။ ထိုအုန်းပင်ကြီး၏ အခြေတွင် အုန်းလက်တွေခင်းပြီး ပူးပူးကပ်ကပ် ထိုင်ကြသည်။ ကြားလေသွေးလျှင်ပင် အဝေးမခံနိုင်ကြ။ မချစ်စဖူး အချစ်ထူးခဲ့ကြသော ချစ်ဦးသူလေးများအဖို့ ယခုလို နီးနီးကပ်ကပ်နေရမှ ပိုလုံခြုံသည် ထင်၏။

"လက ဝင်တော့မှာပေါ့။ ပဂေးဆိုတဲ့ နေမင်းကြီး ရှိနေပြီလေ။ ငှက်တွေတောင် မိုးလင်းလာပြီထင်ပြီး အိပ်တန်းကထဖို့ ပြင်ကုန်ကြပြီ ထင်ပါရဲ့"

"မောင်ဟာလေ။ သိပ်ပိုတာပဲ သိလား"

"အဲဒါ ရင်ထဲမှာပေါ်လာတဲ့ အချစ်လှိုင်းတွေကြောင့် ဖြစ်လာတဲ့ စကားတွေ။ တကယ်တော့ မောင်က အညတရ တောသား။ ဘာမှ နားမလည်ဘူး။ လှေလှော်မယ်။ ငါးဖမ်းမယ်။ ပိုက်ချမယ်"

"မောင် ပင်လယ်ထဲ ထွက်ဖူးလား"

"ထွက်ဖူးတာပေါ့"

"ပင်လယ်ကြီးက အကျယ်ကြီးလား"

"ကျယ်တာပေါ့"

"မောင် မကြောက်ဘူးလား"

"မကြောက်ပါဘူး။ သဘောကောင်းပါတယ်။ မောင်တို့ကို ဒုက္ခမပေးပါဘူး။ စားစရာသာ ပေးတာပါ"

"ပင်လယ်ရေက နောက်တယ်နော်"

"ပုဂိုင်းကြီးကျွန်းဘက်၊ ပြင်ခရိုင်ဘက်ကတော့ ရေကြည်ပါတယ်။ ဒီဘက်မြစ်တွေက နုံးတွေများတယ်။ ဧရာဝတီမြစ်ကြီးနဲ့ သူ့မြစ်မြွာတွေက သယ်သယ်လာတဲ့ နုံးတွေဟာ တစ်နှစ်တစ်နှစ်ကို နည်းမှာမဟုတ်ဘူး။ ဒါကြောင့် ရေက နောက်တာပေါ့။ တစ်နေကုန် ထွက်တာတောင် ရေက မကြည်ချင်သေးဘူး။ ရေကျသွားလို့ လတာပြင်ကြီးပေါ်လာရင်လဲ နုံးပြင်ကြီးက ပိုပိုကျယ်လာပြီး ပင်လယ်က နောက်ဆုတ်ဆုတ်သွားသလိုပဲ"

"မောင်ပြောတာက ပင်လယ်ကြီးက လူတွေကိုကြောက်လို့ ကမ်းကနေ တဖြည်းဖြည်း ဝေးဝေးသွားနေတာလားဟင်"

"ပဂေးကို ကြောက်လို့ပေါ့"

"ပေါက်ကရ"

ပဂေးက ဖိုးမောင်၏ရင်ကို မနာအောင် ထုသည်။

"မနေ့က အိမ်က ဆူသေးလား"

"မနေ့က ပဂေးကိုမတွေ့လို့ ပြောင်းဆန်နေကြတာလေ။ ပဂေးလဲရောက်သွားရော အစ်မလဲ ဆူဆူပြောပြောနဲ့ ဘဲသွေးနဲ့ အသည်းအမြစ်ကြော်ပန်းကန်ကို ကိုင်ခိုင်းတယ်။ သူက ဘဲတစ်ကောင်လုံးပေါင်းထားတဲ့ ဇလုံကြီးကို ကိုင်တယ်"





"ဘယ်သူ့ကို ကျွေးမလို့လဲ"

"မိကျောင်းစာ ကျွေးမလို့လေ"

ပဂေးက ပြောသည်။

"မိကျောင်းစာ"

ဖိုးမောင်က နားမလည်ဟန် ရေရွတ်သည်။

"ဦးကျော်ထွန်းအတွက်လေ"

ဖိုးမောင်လည်း ချစ်သူအတွက် စိတ်ပူသွားရတော့သည်။

"ဒီလူကြီးက နာမည်မကောင်းဘူး။ လူသိန်းတို့ သံချောင်းတို့က ပိုသိတယ်။ အစ်ကိုဝင်းမောင်ကြီးဆို ပိုတောင် သိဦးမယ်။ တစ်ရွာ တစ်ယောက် မိန်းမယူနေတာ။ တွေ့မရှောင်ဘဲ။ ဒုသနသောတောင် ချမ်းသာမပေးဘူးတဲ့"

"ဒုသနသောဆိုတာ"

"လင်ရှိမိန်းမပေါ့"

"ဘုရားရေ။ ဒီလူကြီး ပဂေးကိုတော့ သေသေချာချာ မမြင်လိုက်ဘူးထင်ပါရဲ့။ ညကြီးဆိုတော့"

"အဲဒီလိုပဲ ဆုတောင်းရမှာပဲ။ ပဂေးကိုမြင်လိုက်ရင် ဘယ်သူမဆို ချစ်သွားနိုင်တယ်။ အဲဒီလူကြီးက ဘာပြောသေးလဲ"

"ပဂေးကို ထွားလာတယ်တဲ့။ အပျိုကြီးဖားဖား ဖြစ်လာတယ်တဲ့။ ပဂေး ဘိုကလေးမှာ ကျောင်းနေတာကို မသိဘူး။ ဘိုကလေးမှာ ကျောင်းလာနေပါလားတဲ့"

"ဒါဆိုရင်တော့ သူ ပဂေးကို သတိထားမိသွားပြီ။ ပဂေးရယ် ... ဘာဖြစ်လို့များ အဲဒီလောက်တောင် လှရတာလဲ။ မောင် ရင်မောလိုက်တာ"

"အဲဒါကြောင့် အစ်မကို အဖေက ရက်ရက်စက်စက်ကို ဆူတော့တာ။ ပဂေးအတွက် အန္တရာယ်ရှိမှာ စိုးလို့ကိုး"

"ခက်တယ် ပဂေးရယ်"

ဖိုးမောင် သက်ပြင်းချလိုက်သည်။

"ဒီလူကြီးကို မျက်ခြည်ပြတ်ခံလို့ မဖြစ်ဘူး"

"ပဂေးကို တိုင်းအောင်က မျက်ခြည်မပြတ် လိုက်ကြည့်နေတာ"

"ပဂေးတို့အဖေရော၊ တိုင်းအောင်ရဲ့အဖေရော ဦးကျော်ထွန်းကို လွန်ဆန်နိုင်လို့လား။ သူ့လူတွေ မဟုတ်လား။ ဒီလူကြီးကသာ တောင်းဆိုလာရင် သူတို့ ငြင်းနိုင်မှာလား။ တွေးတောင် မတွေးဝံ့ဘူး ပဂေးရယ်"

"ကိုတိုင်းအောင်ကတော့ လက်ခံမှာ မဟုတ်ဘူး။ မောင် အစ်ကိုနဲ့ တည့်အောင်ပေါင်းပါ"

ဖိုးမောင် သက်ပြင်းချလိုက်သည်။

"တည့်အောင်ပေါင်းဖို့ ကြိုးစားနေတယ်။ မောင်တို့ အတူဆုံကြဖို့ ကိုဝင်းမောင်ကြီးက စီစဉ်နေတယ်။ တိုင်းအောင်က အင်တင်တင် ဖြစ်နေတယ်။ ရေကျော်ကြီးမှာဆိုရင်တော့ မဖြစ်ဘူး။ လှယဉ်ဆင့်နဲ့ပတ်သက်တာတွေ သတိရပြီး ဒေါကန်လာမှာ စိုးရတယ်"

"အစ်ကိုက ဒေါသတော့ ကြီးတယ်။ လှယဉ်ဆင့်ကို သူ တကယ်ချစ်ပြီး တကယ် စိတ်နာသွားလား မသိဘူး။ အချစ်ကြီးရင် အမျက်ကြီးတယ်ဆို။ လှယဉ်ဆင့်ကိုသတိရတိုင်း ထဆဲနေတာ အချစ်ကြီးလို့ပေါ့"

"အဲဒါတော့ မောင် မပြောတတ်ဘူး"

"မောင်ရော အချစ်ကြီးရင် အမျက်ကြီးသလား ဟင် ..."

ပဂေးက စကားတတ်ခါစ ကလေးလေးတစ်ယောက်နှယ်ပင် တွတ်တီးတွတ်တာ မေးနေသည်။

"အချစ်ကြီးတယ်ဆိုတာကိုတော့ အာမခံနိုင်တယ်"

"အချစ်က ဘယ်လောက်ကြီးတာလဲ"

"ပင်လယ်ကြီးလောက်ပေါ့"

"အမျက်ကရော"

"ပဂေးအပေါ်မှာ ဘယ်တော့မှ စိတ်မဆိုးဘူး။ ဘယ်တော့မှ အမျက်မကြီးဘူး။ ရှိကို မရှိဘူး"

"တကယ်ပြောတာနော်"





"မယုံဘူးလား"

"သက်သေပြရမလား"

"ပြ"

ဖိုးမောင်က သက်သေပြလိုက်သည်။

"သူ သိပ်ဆိုးတယ်ကွယ်။ ပဂေးသနပ်ခါးတွေ ပျက်ကုန်ပြီ"

"မောင့်အတွက် လူးလာတာ မဟုတ်ဘူးလား"

"လူတွေမြင်ရင် ဘာပြောကြမလဲ"

"သနပ်ခါးပြန်သွေးပြီး လူးလိုက်ပေါ့"

"ဟုတ်တယ်။ ဒီအချိန်မှာ သနပ်ခါးထသွေးရင် ဘာထင်ကြမလဲ"

ဖိုးမောင် ရယ်မောမိသည်။ ပဂေးသည်လည်း လိုက်လံရယ်မောမိသည်။ သူတို့ သတိမထားမိခင်မှာပင် လသည် ငုပ်လျှိုးကွယ်ပျောက်သွားပေပြီ။ ရေဝတီမြစ်ယံမှ နွေလေရူးက သုတ်ဖြူးလိုက်သည်။ သူတို့နှစ်ယောက် နီးကပ်လာသော သင်္ကြန်အကြောင်း ပြောဖြစ်ကြသည်။ သင်္ကြန်တွင်း ပဂေး ဘယ်မှာရှိမည်နည်း။

"ဘိုကလေးမှာပဲ ရှိမယ်"

"မောင်လာခဲ့မယ်"

"တကယ်"

"တကယ်ပေါ့"

"ဒါဆို ပဂေး ရေပက်ခံမထွက်ဘူး"

"လုပ်ပြီ။ မောင့်ကို ရှောင်မယ်ပေါ့"

"မဟုတ်ဘူး။ ပဂေးကို သူများတွေ ရေပက်လို့မရအောင် အိမ်ထဲမှာ ပုန်းနေမယ်။ မောင်လာတာတွေ့မှ မောင်ရေပက်လို့ရအောင် မောင့်ရှေ့ကို ပြေးလာမှာ။ ပဂေးက အဲဒီလောက်ချစ်တာ"

ဖိုးမောင် ကျေနပ်ပြီး မချိတင်ကဲ ဖြစ်သွားရသည်။

"သနပ်ခါးတွေလဲ မရှိတော့ဘူး။ ပါးတွေ နှုတ်ခမ်းတွေ ပွန်းကုန်ပြီမယ် မောင်ရဲ့။ လျှော့ပါဦး။ ပဂေး အသက်ရှုကျပ်လှပြီ"

"ချစ်လွန်းလို့ပါ"

နှစ်ဟောင်း၏ ခြောက်သွေ့နေသော ပဂေး၏ ကိုယ်ခန္ဓာလေးကို သူသာလျှင် အတာရေဖြင့် စိုစွတ်စေရမည့် အခွင့်အရေးအတွက် ဖိုးမောင် ဂုဏ်ယူလို့မဆုံး။

"မြို့ကြီးသူကို ရေပက်ရတော့မှာပေါ့"

"ဘိုကလေးက ရန်ကုန်မှ မဟုတ်တာ"

"အံမာ ...ဘိုကလေးတို့ မော်လမြိုင်ကျွန်းတို့ဆိုတာ တိုက်အိမ်တွေချည်းပဲနော်။ မောင်တို့ ခနိုပင်ဆိုတာ အိမ်လို့တောင် မပြောနိုင်ပါဘူး။ တဲပါပဲ"

"လျှော်ပင်ကရော ဘာထူးလို့လဲ။ ဒီလိုပါပဲ မောင်ရယ်။ ဒါတွေက ဒီခေတ်မှာ မရှိတော့ပါဘူး"

"လူတန်းစားခွဲခြားတာ၊ ဆင်းရဲချမ်းသာ ခွဲခြားတာ၊ စာတတ်တာနဲ့ မတတ်တာ ခွဲခြားတာ၊ ဒါတွေက ရှိတုန်းပါပဲ ပဂေးရယ်။ မောင်က မနှစ်က ဆယ်တန်းအောင်ပေမယ့် မိဘအလုပ်ကို ကူနေရလို့ အဝေးသင်တောင် မတက်နိုင်ဘူး။ ပဂေးက အခု အောင်စာရင်းထွက်ရင် ကြိမ်းသေအောင်မှာ၊ ကျောင်းဖွင့်ချိန်မှာ ပဂေးက ရန်ကုန်တက္ကသိုလ်သွားတက်ပါပြီတဲ့။ ပိုဝေးသွားမှာပေါ့"

ပဂေးက သိမ့်ကနဲ ရှိုက်သည်။

"မောင်ရယ်။ ဝေးရမယ့်စကားတွေ မပြောပါနဲ့လား။ ပဂေးမောင့်ကို မခွဲနိုင်ဘူး"

"မောင်လဲ ဒီလိုပါပဲ"

"မနက်ဖြန် ပဂေး ဘိုကလေးပြန်မယ်။ ပဂေးရဲ့နှလုံးသားက ဒီမှာ ကျန်ခဲ့မှာ သိလား"

ချစ်သူနှစ်ဦးကား မခွဲနိုင် မခွာရက်ပင်။

ရှေ့ချစ်ခရီးအတွက်လည်း တိုင်ပင်ကြရသည်။

ဖိုးမောင် ဘိုကလေးမှာ သကြန်ကျမည်ဟု ဆုံးဖြတ်လိုက်သည်။





"မိကျောင်းကြီးကိုလဲ သတိထားဦးနော်။ ဒီလူကြီးက ဘိုကလေးမှာ နေတာ"

"စိတ်ချပါ။ ပဂေးက အပြင်မှ မထွက်တာ"

"စိတ်ချပါဆိုပေမယ့်လဲ ဘယ် စိတ်ချပါ့မလဲ"

"အခုလောက်ဆို ပဂေးကို လိုက်ရှာနေလောက်ကြပြီ"

"သွားတော့လေ။ မောင်တို့ ပြန်ဆုံကြရဦးမှာပဲ"

ပဂေးသည် အုန်းတောထဲမှ မီးရောင်များထဲသို့ သတိကြီးစွာထား၍ ထွက်သည်။ မည်သူမျှ သူမကို ဂရုမစိုက်မိတာ သေချာမှ ကာရာအိုကေဘက်သို့ သွားသည်။ ဖိုးမောင်သည် သူမကို မျက်စိတစ်ဆုံး ကြည့်ပြီးမှ ဒီဗီဒီပြနေသည့်ဘက်ကို သွားသည်။ မြန်မာစာတန်းထိုးထားသော အမေရိကန်ဇာတ်ကြမ်းကားကြီးကို ပရိတ်သတ်သည် သဘောကျစွာ ကြည့်နေလေသည်။

"ရှာလိုက်ရတာကွာ"

သံချောင်းက ပြောသည်။

"အဲဒါမျိုးကျရင် မင်း သိပ်လျှိုတာပဲ။ ဘယ်နားမှာ ဘာလုပ်မှန်းကို မသိရဘူး။ နေရာလေး ဘာလေး ပြောသွားပါလားကွာ"

လှသိန်းက အပြစ်တင်သည်။

"မင်းကိုစောင့်နေရတာနဲ့ ငါတို့ အူလိန်နေပြီ။ မင်း မဆာဘူးလား"

ညိုအေးက မေးသည်။

"ထမင်းဆိုတာ ဘာမှန်းတောင် ငါ သတိမရဘူး။ သူ့မျက်နှာလေးကိုမြင်ပြီး သူ့အနားမှာ နေနေရတဲ့တစ်ချိန်လုံး ငါ မဆာဘူး"

"မင်း မဆာပေမယ့် ငါတို့ ဆာတယ်ကွ။ ကိုဝင်းမောင်ကြီးက ငန်းကြီးတစ်ကောင် သတ်ထားတာ။ ငန်းဆိုတော့ နူးအောင်တော့ အတော်လုပ်ရမယ်။ သွားမယ်ကွာ။ ဗီဒီယိုကလဲ ငါတို့ကြည့်ပြီးသားတွေချည်းပဲ"

လှသိန်းက ပြောရင်း သူတို့တည်းခိုရာဘက်သို့ ခြေဦးလှ
သည်။

"ဟိုကျရင် တိုင်းအောင်ကိုလဲ ထမင်းလာစားဖို့ ကိုဝင်းမော
ကြီးက ခေါ်ထားတယ်။ ကိုထွန်းလဲ ခေါ်ထားတယ်။ မင်း သတိထ
နေကွာ။ ဘာစကားမှ မပြောနဲ့။ ဘာဆို ဘာမှ ပြန်မပြောဘဲ သည်း
ကွာ"

လှသိန်းက သတိထပ်ပေးပြန်သည်။

"မင်းပဲ အရေးကြီးတာပါ။ ငါက ငါ့ယောက်ဖကို ဘာ
မလုပ်ပါဘူးကွ"

ဖိုးမောင်က သူ့စကားကို သူပြန်သဘောကျနေသည်။

"ဆန်ရေစပါး ပေါများဦးမယ်။ ဗြိတ္တာကြီး မြူးနေတယ
ကွ"

သံချောင်းကပြောသောအခါ ဖိုးမောင်က သံချောင်း၏
ကြောပြင်ကို လက်ဝါးဖြင့် ခပ်ဆတ်ဆတ် ချသည်။

"ဟော့ကောင် ... ခပ်ဖြည်းဖြည်းလုပ်ဟ။ မင့်လက်က လက်
ပြတ်ကြီး"

သံချောင်းဆိုလိုသော လက်ပြတ်ကြီးဆိုသည်မှာ ဖိုးမောင်၏
လက္ခဏာကို ဆိုလိုခြင်းပင် ဖြစ်သည်။ ဖိုးမောင်၏ လက်ယာဘက်
လက်ဖဝါးပေါ်မှ လက္ခဏာလမ်းကြောင်းများတွင် လက်သန်းအောက်
မှ မျဉ်းကြောင်းတစ်ကြောင်းသည် လက်ညိုး၏အောက်အထိ ထင်ရှာ
စွာပင် ကန့်လန့်ဖြတ် ဖြတ်သန်းသွားသည်။ လက်ဖဝါးကို အနည်းငယ်
ကွေးလိုက်ပါက လက်ဖဝါး၏အထက်ပိုင်းနှင့် အောက်ပိုင်းမှာ သီးခြား
ဖြစ်နေသည်ဟု ထင်ရသည်။

ထိုလက္ခဏာရှင်များမှာ ရှားပါးပြီး သူတို့ကသာ တစ်ယောက်
ယောက်ကို အသာအယာ ရိုက်ပုတ်မိပါက သာမာန်ထက်ပို၍ နာကြ
စေသည်ဟု ဆိုကြသည်။ ခပ်ပြင်းပြင်း ရိုက်ပါက သေသည့်တိုင်
အန္တရာယ် ကြုံတွေ့နိုင်သည်။ ဤလက္ခဏာရှင်များသည် လူသတ်





ဖြစ်သွားပြီး ထောင်တန်း ကျနိုင်သည်။ သို့မဟုတ် လူကို သေစေတတ်
သည်။ ထူးချွန်သူများလည်း ဖြစ်တတ်သည်။ ဖိုးမောင်၏ အသက်
လမ်းကြောင်းမှာ ထင်ရှားနေသော မျဉ်းပြိုင်နှစ်ကြောင်းဖြစ်ရာ အရန်
လမ်းကြောင်းကြောင့် အသက်ရှည်မည်ဟုလည်း ဆိုကြသည်။

"အလကားပါကွာ။ ငါ့ကြောင့်ပဲ လူသေမယ် ပြောလိုပြော။
အသက်လမ်းကြောင်း နှစ်ထပ်မို့လို့ အသက်ရာကျော်ရှည်မယ် ပြော
လိုပြော။ ဘယ်ဟာယုံရမှန်းတောင် မသိဘူး။ အရေးကြီးတာက
ဘာလဲ သိလား"

ဖိုးမောင်၏မေးခွန်းကို မည်သူမျှ မဖြေ။

"နှလုံးလမ်းကြောင်းမှာ ကျွန်းခံမနေဖို့ပဲ ကိုယ့်လူတို့"

"မင်းရဲ့ နှလုံးလမ်းကြောင်းမှာက လေ့ရော၊ ကျွန်းရော၊
ဒိုက်ရော၊ ကျောက်ဆောင်ရော အကုန်လုံးရှိတယ်။ ရောဝတီမြစ်ကြီး
တောင် မြစ်ဝမှာ ကျွန်းတွေတထွေးကြီး ခံနေသေးတာ။ မင်းက
ဘာမို့လို့လဲ"

ဖိုးမောင်က သံချောင်း၏ကြောကို ချပြန်၏။

"ဟော့ကောင် ဖြည်းဖြည်းကွ"

သူငယ်ချင်းတစ်သိုက် ဟားလားဝါးလားဖြင့် ပျော်ပါးစွာ
ထွက်ခွာသွားကြ၏။

ထိုအချိန်တွင် ပဂေးတစ်ယောက် ကာရာအိုကေနားမှာ
စိတ်ညစ်စွာဖြင့် စောင့်ဆိုင်းနေရသည်။ ပဂေးသည် သူ့ကို စောင့်
ရှောက်ထိန်းသိမ်းရသော မကွန့်ကို ကာရာအိုကေ (၁၀) ပုဒ်စာ ငွေ
ပေးခဲ့ပြီး လစ်လာခဲ့ခြင်းဖြစ်ရာ မကွန့်သည် တစ်ပုဒ်ပြီးတစ်ပုဒ် ဟဲနေ
ရ၏။ သို့သော် ဆက်တိုက်တော့ မဟုတ်။

"သွားရအောင် ကွန့်ကွန့်ရယ်။ အရမ်း အသက်ရှုကျပ်တာ
ပဲ"

"တစ်ပုဒ်တည်း ကျန်တာဟ။ တစ်ပုဒ်တည်းပါ။ ခဏလေး
စောင့်"

ပဂေးသည် လူသူတို့၏ အနံ့အသက်များကို မနှစ်မြို့။ လူတို့၏ကိုယ်ခန္ဓာမှ ထွက်နေသော ချိုင်းချွေးနံ့များကို သူမ ဘယ်လိုမှ မခံနိုင်။ ထို့ကြောင့် လူစုလူဝေးနှင့် ဝေးဝေးသာ နေသည်။ ချိုင်းချွေးနံ့ထွက်နေသူနားမှာ နေ၍မရ။ ခံတွင်းအနံ့ မကောင်းသူနှင့် စကားမပြောနိုင်။ တစ်စုံတစ်ယောက်က သူမ၏အနားသို့ ကပ်၍ စကားတီးတိုးပြောမှာကိုလည်း အလွန်ကြောက်သည်။

သူမကိုယ်တိုင်လည်း ဘာအနံ့မှ မရှိသည်က ထူးခြားသည်။ ပဂေး၏ ချွေးနံ့လေးတွေက စူးရှခြင်း မရှိ။ ဆန့်ကျင်ဘက်လိင်တို့အဖို့ နှစ်လိုဖွယ် ကိုယ်သင်းနံ့လေးသာ ဖြစ်သည်။ ကိုယ်လိမ်းပေါင်ဒါ၊ ရေမွှေး စသော အမွှေးနံ့သာများ လိမ်းကျံခြယ်သထားပါက သူမတစ်ကိုယ်လုံးမှာ အများနှင့်မတူအောင် မွှေးနေတော့သည်။

''လူစော်တွေ နံတယ် ကွန့်ကွန့်ရဲ့''

''အခုမှ လူစော်တွေနံတယ်တဲ့။ ညည်းရဲ့ကောင်လေးရော မနံဘူးလား''

''လုံးဝ မနံဘူး''

စင်စစ် ဖိုးမောင်သည်လည်း လူတို့၏ အနံ့ဆိုးများကို ကြောက်တတ်သူဖြစ်သည်။ အထူးသဖြင့် မိမိ၏ကိုယ်ခန္ဓာက အနံ့ဆိုးတွေထွက်နေမှာကို ပိုကြောက်သည်။ အလုပ်ကြမ်းလုပ်ရသူတို့သဘာဝ ချွေးဒီးဒီးကျအောင် ခွန်အားစိုက်ထုတ်ရသည့်တိုင် သူ့ချိုင်းက လက်ပတ်စော်မနံ။ သူသည် ချိုင်းချွေးနံ့ နံတတ်သော လူပျိုဖြစ်စအရွယ်ကတည်းက ချိုင်းကြားကို ထုံးရေကြည် အမြဲလိမ်းသည်။ ချိုင်းမွေးတွေ ဘယ်တော့မှ မရှိစေရ။ ပိုက်ဆံမည်မျှ ခက်ပါစေ ကိုယ်လိမ်းပေါင်ဒါနှင့် ရေမွှေး အမြဲဆောင်သည်။ လူတောတိုးမည်ဆိုလျှင် သူ၏ကိုယ်ခန္ဓာက မွှေးကြိုင်နေသည်။ ပါးစပ်နံတတ်သော ဒညင်းသီးတို့၊ ကြက်သွန်ဖြူတို့ ဘယ်တော့မှ မစား။

''ဟုတ်ရဲ့လားဟယ်''

''တကယ်ပါ ကွန့်ကွန့်ရဲ့။ သူက ပစ္စလက္ခတ် နေတဲ့လူမျိုးမဟုတ်ဘူး။ နို့မို့ဆို ပဂေးက သူ့ကို ချစ်နိုင်ပါ့မလား''





''ညည်း သူ့ကို သိပ်ချစ်တာပဲလား''

''ချစ်တယ်''

''အင်း ... ရာဇဝင်အိုးကိုတော့ တုတ်နဲ့ ထိုးမိပြီထင်တာပဲ။ ညည်း အခုမှ (၁၀)တန်း ဖြေထားတာ'

''ဒါက ဒီတွေတစ်ပုံကြီးနဲ့ အောင်မှာ''

''ငါ့အလှည့်ရောက်ပြီ''

မကွန့်သည် မိုက်ကရိုဖုန်းကို ကိုင်ကာ အဆိုတော်၏ဟန်တို့ဖြင့် ဆိုတော့၏။ တီးဝိုင်းကတီးသည့် ဂီတအသံက တစ်ခြား၊ မကွန့်၏အသံကြီးက တစ်ခြား၊ Key က တစ်ခြားစီ၊ သံစဉ်တွေက မကိုက်၊ ပဂေးသည် မကွန့်သီချင်းဆိုနေသည်ကို ကြည့်ပြီး လွန်စွာပင် ရယ်မောပျော်ရွှင်နေရသည်။

''ပဂေး မဟုတ်လား''

ဦးကျော်ထွန်း၏ အသံကြီးမှာ ပရိသတ်ကြီးကိုရော၊ ဂီတသံတွေကိုရော၊ မကွန့်၏ အသံကြောင်ကြီးကိုပါ ဖုံးလွှမ်းသွားသလားထင်ရသည်။

''ရှင်''

''သမီးတို့အလှူက တယ်စည်တာပဲ၊ မောင်ရင်လောင်းတွေက သမီးအစ်ကိုဝမ်းကွဲတွေလား''

''ဟုတ်ကဲ့''

စင်စစ် မောင်ဝမ်းကွဲတွေ ဖြစ်သော်လည်း ပဂေးက စကားမရှည်ချင်သဖြင့် ခေါင်းညိတ်လိုက်ရသည်။

''ရှင်ပြုနားသဆိုတော့ ညည်းက နားဖောက်တာပေါ့''

စင်စစ် ပဂေး၏နားမှာ ဖောက်ပြီးနေသဖြင့် နားထွင်းမင်္ဂလာဟူ၍ အကျယ်မချဲ့တော့ပေ။

ပဂေး ခေါင်းခါလိုက်၏။ ဦးကျော်ထွန်း၏ ကိုယ်ခန္ဓာမှ အရက်နံ့၊ ကြက်သွန်ဖြူနံ့များကြောင့် သူမသည် ခက်ခဲပင်ပန်းစွာပင် အသက်အောင့်ထားရသည်။

''ဒါဆို ညည်းကို နားဖောက်ရမယ်''

ဦးကျော်ထွန်း၏စကားမှာ အဓိပ္ပာယ်နှစ်ခွထွက်စေသော စကားပင်။ ပဂေးက မသိသလို ငြိမ်နေလိုက်သည်။ ကြောက်လွန်းလို့ ဒူးက တုန်ချင်နေပေပြီ။

ဦးကျော်ထွန်းက ပဂေး၏ခေါင်းကို မသိမသာ ပုတ်လိုက်ရာ ပဂေး ဇက်ပုသွားရ၏။

"ညည်းက တော်တော်လှတာပဲ"

ပဂေး ဘာမှ ပြန်မပြော။

အနံ့အသက် ဆိုးရွားလှသော လူအုပ်နှင့် ဤလူကြီး၏ အနားမှ ဝေးရာသို့ အမြန်ဆုံး ထွက်ပြေးချင်လှပြီ။

"ဒီရွာမှာ ညည်းအလှဆုံးပေါ့"

ပဂေး ဘာမှ ပြန်မပြော။

"ဒီကောင်မလေး ဘာမှ မပြောပါလား။ ဘာလဲ တောမိမင်းရဲ့ သမီးတော်လေးလား"

ပဂေးက နှုတ်ဆိတ်နေသည်။

"ညည်းက ဘိုကလေးမှာပဲ ကျောင်းနေတာပဲ။ ငါက ဘာ ဖြစ်လို့များ မတွေ့မိရတာပါလိမ့်။ ဒီတစ်ခါတော့ ငါ့မျက်လုံးတွေက တော်တော့်ကို ညံ့သွားပြီ"

ဦးကျော်ထွန်းက သဘောကျစွာဖြင့် တဟက်ဟက် ရယ်နေပြန်သည်။ ပဂေးကား သူမတွင် တန်ခိုးကြွဒ္ဓိပါတ်များသာ ရှိပါက ဤနေရာမှ ဖြုတ်ကနဲ ပျောက်ကွယ်သွားချင်နေသည်။ ဦးကျော်ထွန်း က ပဂေး၏တင်ပါးကို ဖျတ်ကနဲ ပုတ်လိုက်သည်။

"အေးလေ။ ဘိုကလေးကျမှ တွေ့ရမှာပါ။ အဲဒီကျမှ ငါ့ကို မတွေ့ချင်ယောင် ဆောင်မနေနဲ့ သိလား"

ဦးကျော်ထွန်းက တဟားဟားရယ်မောပြီး အမှောင်ရိပ်များ ကြီးစိုးရာဘက်သို့ လှည့်ထွက်သွားသည်။ သူ့နောက်မှ စုချစ်ပါလာလေ ရာ စုချစ်က ပဂေးကို အဓိပ္ပာယ်ပါပါ ကြည့်သွားသည်။ ရန်လိုသော အကြည့်မျိုးမဟုတ်။ တစ်ခုခုကို အသိပေးသွားသလိုမျိုး။





မကွန့် ကျေနပ်အားရပြီး သူမအနီး ပြန်ရောက်လာသည်။ ပဂေးခမျာကား ခွေလဲမတတ် ပင်ပန်းနွမ်းဟိုက်နေသည်။

"ကွန့်ကွန့်တို့ကတော့လေ သူများအနားမှာကို မနေဘူး"

"ဟဲ့ ... သီချင်းမှ မဆုံးသေးတာ"

"ကာရာအိုကေများ အိမ်မှာ သီချင်းအပုဒ်တစ်ထောင် တံခါး ပိတ်ပြီး ဆိုစမ်းပါ"

"အရပ်က ခဲနဲ့ထုအောင်လို့လား။ ငါ့မှာ ဒီတစ်ခါလေး စိတ် လွတ်ကိုယ်လွတ် အော်ရတာပါဟယ်"

"ဒီမှာ အသက်တောင် ထွက်ချင်နေပြီ သိလား"

ပဂေး ငိုသံပါလာသောအခါ မကွန့် လှုပ်လှုပ်ရှားရှား ဖြစ်သွား ရသည်။

"ဟဲ့ ... ဟဲ့ ... ကလေးရဲ့ ဘာဖြစ်လို့လဲ။ ဘယ်သူ လာနှောင့် ယှက်လို့လဲ"

"မိကျောင်းကြီး"

"မိကျောင်းကြီး"

"မိကျောင်းကြီးပေါ့။ ကျက်သရေ တစ်စက်မှမရှိတဲ့ ဦးကျော်ထွန်းဆိုတဲ့ လူကြီးပေါ့။ တစ်ကိုယ်လုံးကလဲ ချဉ်စော်ပုတ်စော် တွေ နံလိုက်တာ။ အန်တောင် အန်ချင်တယ်"

"အဲဒီ ဦးကျော်ထွန်းကြီးက ညည်းကို ဘာလုပ်သွားလဲ"

"ဘာလုပ်သွားရမှာလဲ။ ထိပ်တစ်ချက် ပုတ်သွားတယ်။ ပြီးတော့ ... လူကို ဖင်ပုတ်၊ ခေါင်းပုတ်နဲ့ လက်သရမ်းသွားတယ်"

"ဒီလူကြီးက"

"ဒီလူကြီးကပေါ့"

"ဒါဆို ညည်းအဖေနဲ့ တိုင် ..."

"အဖေနဲ့တိုင်ရော ဘာထူးမှာလဲ။ အဖေက အစ်မကို မနေ့ က လိမ့်ပိန့်ပြီးဆူနေတာ ဒါကြောင့်ကိုး။ ပဂေးကို ဒီလူကြီးမြင်သွားမှာ စိုးလို့ပေါ့။ အစ်မက ဘုမသိ ဘမသိ ဒီလူကြီးရှေ့မှောက်ကို ပဂေးကို ခေါ်သွားလို့လေ။ အဖေလဲ သူ့ရှေ့မှာ ပြားပြားဝပ်နေတာပဲ။

ကိုတိုင်းအောင်တို့အဖေ ဦးလေးအောင်လဲ ကြောက်လိုက်ရတာ။ အဖေကရော ဒီလူကြီးကို ဘာလုပ်ရဲမှာလဲ''

''ဒုက္ခပဲ''

စင်စစ်တွင်ကား ပဂေးသည် ဦးကျော်ထွန်း၏အကြောင်းကို ခရေစေ့တွင်းကျ သိရှိသေးသူ မဟုတ်သေးပေ။ သူမ၏အရွယ်လေးနှင့် မြင်သမျှတွေ့သမျှ သိုးသိုးသန့်သန့် ကြားဖူးသမျှလေးနှင့် အော့နှလုံးနာနေသူ ဖြစ်သည်။

''သူ့နောက်မှာလဲ စုချစ်ဆိုတဲ့ကောင်မက ပါသေး''

''သူ ဒီကိုလာတိုင်း တစ်ယောက်တော့ ပါတာပဲ''

''အဖေတို့ကလဲ အလှူလုပ်တယ်သာဆိုတယ်၊ ကုသိုလ်ယူတာ မဟုတ်ဘူး။ ဒီလူကြီးနဲ့များ အရက်သောက်ပြီး အကုသိုလ်လုပ်ရတယ်လို့''

''ဟဲ့ ... ညည်းအဖေမှာလဲ မလွန်ဆန်နိုင်တာတွေ ရှိမှာပေါ့။ ဒီလောက်လဲ စိတ်မပူစမ်းပါနဲ့ ပဂေးလေးရယ်။ သူက ဘုရင်မှ မဟုတ်တာ။ မြင်မြင်သမျှ တော်ကောက်ချင်လို့ ဘယ်ရပ့်မလဲ''

သူတို့သည် သူတို့အိမ်ဘက်သို့ တရွေ့ရွေ့နှင့် လာကြလေသည်။ အိမ်ပေါ်ကို အသံမကြားအောင် တက်လိုက်သည်။ အိမ်တံခါးကို ဖွင့်ထားသည်။ လျှပ်စစ်မီးတွေ လင်းနေသည်။ ဦးစောတင်သည် ဒေါ်မြနွယ်ကို ဆူပူနေပြန်သည်။ ပဂေးနှင့် မကွန့်သည် ပုဏ္ဏားကွယ်အပြင်ဘက်မှ ငြိမ်ပြီး ရပ်ကာ နားထောင်နေကြသည်။

''သောက်သုံးမကျတဲ့ မိန်းမ။ ငါတို့မှာ ငါတို့သမီးလေးကို ရွှေလို ဥထားရတာ။ ဒီလျှော်ပင်မှာတောင် မထားဘူး။ ဘိုကလေးမှာလဲ အိမ်ထဲကအိမ်ပြင်ကို မထွက်နိုင်အောင် ထိန်းဖို့ကို ဖိဖိစီးစီး မှာထားရတာ။ သမီးလေးကလဲ လိမ္မာလို့ အပြင်တောင် မထွက်ဘူး။ အိမ်မှာ စာပဲ ဖတ်နေတာ။ အဲဒါ အလကားမဟုတ်ဘူး။ မဟုတ်က ဟုတ်က လူတွေနဲ့ ချစ်သွားကြိုက်သွားမိမှာစိုးလို့ဟဲ့။ သမီးဆိုတာ အမေက ဆုံးမပဲ့ပြင်ရတာ။ အခုတော့ နင်က မဟုတ်တဲ့လူရှေ့မှာ ထုတ်ပြီး ကြွားလိုက်သေးတယ်''





ဒေါ်မြနွယ်ကား ငိုမြဲ ငိုနေသည်။

''ငါတို့မှာ ယောကျ်ားလေးမရှိလို့ ရှင်လောင်းဒကာ လုပ်စရာမလိုဘူး။ နင်ပဲ သမီးလေးအရွယ်ရောက်လာလို့ ပွဲထုတ်ပါရစေဆိုလို့ ပိုက်ဆံသက်သက် အကုန်ခံပြီး တူတွေကို ရှင်ပြုပေးရတာ။ အဲဒါ သူတို့လို ရွယ်တူမိန်းကလေးတွေအချင်းချင်း၊ သပ်သပ်ရပ်ရပ် သန့်သန့်ပြန့်ပြန့် လူငယ်တွေအချင်းချင်း ပေါင်းသင်းဆက်ဆံပါစေလား။ ကိုယ်က ထိန်းထားရင် ပစ္စလက္ခတ် ဘယ်ဖြစ်မလဲ။ သမီးလေးကလဲ ဟော့ဟော့ရမ်းရမ်း နေမှာတဲ့လား။ နင်ကိုက အသုံးမကျတာ''

ဒေါ်မြနွယ်ကား တစ်ခွန်းမှ ပြန်မပြောနိုင်။

မကွန့်နှင့် ပဂေးတို့ တစ်ယောက်နှင့်တစ်ယောက် အပြန်အလှန် ကြည့်မိကြသည်။ ဦးစောတင်၏ ပြောပုံအရဆိုလျှင်တော့ ပြဿနာတစ်စုံတစ်ရာ တက်နေသည့်ပုံပင်။

''ဒီလူကြီး ဒီလောက် နာမည်ကြီးတာ နင် မသိဘူးလား။ အားရင် သူ့မှာ နှာခေါင်းပေါက်တောင် သူပြန်ပြီး လက်နဲ့ ကလိနေတဲ့ လူမျိုး။ နင်တို့လို မိန်းမတွေမပြောနဲ့။ သူ့နားမှာနေရရင် ညှီနံ့တွေ နံလွန်းလို့ ငါတို့တောင် ကြာကြာ မနေနိုင်ဘူး။ သူ့နားမှာ ပြုစုနေတဲ့ လှယဉ်ဆင့်တို့၊ စုချစ်တို့ဆိုတာ တစ်ဝမ်းတစ်ခါးဆိုတဲ့ ငွေကြောင့် အသက်အောင့်နေကြရတာ။ မချစ်သော်လဲ အောင့်ကာနမ်းဆိုတာ ဒါပဲ။ အခု လှယဉ်ဆင့်က သူလိုချင်တဲ့ ငွေရတာနဲ့ လစ်သွားပြီ။ တိုင်းအောင်ဆီ စာလာတယ်လို့ ကိုအောင်ပြောတယ်။ နင့်သမီးကို လှယဉ်ဆင့်တို့ စုချစ်တို့လို နင် ဖြစ်စေချင်လား''

''မ ... မဖြစ်စေချင်ပါဘူးတော့်''

''အေး ... သူများသားသမီးကို ငါ အပြစ်မတင်ပါဘူး။ သူတို့ဘဝနဲ့သူတို့ မဖြစ်ချင်ဘဲ ဖြစ်ရတာကို ငါ စာနာပါတယ်။ ငါ့သမီးကိုတော့ ဒီလို ဘယ်တော့မှ မဖြစ်စေရဘူး ...။ အခုတော့ ...။''

ဦးစောတင်၏အသံမှာ ရပ်သွားသည်။

ပဂေးရင်ထဲမှာ ထိတ်သွားသည်။

"ဘိုကလေးရောက်ရင် ပဂေးကို သူ့ဆီ လွှတ်ပေးပါဦးတဲ့။ မုန့်ဖိုးပေးချင်လို့ပါတဲ့။ အခုလဲ ပေးချင်လို့ပါဆိုပြီး ငါ့လက်ထဲ ပိုက်ဆံတစ်သောင်း အတင်းထည့်သွားတယ်။ ကဲ ... ငါ ဘယ်လိုလုပ်ရမလဲ"

ပဂေး ငယ်ထိပ်ကို မိုးကြိုးမှန်လေပြီ။

သူမ အင်မတန်ရွံရှာလွန်းလှသည့် ဦးကျော်ထွန်း၏ သားကောင်မှ ဖြစ်ရလေပြီ။ မည်သို့ လုပ်ရပ။ မည်သူ့ကို အားကိုးရပ။ သူမသည် ဖိုးမောင်ကို ပြေး၍ မြင်သည်။ ပြဿနာဖြစ်လာပြီဆိုလျှင် ကိုယ့်ချစ်သူကိုသာ ပြေး၍ မြင်ယောင်အားကိုးမိသည်ကား ချစ်သူတို့၏ ထုံး။

"ပြောလေကွာ။ ငါ ဘာလုပ်ရမလဲ။ အဲဒီမိကျောင်းကြီးဆီ နင် သွားမှာလား။ ပြောလေ"

ဦးစောတင်သည် ဒေါသဖြင့် ဒေါ်မြနွယ်အား ရိုက်လေတော့၏။ ဒေါ်မြနွယ်က အသံမထွက်အောင် ကြိတ်ငိုသည်။

"ရိုက်ပါတော်။ ရိုက်ပါ။ ကျွန်မအပြစ်ပါ။ ကျွန်မ အသုံးမကျတာပါ။ သူ့ကို လူကြီးလူကောင်း ထင်လို့ပါ"

"လူကြီးလူကောင်း"

ဦးစောတင်က အံကြိတ်ပြီး ရေရွတ်သည်။

"ဘာ လူကြီးလူကောင်းလဲ။ ဒီလူကြီးမှာ ဘာစည်းမှ မရှိဘူး။ ဒုသနသောလဲ မရှောင်ဘူး။ သူများမိန်းမလဲ ကြံတာပဲ။ သားပျိုသမီးပျိုလေးတွေ ဖျက်ဆီးတာလဲ များပြီ။ သူ့အလုပ်ထဲမှာ အမိကက ဘာလဲ သိလား"

ဒေါ်မြနွယ် မဖြေ။

"လူအရောင်းအဝယ် လုပ်တာဟေ့"

ဦးစောတင်က ရိုက်ပြန်သည်။ ပဂေးနှင့် မကွန့်သည် အိမ်ခန်းထဲ ဝင်ရသည်။ ပဂေးသည် ငိုယိုပြီး ဦးစောတင်ကို ဆွဲသည်။ မကွန့်က ဒေါ်မြနွယ်ကို ကာသည်။





"အဖေရယ်။ အစ်မကို ဘာလို့ ရိုက်တာလဲ။ ဒီနေ့က အဖေတို့ အလှူနေ့လေ။ အစ်မကို မရိုက်နဲ့နော်။ သမီးကိုချစ်ရင် မရိုက်နဲ့နော်"

ဦးစောတင်က ကိုယ်ရှိန်သပ်သည်။ အရက်မူးချင်ယောင်ဆောင်သည်။ ပဂေးက သူမ၏ဖခင် လုံးဝမမူးမှန်း သိသည်။

"အေး ... နင် ကျပ်ကျပ် သတိထား။ နောက် ဒါမျိုးလုပ်ရင် ဒါ့ထက် ပိုနာမယ်"

ဦးစောတင်က ပြောပြောဆိုဆို အိမ်ပေါ်က ဆင်းသွားသည်။ ပဂေးနှင့် မကွန့်က ဒေါ်မြနွယ်ကို ပြုစုသည်။

"ဘယ်လိုဖြစ်ရတာလဲ အစ်မရယ်"

"အစ်မ အပြစ်ပါ။ သူ မကြိုက်တာကို သွားလုပ်မိတယ်"

ထို့နောက် မည်သူမျှ ထမင်းပင် မစားဖြစ်တော့ဘဲ အိပ်ရာဝင်ကြသည်။

ပဂေးအတွက်ကား အိပ်၍မရသောညတွေက စလေပြီ။ ဦးကျော်ထွန်းဆိုသော အဖျက်သမားကြီးက သူတို့၏ချစ်ခရီးလမ်းတွင် ကန့်လန့်ခံလေပြီ။ သူများတွေပြောသလိုပင် သူတို့နှစ်ယောက် တွေ့စက သူတို့ရှေ့တွင် မြွေဆိုးကြီးတစ်ကောင် ပါးပျဉ်းကြီးထောင်ပြီး ဟန့်တားနေလို့များလား။ သို့သော် ထိုမြွေဆိုးကြီးကို သူမ၏ ချစ်သူသူရဲကောင်းက သုတ်သင်ဖယ်ရှားနိုင်ခဲ့သည် မဟုတ်လား။ ယခုလည်း ဦးကျော်ထွန်း၏အန္တရာယ်ကို ဖိုးမောင်သည် အသက်စွန့်၍ ခုခံကာကွယ်ပေလိမ့်မည်။

ပဂေးသည် ဖြစ်ပျက်သမျှ ကြားသမျှကို စာတစ်စောင်ရေးသည်။ စာအိတ်ကို လုံခြုံစွာ ပိတ်သည်။ စာအိတ် လက်ယာဘက်အပေါ်ဆုံးထောင့် တံဆိပ်ခေါင်းကပ်ရမည့်နေရာတွင် မောင်ဟု တစ်လုံးတည်း ရေးသည်။ နံနက် ဘိုကလေးမပြန်မီ တင်တင်ဝင်းလက်ထဲ ထည့်ရမည်။

# အခန်း (၁၂)

## ချစ်သူအတွက် အတာရေတစ်ခွက်

ပဂေးသည် ဘိုကလေးရောက်သည်မှ စ၍ အိမ်ထဲမှ အိမ်ပြင်သို့ မထွက်ရပေ။ သူမသည် ဘိုကလေးတွင် ဦးစောတင်၏ မိခင်ဖြစ်သော သူမ၏အဖွားနှင့်အတူ နေရသည်။ အဖွားသည် ဦးစောတင့်၏ အစ်ကိုဖြစ်သူ ဦးစောမြင့်နှင့် အတူနေရသည်။ ဦးစောမြင့်တို့ လင်မယားတွင် သားသမီး ထွန်းကားခြင်းမရှိရာ ပဂေးကို သမီးရင်းပမာ ချစ်ကြရှာသည်။ အဖွားသည် အနေအေးသလောက် စည်းကမ်းကြီးရှာသည်။ ရှေးဆန်သည်။ ပဂေးကို ချစ်ရှာသည့်အလျောက် ကိုယ်တိုင်ပင် ဗိုင်းကောင်းကျောက်ဖိဖြစ်အောင် အုပ်ချုပ်သည်။ ပဂေးမှာလည်း လမ်းမများတတ်သူ။ အိမ်တွင် စာအုပ်များနှင့်သာ မွေ့လျော်နေတတ်သူမို့ အိမ်တွင်းပုန်းလုပ်ရတာကို မငြီးငွေ့ပေ။ အိမ်တွင် ပဂေး၏ မိန်းကလေးသူငယ်ချင်းများ သွားလာဝင်ထွက်၍ ချက်စားပြုတ်စားကြသည်ကိုတော့ မည်သူမျှ မကန့်ကွက်။ ယောက်ျားလေးမိတ်ဆွေတော့ မရှိ။

ပဂေးသည် အပူဒဏ် ကြုံကြုံခံရင်း ဓနိပင်က လာမည့်စာကို မျှော်ရသည်။ ဖိုးမောင်သည် စာကို စာတိုက်က ဘယ်တော့မှ မထည့်။ ကုဒ့်ကနီမှ တက်လာမည့်စက်လှေများနှင့် လိုက်ပါလာသော အလွန်





စိတ်ချရသည့် အမျိုးသမီး လူကြုံများဖြင့်သာ ထည့်ပေးသည်။ များသောအားဖြင့် ဝင်းမောင်ကြီး၏ညီမ တင်တင်ဝင်း၊ ဖိုးမောင်၏ အစ်မ မြင့်မြင့်ကြည်တို့ ဖြစ်တတ်ကြသည်။

ပဂေးသည် ဖိုးမောင်၏စာများကို အပြန်အပြန်အလှန်လှန် ဖတ်ရလွန်းသဖြင့် အလွတ်ပင်ရနေပြီ ဖြစ်သည်။ သူမသည် စာရလျှင် ချက်ချင်း ပြန်ရေးရသည်။ လူကြုံသည် တစ်ညအိပ်ပြီး နောက်တစ်နေ့ ပြန်လေ့ရှိရာ လူကြုံမှီအောင် စာရေးရသည်။ များသောအားဖြင့် လွမ်းသမျှ ဆွေးသမျှ ကြိုတင်ရေးသားထားသော စာကို ဆက်လက်ရေးသားသည်ပင် ဖြစ်သည်။ ဖိုးမောင်သည်လည်း ဤအတိုင်းပင် ဖြစ်သည်ဟု သိရသည်။ ထိုမှတစ်ပါး ပဂေးသည် ရုပ်မြင်သံကြား ကြည့်ခြင်း၊ ဗီဒီယိုကြည့်ခြင်း၊ စာဖတ်ခြင်းဖြင့်သာ အချိန်ကုန်ရသည်။ အိမ်က အပြင်ထွက်တိုင်း မကွန့်ကို ထည့်ပေးလေ့ရှိသော်လည်း ပဂေး ကိုယ်တိုင်ကိုက အိမ်ထဲမှ အိမ်ပြင်ထွက်ရန် ရှောင်လေသည်။

ဦးစောတင် စိုးရိမ်သည်မှာ မမှားပေ။

ပဂေးတို့ ဘိုကလေးရောက်လို့မှ မကြာသေး။ ဦးကျော်ထွန်းကြီးသည် ဦးစောမြင့်တို့ လင်မယားအား ပဂေးကိုပါခေါ်၍ သူ၏အလှူသို့ ကြွခဲ့ပါရန် ဖိတ်ကြားလေတော့၏။ ဦးစောမြင့်လည်း ဇနီးဖြစ်သူကိုသာ ခေါ်သွားပြီး ပဂေးကို နေမကောင်းဟု အကြောင်းပြလိုက်ရာ ဦးကျော်ထွန်းသည် လွန်စွာ စိုးရိမ်ပူပင်သွားဟန်ဖြင့် ဦးစောမြင့်တို့ လင်မယား အိမ်အပြန်မှာ သတင်းမေးရန် ချက်ချင်း လိုက်လာလေတော့၏။ ပဂေးလည်း အခန်းထဲတွင်ပုန်းရင်း ဒူးတွေတဆတ်ဆတ် တုန်နေရသည်။ မကွန့်က ပဂေး ဆေးသောက်ပြီး အိပ်နေသည်ဟု ညာနေရသည်။ ဦးကျော်ထွန်းကား မပြန်။ ပဂေး၏အခန်းကို သူ ဝင်ကြည့်ရမှဟူ၍ တကဲကဲ ဖြစ်နေလေရာ မကွန့်ကဘဲ အမျိုးသမီးရောဂါဖြစ်၍ ဘုန်းကံတွေ နိမ့်ကုန်ပါလိမ့်မည်ဟု ခပ်ငေါ့ငေါ့ ပြောရတော့၏။

ဦးကျော်ထွန်းသည် ဦးစောမြင့်တို့လင်မယားကို ဖိတ်တိုင်း ပဂေးကိုခေါ်လာရန် အမြဲ မှာကြားလေ့ရှိရာ ပဂေး ရန်ကုန်သွားနေသည်။ လျှော်ပင်ပြန်သွားသည်။ ဖျားပုံသွားသည် စသည်ဖြင့် ဦးစောမြင့်တို့လင်မယားလည်း တစ်ကြိမ်တစ်မျိုး မရိုးရအောင် လိမ်ရတော့၏။

တစ်ခါသော် ပဂေးကို ဝရန်တာတွင် မြင်သွားလေရာ အိမ်ပေါ် အတင်းတက်လာပြီး စကားတွေဖောင်ဖွဲ့ပြောနေသဖြင့် ပဂေးလည်း ညည်းဝတ်ပျူငှာစွာ တုံ့ပြန်ပြောဆိုနေရတော့သည်။ ဦးကျော်ထွန်းကား ပဂေးကိုမြင်ရလျှင်ပင် ဒိန်းဒလိန်းနုတ် ဖမ်းစားပြီး အိန္ဒြေ မရှိတော့ပေ။ မိမိ၏ သမီးအရွယ်ပင်မက မြေးအရွယ်လေးပါလားဟူ၍ပင် သိက္ခာက မထိန်းတော့ပေ။ အလွန်လှကြောင်း ရန်ကုန်တွင် မိမိကျောင်းထားပေးမည်ဖြစ်ကြောင်း လျှောက်ပြောလေ၏။ ပဂေးကား အသက်အောင့်ထားရလေသည်။

နောက်နောင်တွင် ပဂေးသည် နေ့ခင်းကြောင်တောင်တွင် ဝရန်တာသို့ပင် မထွက်ရဲတော့ပေ။ ညမှောင်မှသာ မီးမှိတ်ပြီး ဝရန်တာသို့ ထွက်ရလေသည်။ ဦးကျော်ထွန်းကြီး ဘိုကလေးတွင် မရှိ။ စက်လှေဖြင့် ပါသွားပြီဟူသော သတင်းခိုင်လုံမှသာ ပဂေးခမျာ အသက်ဝအောင် ရှုနိုင်ရှာလေသည်။

တစ်ခါတွင်လည်း ဦးကျော်ထွန်းသည် တန်ဖိုးကြီးမားလှသော ပတ္တမြားလက်ကောက်နှင့် ပတ္တမြားလော့ကက်သီးပါဝင်သော တစ်ကျပ်သားရွှေဆွဲကြိုးတို့ကို ပေးပို့လိုက်လေရာ ဦးစောမြင့်တို့က ပဂေးမရှိကြောင်း၊ ရန်ကုန်မှ ဆွေမျိုးများထံ ပြန်နေကြောင်း မိမိတို့လည်း လက်မခံရဲပါကြောင်း အနူးအညွတ် သွားရောက်တောင်းပန်ရလေသည်။

ဦးကျော်ထွန်းကား ပဂေး ဘယ်တော့ပြန်လာမည်ကို စောင့်နေလေသည်။ ပဂေးခမျာလည်း ပူပြင်းလှသည့်နွေကို ဆုံးမပေးမည့် အတာသင်္ကြန်အခါကိုသာ စောင့်မျှော်နေရရှာ၏။ ဖိုးမောင်က သင်္ကြန်အကြိုနေ့ကျမှ ဘိုကလေးကို ရောက်ပေမည်။ ဖိုးမောင်နှင့်ကိစ္စကို ဦးစောမြင့်တို့ မသိသော်လည်း ဦးစောမြင့်က ပဂေးသည် သူမ၏





အမျိုးများရှိရာ အလုံ ဦးလူနီလမ်းတွင် သင်္ကြန်ကျလိမ့်မည်ဟု ပြောထားရာ ဦးကျော်ထွန်းလည်း မိမိလည်း ရန်ကုန်ရှိ အလုံတွင် သင်္ကြန်ကျမည်ဟု ပြောလေတော့၏။

ယခုနှစ်သင်္ကြန်မှာ နှစ်ရက်ထပ်သဖြင့် အကြတ်နေ့ဖြစ်လေရာ ဧပြီ (၁၂) ရက်နေ့ကတည်းက သင်္ကြန်ကြိုမည်ဖြစ်ပြီး ဧပြီ (၁၃) ရက်နေ့တွင် သင်္ကြန်ကျပေမည်။ ဧပြီ (၁၄) (၁၅) နှစ်ရက် သင်္ကြန်ကြတ်ပြီး (၁၆) ရက်နေ့မှ သင်္ကြန်တက်မည်။ ရှုံးသူရှုံးသားများကား ဧပြီ (၁၁) ရက်နေ့မှ (၂၀) ရက်နေ့အထိ နှစ်သစ်ကူးရုံးပိတ်ရက်အဖြစ် သတ်မှတ်ထားလေရာ ဘုရားဖူးထွက်သူထွက်နှင့် ကောင်းစွာ အနားရကြလေသည်။ ရန်ကုန်၊ ပုသိမ် စသော မြို့များတွင်လည်း ကိုယ့်မြို့ကိုယ့်ရွာကို ရက်ကြာကြာ ပြန်ခွင့်ရကြလေသည်။

ဦးကျော်ထွန်းကား (၆) ရက်နေ့ တနင်္ဂနွေနေ့ကတည်းက စက်လှေဖြင့် ထွက်သွားရာ သူသည် ဘိုကလေးမြစ်အတိုင်း စုံဆင်း၍ စက်ဆန်း၊ အမာ (သို့မဟုတ်) ကဒုံကနီရွာများဘက်သို့ သွားခြင်း မဟုတ်ပေ။ အရှေ့ဘက် ဂုံညင်းတန်းမြစ်အတိုင်း ကျိုက်လတ်ဘက်သို့ ထွက်ကာ ကျိုက်လတ်မှ တိုးမြစ်အတွင်းသို့ ကျုံမငေးမှဝင်ကာ ကျိုက်လတ်မှ ကဝက်ကင်း၊ ထိုမှ တွံတေးတူးမြောင်းအတိုင်း ရန်ကုန်ဘက်သို့ ထွက်သွားခြင်းလည်း မဟုတ်ပေ။ ထိုခရီးစဉ်အတိုင်းသာဆိုပါက ဦးကျော်ထွန်းသည် ရန်ကုန်သို့ ကြိုတင်သွားရောက်၍ ပဂေးကို စောင့်နေခြင်း ဖြစ်ပေလိမ့်မည်။ ဦးစောမြင့်ကား ဉာဏ်ရှိသူပီပီ ပဂေးတစ်ယောက် ရန်ကုန်သို့လာလိမ့်မည်ဟု အလုံ ဦးလူနီလမ်းသို့ ယုတ္တိရှိရှိ စာပို့ထားလေသည်။ သို့မှသာ ဦးကျော်ထွန်းသွားမေးလျှင်လည်း ယုံကြည်စေရန် ဖြစ်လေ၏။

ယခုမူ ကျော်ထွန်းဝင်းစက်လှေသည် ကွဲခြံရေကျော်ဖြတ်လမ်းအတိုင်း ဧရာဝတီမြစ်ရှိရာ အနောက်ဘက်ယွန်းယွန်းသို့ ထွက်သွားလေသည်။ ဦးကျော်ထွန်းသည် ဧရာဝတီမြစ်ကြောင်းအတိုင်း စုန်ဆင်းသွားပါက လျှော်ပင်၊ ဧရာရွာများသို့ ရောက်မည်ဖြစ်သော်လည်း သူသည် နှာခေါင်းပေါက်ရွာနားမှ ရာဆူဒိုင်မြစ်ဘက်ကို ဖြတ်ထွက်သွားရာ

မော်လမြိုင်ကျွန်းဘက်သို့ သွားပုံရလေသည်။ ဤအတိုင်းဆိုပါက ဤမိကျောင်းကြီးမှာ ဘိုကလေးဘက်သို့ အချိန်မရွေး ပြန်ရောက်လာနိုင်သဖြင့် ပဂေးခမျာ ရင်မောနေရရှာလေသည်။ သူသည် ရာဆူဒိုင်မြစ်အတိုင်း ဆန်တက်သွားပါက ရွှေတောင်မော်၊ ရေလဲကလေးရွာများမှတစ်ဆင့် မအူပင်သို့ထွက်နိုင်လျှင် တိုးမြစ်သို့ ပြန်ရောက်မည်ပင်ဖြစ်သည်။

ဦးကျော်ထွန်းကား ရောဝတီ မြစ်ဝကျွန်းပေါ်ဒေသကြီးတစ်ခွင်တွင် ငယ်စဉ်ကတည်းက စက်လှေများဖြင့် သွားလာကျက်စားခဲ့လေရာ မြစ်ချောင်းများကို လွန်စွာမှပင် ကျွမ်းကျင်လေသည်။ မည်သည့်မြစ်ကို ဝင်လျှင် မည်သည့်မြို့သို့ ရောက်မည်။ ကျယ်ပြောလှသော မြစ်ကြီးကို မြင်တိုင်းလည်း မြို့ကြီးတစ်မြို့မြို့ကို ရောက်မည်မထင်နှင့်။ ရွံ့တော၊ နွံတော၊ ဒီရေတောများ ပိတ်ဆို့နေသည့် ချောင်းဦးတို့ ဖြစ်ချင်ဖြစ်နေမည်။ ရုံဖန်ရံခါ ဗေဒါတော၊ ဗျိုက်တောများက တိုးမရအောင် တားဆီးထားလို့ နောက်ပြန်ဆုတ်ရပေမည်။ စသည်တို့ကို သူ ကောင်းစွာသိရှိသည်။

ပဂေးသည် ဦးကျော်ထွန်း၏သတင်းကို သတိကြီးစွာ နားစွင့်ရသည်။

ဗုဒ္ဓဟူးနေ့တွင် ကျော်ထွန်းဝင်းစက်လှေသည် မော်လမြိုင်ကျွန်းမှ ကုန်တွေတင်လာပြီး ကြာသပတေးနေ့ (၁၁) ရက်နေ့ကတည်းက ကျိုက်လတ်ဘက် ထွက်သွားတော့သည်။ ဦးကျော်ထွန်းသည် ရန်ကုန်တွင် သင်္ကြန်ကျမည်ဟု ပြောသွားလေရာ ပဂေးလည်း အတိုင်းမသိပျော်သွားရတော့၏။

အသံများသည် လေထဲတွင် ပျံသန်းသွားပြီး လူတွေကြားထဲကို ရောက်လာသည်။ သံစဉ်မဲ့ သီချင်းများကို သံစဉ်တွေ တွဲဖက်ထားသော ရစ်သမ်နှင့် စည်းဝါးနရီတို့က ထောက်ကူပေးထားရသည်။ ဒြပ်မဲ့များသည် စည်းချက်တို့၏ ကန့်သတ်ချက်အတိုင်းသာ လူးလွန့်လှုပ်ရှားကြရရှာသည်။ မနှစ်ကအထိ သားစိုး၏ ရောသမမွှေနှင့် ဘိုဖြူ၏ အဖြူရောင်သံစဉ် ခေနိုးရာသီချင်းများက ကြီးစိုးနေလေသည်။





ရောသမမွှေမှာ မြန်မာနတ်ဒိုးနှင့် ရောနေသည့်အပြင် စည်းချက်က မြူးကြွသောကြောင့် သင်္ကြန်တွင် ခုန်လို့ကောင်းသည်ဆိုပြီး နာမည်ကြီးလေသည်။ သားစိုးကိုယ်တိုင်ကလည်း အင်တာဗျူးတွင် ဤအတိုင်းပြောခဲ့၏။

ယခုနှစ်တော့ စိုင်းစိုင်းခမ်းလှိုင်၏ တောင်ဂေါ်လီက တောထဲအထိ ပျံ့လွင့်နေလေပြီ။

ပဂေးလေးသည်လည်း တောင်ဂေါ်လီလေး ဖိုးမောင်ကို မျှော်ရသည်မှာ မောလွန်းလှပြီ။ လွမ်းလွန်လွန်းလို့ မကြာခဏ ငိုနေလေရာ သူမကို အနီးကပ်ထိန်းသိမ်းရသည့် မကွန့်ခမျာ ချော့လိုက်ရတာမမောနိုင် မပမ်းနိုင်ရှာပေ။

ဧပြီလ (၁၂) ရက်နေ့ သင်္ကြန်စောကျမည့်နေ့တွင် ဖိုးမောင်ရောက်မည်။ ဖိုးမောင်က ရောက်ရောက်ချင်း အိမ်ရှေ့ကို သူလာမည်ဟုဆိုပြီ။ ကလေးတွေ ရေပက်တဲ့နေ့ပေမယ့် လူကြီးတွေလည်း ပက်ကြသည်။ လူမကြီးတကြီး စကောစကတွေလည်း ပက်ကြသည်။

ပဂေးတို့အိမ်သည် ဘိုကလေးမြစ်ကမ်းဘက်ကို မျက်နှာမူထားသည်။ ပဂေးသည် ဝရန်တာကို အတင့်ရဲစွာထွက်၍ အဝေးကြည့်မှန်ပြောင်းတစ်လက်ဖြင့် ဘိုကလေးမြစ်ကို ဆန်တက်လာမည့် လှေ၊ သင်္ဘော၊ သမ္ဗာန်တို့ကို မပြတ်မလပ် လိုက်ကြည့်နေသည်။

"လိုက်ကြည့်မနေနဲ့။ ဒီမှာ ညည်းလူက ရေလွှာလျှောစီးပြီးလာမှာ"

မကွန့်က နောက်လိုက်ရာ ပဂေးက ခြေကလေးနှစ်ဘက်ကို ဆောင့်သည်။

"ကွန့်ကွန့်နော် ... ကွန့်ကွန့် သူများ ငိုလိုက်မှာ"

"အလကားစတာပါ ကလေးရယ်။ ရေဆန်ခရီးဆိုတော့ ကြာတာပေါ့။ သူတို့လှေရဲ့ အင်ဂျင်ပါဝါကလဲ ရှိသေးတယ်လေ"

"သူက အကျနေ့လာမယ်လို့ ပြောထားတာ။ ပြီးတော့ ဒီနေ့ လဆန်း (၇) ရက်နေ့။ ရေထရက် ဖြစ်နေပြီ။ ဒီရေနဲ့ ရောတက်လာရင်ရတာယ်"

"ဒါပေမယ့် ဒီနေ့က ပြ ..."

မကွန့်သည် သူမ၏ပါးစပ်ကို သူမ လက်ဖြင့် ပြန်ပိတ်လိုက်သည်။ ဧပြီလ (၁၂) ရက်နေ့ သင်္ကြန်အကျနေ့ပေမယ့် တန်ခူးလဆန်း (၇) ရက်နေ့ ...။ ပြဿဒါးနေ့။ စောစောကပဲ ပြက္ခဒိန်ကို ကြည့်လိုက်မိသည်။

"ဘာပြလဲ ..."

"ဘာမှ မဟုတ်ပါဘူး"

"မဟုတ်ဘူး။ စောစောက ပြတဲ့။ ဒီနေ့က ပြတဲ့။ ဘာပြလဲ ပြော"

မကွန့် သက်ပြင်းချလိုက်သည်။

"ပြဿနာကို ပြောတာလဲ"

"ဘာပြဿနာလဲ ကွန့်ကွန့်"

မကွန့် ပြောသင့် မပြောသင့် ချိန်ဆနေသည်။

"ကွန့်ကွန့်နော်။ ကွန့်ကွန့် ...ပဂေး ဒိုပစ်လိုက်မှာ သိလား"

"ပဂေးလေးရယ်။ ပြောသင့် မပြောသင့် ချိန်ဆရသေးတယ် ပြောပြီး မဟုတ်ပြန်ရင် ကွန့်ကွန့် အပြစ်ဖြစ်နေမယ်လေ"

"ပြောသာပြော။ ကွန့်ကွန့် ဘာမှ မဖြစ်စေရဘူး"

"မနေ့က (၁၁) ရက်နေ့။ ကျော်ထွန်းဝင်းစက်လှေ ကျိုက်လတ်ဘက် ထွက်သွားတယ်မဟုတ်လား"

"သိပ်ဟုတ် အရမ်းဟုတ်။ အဲဒီမှာ မိကျောင်းကြီး ပါသွားပြီး ရန်ကုန်မှာ သင်္ကြန်ကျမယ်တဲ့။ ခိုင်လုံသောရပ်ကွက်က သတင်း ... တာ"

ပဂေးမှာ ပျော်မြူး၍လာသည်။

မကွန့်က ...

"ဦးကျော်ထွန်းကြီး ပါမသွားဘူးထင်တယ်"

"ရှင်"

ပဂေး ရင်ထိတ်သွားရသည်။





"ကွန့်ကွန့် မနောက်နဲ့နော်"

"မနောက်ပါဘူး ကလေးရယ်။ မနက်က ကွန့်ကွန့် ဈေးဘက် ကိုသွားတော့ သူ့ကို ရှမ်းစုတားဂျစ်ပေါ်မှာ တွေ့လိုက်ရတယ်။ စိတ်ထဲ မှာ မသေချာတာနဲ့ သူ့အိမ်ရှေ့သွားပြီး ခေါက်တုံ့ခေါက်ပြန် ကြည့် တယ်။ သူတို့တိုက်ရဲ့ အောက်ထပ် ကတ္တားကြီးနားက စားပွဲမှာ တွေ့ တယ်။ သူ့တပည့်တွေကို စကားပြောနေတာ တွေ့တယ်"

"ပြဿနာပဲ"

ပဂေးရင်ထဲမှာ မောနေသည်။

"ကွန့်ကွန့်ရယ်။ ဘာလို့ စောစော မပြောရတာလဲ"

"အမလေးလေး။ ဘကြီးတော်မင်းက ကျုပ်ကို ခိုင်းထားလိုက် တာမှ ဂျင်ခြေကို လည်နေတာပဲ။ ပြောမလို့လုပ်လိုက်၊ သူတို့က အနားမှာ ကပ်နေလိုက်။ မဖုရားလေးကလဲ မုန့်ပြောင်းတစ်လက်နဲ့ ဝရန်တာမှာလေ။ ကိုကိုလာမယ်ဆိုလို့ ကာဖီရေတွေကြိုလို့။ ဆံထုံးကြီး ကတော့ မအက်ပါဘူး။ ပါးကွက်ကြီးလဲ မကွက်ပါဘူး"

"ဒါပေမယ့် ဝရန်တာမှာထွက်ပြီး ဆတ်စလလူး ခါနေမိတာပေါ့ ကွန့်ကွန့်ရဲ့"

"အဲဒီလိုလဲ မဟုတ်ပါဘူး"

"သူလာမယ် ဆိုလို့ပါ"

"လမ်းပေါ်ကဖြတ်သွားတဲ့ ကောင်လေးတွေကတောင် ရေပြွတ်နဲ့ ထိုးထိုးသွားတာလေ။ သူတို့ရေ မမိုလို့ မစိုတာကိုများ မဖုရားလေးက ပျော်နေသေးတယ်"

"ကွန့်ကွန့်ရယ်။ သူလာမယ်ဆိုတော့ ပျော်တာပေါ့"

"သူက ညနေ နေဝင်ချိန်လောက်ကျမှ ရောက်မှာကို ဘာလို့ တစ်နေကုန် ထွက်မျှော်ရတာလဲ ကလေးရယ်။ မိကျောင်းကြီးကတော့ ပဂေးကို ဒီမှာရှိနေတာကို သိတော့မှာပဲ"

"သိလောက်ပြီ ကွန့်ကွန့်။ သူက လူပါးကြီး။ ပဂေးရှိနေတာ သူသိမှာပဲ"

ပဂေး သက်ပြင်းချသည်။

ရင်ထဲမှာ မောလွန်းလှစွာ၏။

နေက ဝင်လုပြီ။

မျှော်တဲ့သူက ပေါ်မလာသေး။

မမျှော်တဲ့သူက ပေါ်လာလေပြီ။

ရှမ်းစတားဂျစ်သည် အိမ်ရှေ့သို့ ဆိုက်လာသည်။ ပဂေးနှ မကွန့်သည် ဝရန်တာပေါ်မှ အံ့အားသင့်စွာ ငုံ့ကြည့်နေမိကြသည် ကားပေါ်မှ ဦးကျော်ထွန်း ဆင်းလာသည်။ ဆံပင်မှာ ရေတွေစိုနေသဖြ ဦးခေါင်းနှင့်ပို၍ ကပ်နေသည်။ နေကာမျက်မှန်တပ်ထားသော်လည် ထူထဲတွန့်လိပ်နေသော မျက်ခုံး၊ မျက်ခွံနှင့် မျက်ခမ်းတို့ကို အလွယ် တကူ ခန့်မှန်းနိုင်သည်။ ရှပ်အင်္ကျီလက်တို ကြောင်ကြောင်ကျားကျားကို ဝတ်ပြီး လက်ညှိုးလုံးမက တုတ်သော ဆွဲကြိုးကြီးနှစ်ကုံး ထပ်ဆွဲ သည်။ ဟန်းချိန်းတွေ နှစ်ဖက်စလုံး ဝတ်သည်။ ယိုးဒယားစတိုင်လို ပြောတာပဲ။ သူ့အရွယ်ကြီးနှင့် ဒူးဖုံး သရီးကွာတားဘောင်းဘီ တိုပွပွ ကို ဝတ်ထားလေရာ အကြည့်ဆိုးလှသည်။

သူ ခါးထောက်ပြီး ဝရန်တာဘက် မော့ကြည့်မည်အပြုတွင် ပဂေးသည် လျင်မြန်စွာ ရှောင်တိမ်းလိုက်သည်။

"ပဂေး ... နင် အခန်းထဲဝင်။ ဂျက်ချထား။ အောက်မှာ ဦးလေးမရှိဘူး။ ဒေါ်လေးက အတီးအတနဲ့"

မကွန့်က အိမ်အောက်ထပ်ကို ပြေးဆင်းသွားသည်။ ပဂေး သည် အခန်းထဲဝင်ပြီး ကြောက်လွန်းလို့ ရင်တွေ တုန်နေသည်။ ညရောက်ပြီမို့ အခန်းထဲမှာ မှောင်နေသော်လည်း မီးမဖွင့်ရဲ။

အိမ်အောက်ထပ်မှ မိကျောင်းကြီး၏ ဟောင်ဖွာဟောင်ဖွာ အသံတွေ ကြားနေရသည်။

"စောမြင့်က ဒီလောက်တောင် အလုပ်တွေလုပ်နေရလား။ ငါက ဒီကောင့်ကို ငါတို့နဲ့ပိုင်းဖို့ လာခေါ်တာ။ ဒီနေ့ ရှယ်ဒင်နာ လုပ် ထားတာ။ အမှန်က နင်တို့အိမ်မှာ လုပ်ဖို့ကောင်းတာ။ ပဂေး ရန်ကုန် မသွားဖြစ်ဖူး မဟုတ်လား။ ငါ ဦးလူနီလမ်းကို ဖုန်းဆက်မေးပြီးပြီ။





ကောင်းပါတယ်။ ရန်ကုန်က ပိုတောင် ပူသေးတယ်။ ဘယ့်လိုလဲ။ ပဂေး ဘယ်ရောက်နေလဲ။ ငါနဲ့တွေ့ရမှာစိုးလို့ အိမ်ခန်းထဲမှာ ပုန်းနေ တာလား"

"နေမကောင်းလို့ပါ"

အထစ်ထစ်အငေါ့ငေါ့ဖြစ်နေသော ပဂေးတို့အမေက ဘာမှ ပြန်မဖြေနိုင်ခင်မှာပင် မကွန့်က ဝင်ဖြေသည်။

"ငါမေးတာ မသီကို မေးတာပါ။ နင်တို့အိမ်မှာ အိမ်ဖော်တွေ က လူကြီးစကားပြောရင် ဒီလိုပဲ ဝင်ရှုပ်လား"

အရာရာသည် တိတ်ဆိတ်သွားသည်။

ပဂေးသည် မကွန့်အတွက် မခံချင် ဖြစ်သွားသည်။ သူမတို့ အိမ်တွင် မကွန့်ကို အိမ်ဖော်လို့ မည်သူမျှ သဘောမထား။ ဆွေမျိုး ထဲမှ နွမ်းပါးသူကို အိမ်တွင် ခေါ်ယူစောင့်ရှောက်ထားခြင်းသာ ဖြစ် သည်။

"သွား ... ပဂေးကို သွားခေါ်စမ်း"

- ဦးကျော်ထွန်းက မကွန့်ကို အမိန့်ပေးလိုက်သည်။

"ခေါ်လို့ မဖြစ်ဘူးရှင့်"

မကွန့်က ခေါင်းမာစွာ ငြင်းသည်။

"နေမကောင်းတဲ့သူက ဝရန်တာမှာ တစ်နေ့လုံး ထွက်ချီဝင်ချီ လုပ်နေတာ ငါမသိဘူး အောက်မေ့နေလား။ နေမကောင်းရင် ငါ ဆေးခန်းကို ပို့ပေးမယ်။ မနက်ဖြန် ရေပက်ခံထွက်ကြရမှာ။ နေ မကောင်းလို့ မဖြစ်ဘူး သွားခေါ်"

"မဖြစ်လို့ပါ"

"ဘာလို့ မဖြစ်ရမှာလဲ"

"မီးယပ်တွေဆင်းတာ များလွန်းလို့ မထနိုင်တာပါ"

ဦးကျော်ထွန်း ဘာပြန်ပြောရမှန်း မသိ။ ခဏတော့ အသံတွေ တိတ်ဆိတ်သွားသည်။

"ငါ ဆရာဝန် လွှတ်ပေးလိုက်မယ်"

"ငါတစ်ယောက်လုံးရှိနေတာ ဘာဆရာဝန် လွှတ်ရမှာလဲ မင်းက ဒီအိမ်ရဲ့ အိမ်ရှင်လား။ ဘာတွေပြောနေတာလဲ၊ မင်း ထွက်သွား စမ်း"

အဖွားဓါ်အသံကို မမျှော်လင့်ဘဲ ကြားရသည်။ ပဂေး ဖျော့ သွားသည်။ အနေအေးသလောက် စည်းကမ်းကြီးသော အဖွားသည် သတ္တိရှိပြီဆိုလျှင် သူများနှင့်မတူ။ ယခုလည်း အဖွားသည် ပြဿနာကို သိထားပြီးသား ဖြစ်သည်။ ဦးကျော်ထွန်းတစ်ယောက် လျှော်ပင်အလု မှာ ပဂေးကိုမြင်ပြီးကတည်းက သဘောကျနေကြောင်း နားလည်ထား သည်။ ဦးကျော်ထွန်းသည် လူကြီးလူကောင်း သူဌေးအယောင်ဆောင် ထားပေမယ့် အကျင့်စာရိတ္တ ကောင်းသူမဟုတ်ကြောင်းကိုလည်း တစ်မြို့လုံးနည်းတူ သိထားသည်။

"ကျွန်တော်က မောင်စောမြင့်တို့ရဲ့ အလုပ်ရှင်ပါ အဒေါ်။ ဆရာဆိုလဲ မမှားပါဘူး"

"မဟုတ်ပါဘူး။ မင်းကသာ အတင်းအလုပ်ရှင်ဖြစ်အောင် အရင်းအနှီးတွေ လိုက်ထုတ်ပေးနေတာ။ ငါ့သမက်ဆီမှာ မင်းငွေများများ စားစား မရှိပါဘူး။ သူ့ဆရာ ဆိုရအောင်ကလဲ သူပဲ ကျောင်းကထွက်တာ ကြာပြီ။ မင်းက ဘယ်လိုလုပ် ဆရာဖြစ်နိုင်မှာတုန်း"

"ဒီလိုပါ အဒေါ်။ ကျွန်တော်က ပဂေးကို နားဖောက်ဖို့ အစီအစဉ် ရှိပါတယ်။ အဲဒါ"

ဦးကျော်ထွန်းက ပြောင်ကျကျ လုပ်လာလေပြီ။

"ပဂေးမှာ နားဖောက်ပြီးသားရှိပါတယ်။ မင်း ဖောက်ပေးစရာ မလိုပါဘူး"

"ဒါပြောတာ မဟုတ်ပါဘူး။ ပဂေးကို ကြောင်းလမ်းတာ ပါ"

"မဖြစ်နိုင်ပါဘူး။ သူ့မှာ ရည်းစားရှိတယ်၊ သူ့ရည်းစားကလွဲပြီး သူ ဘယ်သူ့ကိုမှ ကြိုက်မှာမဟုတ်ဘူး။ မင့်နှယ်ကွယ် ...မိန်းမတွေလဲ တစ်မြို့တစ်ယောက်နှုန်းလောက် ယူထားတာ။ တော်ရောပေါ့။ မင့် အသက်အရွယ်နဲ့ ဒီလောက်တောင် သောင်းကျန်းရလား"





ဦးကျော်ထွန်း လုံးဝ အသံတိတ်သွားသည်။

ထို့နောက် မထင်မရှား မသဲကွဲသောအသံတွေ ကြားရ သည်။

"ဂန်းမကြီး။ ကျော်ထွန်း ဘယ်လိုကောင်လဲဆိုတာ သိရမှာ ပေါ့"

ရှမ်းစတားဂျစ် တံခါးဆောင့်ပိတ်သံ ထွက်လာသည်။ ကား စက်နှိုးပြီး ကားထွက်သွားသံကြားရသည်။ ပဂေးသည် အိမ်အောက်ထပ် သို့ပြေးဆင်းပြီး အဖွားကို တအားပြေးဖက်ကာ နမ်းလိုက်သည်။

"ဘုရားပို ... ဒါမှ တို့အဖွားကွ။ ဒီဟာကြီး ဒီလိုလုပ်မှ ဖြစ်မှာ"

"ဟုတ်တယ်။ အရှက်ကိုနည်းတယ်၊ မောင်စောမြင့်တို့က နင့်အဖေ မောင်စောတင်ပြောတာနဲ့ အောက်ကျို့ဆက်ဆံနေတာကို ငါ အမြင်ကပ်နေတာ ကြာပြီ။ ငါကတော့ သူ့ကို ရှိသေနေမှာ မဟုတ် ဘူး။ ပါးကို ဖိနပ်နဲ့ချမှာ"

"အဖွားတို့က ဉာဏ်ပြေးတယ်။ ပဂေးမှာ ရည်းစားရှိတယ်။ သူ့ရည်းစားကလွဲပြီး သူ ဘယ်သူ့မှ ကြိုက်မှာမဟုတ်ဘူးလို့ ပြောလိုက် တာ မီကျောင်းကြီးမျက်နှာ တွန့်လိန်ပြီး ရဲသွားတာပဲ"

မကွန့် ဝင်ပြောသည်။

"ဟုတ်တယ်လေ။ ငါက မှန်တာကိုပြောတာပဲဟာ"

ပဂေး အံ့အားသင့်သွားသည်။

"အဖွားကလဲ"

"ဘာ အဖွားကလဲလဲ။ ညည်းတို့နှစ်ယောက်ပေါင်းပြီး ငါတို့ကို ပတ်နေတာ။ ဟိုလင်မယားကသာ အအကြီးတွေမို့ မသိရင် နေမယ်။ ငါသိတယ် နားလည်လား။ ဘာတဲ့ ခနိုပင်က မောင်ပုရဲ့သား မောင်ဖိုးမောင် မဟုတ်လား"

ပဂေး ရှက်တော့သည်။

"အဖွားနော်။ အဖွား"

အဖွားကတော့ သူမကို ဘယ်တော့မှ ရိုက်မည်မဟုတ်ကြောင်း
သိသော ပဂေးသည် အဖွားကို မကြောက်။ သို့သော် ရှက်သည်။

"ဘာလဲ ... ညည်းကများ ငြင်းဦးမလို့လား ပဂေး။ ဟဲ့ ... မကွန့်။ ငွေဖလားတစ်လုံးတည်းမှာ ရေသန့်သန့် ထည့်ပေးလိုက် ဟိုမသာကောင် အိမ်မှာလာကျယ်နေတုန်း ကောင်လေးက လမ်းတစ် ဘက်က အုန်းပင်အောက်မှာ ဖလားလေးကိုင်ပြီးစောင့်နေတာ မြင်တယ်။ ငါ့ကိုများ အသက်ကြီးပြီ အောက်မေ့လို့လား။ မျက်လုံးက မျက်မှန်မလိုဘူး။ အပ်ပေါက်ထိုးနိုင်တယ်။ မှောင်နေလဲ မြင် တယ်"

အဖွားက ဗျစ်တောက်ဗျစ်တောက်ပြောနေချိန် ပဂေးသည် အိမ်ရှေ့လမ်းမတစ်ဘက်ရှိ အုန်းပင်စုများအောက်တွင်ရပ်နေသော ဖိုးမောင်ကို ဝမ်းသာအားရ ငေးကြည့်နေမိသည်။ မကွန့်ဆီက ရေ အပြည့်နှင့် ငွေဖလားလည်းရရော အိမ်ထဲမှ လှစ်ကနဲ ပြေးထွက်ခဲ့တော့ ၏။

"ဆယ့်ငါးမိနစ်ပဲနော်။ တော်ကြာ ကျော်ထွန်းဆိုတဲ့ မသာ ကောင်က ပြန်လှည့်ချင် လှည့်လာမှာ။ ကြည့်စမ်း ... ကြည့်စမ်း ကောင်မလေးတော့ ချစ်မိကြိုက်မိတော့လဲ ကားတိုက်မှာတောင် မကြောက်တော့ဘူး။ ပြေးသွားလိုက်တာများ ပျံသွားတာ ကျနေတာ ပဲ။ ဟဲ့ ... ဟဲ့ မကွန့် ညည်းလိုက်သွား။ တစ်ခုခုဖြစ်ရင် ညည်း အသေ ပဲ။ ကလေးတွေကြားထဲလဲ ကန့်လန့်ကန့်လန့်နဲ့ ဝင် ဆရာလုပ်ပြီး ရှုပ်မနေနဲ့ဦး"

ပဂေးကား အဖွား၏စကားတွေကို မကြားနိုင်တော့ပေ သူတို့နှစ်ယောက်သည် အုန်းပင်များအကွယ် မှောင်ရိပ်သို့ ရွေ့လျား သွားသည်။

"စောင့်လိုက်ရတာ မောင်ရယ်။

"စက်လှေကဖောက်နေလို့ မနေ့ညက စက်ဆန်းမှာ အိပ်နေ ရတာ"





"အချိန်မရဘူးမောင် ... ။ ကဲ ... မောင် အရင်လောင်း"

ဖိုးမောင်က ပဂေး၏လည်ကုပ်ကလေးကို ကွယ်နေသော ဆံပင်များကို ဖယ်၍ နံ့သာရည်ပါသောရေကို ဖြည်းဖြည်းလေး လောင်းသည်။ အေးမြသွားရသည်။ တစ်ကိုယ်လုံးက ပူလောင်မှုတွေ လွင့်ပါးပျောက်ကွယ်သွားရသည်။ ရင်ထဲမှာ ငြိမ်းချမ်းသွားသည်။ သောကတွေ ငုပ်လျှိုးသွားပြီ။ နံ့သာနံ့တွေက မွှေးကြိုင်လန်းဆန်းစေ သည်။

"ကမန်းကတန်း ထွက်လာရတာ။ ပဂေးရေက ရှီးရှီးရေ ပဲ"

"ဘယ်ကလာတော်။ ကျုပ် ရေမွှေးတွေ ကမန်းကတန်း ထည့်ခဲ့ပါတယ်။ အငွေ့ပျံကုန်ဦးမယ်။ မြန်မြန်လောင်း"

မကွန့်အသံကြီး ထွက်လာသည်။

"ကွန့်ကွန့်နော် ကွန့်ကွန့်။ မချောင်းနဲ့။ ပဂေးရှက်တယ်"

"ငါက ချောင်းတာမဟုတ်ဘူးနော်။ တာဝန်အရ"

ပဂေးက ဖိုးမောင်ကို ရေလောင်းသည်။ ဖိုးမောင်ရင်ထဲမှာ လည်း ပူပန်စိုးရိမ်ရသမျှ သောကတွေ ငြိမ်းကုန်သည်။ အေးမြသွားရ သည်။ တစ်ကိုယ်လုံး ပီတိသောမနဿတို့ဖြင့် ဖုံးလွှမ်းသွားရ၏။ ပျော်ရွှင်မြူးတူး၍လည်း လာသည်။

"ဒီနှစ်သင်္ကြန်မှာ ဘယ်သူမှ ရေလောင်းစရာ မလိုတော့ဘူး။ ပဂေးပဲ လောင်းချင်သလောက် လောင်း"

"ပဂေးလဲ ဒီအတိုင်းပဲ။ ဒီနှစ်သင်္ကြန်မှာ ပဂေးကို ဘယ်သူမှ ရေလာမလောင်းနဲ့။ ပဂေးကလဲ ဘယ်သူ့ကိုမှ ရေမလောင်းတော့ ဘူး"

"အမလေးလေး ... အဖြစ်သဲနေလိုက်ကြတာနော်။ (၁၅) မိနစ် ... (၁၅) မိနစ်။ မပြောမရှိနဲ့"

"ကွန့်ကွန့်က ချောင်းတယ်ပေါ့လေ။ ကွန့်ကွန့်ရှေ့မှာ ကဲပြ လိုက်မှာနော်။ တော်ကြာ အဖျိုကြီးတစ်ယောက် စိတ်တွေဖောက်ပြန် ကုန်မယ်"

"အမလေး ... စိတ်မဖောက်ပြန်ပါရစေနဲ့နော်။ ဦးကျော်ထွန်းကြီးမြင်ရတာနဲ့ အသည်းတုန်တယ်"

"ဟုတ်ပြီ။ ကွန့်ကွန့်ကို မိကျောင်းကြီးနဲ့ ပေးစားရမယ်"

"ပဂေးနော် ...ပဂေး။ ညည်း ကွန့်ကွန့်ကိုမချစ်ရင် အသေသတ်လိုက်။ ဒါကြီးနဲ့တော့ နှုတ်နဲ့တောင် လာမသမုတ်ပါနဲ့။ သနလွန်းလို့ပါ"

သူတို့သုံးယောက်သည် ဦးကျော်ထွန်းတစ်ယောက် အရက်မှူးမူးနှင့် အိမ်ပေါ်လာပြီး ထင်တိုင်းကြဲနေသဖြင့် အဖွားက မောင်းချလိုက်ပုံကို ပြောဖြစ်ကြသည်။

"ကျွန်တော်မြင်တယ် ကွန့်ကွန့်ရဲ့။ သူ့ကိုကြည့်ပြီး ပြေးထိုးချင်တဲ့စိတ်တွေ ပေါက်နေလို့ မနည်းထိန်းရတယ်"

"ကြည့်နေကြဟော့။ ဒီလူကြီးအန္တရာယ်က မသေးဘူး။ ညတ်ကလဲ မသေ့ဘူး။ ပဂေးကို မျက်ခြည်မပြတ် ကြည့်နေတာ သေချာတယ်"

မကွန့်က ခပ်လှမ်းလှမ်းကို ရှောင်ပေးလိုက်သည်။ ချစ်သူနှစ်ဦးမှာ ခွဲနေကြရသည့် ရက်များအတွက် အတိုးချ၍ အချစ်ခြင်းပြိုင်နေကြသည်။ ပြောစရာစကားတွေကလည်း တစ်ပုံတစ်ပင်။ (၁၅) မိနစ်သည် (၄၅) မိနစ် ဖြစ်သွားလေသတည်း။



# အခန်း (၁၃)

## ရန်ငြိုးဟူသည်

ဖိုးမောင်အတွက်ကား ဤနှစ်သကြန်သည် သူမှတ်မိ သိရှိသမျှသော သကြန်များထက် ပို၍ ပို၍ ပျော်ရွှင်စရာ ကောင်းနေတော့သည်။ သူသည် မည်သူ့ကိုမျှ ရေမပက်။ သို့သော် သူများတွေကတော့ သူ့ကို ရေရွှဲနေအောင် ပက်သည်။ အတာသည် ပူးပြင်းလှသော နွေ၏ ဒေါသရှိန်းများကို ယဉ်ပါးလာအောင် ဖျောင့်ဖျပေးလျက်ရှိသည်။ သူသည် ရေပက်ခံရသူသက်သက်သာ ဖြစ်သည်။ သို့သော် လူတကာပက်သည့် ရေကို သူက စိုသည်ဟုပင် မထင်ပေ။

ပဂေးသည်လည်း ဤသို့ပင် ဖြစ်သည်။ ဦးစောမြင့်နှင့် ဒေါ်သီတို့မရှိလျှင် ဖိုးမောင်တစ်ယောက်တည်းကိုသာ ထွက်၍ ရေပက်သည်။ ဖိုးမောင်တစ်ယောက်တည်းက ရေပက်တာကိုသာ ကျေကျေနပ်နပ်ကြီး ခံယူသည်။ တစ်စုံတစ်ယောက်ကများ ပဂေးကို ရေပက်ရန်ကြိုးစားလျှင် သတိကြီးစွာထားသော ပဂေးက လွတ်အောင်ပြေးတော့၏။ ဦးစောမြင့်နှင့် မသီတို့ ဘုန်းကြီးကျောင်းသွားပြီး အချိန်ကြာမည်သေချာလျှင် အဖွားသည် ဖိုးမောင်ကိုခေါ်၍ မုန့်လုံးရေးပေါ် စသည်တို့ကို ကျွေးသည်။ မောင်ပုတို့ မထွေးတို့ကို အဖွားသိပါတယ်ကွယ်။ အဖွားက မေးတယ်လို့လဲ ပြောလိုက်ပါဟု ပြောတတ်သည်။

"မင်းအမေ မထွေးကို မောင်အောင်နဲ့ မောင်ပုက ဝိုင်းကြိုက်ကြတာ။ မထွေးက မောင်အောင်ကို မကြိုက်ဘူး။ အဲဒါနဲ့ လျှော်ပင်မှာ ရန်ပွဲတွေဖြစ်လာကြတာ။ အရင်တုန်းက ဒီလောက် မဟုတ်ပါဘူး"

"ကျွန်တော် ကြားဖူးတာတော့ ကျွန်တော်တို့အမျိုးနဲ့ အဖွား တို့အမျိုးက ဆွေစဉ်မျိုးဆက် ရန်ငြိုးဖွဲ့လာကြတာဆို"

ဖိုးမောင်ကမေးတော့ အဖွားက ပြုံးသည်။

"ရန်ဖြစ်ချင်တဲ့သူဟာ ရန်ဖြစ်စရာကို ရှာတယ်။ အငြိုးကို ရှာတယ်။ အပြစ်ကို ရှာတယ်။ အငြိုးဆိုတာထားရင် ရှိတယ်။ မထားရင် ပျောက်သွားရော။ ဖော်ရင် ပေါ်တယ်။ မဖော်ရင် မပေါ်ဘူး။ အပြစ်ဆိုတာလဲ ရှာရင် ရှိတာချည်းပဲ။ အလကားဟာတွေပါ။ နိုင်ငံရေး ယောင်ယောင်၊ ဘာယောင်ယောင်နဲ့ ကိုယ့်အကျိုးစီးပွား ကိုယ်လုပ်ကြ တာချည်းပဲ။ အင်္ဂလိပ်ခေတ်က အင်္ဂလိပ်နဲ့ပေါင်းတဲ့ လူတွေကလဲ ဟုတ်မလားလို့ ပေါင်းတာပေါ့။ ဂျပန်နဲ့ ပေါင်းတော့လဲ ဟုတ်မလားလို့ ပေါင်းတာပေါ့။ မဟုတ်မှန်းသိတော့ အားလုံးပေါင်းပြီး ပြန်တိုက်ကြ ရတာပေါ့။ လွတ်လပ်ရေးရတော့လဲ ထလိုက်ကြတဲ့ သူပုန်။ လွန်ခဲ့တဲ့ အနှစ် (၃၀) ကျော် (၄၀) လောက်ကဆို မြစ်ဝကျွန်းပေါ်မှာ ဘယ်ဟာ အစိုးရမှန်း မသိဘူး။ နောက်တော့ အားလုံး ဝိုင်းရှင်းလိုက်ကြတော့ မှန်တဲ့ဘက်က နိုင်တာပဲ။ ကျော်ထွန်းဆိုတဲ့ကောင်က အလကား ကောင်။ ပြည်ပြေးတွေဝင်လာတုန်းက ထော်ပိုင်စစ်ဆင်ရေးမှာ တစ်ယောက်မှ မကျန်ဘူး။ အဲဒီအထဲမှာ သူ့အဖေပါ ပါသွားတယ်။ မုန်တိုင်းစစ်ဆင်ရေးတုန်းကလဲ သူ့အမျိုးတွေ ပါသွားတာပဲ။ အဲဒါနဲ့ လူတကာကို ရန်လိုက်တိုက်ပေးနေတာ။ မင်းတို့က ရှူးတိုက်ပေးတိုင်း မကိုက်ကြရဘူး။ ကျော်ထွန်း ရှူးတိုက်ပေးတိုင်း လိုက်ကိုက်နေရင် မင်းတို့ ခွေးတွေပေါ့လို့ မောင်စောမြင့်တို့ညီအစ်ကိုရော၊ မောင်အောင် တို့ရော အဖွား အမြဲပြောပါတယ်"

ဖိုးမောင်ကား အဖွားကို လေးစားလျက်ရှိသည်။ အဖွားသည် မြစ်ဝကျွန်းပေါ်သမိုင်းကြောင်းကို ကောင်းစွာသိသည်။ သူမ မှီလိုက်သမျှ ရော၊ မမှီလိုက်သမျှရောကို သေချာသုံးသပ် ပြောကြားနိုင်သည်။





"မြစ်ဝကျွန်းပေါ်ဟာ အဖွားတို့နိုင်ငံရဲ့ စပါးကျီ။ အင်္ဂလိပ်က စစ်တိုက်တာတောင် ရခိုင်မှာ မျက်နှာချင်းဆိုင် တိုက်နေပါရက်က- ရောဝတီကို အရင်လှည့်တိုက်ရတာ။ ဒုတိယအကြိမ်မှာလဲ ရောဝတီက စတာပဲ။ သီပေါမင်း ပါတော်မူတာလဲ ရောဝတီက သူတို့လက်ထဲ ရှိနေလို့ပေါ့။ သူပုန်တွေထတော့လဲ ရောဝတီကိုပဲ အားကိုးကြတာ။ ကျော်ထွန်းကို ငါမကြိုက်ဘူး။ သူ မဟုတ်တာလုပ်နေတာ အဖွား သိတယ်။ ငါ့မြေးကို အဖွား ဘယ်တော့မှ ဒီလိုလူယုတ်မာနဲ့ မပေးစား ဘူး"

ပဂေးနှင့် ဖိုးမောင် တစ်ယောက်နှင့်တစ်ယောက် ကြည့်၍ ပြုံးမိကြသည်။ သူတို့ဘက်တွင် ခိုင်မာတောင့်တင်းသော တံတိုင်းကြီး တစ်ခုက ရှိနေလေပြီ။

"အေး ... ငါ့မြေးတို့အသက်ကလဲ ငယ်ကြသေးတယ်။ ရှေးခေတ်ကဆိုတော့ ဒီအရွယ် အိမ်ထောင်ပြုကြတာပေါ့။ အခုခေတ် ကျတော့ မင်းတို့မှာ စာသင်စရာက အများသားပဲ။ ငါ့မြေးက ဘယ်နှ တန်း ရောက်ပြီလဲ"

"ကျွန်တော် မနှစ်က ဆယ်တန်းအောင်တယ်။ အဖေ့ ပဲ့ထောင်နဲ့ လိုက်နေရတယ်"

အဖွားက သက်ပြင်းချသည်။ ပဂေးလည်း ဂုဏ်ထူးလေးခုနှင့် ဆယ်တန်းအောင်မည်ဟု ပိုင်နိုင်စွာ အာမခံထားသည်။

"အဖွားပြောတာ မမေ့နဲ့နော်။ ရန်ငြိုးတွေ မထားကြနဲ့။ ရန် မဖြစ်ကြနဲ့"

ဖိုးမောင်သည် သူငယ်ချင်းများထံသို့ ထွက်လာသည်။ ရက်ထပ်နှစ်ကြောင့် တစ်ရက်ပိုပက်ရသော သင်္ကြန်သည် စည်ကား တုန်းပင်။ အတက်နေ့မို့ ပိုစည်သည်။ သူသည် ညအခါတွင် ပဂေးကို နှုတ်ဆက်မည်။ နောက်နေ့နံနက်အစောကြီး ဓနိပင်ကို ပြန်ဆင်း မည်။

ယခု သူငယ်ချင်းတွေကိုရှာ၍ အဖွားဇာတ်ကြောင်းဝါဒတွေကို ဖောက်သည်ချရမည်။ အဖွားက ဦးအောင်တို့၊ ဦးစောတင်တို့ဘက်က ပြောပြောနေသော ရန်ငြိုးအကြောင်းကို သေချာစွာ ရှင်းပြခဲ့သည်။

တကယ်တော့ နယ်ချဲ့လက်ထက်က စသည်။ နယ်ချဲ့တို့သည် မြစ်ဝကျွန်းပေါ်တွင် သူတို့ဘက်ပါမည့်သူတွေကို လက်သပ်၍ မွေးသည်။ လယ်ဧက ထောင်ချီ၍ ပိုင်ဆိုင်ကြသော မြေပိုင်ရှင်ကြီးများ၊ ဆန်စက်များစွာ ထောင်ထားနိုင်သော စက်သူဌေးကြီးများ၊ စက်လှေများစွာပိုင်သော သူဌေးကြီးများကို **အမှုထမ်းကောင်းမင်း** (A.T.M) ဘွဲ့ ချီးမြှင့်သည်။ တကယ်တော့ ATM ဆိုသည်မှာ အခြားမဟုတ်။ Ah Hmu Tan Kaung Min ဖြစ်သည်။ **ကျက်သရေဆောင် ရွှေစလွယ်ရမင်း** (KSM) ဘွဲ့ ချီးမြှင့်သည်။ Kyet Thaye Saung Shwe Salwe Ya Min ဖြစ်သည်။ မြန်မာစကားကို အင်္ဂလိပ်စလုံးဖြင့် အသံထွက်၍ရအောင် ပေါင်းပြီး အတိုကောက်လုပ်ထားသော ဘွဲ့များပင်။

လွတ်လပ်ရေးလိုချင်သော၊ တိုးတက်သော မျိုးချစ်တောင်သူလယ်သမားကိုယ်စားလှယ်များသည် အင်္ဂလိပ်က မြှောက်စားထားသော သူဌေးသူကြွယ်များနှင့် မတည့်ကြတော့။ အင်္ဂလိပ်တို့ကြောင့် လူတန်းစားတိုက်ပွဲ ပေါ်လာကာ တစ်သက်လုံးတည့်လာကြသော လယ်ရှင်နှင့် လယ်သမားမှာ ခေရှင်နှင့် တော်လှန်ရေးသမားများအဖြစ် ရန်ဘက်တွေ ဖြစ်လာသည်။ အင်္ဂလိပ်ထံတွင် စစ်မှုထမ်းသူ၊ ဝန်ထမ်းလုပ်သူများလည်း ရှိသည်။ အင်္ဂလိပ်က သူ့ဘက်ပါသူများကို သေနတ်ထုတ်ပေးထားသည်။ ဘီအိုင်အေတပ်ဝင်လာသောအခါ တော်လှန်ရေးသမားများ ပါလာသည်။ အင်္ဂလိပ်နှင့် ဂျပန် တိုက်ကြရာဝယ် တိုင်းရင်းသားချင်းပါ ရောတိုက်ကြရသည်။ အင်္ဂလိပ်က သူတို့ လွတ်လွတ်ကျွတ်ကျွတ် ထွက်ပြေးနိုင်ရန် ရွာသားတွေကို သေနတ်ထုတ်ပေးပြီး မင်းတို့ကို ဘီအိုင်အေက တိုက်လိမ့်မယ်ဟု သွေးထိုးပစ်ခဲ့ကြသည်။

ပဋိပက္ခတွေဖြစ်ပေမယ့် ဖြေရှင်းနိုင်ခဲ့သည်။ ဂျပန်ကို တော်လှန်သောအခါ ညီညီညွတ်ညွတ် လက်တွဲပြီး အောင်မြင်ခဲ့ကြ





သည်။ လွတ်လပ်ရေးရတော့ ကွန်မြူနစ်တို့၊ ဆိုရှယ်လစ်တို့ ကွဲပြန်သည်။ ပြည်သူ့စစ်နှင့် ချေမှုန်းမှုပဲ ၁၉၄၉ ခုနှစ်မှစ၍ မြစ်ဝကျွန်းပေါ်တွင် သူပုန်ဆို၍ တစ်ကောင်တစ်မြီးမှ မကျန်တော့။

နိုင်ငံရေးအရ သမိုင်းနှင့်ချီပြီးဖြစ်ခဲ့သည့် ရန်ငြိုးကို ပုဂ္ဂလိကရန်ငြိုးအဖြစ် ထားရပါမည်လော။

"အေး ... မင်းကသာ ရန်ငြိုးတွေ ဖြေဖျောက်ရမယ် ပြောနေတာ။ တိုင်းအောင်က မင်းနဲ့ မျက်နှာချင်းဆိုင်ရှင်းရမယ်ဆိုပြီး လိုက်ရှာနေပြီ"

သူတို့ တည်းခိုကျောင်းတွင် လှသိန်းက ပြောသည်။

"ရှင်းလေ။ သူနဲ့ငါနဲ့ ယောက်ဖတော်ရတော့မှာပဲ။ ငါ့အကြေအလည် ရှင်းနိုင်ပါတယ်။ ငါ့ဘက်က ဘာရန်ငြိုးမှ မရှိတော့ဘူး"

"မင်း ဒီလိုပြောလို့ရမလား ဖိုးမောင်။ သူက နှမပေးရမယ့်ကောင်။ ကောင်းတာကတော့ ခဏ ရှောင်နေလိုက်ကွာ။ ငါတို့ ဒီကျောင်းမှာတည်းတာ သူသိတယ်။ မင်း ဒီမှာပဲနေ။ ဘယ်မှမသွားနဲ့။ ငါတို့လဲ ပြေလည်ရာပြေလည်ကြောင်း နည်းလမ်းရှာပါဦးမယ်။ ဝင်းမောင်ကြီးကလဲ လိုက်ကြိုးစားနေတာပဲ။ သူ့ညီမ တင်တင်ဝင်းကိုလဲ ပဂေးတို့အိမ် လွှတ်လိုက်တယ်"

လှသိန်းက ဆက်ရှင်းပြသည်။

သံချောင်းက ...

"အဓိကက မိကျောင်းကြီးကွ။ မိကျောင်းကြီးက တိုင်းအောင်တို့လူစုကိုခေါ်ပြီး ကျွေးမွေးနေတယ်။ ဒီကောင်ကြီး မြှောက်ပေးမှာပဲ။ မင်းပြောသလိုဆို ပဂေးရဲ့အဖွားက ဒီကောင်ကြီးကို ရေရေလည်လည် ဖွဲ့လွှတ်လိုက်တာနေမှာ"

"သေချာတာပေါ့ သံချောင်းရာ။ မိကျောင်းကြီး နှာတဖူးဖူးမှုတ်ပြီး ပြန်သွားရတယ်။ ပဂေးကရော၊ မကွန့်ကရော ငါ့ကို အသေးစိတ် ပြောပြတာ။ ငါက ဒီကောင်ကြီး ပဂေးတို့အိမ်မှာ လူပေါ်လူဖော်လုပ်နေတာကို မြင်ရုံပဲ မြင်ရတယ်လေကွာ။ မကြားရဘူးကွ။ အဖွားတို့

ပြောပြမှ သိတာ။ ဆွေစဉ်မျိုးဆက် အငြိုးတွေ ဘာတွေဆိုတာလဲ ဘာမှမဟုတ်ဘူး။ ဒီလူကြီး လျှောက်မြှောက်ပေးနေတာကွ။ ဘုရားပွဲမှာ ရန်ဖြစ်တာတို့ လှေချင်းဆိုင်တိုက်တာတို့လောက်က တောမှာ အသေး အဖွဲ့ပဲ။ ဘောလုံးပွဲရှုံးရင်တောင် ရိုက်ကြသေးတာပဲ''

ဖိုးမောင်ကမူ တိုင်းအောင်နှင့်တွေ့ဆုံပြီး တော့တော့ဆိုင်ဆိုင် ပြော၍ သေသေချာချာရှင်းလိုက်လျှင် အားလုံးပြီးသွားမည်၊ ပြေပျောက် သွားမည်ဟု ထင်သည်။ တောင်းပန်စရာရှိလျှင် သူ တောင်းပန်မည်။ အနူးအညွတ် တောင်းပန်မည်။ ဒူးထောက် တောင်းပန်မည်။ သို့ဆို လျှင် တိုင်းအောင် သူ့ကို ရန်မူပါဦးမည်လော။ တစ်တန်းတည်း ကျောင်းအတူနေခဲ့ဖူးသော သူငယ်ချင်းတွေပဲ။ မသိသူတွေလည်း မဟုတ်။

''ပြောမရလဲ သွားကွာ။ ဒါပေမယ့် ဘယ်သူမှ လက်နက် မယူနဲ့''

လှသိန်းက ပြောသည်။

သံချောင်းက ''ဖြစ်ပါ့မလားကွ'' ဟု ဆိုသည်။

''သူတို့က တုတ်တွေ၊ ဓားတွေ ယူလာပါပြီတဲ့။ ဘယ်လို လုပ်မလဲ''

''ဒီလိုပြောလို့လဲ မရဘူးလေ။ ဒီကောင်တွေ တုတ်တကား ကား၊ ဓားတရမ်းရမ်း လျှောက်သွားနေရင် ရဲက မဖမ်းဘဲနေမလား။ မင်းမဲ့တိုင်းပြည်မဟုတ်ပါဘူး သံချောင်းရာ။ ပူမနေစမ်းပါနဲ့''

ဖိုးမောင်ကား စိုးစဉ်းမျှ စိတ်မပူ။

ညိုကြီးကမူ စိုးရိမ်သည်။

''သံချောင်းပြောတာ မှန်တယ်။ ဒီကောင်က ဖိုးမောင်ကို အသေအလဲလိုက်ရှာပြီ ဆိုကတည်းက ဖြိမလို့ပဲ။ မိကျောင်းကြီးက တိုင်းအောင်တို့ စောဂျက်တို့ကို မန္တလာဂျစ်အပုလေးတစ်စီးတောင် ပေးထားတယ်ဆိုတော့ ကားထဲမှာ ဝှက်ယူလာရင် ရတယ်ကွ''

''သူတို့ဘက်က ဘယ်လောက်ရှိမလဲ''





ဆယ်ပြားက မေးသည်။

''တိုင်းအောင်ရယ်၊ စောဂျက်ရယ်၊ လှိုင်အောင်ရယ်၊ မုတ်ကြီးရယ်၊ စောမူးရယ်၊ အေးဝင်းရယ် အဲဒီခြောက်ယောက်က လျော့ပင်က ကောင်တွေ။ ဒီကကောင်တွေကတော့ မိကျောင်းကြီး တပည့်တွေ ထင်တယ်။ နှစ်ယောက်သုံးယောက် ရှိမယ်''

သာဟန်က

''ရှစ်ယောက်၊ ကိုးယောက်ပေါ့ကွာ။ ငါတို့က ခြောက်ယောက် ပဲရှိတာ။ မူတူးဆိုတဲ့ ကုလားကလဲ ဘယ်ရောက်နေမှန်း မသိဘူး။ လက်ချည်းပဲသွားလို့ကတော့ ငါတို့ခံရမှာပဲ။ သူတို့ လူများတာကို မကြောက်ပါဘူး။ လက်နက်မဲ့နဲ့ လက်နက်ရှိဆိုရင် ဘက်မညီဘူး။ ဒီလိုလုပ်ကွာ။ အရှည်တွေတော့ ယူမသွားနဲ့ပေါ့။ အတိုတွေ ဝှက်ယူ သွားမယ်''

သာဟန်စကားကို အားလုံး သဘောတူကြသည်။

သူတို့ထံတွင် ဓားမောက်တွေ ပါသည်။ ဓားမြှောင်တွေ ပါ သည်။ ဓားရှည်နှင့် မိုန်းများကိုတော့ ဘုန်းကြီးကျောင်းမှ ဆင်းသွား၍ ရသော လှေဆိပ်ရှိ ပွဲထောင်ပေါ် ထားခဲ့သည်။

''မင်းတို့ယူချင် ယူကြကွာ။ ငါကတော့ ငြိမ်းချမ်းရေးပဲ''

ဖိုးမောင်လက်ထဲတွင် ဘာမှ ကိုင်မသွား။

သူတို့လူစု သတိကြီးစွာသွားပြီး မြို့ထဲ လျှောက်သွားကြသည်။ တိုင်းအောင်တို့လူစုကို ကြာကြာမရှာရ။ ဘုရားချောင်ဘက် ထွက်သည့် ကမ်းနားလမ်းဆုံတွင် တွေ့ရသည်။ တိုင်းအောင်တို့လူစုသည် ဂျစ်ကား ကိုရပ်ပြီး သစ်ပင်ရိပ်တွင် ရေစစ်နေကြဟန် တူသည်။ ဘီယာပုလင်းခွံ တွေ၊ ဗူးခွံတွေ ပြန့်ကြဲနေသည်။ သူတို့ကိုမြင်တော့ တိုင်းအောင်သည် ဘီယာပုလင်းကြီးကို တစ်ကျိုက်မော့လိုက်ရင်း ဖိုးမောင်ထံ လျှောက် လာသည်။ သူ့နောက်က လှိုင်အောင်နှင့် မုတ်ကြီး ပါလာသည်။ သူတို့ အားလုံး၏လက်ထဲတွင် ဘီယာပုလင်းတွေ။ စောမူးလက်ထဲမှာက သံခွ ကြီးတစ်ချောင်း။ ကားဘီးဖြုတ်ရန် ဖြစ်မည်။

"သူတို့လက်ထဲမှာ ပုလင်းတွေ ဖိုးမောင်။ အတင့်မရဲနဲ့
ခပ်ခွာခွာနေ"

လုသိန်းက သတိပေးသည်။

"မင်းကို ငါရှာနေတာ ကြာပြီ ဖိုးမောင်"

"ငါသိပါတယ် တိုင်းအောင်"

"မင်းကို ငါ အတန်တန် သတိပေးခဲ့တယ်နော်"

တိုင်းအောင်က ဘီယာပုလင်းကို သူ့ဘက်သို့ ညွှန်ရင်း ပြော
သည်။

"လာပါကွာ။ မင်းနဲ့ငါ တစ်နေရာမှာ အေးအေးဆေးဆေး
စကားပြောကြတာပေါ့။ စားရင်းသောက်ရင်းပေါ့ကွာ။ ငါ ဒကာခံ
မယ်"

ဖိုးမောင်၏ အလွန်ပျော့ပျောင်းနူးညံ့လှသော စကားကြော
တိုင်းအောင် အံ့အားသင့်သွားသည်။

"ငါသောက်တာလဲ ဒီလောက်မများသေးပါဘူး။ ငါ့နားက
နတ်စကားတွေ ဘယ်လိုလုပ် ကြားနေရတာပါလိမ့်"

ဖိုးမောင်ကား အစွမ်းကုန် သည်းညည်းခံရန် ဆုံးဖြတ်ထာ
ပြီးပေပြီ။

"လာပါကွာ။ မင်းနဲ့ငါနဲ့က ရန်ဖြစ်ရမယ့်သူတွေ မဟုတ်ပါ
ဘူး"

ဖိုးမောင်က ထပ်မံ၍ ချော့မော့ပြောသည်။

"ရန်ဖြစ်ရမယ့်လူတွေ မဟုတ်ဘူး"

တိုင်းအောင်က အတောမသပ် ရယ်သည်။ ဖိုးမောင် သတိ
ကြီးစွာ ထားလိုက်သည်။ တိုင်းအောင်သည် ရယ်သာရယ်သော်လည်း
သူ့ဘယ်ခြေက ရှေ့တစ်လှမ်းတက်ထားသည်။ ညာခြေနှင့် ညာလက်
က နောက်ရောက်သွားသည်။ ဘာမှမပါသည့် ဘယ်လက်က သူ့ခန္
ကိုယ်အထက်ပိုင်းကို ကာထားသည်။ သူသည် ဗန်တိုသမား၊ သိုင်း
သမားတို့၏ ဟန်ဝင်နေပြီ။



တိုင်းအောင် အရယ်ရပ်သည်နှင့် ...

"ကဲကွာ"

တိုင်းအောင်သည် ထင်သည့်အတိုင်း ဘီယာပုလင်းနှင့် လွှဲ၍
က်တော့သည်။ ဖိုးမောင်က တိုင်းအောင်၏ ညာလက်ကောက်ဝတ်
အား သူ့လက်နှစ်ဘက်စလုံးကို ယှက်၍ ဆတ်ကနဲ ကတ်ကျေးထိုးဖမ်း
သည်။ သူ့ညာလက်က တိုင်းအောင်၏လက်ကောက်ဝတ်ကို လိမ်ပြီး
ီယာပုလင်းကို ယူလိုက်သည်။ ဘယ်လက်က တိုင်းအောင်၏
က်ကောက်ဝတ်ကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ပြီး အောက်သို့
ွဲနှိမ်ချထားသည်။

သူတို့နှစ်ယောက်၏ လှုပ်ရှားမှုက အလွန်လျင်မြန်သည်။
စ်စက္ကန့်၊ သုံးစက္ကန့်ပင် ကြာအံ့မထင်။ ကျန်သူများသည် တိုက်ခိုက်ရန်
င်ဆိုင်ကြသည်။

"ဟေ့ ... ဘယ်သူမှ ဘာမှမလုပ်နဲ့။ ဒါက ငါတို့နှစ်ယောက်
ဲ့ ပြဿနာ။ ဘယ်သူမှ ဝင်မပါနဲ့။ ဘာမှလဲ ဖြစ်စရာမလိုဘူး"

ဖိုးမောင်က သူ့လက်ထဲရောက်နေသော ဘီယာပုလင်းထဲ
တွင်ကျန်နေသော ဘီယာများကို မှောချလိုက်သည်။ ဤပုလင်းဖြင့်သာ
အရိုက်ခံရပါက သက်သာမည်မထင်။ ပုလင်းက အလွတ်မဟုတ်။
အထဲမှာ ဘီယာတွေ ကျန်နေသည်။ ပိုလေးသည်။ ခေါင်းကွဲပြီး
လျက်သား ကျသွားမည်။ ငါးချက်ခြောက်ချက်ခန့် အနည်းဆုံး
ျုပ်ရနိုင်သည်။

ယခု ဘီယာပုလင်းလွတ်ကို ကိုင်ထားသူက ဖိုးမောင်။

"ငါတို့အေးအေးဆေးဆေး စကားပြောရအောင်"

"မင်းငါ့ကို အရင်လွှတ်"

"လွှတ်ပါတယ်"

ဖိုးမောင်က တိုင်းအောင်ကို လွှတ်ပေးလိုက်သည်။
ိုင်းအောင်၏ ဘယ်ညာလက်သီးတွေက ဖိုးမောင်၏မျက်နှာပေါ်
တရစပ် ကျရောက်လာသည်။ ဖိုးမောင်က လွတ်ရုံသာ တိမ်းရှောင်

သည်။ လက်သီးအားလုံး မလွတ်။ မေးဖျားကို တစ်ချက်ဝင်သွားရာ
ယိုင်သွားသည်။

"ဖိုးမောင် ပုလင်းနဲ့ ရိုက်"

လှသိန်းက အော်သည်။

"ငါ့လက်ထဲမှာ ပုလင်းရှိတယ် တိုင်းအောင်။ ငါ မရိုက်ပါဘူး"

ဖိုးမောင်က ပုလင်းကို လွှတ်ချလိုက်သည်။

"မင်း ဘာလုပ်မလဲ"

တိုင်းအောင် အသင့်အနေအထားဖြင့် သူ့ကိုကြည့်၍နေသည်။ ဖိုးမောင်က အရာရာကို လျှော့ပေးထားသည်။

"ငါ့မှာ ဘာအပြစ်ရှိလို့လဲ"

"ပဂေးနားကို မင်း မကပ်ရဘူးလေ"

"သူနဲ့ ငါနဲ့က ချစ်သူတွေပါ"

တိုင်းအောင်က ဖိုးမောင်ကို တရကြမ်း ထိုးပြန်သည်။ ဖိုးမောင် မခုခံ။ သူ့ ညာမျက်ခုံး ကွဲသည်။ နှာခေါင်းကသွေးတွေ စီးကျလာသည်။ နှုတ်ခမ်းပေါက်သည်။ သူ ယိုင်ထွက်သွားသည်။

"မင်း ဘာလုပ်လုပ် ကြိုက်သလိုလုပ်ပါ"

လှသိန်း သည်းမခံနိုင်တော့။ ဖိုးမောင်ကို တွန်းဖယ်ပစ်လိုက်သည်။ တိုင်းအောင် ကြောင်သွားစဉ် အရပ်ပုသူပီပီ တိုင်းအောင်၏ ရင်ညွန့်ကို ပင့်လက်သီးတွေ တရစပ် ပစ်သွင်းသည်။ တိုင်းအောင်၏ ဘယ်ဘက်ပေါင်တစ်ဖက်တည်း၊ တစ်နေရာတည်းကို သုံးလေးချက် ဝိုက်၍ ကန်သည်။ လှသိန်းတိုက်ခိုက်ပုံက မွေတိုင်းလက်ဝှေ့သမား ပုံစံ။

တိုင်းအောင် နောက်သို့ လန်ထွက်သွားသည်။

"ဟေ့ကောင် ... လှသိန်း မင်း ... ဝင်မပါနဲ့။ မင်းနဲ့ မဆိုင်ဘူး"

"ဖိုးမောင် ငါ့ကိုမဆွဲနဲ့"





မှတ်ကြီးက တိုင်းအောင်၏လက်ထဲသို့ စကာစ်ပါသံချွန်ကို ထည့် ပေးလိုက်သည်။ လှသိန်းသည် တိုင်းအောင်၏လက်ထဲမှ စကာစ်ပါသံချွန်ကို ရိုပ်ကနဲ မြင်လိုက်သည်။

"ဖိုးမောင် လွှတ်"

တိုင်းအောင်က, လှသိန်း၏ဝမ်းဗိုက်ကို စကာစ်ပါဖြင့် တဆုံး ထိုးထည့်လိုက်သည်။

"အင့်"

လှသိန်း၏ ကြိတ်မှိတ်ညည်းညူသံက ဖိုးမောင်၏သွေးတွေကို နွေးကနဲ ပူသွားစေသည်။ လှသိန်းသည် သူကချုပ်ပေးသလို ဖြစ်နေသောကြောင့် မရုန်းနိုင်၊ မရှောင်နိုင် ဖြစ်သွားရသည်။ တိုင်းအောင်က နောက်တစ်ချက်ထပ်ထိုးတော့ ဖိုးမောင်က လှသိန်းကို ဆွဲဖယ်ပြီး တိုင်းအောင်၏ရင်ညွန့်ကို ခြေဖြင့်တားပြီး ကန်သည်။ လှသိန်း ခွေကျသွားသည်။

"မင်း တကယ်လုပ်တာလား တိုင်းအောင်"

ယခုတော့ ဖိုးမောင် ဒေါသထွက်လေပြီ။ ရှေ့ကို တစ်လှမ်းပြီးတစ်လှမ်း တက်၍ တိုင်းအောင်ကို ထိုးသည်။ တိုင်းအောင်က သူ့ကို စကာစ်ပါဖြင့် ပြန်ထိုးသည်။

"ထိုးလေ။ ဟေ့ကောင် ထိအောင်ထိုးပါ"

ဖိုးမောင်က ကိုယ်တစ်ပတ်လှည့်၍ တိုင်းအောင်၏ လက်ကောက်ဝတ်ကို ကန်ထည့်လိုက်ရာ တိုင်းအောင်၏လက်ထဲမှ စကာစ်ပါ လွင့်ထွက်သွားရသည်။

"ချကွာ။ ဟေ့ကောင်တွေ ဘာလုပ်နေတာလဲ"

သံဓံချောင်းက ကြွေးကြော်လိုက်ရာ အားလုံးက တိုင်းအောင်ကို ဝိုင်းဝန်းတိုက်ခိုက်ကြသည်။ အေးဝင်း၊ လှိုင်အောင်နှင့် မှတ်ကြီးက တိုင်းအောင်ကို ကာကွယ်သည်။

သံချွန်ကြီးကိုင်ထားသော စောမှူးကို ဖိုးမောင်က ရင်ဆိုင်သည်။

"ဟေ့ကောင် ... ငမူး။ ရိုက်လေကွာ။ သတ္တိရှိရင် ရိုက်စမ်း
ပါကွာ"

ဖိုးဟောင်က ခေါင်းထိုးပေးသည်။

စောမူးက မရိုက်။

"လုပ်လိုက်လေ။ ကြာသလားလို့ကွာ"

ဖိုးမောင် စိတ်မရှည်တော့။ စောမူး၏မေးဖျားကို သူ့
ခြေဖျားဖြင့်ပင် ကန်ထည့်လိုက်သည်။ စောမူးယိုင်သွားသောအခါ
သူက သံချွန်ကြီးကို လုယူလိုက်သည်။

"မင်းတို့က လက်နက်အားကိုးသမားတွေပဲ"

ဖိုးမောင်က သံချွန်ကြီးကို လွှင့်ပစ်သည်။

တိုင်းအောင်သည် ကားပေါ်တက်ရန် ပြင်သည်။

"တိုင်းအောင် မင်း ထွက်မပြေးနဲ့"

ဖိုးမောင်၏အသံကို ကြားရသောအခါ တိုင်းအောင် နောက်
သို့ ပြန်လှည့်လာသည်။

"လာစမ်းပါ"

ဖိုးမောင်ကို တစ်စုံတစ်ယောက်က တွန်းဖယ်လိုက်သည်။
ရုတ်ရုတ်သဲသဲ ဖြစ်နေစဉ်မှာပင် တစ်စုံတစ်ယောက်သည် ဓားမြှောင်
ဖြင့် အားကုန်ပေါက်ထည့်လိုက်ရာ တိုင်းအောင်၏ရင်ညွန့်တွင် စိုက်
နေတော့သည်။

စောဂျက်နှင့် အေးဝင်းက တိုင်းအောင်ကို ကားပေါ်တင်
သည်။

"ဖိုးမောင် ပစ်တာတွ"

"ငါပစ်တာ"

လှသိန်းသည် ယဲ့ယဲ့လေးရေရွတ်ပြီး ခွေကျသွားရာ သူ့ကို
ဖိုးမောင်က ပွေ့ချီထားလိုက်ရသည်။

"ဟေ့ကောင် ... ဖိုးမောင်။ တိုင်းအောင်ကို မင်း ဓား
ပေါက်လိုက်တာလား"





သာဟန်က လှမ်းမေးသည်။ တိုင်းအောင်တို့လူစုကား ကား
ဖြင့် မောင်းပြေးပြီ။

"စထွက်လာကတည်းက ငါ့လက်ထဲမှာ ဓားမှ မပါတာ"

"ငါပစ်ထည့်လိုက်တာပါဆိုကွာ"

လှသိန်းက ပြောသည်။

"မင်း တော်တော်တုံးတယ် ဖိုးမောင်။ ဒီကောင် စကစ်ပါနဲ့
ထိုးနိုင်အောင် မင်း ငါ့ကို ချုပ်ပေးထားရသလားကွ"

လှသိန်း ဖိုးမောင်ကို ဆဲသည်။

"ဆဲပါ လှသိန်းရာ။ ငါ တမင်သက်သက် လုပ်ပါ့မလားကွ။
သူ့လက်ထဲကို စကစ်ပါရောက်လာတာလဲ ငါ မမြင်လိုက်ဘူး"

"မှတ်ကြီးပေးတာကွ။ မင်းမှ အသုံးမကျတာ။ ငါ တစ်ချက်ပဲ
အထိုးခံလိုက်ရတယ်။ အဲဒါ လုံလောက်နေပါပြီကွာ"

"စိတ်တင်းထား သူငယ်ချင်း။ မင်းကို ငါ ဆေးရုံပို့မယ်"

"အေးပါ။ ငါတင်းထားပါ့မယ်။ တိုင်းအောင်ကတော့ သေ
မှာပဲ။ ဟိုကောင်တွေက မင့်လက်ချက်လို့ အော်သွားတယ်။ ငါမရှင်း
ရင် မင်းမလွယ်ဘူး"

"စကားတွေ လျှောက်ပြောမနေနဲ့ကွာ။ မင်း မောနေမယ်။
ဒီလိုလုပ်ကွာ။ တစ်ယောက်က ရဲကို သွားတိုင်။ သူတို့ထက် လက်ဦးဖို့
လိုတယ်"

"ငါသွားမယ်"

သံချောင်း၏စကားအဆုံး ဆယ်ပြားက ပြောသည်။

"မင့်ဦးနှောက်က ဆယ်ပြားပဲရှိတာ။ ညိုကြီး သွား"

ညိုကြီးသည် ရဲစခန်းရှိရာဘက်သို့ ပြေးတော့၏။

"ဆယ်ပြား။ မင်းက ဒီနေရာမှာပဲ စောင့်နေ။ စကစ်ပါကိုလဲ
မကိုင်နဲ့။ ဟို စပန်နာချွန်ကြီးကိုလဲ မကိုင်နဲ့။ ဘာမှ ခြေရာလက်ရာ
မပျက်စေနဲ့"

လှသိန်းကို သူတို့ နီးရာဆေးခန်းသို့ ပို့နိုင်သည်။ ညိုကြ
ခေါ်လာ၍ သေတမ်းစစ်ချက်ယူရန် ရဲအမှုထမ်းနှစ်ယောက် ပါလ
သည်။ လှသိန်းက သူ့ကို တိုင်းအောင်က စက္ကူစက်ပါနှင့်ထိုးသဖြ
တိုင်းအောင်ကို သူကိုယ်တိုင် ဓားဖြင့်ပေါက်ကြောင်း ထွက်ဆိုပြ
လောကကြီးကို ကြောနိုင်းသွားတော့၏။

ညိုကြီးက ဖိုးမောင်ကို လက်ကုပ်၍ ဆွဲထုတ်လာသည်။

"ဘာလဲကွ"

"တိုင်းအောင် သေပြီ။ တိုင်းအောင်ကလဲ သူ့ကို ဓားနဲ့
ပေါက်တာ မင်းပဲလို့ ထွက်ဆိုသွားတယ်"

"ဟာကွာ။ ငါမှမပေါက်တာ"

"မိကျောင်းကြီးတပည့်တွေ ချွန်ပေးတာပေါ့။ လှသိန်းက
သေမယ့်ကောင်။ နောက်တစ်ကောင်ကိုပါ ဒုက္ခပေးရမယ်ဆိုတဲ့
သဘောပဲ။ အားလုံးကလဲ မင့်လက်ချက်တဲ့။ မင်းနဲ့တိုင်းအောင်နဲ့
ရန်ဖြစ်တာကို ဝင်ဖြန်ဖြေရင်း ငါတို့က စချတာတဲ့"

"မင်းတို့ကို ငါပြောသားပဲ။ ဘာလက်နက်မှ ယူမလာနဲ့
ဆိုတာကို။ သူတို့ဆီမှာ ဘီယာပုလင်းတွေရှိတာ သဘာဝကျတယ်။
ကားပစ္စည်းတွေရှိတာ သဘာဝကျတယ်"

"အချိန်မရှိဘူး။ ငါတို့ လစ်မှဖြစ်မယ်"

"ဘယ်ကို လစ်မလဲ"

"မနိပင်"

"သောက်ရူးလား"

"ဒါဆို ဘယ်လိုလုပ်မလဲ"

"မင်းတို့ မူတူးဆီသွား"

"မင်းကရော"

"ဒီတစ်ညတော့ ရတယ်။ မင်းတို့နဲ့ ငါနဲ့ မြင်းကကုန်းမှာ
ဆုံမယ်။ မင်းတို့ အခုကတည်းက လစ်တော့"

ဖိုးမောင်သည် ဘုန်းကြီးကျောင်းသို့ ပြန်ပြေးလာရာ ရဲ
တစ်ယောက်ကိုတွေ့သဖြင့် ပြန်လှည့်လာရသည်။





သံချောင်း၊ ညိုကြီး၊ ဆယ်ပြားနှင့် သာဟန်တို့လူစု
ပဲ့ထောင်ကိုယူ၍ ပြေးရန်ပြင်ကြရာ ဝင်းမောင်ကြီးက ရှင်းပြပြီး ရဲစခန်း
ကို ခေါ်လာသည်။ ထွက်ဆိုချက်တွေ ပေးရသည်။

"ခက်တာပဲ။ အမှုက ရှင်းနေတာပဲ။ ဖိုးမောင်က ထွက်လာ
ကတည်းက ဘာလက်နက်မှ မပါဘူး။ မှတ်ကြီးက တိုင်းအောင်လက်ထဲ
ကို စက္ကူပါထည့်ပေးလိုက်ပါတယ်လို့ ဝန်ခံပြီးပြီ။ တိုင်းအောင်က
လှသိန်းကို စက္ကူပါနဲ့ ထိုးတာကိုလဲ မင်းတို့တင်မကဘူး စောဂျက်တို့
အေးဝင်းတို့ကပါ ဝန်ခံပြီးပြီ။ လှသိန်း ပြန်ထပြီး ဓားနဲ့ပေါက်ပါတယ်
ဆိုတာကိုလဲ အားလုံးက ထွက်ပြီးပြီ။ တစ်ခုပဲ တိုင်းအောင်က သူ့ကို
ဓားနဲ့ပေါက်တာ ဘယ်သူမှန်းတော့ မသိဘူး။ ဓားကတော့ ဖိုးမောင်
ဘက်က လာတာပဲလို့ပဲ ပြောသွားတာ။ ဒါပေမယ့် ဖိုးမောင်က ဘာ
ဖြစ်လို့ ထွက်ပြေးနေရတာလဲ"

ရဲစခန်းမှူးက ပြောသည်။

"ကျွန်တော်က တိုင်းအောင်သေခါနီး မင်းလုပ်တယ်လို့
ထွက်ဆိုသွားတယ်ဆိုပြီး ပြောလိုက်မိတယ် ဆရာ"

"ခက်တာပဲ။ ဖိုးမောင်ရောက်လာရင် အမှုက ပြီးပြီကွာ။
သူ့မှာလဲ ဘာအပြစ်မှ မရှိဘူး။ ဒီကောင် ဘယ်ပြေးလဲ"

"မြင်းကကုန်းပါဆရာ"

"ဘယ် မြင်းကကုန်းလဲ။ ဘိုကလေးအရှေ့ဘက် ဂုံညင်းတန်း
မြစ်ပေါ်က မြင်းကကုန်းလား။ မော်ကျွန်းတောင်ဘက် မြင်းကကုန်း
မြစ်ပေါ်က မြင်းကကုန်းလား"

ညိုကြီး ပြန်မဖြေနိုင်ပေ။

❀ ❀ ❀

# အခန်း (၁၄)

## ရှေ့ခရီး ဘယ်သို့ဆက်ရပါ့

ဖိုးမောင်သည် လွတ်မည်ထင်မည့်နေရာများသို့ လိုက်လံ၍ ပုန်းကွယ်ခိုအောင်းသော်လည်း သူတို့လူစုရန်ဖြစ်ပြီး လှသိန်းရော တိုင်းအောင်ပါ သေသည့်သတင်းမှာ တစ်မြို့လုံးသို့ တောမီးပမာ ပြန့်နေလေပြီ။ မိကျောင်းဘက်မှ တပည့်တပန်းများက ပိုင်းဝန်းဝါဒဖြန့်မှုကြောင့် မိမိနှင့်တိုင်းအောင် ရန်ဖြစ်ကြကြောင်း၊ လှသိန်းက ဝင်ရောက်ဖြန်ဖြေရာမှ လှသိန်းကို တိုင်းအောင်၏လက်ထဲမှ စကစ်ပါက မတော်တဆထိုးမိသဖြင့် လှသိန်း ပွဲချင်းပြီးသေရကြောင်း၊ ဖိုးမောင်က ဓားနှင့်ပေါက်၍ တိုင်းအောင် ဆေးရုံရောက်မှ ထွက်ဆိုချက်တွေပေးပြီး သေကြောင်း သတင်းများမှာ ပျံ့နှံ့၍နေသည်။ ဖိုးမောင်ကား ခိုအောင်းစရာ နေရာမရှိ။ သူသည် ပွဲထောင်ရှိရာသို့ သွားသည်။ ဘုန်းကြီးကျောင်းလှေ့ဆိပ်တွင် မည်သူမျှ မရှိ။ ပွဲထောင်ကို တွေ့ရခြင်းအားဖြင့် သူငယ်ချင်းတွေ လွတ်၊ မလွတ် သူ မသိရသေး။

ညမှောင်မှ မူတူးဆီရောက်သည်။ သူတို့ ကုလားအမျိုးအိမ်ဖြစ်သောကြောင့် တော်တန်ရုံလူက စိတ်မဝင်စား။ မူတူးထံမှ ရသည့်သတင်းက ပိုဆိုးနေသည်။

"မင့်အဘ ... သံချောင်းတို့ အသုံးမကျဘူးကွ။ ကိုဝင်းမောင်ကြီး လာခေါ်သွားတာနဲ့ သံချောင်းရော၊ ညိုကြီးရော၊





ဆယ်ပြားရော၊ သာဟန်ရော ရဲက ကုပ်သွားပြီ။ သူတို့ ပေါက်ကရ လျှောက်ထွက်ဆိုလို့ ငါ့ကိုတောင် ခေါ်မေးပြီးပြီ။ ငါကတော့ ခနိုပ်ငက အတူတူလာကြတာ မှန်ပါတယ်။ ဒါပေမယ့် သူတို့ရန်ပွဲမှာ ကျွန်တော် မပါပါဘူး။ သူတို့ ဘာကြောင့် ရန်ဖြစ်တယ်ဆိုတာလဲ ကျွန်တော် မသိပါဘူးပေါ့"

"မင်း ပဂေးနာမည် ပြောမိလား မူတူး"

"စိတ်ချ သူငယ်ချင်း။ ငါ လုံးဝမပြောဘူး။ ကြည့်ရတာတော့ ဘယ်သူမှလဲ ဖွင့်ပြောပုံမရဘူး။ မင်းနဲ့တိုင်းအောင် ဘာကြောင့် ရန်ဖြစ်တာလဲဆိုတော့ ဒါကတော့ သူတို့ တစ်ရွာနဲ့တစ်ရွာ ရန်ငြိုးလို့ပဲ ပြောကြတယ်။ နောက် ... မင်းက သည်းညည်းခံတယ်တဲ့။ သည်းညည်းမခံနိုင်လွန်းတော့မှ ထချတော့ လူသေတဲ့အထိ ဖြစ်ရတာတဲ့"

"လှသိန်းသေတာ ငါ နှမြောတယ် မူတူးရာ။ ငါ့ကြောင့် လှသိန်း သေရတာ။ တိုင်းအောင်ထိုးနေတာကို ငါ တစ်ချက်မှ ပြန်မထိုးပါဘူး။ အဲဒါကို လှသိန်းက မခံနိုင်လို့ ဝင်ပါလိုက်တာ။ ငါက ငါ့နည်းငါ့ဟန်နဲ့ ရှင်းမလို့။ သူ့ကို လှမ်းဖက်ထားလိုက်တာကွ။ အဲဒါကို တိုင်းအောင်က စကစ်ပါနဲ့ ထိုးထည့်လိုက်တာ"

"ဒါဆိုလဲ မင်းက တိုင်းအောင်ကို အပြတ်ရှင်းပစ်ပါလားကွ။ မင်း မလုပ်နိုင်တာမှ မဟုတ်တာ"

မူတူးက ဒေါသဖြင့် ပြောသည်။

"ငါလုပ်ရင် ရပါတယ်။ ဒါပေမယ့် ဘာထူးမှာလဲ။ တစ်ယောက်နဲ့တစ်ယောက် ရန်ငြိုးတွေက မပြေကြတော့ဘူးလား။ သူ့အဖေက ငါ့သားကိုသတ်လို့ ငါက သူ့အဖေကို သတ်။ သူ့သားက ငါ့ကို လာပြန်သတ်။ ဒီလို လက်စားချေနေကြတာနဲ့ပဲ ပြီးရောလား"

"အေး ... မင်းပဲ ငြိမ်းချမ်းရေးသမားလုပ်နေ။ အခု လှသိန်း သေပြီ။ တိုင်းအောင် သေပြီ။ မင်းလဲ လူသတ်တရားခံ ဖြစ်ပြီ"

"ဟော့ကောင် ... တိုင်းအောင်ကို ငါမသတ်ဘူး။ လှသိန်း ကိုယ်တိုင် လဲကျနေရာက ပြန်ထပြီး ဓားနဲ့ပေါက်လိုက်တာ။

တိုင်းအောင်ရင်ညွှန့်ကို ဓားသွားအဆုံးအထိ နစ်ဝင်သွားတာကွ။ လှသိန်းအကြောင်းလဲ မင်းသိတာပဲ။ ဆပ်ကပ်ထဲသွားလုပ်ရင်တောင် ရတဲ့ကောင်။ ပြီးတော့ သူက တိုင်းအောင်ရဲ့လက်ချက်နဲ့ စက္ကစ်ပါ တစ်ဆုံး အထိုးခံထားရတာ။ သူ့ကိုယ်သူ သေမယ်ဆိုတာသိတော့ နောက်ဆုံးခွန်အားကို သုံးမှာပဲ''

''ငါတို့သူငယ်ချင်းအချင်းချင်းပဲ။ မင်းပြောတာကို ငါက ဘာဖြစ်လို့ မယုံရမှာလဲ။ ငါက ငါကြားသမျှကို ငါပြန်ပြောပြနေတာ။ လက်ရှိအနေအထားအရ မင်းပဲ တရားခံဖြစ်နေတယ်''

''ဟိုကောင်တွေရော''

''သူတို့က တကယ်တော့ အားလုံး သက်သေတွေပဲ။ မင်းဘက်က သက်သေတွေ။ ဒါပေမယ့် သူတို့က အုပ်လိုက်ကြီး ထွက်ပြေးဖို့လုပ်နေတုန်း ကိုဝင်းမောင်ကြီးက ချော့ခေါ်သွားပြီး ဖမ်းပို့လိုက်တော့ သက်သေတွေ မဟုတ်တော့ဘူး။ တရားခံတွေ ဖြစ်ကုန်ရော''

''အခု သူတို့ရော''

''အချုပ်ထဲမှာပေါ့''

''ငါသွားရင်ရော''

''မင်းက နံပါတ်(၁) Wanted''

''ငါ မလုပ်ပါဘူး''

''ဒါကို သံချောင်းတို့ ညိုကြီးတို့ကလဲ ထွက်ဆိုမှာပဲ။ ဒါပေမယ့် အဖမ်းမခံရတဲ့ စောဂျက်တို့၊ အေးဝင်းတို့၊ လှိုင်အောင်တို့၊ မှတ်ကြီးတို့၊ စောမူးတို့ရဲ့ ထွက်ချက်နဲ့ အချုပ်ခန်းထဲကကောင်တွေရဲ့ ထွက်ဆိုချက်က တူပါ့မလား။ ဒီကြားထဲ ဦးကျော်ထွန်းရဲ့တပည့် မြဘူးနဲ့ မြဦးတို့ညီအစ်ကိုကလည်း ဘေးက ပွဲကြည့်ပရိတ်သတ်အနေနဲ့ ထွက်ဆိုကြတာများ လှသိန်းတောင် မင်းလုပ်လို့သေသလိုလို''

''ဘာဆိုင်လဲ''

''ထားပါ။ နောက်ဆုံးတော့ အမှန်တရားက နိုင်မှာပါ''

''ဒါဆို ငါအခု ဘာလုပ်ရမလဲ။ သွားရှင်းရမလား''

''နာမှာပေါ့''





''ဒါဆို''

''ရှောင်ပေါ့''

ဖိုးမောင် ခေါင်းကုတ်မိသည်။ ဘိုကလေးတွင် အသိအကျွမ်းနှင့် ခွေမျိုးသားချင်းထဲက အချို့ရှိသော်လည်း သူ့ကို ရဲက စောင့်ကြည့်နေလျှင် အဖမ်းခံရပေမည်။ ဘုန်းကြီးကျောင်းသို့လည်း ပြန်လို့မဖြစ်။ အစ်မကြီး မရွှေအေးအိမ်သို့လည်း မသွားရဲ။ သူသည် တရားခံပြေး ဖြစ်နေလား၊ သက်သေပြေး ဖြစ်နေလား မိမိကိုယ်မိမိ နားလည်သူ မဟုတ်။ မှူခင်းနှင့်ပတ်သက်၍ ဗဟုသုတ နည်းပါးသည့်အလျောက် ရုံးတို့၊ ဂတ်တို့နှင့် နဖူးတွေ့ဒူးတွေ့ တွေ့ရမည်ကို ကြောက်သည်။ သူငယ်ချင်းများလည်း အချုပ်ခံနေရသည်ဆိုတော့ သူလည်း အချုပ်ခံရမှာ သေချာသည်။

ဖိုးမောင် မသိသည်ကား သူ့သူငယ်ချင်းများမှာ ခံဝန်ချက် ကိုယ်စီဖြင့် လွတ်မြောက်လာသည့်အပြင် ဖိုးမောင်ကို ရှာပေးပါမည်ဟု ရဲစခန်းတွင် ကတိပေးလာကြခြင်းပင်။ သူတို့လူစု ဖိုးမောင်ကို လိုက်ရှာကြသည်။ ညကြီးမင်းကြီးမို့ ဖိုးမောင်ကိုရှာရတာ ပိုခက်သည်။ ည (၁၀) နာရီတွင်ကား ဖိုးမောင် ဘိုကလေးတွင် မရှိတော့ဟု ဆုံးဖြတ်လိုက်ကြသည်။

ဖိုးမောင် ဘယ်ရောက်နေပါသနည်း။

ဖိုးမောင်သည် မောင်ရီပျိုးကတည်းကပင် ပဂေးတို့ တိုက်ခြေရင်းမှ အုန်းပင်ပေါ်တက်နေသည်ကို ပဂေး သိလိုက်သည်။ ပဂေး၏ ရင်ထဲတွင်လည်း ဗလောင်ဆူနေသည်။ ဖိုးမောင်တို့၏ ရန်ပွဲသတင်းက တစ်မြို့လုံး ပျံ့နှံ့နေပြီ။ ဦးစောမြင့်က ဒေါ်သီကို သူကြားသမျှ ရှင်းပြသည်။

''ရဲစခန်းကပြောတော့ ကိုအောင့်သား တိုင်းအောင်နဲ့ ကိုပုသား ဖိုးမောင်က မတည့်ကြဘူးတဲ့။ လှယဉ်ဆင့်ကိစ္စနဲ့ ရေကျော်ကြီးမှာ တစ်ရန်ဖြစ်ပြီးပြီတဲ့။ အခုလဲ ရန်စတာက တိုင်းအောင်ပဲ။ လှယဉ်ဆင့်ကိစ္စပဲ ဖြစ်မယ်ထင်တယ်။ တိုင်းအောင်က ခနီပင်က လှသိန်းဆိုတဲ့ကောင်လေးကို စက္ကစ်ပါနဲ့ ထိုးသတဲ့။ ဖိုးမောင်က

တိုင်းအောင်ကို ဓားနဲ့ပေါက်သတဲ့။ ကိုကျော်ထွန်းကြီးတပည့် မြဦးနဲ့ မြဘူးတို့ ညီအစ်ကိုရဲ့ ထွက်ဆိုချက်အရဆိုရင်တော့ တိုင်းအောင်ဟာ ဖိုးမောင်ရဲ့လက်ချက်နဲ့ သေရပုံပဲ''

''အခု အဲဒီဖိုးမောင်ရော''

''ထွက်ပြေးနေတယ်တဲ့။ ရန်ပွဲမှာပါတဲ့ သူ့သူငယ်ချင်းတွေကတော့ တိုင်းအောင်သေရတာ ဖိုးမောင်လက်ချက် မဟုတ်ဘူးလို့ အခိုင်အမာ ငြင်းကြတယ်။ တိုင်းအောင်သူငယ်ချင်းတွေကလဲ အမျိုးမျိုး ထွက်ဆိုကြတာပဲ။ မှတ်ကြီးက စကစ်ပါပေးလို့ဆိုပြီး မှတ်ကြီးကို ဖမ်းထားတယ်။ တစ်ချို့ကလဲ လှသိန်းလက်ချက်တဲ့။ ဘာတွေမှန်း မသိပါဘူးကွာ''

''ကလေးတွေ သကြန်မှာ အရက်သောက်ကြတာ မကောင်းဘူးတော့။ ခက်တာက ကိုအောင်ကလဲ ဒီမှာမရှိဆိုတော့ သူ့သား အသုဘကိစ္စကို ဘယ်လိုလုပ်ကြမလဲ''

''တို့ပဲ လုပ်ပေးရမှာပေါ့။ ကိုအောင်က စောတင်နဲ့ မယားညီအစ်ကိုလေ။ သမီးလေး အစ်ကိုတစ်ဝမ်းကွဲဆိုတော့။ သမီးလေးရော သိပြီးပြီလား''

''သိပြီးလို့ လူးလိမ့်ငိုနေပြီးပြီ။ အခုတော့ အခန်းထဲမှာ မောသွားလို့ထင်ပါရဲ့။ အိပ်နေတယ်''

''အိပ်ပါစေ မသီရယ်။ ငါကတော့ ရဲစခန်းသွားရဦးမယ်။ တိုင်းအောင်ကိုသင်္ဂြိုဟ်ဖို့ကတော့ သူ့အဖေကို စောင့်ရမှာပေါ့။ ကိုအောင်ဆီလဲ လူလွှတ်ပြီးပြီ။ ဒီကြားထဲ ကိုကျော်ထွန်းက တစ်မှောင့်ကွာ''

''အဲဒီ မိကျောင်းကြီးက ဘာလျှာရှည်ပြန်ပြီလဲ''

ဦးစောမြင့်သည် ပြောရကောင်းနိုး၊ မပြောရကောင်းနိုး ချိန်ဆနေသည်။

''ဒီသကြန်ပြီးရင် သူက တို့တူမလေးနဲ့ နေ့ကောင်းရက်သာရွေးပြီး လက်ထပ်ချင်သတဲ့''





''အမလေးလေး မြတ်စွာဘုရား ...။ သူ့ရုပ်မှ သူ အားမနာ။ ဘယ်လိုမှ မဖြစ်နိုင်ပါဘူး။ ဒီမယ် ကိုစောမြင့်။ တော့ညီ ကိုစောတင်နဲ့ မမြနွယ်ကလဲ ဘယ်လိုမှ လက်ခံမှာမဟုတ်ဘူးနော်''

''ခက်တာက ငါရော၊ စောတင်ရော သူနဲ့ မကာင်းကြဘူး။ ဒီလူကြီးကလဲ လိုချင်တာကို ဘယ်နည်းနဲ့ရရ မရရအောင် ယူတတ်တယ်။ ငါတို့မှာ တူမလေးကို သမီးလေးလို ဘယ်လောက် စောင့်ရှောက်ခဲ့ကြရသလဲ''

ဦးစောမြင့်နှင့် ဒေါ်သီသည် ပဂေးအား ဦးကျော်ထွန်း ကားတင်ပြေးမှာကိုစိုး၍ မျက်ခြည်မပြတ် စောင့်ကြည့်နေရသည်။ ဦးကျော်ထွန်းကို ကြောက်ရသဖြင့် မာမာထန်ထန်လည်း မဆက်ဆံရဲ။ သမီးလိုချစ်ရသော တူမလေးကိုလည်း အန္တရာယ် မဖြစ်စေချင်ကြ။

''ဟော့ ... အမဲရိုးနှယ် ဟင်းအိုးမှ အားမနာ။ ငါမွေးထားတာ သားတွေနော်။ စောတင်ရော၊ စောမြင့်ရော။ ဒီ မိကျောင်းကြီး ခွံ့ထားတာ ဘာတွေစားထားကြသလဲ။ အကုန်ပြန်အန်ထုတ်ပစ်။ ငါ့မြေးလေးကို ထိလို့ကတော့ ငါကိုယ်တိုင် ဓားဆွဲပြီး ခုတ်ပစ်မယ်။ ဘယ့်နှယ့် ... ဒင်းကများ ... ဟော့ ... ပြောလိုက်။ ဖွားစောက ပြောတယ်လို့။ ဒင်းနဲ့ ပေးစားမယ့်အစား ခွေးအမြီးဖြတ်ပြီး ပေးစားမယ်လို့။ တွီ ... သူများ သားပျိုသမီးပျို လိုက်ဖျက်ဆီးနေတဲ့ ဟာကများ''

အဖွားကား မကျေမနပ် ဖြစ်လို့မဆုံး။

''အစ်မရယ်၊ စိတ်ချပါ။ ကျွန်တော်တို့ကလဲ မကောင်းတတ်လို့ ကြည့်ဆက်ဆံနေရတာပါ။ ကဲ ... မသီ။ ငါ ရဲစခန်းသွားမယ်။ တိုင်းအောင်ကို ရင်ခွဲရုံမှာ ဆရာဝန်တွေ လာစစ်ရဆေးရဦးမှာ။ အလောင်းကို ဘယ်အချိန်ပြန်ယူလို့ရလဲ။ ဘယ်လိုထုတ်ရမလဲ။ စာရွက်စာတမ်းကိစ္စတွေ ရှိသေးတယ်။ ငါ မိုးချုပ်ချင် ချုပ်မယ်။ မင်းတို့ နေရဲတယ်နော်''

''နေရဲပါတယ်။ ကျွန်မက အစ်မနဲ့ အိပ်လိုက်မယ်။ ပဂေးကိုတော့ မကွန့်ပဲ စောင့်အိပ်မှာပေါ့''

ပဂေးသည် လူကြီးတွေ ပြောကြဆိုကြသမျှ အားလုံး ကြား ထားသဖြင့် ရင်ထဲမှာ ဗလာင်ဆူနေရခြင်းပင်။ မိမိ၏ ဝမ်းကွဲအစ်ကိုက သေရှာပြီ။ အဖြစ်ဆိုးတာက တိုင်းအောင်သေရသည်မှာ ဖိုးမောင် လက်ချက်ဟု သတင်းထွက်နေခြင်း။

မဖြစ်နိုင်။ လုံးဝ မဖြစ်နိုင်။ တိုင်းအောင်နှင့် ရန်မဖြစ်ပါဘူးဟု ဖိုးမောင်ကိုယ်တိုင် သူမကို ကတိပေးထားဖူးသည်။ ဖိုးမောင်ကား ပေးပြီးသားကတိကို လွယ်လွယ်နှင့် ဖောက်မည့်သူမဟုတ်။ ဖိုးမောင် သည် သူမ၏အခန်းတွင်းမှ ပြတင်းပေါက်နှင့် လက်လှမ်းလျှင်မှီသော အုန်းပင်ပေါ်မှာ ရှိသည်။ ကံကောင်းချင်တော့ ဦးစောမြင့်က သူမ၏ အခန်းပြတင်းတွင် ခြင်လုံဇကာ တပ်ပေးမည်ဆိုပြီး သံပန်းတံခါးတွေ ဖြုတ်ထားသည်။

ပဂေးသည် မှန်တံခါးချပ်တွေ ဖွင့်ပေးလိုက်ရာ ဖိုးမောင်သည် ကြောင်တစ်ကောင်နှယ် ပေါ့ပါးစွာပင် လွှဲ၍ ဝင်လာသည်။ ချစ်သူနှစ်ဦး သည် တင်းကျပ်စွာပင် ဖက်ထားမိသည်။ ပဂေးက အားရအောင် ငိုသည်။ မကွန့်သည် ရင်ထဲမှာ ထိတ်နေသော်လည်း သူတို့ကိုကြည့် ရသည်မှာ သနားစရာ ကောင်းလွန်းသဖြင့် ဆိတ်ဆိတ်ပင် နေလိုက် တော့သည်။ တံခါးကို သေသေချာချာ ဂျက်ချထားသည်။ အခန်းမှာ အုတ်နံရံများဖြစ်သဖြင့် အတွင်းမှအသံများ အပြင်သို့ တော်တန်ရုံ မကြားနိုင်ပေ။

"ဘယ်လိုဖြစ်ရတာလဲ မောင်ရယ်"

ဖိုးမောင်သည် မကွန့်ကို မြင်လိုက်သဖြင့် ကိုယ်ရှိန်သတ် သည်။

"ဖိုးမောင် ... ခပ်တိုးတိုးပြောနော်"

မကွန့်က သတိပေးသည်။

"တိုင်းအောင်က မောင့်ကို ရန်စတယ်။ မောင်က အေးအေး ဆေးဆေး စကားပြောရအောင်ဆိုတာ ဘယ်လိုမှ မရဘူး။ သူ မောင့်





ကို ထိုးတယ်။ မောင့်မျက်ခုံး ကွဲတယ်"

ပဂေးသည် ဖိုးမောင်၏ ညာမျက်ခုံးကို လက်ညှိုးလေးနှင့် ညင်သာစွာ စမ်းသပ်ကြည့်သည်။ သွေးတွေက ခြောက်ကပ်ပြီး မည်း နေသည်။ မျက်ခုံးမှာ ရောင်ကိုင်းနေသည်။

"နှာရိုးလဲ ကျိုးပြီလား မသိဘူး။ သွေးတော့ တိတ်သွားပြီ။ နှုတ်ခမ်းလဲ ပေါက်သွားတယ်"

ဖိုးမောင်၏နှာခေါင်းမှာလည်း ရောင်နေသည်။ အပေါ်နှုတ်ခမ်း လည်း ထော်ထွက်နေသည်။ အောက်နှုတ်ခမ်းလည်း ရောင်ကာ တွဲကျ နေသည်။ မျက်နှာမှာ ဒဏ်ရာတွေ မနည်းလှ။

"ကွန့်ကွန့် ... ရေနွေးအဖြူ ဓာတ်ဘူးသွားယူပေးပါလား"

"ကျွန်တော့်ကို ထိုးလိုက်တာများ ဘယ်နှချက်မှန်းတောင် မသိတော့ဘူး။ မူးကလဲ မူးနေတော့ ပြောလို့ကိုမရဘူး ကွန့်ကွန့် ရယ်"

မကွန့်ထွက်သွားတော့ ပဂေးက တံခါးဝမှာ ကပ်၍ စောင့် သည်။ မကွန့်သည် ရေနွေးဓာတ်ဘူး၊ ကြွေရေသုတ်ဇလုံတစ်လုံးတို့ နှင့်အတူ ပြန်ရောက်လာသည်။ ပဂေးက ဖိုးမောင်၏မျက်နှာကို ရေနွေးဖြင့် သုတ်သင်ရှင်းလင်းပေးသည်။ ချစ်သူ၏ ပြုစုယုယမှုလေး တွေက ဖိုးမောင်ကို သူ၏ဒဏ်ရာတွေအားလုံး ပျောက်သွားပြီဟုပင် ထင်စေသည်။

"ဟုတ်ပါရဲ့တော်။ မနည်းပါလား"

မကွန့်သည်ပင် စုတ်သပ်၍ ရေရွတ်မိသည်။

"မှတ်ကြီးဆိုတဲ့ကောင်က တိုင်းအောင်လက်ထဲ စကစ်ပါထည့် ပေးတာ။ တိုင်းအောင်ကလဲ မောင့်ကိုပဲ မဲပြီးထိုးနေတော့ လုသိန်းက ရှေ့ထွက်ပြီး တားတယ်။ မောင် တစ်ချက်မှ ပြန်မလုပ်ပါဘူး။ တိုင်းအောင်က လုသိန်းကို စကစ်ပါနဲ့ထိုးလိုက်တာ လုသိန်း လဲကျ သွားတယ်။ အားလုံး ရုတ်ရုတ်သဲသဲဖြစ်ပြီး စောဂျက်တို့၊ အေးဝင်းတို့ ထွက်ပြေးဖို့လုပ်ကြတယ်။ တိုင်းအောင်လဲ သွားမလို့ပါပဲ။ မောင်က

ရာ လုပ်ပလေ့စေဆိုပြီး ပေပြီးရပ်နေတာ။ လှသိန်းက ဓားနဲ့လှမ်းပေ
လိုက်တာကို မတားလိုက်နိုင်ဘူး''

''ဖြစ်ရလေ မောင်ရယ်''

ပဂေးကား ယူကျုံးမရ ဖြစ်၍မဆုံး။

''အစ်ကိုတိုင်းအောင် ဒေါသကြီးတယ်ဆိုတာ ပဂေး သိ
တယ်''

''မောင့်ဘက်က သက်သေတွေရှိပါတယ်။ လှသိန်းက
မသေခင် သူ့ ဓားနဲ့ပေါက်တာပါလို့ ဝန်ခံထားတယ်။ တိုင်းအောင်ကို
ရဲက သေတမ်းစစ်ချက် ယူနိုင်တယ်လို့ မူတူးပြောတယ်။ ခက်တာ
ဦးကျော်ထွန်းရဲ့တပည့် မြဦးနဲ့ မြဘူးပဲ၊ သူတို့က မောင့်လက်ချက်
ဆိုပြီး စွပ်စွဲနေကြတာ''

အားလုံး တိတ်ဆိတ်နေသည်။ ဖိုးမောင်ကား ချစ်သူ
ရောက်နေရလို့သာ စိတ်သက်သာသော်လည်း ဘာလုပ်ရမည်ကို မ
သေး။ ပဂေးကား ရှေ့ခရီး မည်သို့ဆက်ရမည်ကို မိန်းကလေးတို့
ဉာဏ်ဖြင့် စဉ်းစားနေသည်။

မကွန့်က ...

''ကွန့်ကွန့်တို့လဲ သတင်းက မျိုးစုံကြားနေရတာ။ တိုင်းအော
ကလဲ သူ့ကို ဓားနဲ့ပေါက်တာ ဘယ်သူမှန်း မသိဘူးလို့ ပြောသွားသ
ဒါပေမယ့် တဖြည်းဖြည်းနဲ့ တရားခံဟာ ငါ့မောင်ပဲဆိုပြီး ဖြစ်
တယ်''

''ကျွန်တော် မဟုတ်ရပါဘူး ကွန့်ကွန့်ရယ်''

''ကွန့်ကွန့်လဲ ယုံပါတယ်။ တကယ့်တရားခံအစစ်
မိကျောင်းကြီးပဲ။ တိုင်းအောင်တို့က ငါ့မောင်ကို လိုက်ရှာနေကြတ
ကြာပြီ။ ကားက သူထုတ်ပေးထားတဲ့ ကား။ မြှောက်ပေးတာက သူ
သူ့တပည့်တွေကလဲ သူပြောသလို သက်သေထွက်မှာပဲ''

''သူက ဘာဖြစ်လို့ ဒီလိုလုပ်ရတာလဲ။ သူနဲ့ကျွန်တော်
ဘာဆိုင်လို့လဲ။ လှယဉ်ဆင့်ပြဿနာလား။ အဲဒါလဲ လူကြီးတွေရှေ့မှ
ရှင်းနေအောင် ဖြေရှင်းပြီးပြီ''





မကွန့်က ခေါင်းခါသည်။

''သူ ပဂေးကို ရန်ရှာနေပြီ''

ဖိုးမောင်၏သွေးတွေ ရုတ်တရက် နွေးသွားရသည်။

''ငါ့မောင်နဲ့ ပဂေးရဲ့သတင်းကို သူ ကြားနိုင်တယ်၊ ဒီလူကြီး
က သိပ်လျင်တယ်။ သူများမယားလဲ မရှောင်ဘူး။ သူများမယားကို
အရချိုင်ဖို့ လင်ကို ဒုက္ခပေးတာလဲ ရှိဖူးတယ်။ ဒီတော့ သူ ငါ့မောင်ကို
ဒုက္ခပေးမယ်လို့ ကွန့်ကွန့်ထင်တယ်''

''ပဂေးကတော့ ဒီလိုလူယုတ်မာကြီးရဲ့ လက်ထဲတော့ အကျ
မခံဘူး။ အဆုံးစီရင်ပစ်လိုက်မယ်''

''အဲဒီလိုတော့ မောင်က ဘယ်အဖြစ်ခံနိုင်ပါ့မလဲ။ မောင်
ရဲစခန်းသွားမယ်။ သူငယ်ချင်းတွေလဲ အချုပ်ခံနေရတယ် ပြောတယ်။
အမှန်တရားက ပေါ်လာမှာပဲ''

မကွန့်က ခေါင်းခါလိုက်သည်။

''မင်းသွားရင် အချုပ်ခံရမှာပဲ''

''ချုပ်ပလေ့စေပေါ့။ ဘာဖြစ်လဲ'

''အရေးကြီးတာ မင်း ရဲစခန်းမရောက်ခင်ပဲ''

''ဘာဖြစ်လဲ''

''မိကျောင်းကြီးလူတွေနဲ့ တွေ့လိမ့်မယ်။ မိကျောင်းကြီး
လူတွေက မင်းကို မြေလှန်ပြီးရှာနေတယ်။ သူတို့ကတော့ ရဲကို
ဒီလောက် စေတနာကောင်းကောင်းနဲ့ ကူညီချင်မှာ မဟုတ်ဘူး''

''သူတို့နဲ့တွေ့ရော ဘာဖြစ်လဲ၊ ကျွန်တော် ရဲစခန်းလိုက်သွား
မှာပေါ့''

''သူတို့က မင်းကို ရဲစခန်း ခေါ်သွားလိမ့်မယ်လို့ ထင်လို့
လား''

ဖိုးမောင် ပြန်မပြောနိုင်။

''မကွန့်ရေ ... မကွန့်''

ဒေါ်သီ၏အသံ ကြားရသည်။

"ရှင် ... ဒေါ်လေး"

"ခဏလာဦး"

"စကားသံတွေများ ကြားသွားလား မသိဘူး။ တိုးတိ တိုတ်တိုတ်နေနော်။ ဆင်ဆင်ခြင်ခြင်လဲ နေကြ"

"အို ... ကွန့်ကွန့်ကလဲ ... စိတ်ချစမ်းပါ"

ဖိုးမောင်က အာမခံသည်။

မကွန့် ကပြာကရာ အပြင်ထွက်သွားသည်။

ချစ်သူနှစ်ဦးသည် မကွန့်မရှိမှ အတိုးချ၍ တင်းကျပ်နေအော ပင် ဖက်ထားမိသည်။

"မောင် ဘယ်လိုလုပ်မယ် စိတ်ကူးလဲ"

"ရဲစခန်းမှာ သွားရှင်းမယ်။ မောင်မှ မလုပ်ဘဲ။ အမှန်အတိုင်း ဖြစ်ရမှာပေါ့"

ပဂေးက ခေါင်းခါသည်။

"မကွန့်ပြောတာ မှန်တယ်။ မောင့်ကို မိကျောင်းကြီး ဒုက္ခ ပေးနိုင်တယ်။ မှတ်ကြီးကလဲ ဖြောင့်ချက်ပေးတယ်ဆိုရင် မှတ်ကြီးက လူသိန်းသတ်မှုမှာ ကြံရာပါအနေနဲ့ အရေးယူခံနေရမှာပဲ။ အစ်ကိုကို လူသိန်းက ဓားနဲ့ပေါက်တယ်ဆိုတာ သေချာရင် ဘယ်သူ့ကို အရေးယူ မှာလဲ။ လူသိန်းက သေပြီ"

"ဒီတော့"

"မှတ်ကြီးကို အရေးယူရမယ်။ ကျန်တဲ့သူတွေ ထိခိုက်တာ ကြီးကြီးမားမား ရှိလား"

"မရှိပါဘူး"

"ဒါဆို အမှုက ပြီးသွားမှာပဲ။ မောင် ခဏရှောင်နေလိုက်။ အမှုကို ရဲက ရှင်းမှာပဲ။ မောင့်ထွက်ချက်ရမှ အမှုပိတ်လို့ရမယ်ဆိုရင် တော့ ရဲကို သတင်းပို့ပေါ့။ ဒီကြားထဲ အခြေအနေကြည့်ပြီး ပဂေး ကြံပါ့မယ်"

ဆယ်ကျော်သက် အပျိုစင်လေး၏စကား။

ဆယ်ကျော်သက် လုလင်ပျိုလေးကလည်း ယုံသည်။





ချစ်ကြပြီဆိုမှဖြင့် တစ်ယောက်ကိုတစ်ယောက် အထင်ကြီး၍ မဆုံးကြ။ အားကိုးစရာဆိုတာလည်း ချစ်သူကလွဲ၍ မရှိ။ ချစ်သူ့မျက်နှာ သည် ကမ္ဘာကြီးခန့် ကျယ်ပြောသည်။

"မောင် ရွာပြန် ပုန်းနေရမှာလား"

"အဲဒီကို အရင်ဆုံး ရှာမှာပေါ့"

"ဒါဆိုရင်"

"ဘိုကလေးမြစ်ကို သူတို့ အစုန်အဆန် ရှာမှာပဲ။ ကဒုံကနိုနဲ့ အမာဘက်လဲ လိုက်စုံစမ်းမှာ။ မောင့်ကို ကိုယ့်အရပ်ကိုယ်ပြန်တယ်ပဲ ထင်မှာ။ လှော်ပင်မှာလဲ ဦးလေးအောင်က အစ်ကိုသေရတော့ မောင့်ကြောင့်ဆိုပြီး ငြိုးဦးမယ်။ ဒီလိုလုပ်၊ မောင် ဒီကြားထဲ ပုန်းရမယ့် နေရာ ရှိတယ်။ နှစ်ပတ်လောက်နေရင် ပဂေး လှော်ပင်ကို ဆင်းလာ မယ်။ လှော်ပင်ကနေ မောင့်ဆီ လာတွေ့မယ်"

ပဂေးသည် စာတစ်စောင် အမြန်ရေးပေးပြီးပေးသည်။ ည သည် အကုန်မြန်လိုက်ပါဘိ။ မကွန့် ပြန်လာသည်။

"ငါ တံခါးဝမှာ စောင့်အိပ်မယ်။ မိုးမလင်းခင် ငါ့မောင် ပြန်ထွက်နိုင်မှ ဖြစ်မှာ။ အခုတောင် သူတူမ လာကြည့်ပါမယ်လုပ်နေ လို့ စကားကို ဟိုလွှဲ ဒီလွှဲ လုပ်ပစ်ခဲ့ရတယ်"

"ငယ်ငယ်ကတည်းက ဒေါ်လေးက အမေလို ကြည့်ခဲ့ရတာ ကိုး။ ဘာထူးလဲ ကွန့်ကွန့်"

"မိကျောင်းကြီးနဲ့ပတ်သက်လို့ သူ သတိရတာ ပြောပြနေ တာ။ မြဦးတို့ မြဘူးတို့ညီအစ်ကို ဒီအိမ်ရှေ့မှာ လာလာချောင်းနေတာ ကြာပြီတဲ့။ ဒီသင်္ကြန်မှာလဲ မိကျောင်းကြီးက အိမ်ရှေ့ကနေ စတိုင် အမျိုးမျိုးနဲ့ ဖြတ်နေတာ။ ကွန့်ကွန့်ထင်တယ်။ မနက်ဖြန် နှစ်ဆန်း တစ်ရက်နေ့၊ သူ လာမှာပဲ။ ပဂေး လုံးဝ အိမ်ခြေမပျက်ဖို့ လိုတယ် နော်"

"ပဂေးတော့ သူ့ကိုမြင်ရင် အန်ချင်တယ်"

ရုတ်တရက် ကြက်တွန်သံ ကြားရသဖြင့် အားလုံး လန့်သွား သည်။

နာရီကြည့်တော့ သန်းခေါင်ယံ။

"ဒီကြက်တွေက ခါတိုင်းတော့ အချိန်မှန် မတွန်ဘူး။ ဒီည တော့ လင်းကြက်တွေလဲ မတွန်ပါနဲ့လား။ နေ့ရောက်မှာကို ကြောက် လို့ပါ။ မနက်မိုးမလင်းခင် ပဂေးတို့ ခွဲကြရမှာ ကွန့်ကွန့်ရဲ့။ ပဂေးတော့ လွမ်းလို့ သေမှာပဲ"

"အခု ဘယ်လိုလုပ်ကြမှာလဲ"

"ရှောင်နေရဦးမှာပေါ့"

ဖိုးမောင်က ပြောသည်။

"ကျွန်တော်မရှိနိုက်မှာ စောင့်ရှောက်ပါ ကွန့်ကွန့်ရယ်"

ချစ်သူနှစ်ဦးသည် တစ်ညလုံး တီးတိုးငြင်သာသော လေသံ လေးများဖြင့် စကားတွတ်တိုးကြရရှာသည်။ ပဂေးလည်း မျက်ရည် မဆည်နိုင်။ မနက်ကျတော့ လင်းကြက်မတွန်ခင် ဖိုးမောင် ထွက်လာ သည်။

❀❀❀



# အခန်း (၁၅)

## သူဘယ်မှာလဲ

ဦးအောင်သည် သားဖြစ်သူ တိုင်းအောင်သေဆုံးကြောင်း ကြားသိရချိန်တွင် လျှော်ပင်မှာရှိသည်။ ထို့ကြောင့် ဖနီးမလှသွယ်နှင့် ဆွေမျိုးအချို့ကို ခေါ်ကာ လျှော်ပင်မှ ရောဝတီမြစ်အတိုင်း ပဲ့ထောင် စက်လှေဖြင့် ဆန်တက်လာသည်။ လျှော်ပင်သည် ရောရွာမှ (၇) မိုင် (၈) မိုင်ခန့် ဝေးမည်ဖြစ်ပြီး ချောင်းဦးတို့ နှစ်ခုခြားသည်။ ဘိုကလေး မြစ်ဘက်က သွားရမည်ဆိုပါက သူသည် ကဒုံကနီတောကြီးကို တစ်ကွေ့တစ်ပတ်ကြီး ပတ်နေရဦးမည်။ ရောနှင့် ကဒုံကနီသည် ရေလမ်းအားဖြင့်ဆိုပါက အတော်ပတ်ယူရမည်။

ဦးအောင်၏စက်လှေသည် နေ့ညမသိ မိုင်ကုန်ဆန်တက်ခဲ့ ခြင်း ဖြစ်သည်။ ရောဝတီမြစ်လယ်ရှိ ရေလဲကျွန်းကြီးကြားမှ ဖြတ်ရ သည်။ ထိုနေရာတွင် ရေနက်သဖြင့် သောင်နှင့်ငြိမှာကို မပူရ။ ကျွန်းပြုသာဒ်မြစ်နှင့် ဆုံသောအခါ သူသည် ရောဝတီမြစ်ထဲ ဝင်ရ သည်။ ကျွန်းပြုသာဒ်မြစ်အတိုင်း လိုက်သွားလျှင် ကျုံမငေး၊ သရက် တောဘက် ရောက်သွားမည်။ မော်လမြိုင်ကျွန်းမြို့မှ ဆင်းသက်လာ သော မြင်းကကုန်းမြစ်သည် ကုလားရိုက်ချောင်း၊ သဲဖြူချောင်းနှင့် မြစ်ကလေးချောင်းအဖြစ် ခွဲထွက်ပြီး ရောဝတီမြစ်ထဲ စီးဝင်ကြသည်။ မြစ်ကလေးချောင်းကို မြစ်တရာချောင်းဟုလည်း ခေါ်ကြသည်။

ကုလားရိုက်ကြိုးဝိုင်းနှင့် ညီနောင်ကြိုးဝိုင်းအကြားရှိ မြ
ကလေးချောင်းအရှေ့ဘက် ကမ်းပေါ်တွင် ကြက်လျှာရွာ ရှိသည်
ထိုရွာတွင် ဦးအောင်၏ တပည့်တပန်းအချို့ ရှိသည်။ ဦးကျော်ထွန်းသည်
ကုလားရိုက်တောနှင့် ညီနောင်တောထဲမှ ရသမျှသစ်ဝါးတို့အ
ဦးအောင်ကို ခိုးထုတ်စေသည်။ ဦးအောင်သည် ကြက်လျှာတွ
ရံဖန်ရံခါ လာရောက်၍ သစ်ဝါးစုဆောင်းခြင်း၊ ငွေပေးငွေယူ လုပ်ခြ
များရှိသည်။ ဦးအောင်သည် မြစ်ကလေးချောင်းထဲ မဝင်တော့
လက်ယာဘက်ရှိ ရောဝတီမြစ်အတိုင်းသာ ဆန်သည်။ ကြက်လျှာဘက်
ဝင်နေလျှင် မော်ကျွန်းဘက်သို့ နီးသွားမည်။

ရောဝတီမြစ်ထဲမှ ကျွန်းကြီးရွာရှိရာ ကျွန်းကြီးကို ဦးတိုက်မိ
သောအခါ အရှေ့ဘက်ကမ်းဘက်ကပ်၍ မောင်းရသည်။ တိုင်းအောင်
သည် အတက်နေ့တွင် ဆုံးသည်။ နှစ်ဆန်းတစ်ရက်နေ့ ညနေကျမှ
သူသိသည်။ ညတွင်းချင်း ဆန်တက်သည်။ နောက်တစ်နေ့သည်
လပြည့်နေ့ဖြစ်သည်။ ဒီရေ အပြည့်ရှိသည်။ သူသည် မြတ်သာရွာဘက်
သို့ ဝင်လိုက်သည်။ မြတ်သာမှ ကျွန်းညိုကြီးထိပ်သို့ ဖြတ်ထွက်၍ရမရ
စုံစမ်းသည်။ တက်ရေရှိနေသည်။ သူသည် မဂုလမ်းအတိုင်း ဖြတ်ထွက်
ရာ ကဒုံကနီချောင်းကို ပြန်ပေါက်သည်။ တောင်ဘက်နှင့်စာလျှင်
တောပိုထူသော ကျွန်းညိုကြီး၏ ထိပ်စွန်းနှင့် တိုးသည်။ ဦးအောင်
သည် ဘိုကလေးမြစ်အတိုင်း ဆန်တက်တော့၏။

သုံ့ပဲ့ထောင် စက်လှေ၏နောက်တွင် ဦးစောတင်၊ မလှသွယ်
နှင့် ဆွေမျိုးအချို့၏ ပဲ့တောင်စက်လှေ ပါသည်။ တိုင်းအောင်သည်
လှော်ပင်ရွာ၏ မင်းသား လူ့ပေါ်ကြော့ကလေးဖြစ်ရာ အိမ်ခြေ (၂၈)
ပင်မပြည့်သော တစ်ရွာလုံးမှာ ဆွေမျိုးချည်းဖြစ်သည်။ လိုက်နိုင်သ၍
လိုက်လာကြသည်။ တိုင်းအောင်၏အလောင်းကို လှော်ပင် ပြန်ယူ၍
မရ။ သူတို့သည် ဘိုကလေးသို့ လပြည့်နေ့တွင် ရောက်သွားသော်
လည်း တိုင်းအောင်ကို ထိုနေ့ သဂြိုဟ်၍မဖြစ်။ သုံးရက်အစား ငါးရက်
ထားရတော့သည်။





ဦးစောတင်၊ ဒေါ်မြနွယ်နှင့် ဆွေမျိုးအချို့ ပဂေးတို့အိမ်တွင် တည်းသည်။ ဦးအောင်၊ မလှသွယ်နှင့် ဆွေမျိုးအချို့ ဦးကျော်ထွန်း အိမ်တွင် တည်းကြသည်။ ဦးကျော်ထွန်းကား တိုင်းအောင်၏ကိစ္စကို များစွာပင် တက်တက်ကြွကြွ ဆောင်ရွက်ပေးလျက်ရှိသည်။ ဖွားစော နှင့် မကွန့်က ဦးကျော်ထွန်း ပဂေးကို ချိန်ရွယ်နေပုံအပြင် ဖြစ်ပျက် သမျှကို ဦးစောတင်တို့လင်မယားအား ပြောပြပြီးပြီ။ ဒေါ်မြနွယ်သည် မိမိ၏ တူအရင်းအခေါက်ခေါက် တိုင်းအောင်ဆုံး၍ ယူကျုံးမရ ဖြစ်ရသည့်အထဲ သမီးဖြစ်သူ ပဂေးလေးအတွက် စိုးရိမ်စရာကြီး ပေါ်လာရပြန်ရာ ပို၍ပင် စိတ်ဆင်းရဲရတော့သည်။

ခနိပင်ရွာမှ ဦးပု၊ ဒေါ်ထွေးတို့မိသားစုနှင့် လှသိန်း၏မိဘများ သည်လည်း အတက်နေ့ ညနေစောင်းခန့်တွင် လှသိန်းဆုံးကြောင်းကို နောက်တစ်နေ့ နှစ်ဆန်းတစ်ရက်နေ့မှ သိကြသည်။ ဖိုးမောင် ထွက် ပြေးနေကြောင်းနှင့် သူငယ်ချင်းများပါ အချုပ်အနှောင်ခံနေရကြောင်း သိရသောအခါ သူတို့သည်လည်း ရွာလုံးကျွတ်နီးပါးမျှ စက်လှေများနှင့် ဆန်တက်လာကြသည်။ အချို့ ရွာသားများက ရန်ဖြစ်လျှင် ချရအောင် ဆိုကာ ဓားများ ဝှက်ယူလာကြသည်။ ကဒုံကနီတောကြီးနှင့် မိန်းမလှ ကျွန်းအကြားမှ ကဒုံကနီမြစ်အတိုင်း ဆန်ကြပြီး ဘိုကလေးမြစ်အတွင်း ဝင်ကြရသည်။ ကျွန်းညိုကြီးထိပ်တွင် ကျွန်းတုံးမြစ်ဘက် မလိုက်တော့ ဘဲ လက်ယာဘက်သို့ လိုက်ရသည်။

သူတို့အားလုံး ဆွေမျိုးများအိမ်တွင် အချို့ကတည်းပြီး ဘုန်းကြီးကျောင်းတွင် တည်းသူက တည်းကြရာ ကျောင်းတွင် ခံဝန် ချုပ်ဖြင့်ထားသော သံချောင်း၊ ညိုကြီး၊ ဆယ်ပြားနှင့် သာဟန်တို့ကို တွေ့ရသဖြင့် အကျိုးအကြောင်း သိရလေပြီ။ ဦးပုနှင့် ဒေါ်ထွေးသည် သမီးဖြစ်သူ မရွှေအေးအိမ်မှာ သွားအိပ်ကြသည်။ ဦးအောင်သည် ဦးကျော်ထွန်း၏ မြှောက်ပေးချက်အရ တိုင်းအောင်ကိစ္စ တိုင်ချက်ဖွင့် ရန် ရဲစခန်းသို့ သွားလေသည်။

"ဖိုးမောင်ကို တရားခံပြေးအနေနဲ့ ဖမ်းနိုင်ဖို့က အဓိကပဲ။ မင့်သားကို ဒီကောင်သတ်တာ။ ပြီးတော့ ငါတို့လုပ်ငန်းအားလုံးကို ရဲတွေသိအောင် အတို့အထောင်လုပ်နေတာလဲ ဒီ မောင်ပုတို့သားအဖ ပဲကွ။ မင်းတိုင်မှ ဖြစ်မယ်။ ငါ့လူတွေကလဲ ဖိုးမောင်ကို မြေလှန်ရှာနေတယ်။ ငါလဲ ဝိုင်းပြောပေးမယ်။ ဘာမှ မကြောက်နဲ့။ ငါပါ မင်းနဲ့ အတူလိုက်မှာ"

ဦးကျော်ထွန်းသည် ဦးအောင်အား တစ်လမ်းလုံး သွေးထိုးပေးလာသည်။ ဦးအောင်က ဖိုးမောင်ကို အရေးယူပေးဖို့ တိုင်ကြားသည်။ အမှုကိုလက်ခံသော ရဲအရာရှိက ပြုံးနေသည်။

"ကျွန်တော်က သားတစ်ယောက်လုံး ဆုံးရှုံးတာကို ဆရာက ပြုံးနိုင်သေးတယ်ဗျာ"

ဦးအောင်က မကျေမနပ်နှင့် ပြောသည်။

"မောင်ရင်တို့အလုပ်ကို ပေါ့ပေါ့ဆဆ မလုပ်ကြပါနဲ့ကွာ"

ဦးကျော်ထွန်းကလည်း ခပ်တည်တည်နှင့် ဝင်ဟောက်သည်။ ဆံပင်ကို ခပ်တိုတိုညှပ်ပြီး သေသပ်ကျနစွာ ဖြီးသင်ထားသော ရဲအရာရှိသည် သူ့ယူနီဖောင်းကို ပို၍ စမတ်ကျသွားအောင် ဆွဲဆန့်သည်။

"ကျွန်တော်က ဦးလေးတို့ကို သဘောကျလို့ပါ"

ခပ်တည်တည်ပင် ပြောသည်။ ကော်ဖီနှင့်မုန့်များ မှာပေးသည်။

"ဖိုးမောင်က တရားခံမဟုတ်ဘူး။ ရှောင်တိမ်းနေတဲ့ အရေးကြီးသက်သေပါ"

"ဖိုးမောင်က တရားခံမဟုတ်ရင် ဘာကိစ္စ ထွက်ပြေးနေရတာလဲ"

"သူ့အသက်က (၁၆) နှစ်ပဲ ရှိသေးတာဆိုတော့ အတွေ့အကြုံ မရှိလို့ ကြောက်တာနေမှာပေါ့။ ကျွန်တော်တို့က ပထမ သတင်းပေးတိုင်ချက်အရ အရင်ဆုံး အမှုဖွင့်တာပါ။ အဲဒါက အဲဒီနားမှာ ဈေးရောင်းနေတဲ့ လင်မယားက ထွက်ဆိုတာပါ။ ရေခဲစိမ်ဘီယာတွေက သူတို့လင်မယားဆီက ဝယ်တာပါ။ ဦးလေးရဲ့သားက ဖိုးမောင်ကို





အရင်ဆုံး ဘီယာပုလင်းနဲ့ ရိုက်တယ်။ ဖိုးမောင်က ပုလင်းကိုလုပြီး ကျန်တဲ့ဘီယာလေးတောင် မော့သောက်လိုက်သေးတယ်။ ပုလင်းကို လွှင့်ပစ်တယ်။ အဲဒါကို ဦးလေးသားက ဖိုးမောင်ကို ထိုးလိုက်တာမှ ဘယ်နှစ်ချက်မှန်းတောင် မသိဘူး"

"အဲဒါတော့ မဖြစ်နိုင်ဘူး။ ဖိုးမောင်လို အင်မတန်စွာပြီး လူတကာကို ရန်ရှာနေတဲ့ကောင်က ဘာမှ ပြန်မလုပ်ဘူးဆိုတာ ရယ်စရာကြီးပဲ"

ဦးကျော်ထွန်းက ပြောရာ ရဲအရာရှိက ဦးကျော်ထွန်းကို တစ်ချက် စွေကြည့်လိုက်သည်။ ဦးကျော်ထွန်း ကိုယ်ရှိန်သပ်သည်။

"မှတ်ကြီးဆိုတဲ့ကောင်က တိုင်းအောင်လက်ထဲ စက္ကစ်ပါ ထည့်ပေးတယ်။ တိုင်းအောင်က စက္ကစ်ပါနဲ့ ထိုးလိုက်လို့ လှသိန်း လဲကျသွားတယ်။ လှသိန်းက သူ့လွယ်အိတ်ထဲက ဓားမြှောင်ကို ထုတ်ပြီး တိုင်းအောင်ကို ပေါက်လိုက်တာ တိုင်းအောင်ရင်ညွှန့်ကနေ ခပ်စောင်းစောင်း ဝင်သွားပြီး နှလုံးကို သွားထိတယ်"

"မဖြစ်နိုင်ဘူးဗျာ။ မဖြစ်နိုင်ဘူး"

"တိုင်းအောင် ဆေးရုံရောက်လာတော့ မဆုံးသေးပါဘူး။ သူက သူ့ကို ဓားနဲ့ပေါက်တာ ဘယ်သူမှန်းမသိဘူးလို့ ထွက်ဆိုသွားတယ်။ လှသိန်းကို မသေခင် သေတမ်းစစ်ချက်ယူတာ ကျွန်တော်ကိုယ်တိုင်ပါ။ အသံလဲ သွင်းထားတယ်။ ဦးလေး နားထောင်ချင်ရင် ကျွန်တော် ဖွင့်ပြမယ်။ လောလောဆယ်တော့ မှတ်ကြီးပြောတာ နားထောင်ကြည့်ပါဦး။ သူ့ကို ကျွန်တော်တို့ ယမန်ကြီးနှစ်ပတ်နဲ့ ပို့မလို့။ အခု စခန်းမှာ ရှိနေသေးတယ်။ ဆရာ အောင်လွင်ရေ ... မှတ်ကြီးကို ခေါ်လာပေးစမ်းပါဦး"

အချုပ်ခန်းထဲမှအထွက် လက်ထိပ်အခတ်ခံရသော မှတ်ကြီးသည် ဦးအောင်နှင့် ဦးကျော်ထွန်းကို မြင်တာနှင့် ငိုတော့သည်။

"ကျွန်တော့်အပြစ်ပါ ဦးလေးရယ်။ ကျွန်တော် တိုင်းအောင်လက်ထဲ စက္ကစ်ပါ ထည့်ပေးလိုက်ပါတယ်။ ဖိုးမောင်ကလဲ ဘာမှ မလုပ်ပါဘူး။ တိုင်းအောင်ထိုးသမျှ ခံရှာပါတယ်။ လှသိန်းကလဲ

တိုင်းအောင်ကို တားတာပါ။ တိုင်းအောင်က သူ့လက်ထဲ စက်စ်ပါ ရောက်သွားတော့ မဆင်မခြင်နဲ့ ထိုးထည့်လိုက်တာ။ အဲဒါကြောင့် လှသိန်းက သူ့လွယ်အိတ်ထဲက ဓားနဲ့ထုတ်ပြီး ပေါက်တာ''

ဦးအောင် ဘာမှ ပြန်မပြောနိုင်။ သူ တိုင်ချက် ဖွင့်ချင်ဖွင့်၊ မဖွင့်ချင်နေ။ သူ့သားကိုသတ်သော တရားခံက သူ့သားလက်ချက်နှင့် ပင် သေရပြီ။

ရဲစခန်းကို လှသိန်း၏မိဘများ ရောက်လာသည်။ သူတို့လည်း မိမိတို့၏သား အသတ်ခံရလို့ မကျေနပ်သဖြင့် ရောက်လာကြခြင်းပင်။ သို့သော် လှသိန်းကိုသတ်သော တရားခံ တိုင်းအောင်က သေပြီ။ မည်သူ့ကို တိုင်ချက်ဖွင့်ရပါမည်နည်း။ ဦးပုနှင့် ဒေါ်ထွေးကား ဖိုးမောင် သည် တရားခံမဟုတ်ဘဲ ရှောင်တိမ်းနေသော အရေးကြီးသက်သေခံ မျှသာဖြစ်ကြောင်း သိရ၍ စိတ်သက်သာရာ ရကြသည်။ မိမိတို့သားကို မိမိတို့ ပြန်ရှာပေးမည်ဟု ကတိပြု သည်။ မှတ်ကြီးကား လူသတ်မှုတွင် ကြံရာပါသူအဖြစ် အရေးယူခံရမည်ဖြစ်သည်။ သို့သော် မြဘူးနှင့် မြဦး ညီအစ်ကိုက ဖိုးမောင်သတ်တာပါဟူ၍သာ အခိုင်အမာ ထွက်ဆိုနေ သောကြောင့် ထွက်ဆိုချက်အားလုံးအပြင် ဖြစ်စဉ်တစ်ခုလုံးနှင့် ဆန့် ကျင်နေသည်။ ရဲက မမှန်မကန်ထွက်ဆိုလျှင် တရားဥပဒေအရ အရေးယူခြင်း ခံရမည်ဟု သတိပေးသည့်တိုင် မလျှော့။

ဦးကျော်ထွန်း၏ သွေးထိုးပေးမှုကြောင့် အုပ်စုနှစ်ခု ငြင်းကြ ခုန်ကြ ဖြစ်ကုန်သည်။ ရဲက အားလုံးကို ဖမ်းချုပ်မည်ပြောမှ ကိုယ် ရှိန်သပ်၍ ပြန်သွားကြသည်။

"မင်း လျှော့မပေးနဲ့ မောင်အောင်။ ဒါတစ်ခုလုံးက လုပ်ဇာတ် ကြီးကွ။ ငါ့တပည့်တွေက မဟုတ်ဘဲနဲ့ ထွက်မလား။ မင့်သားက လှသိန်းကို သတ်လိုက်တယ်ထား။ ထောင်ကျရုံပေါ့ကွာ။ ကံကောင်းရင် လွတ်အောင် လိုက်နိုင်ပါတယ်။ ဒါပေမယ့် သူတို့က အားလုံးပြန်ဖို့ လှည့်ထွက်လာကြပြီ။ ဖိုးမောင်က လှမ်းခေါ်လိုက်လို့ မင့်သားက ပြန် လှည့်သွားတာ။ ဒါကို ဘယ်သူကမှ မငြင်းဘူး။ စကာစ်ပါနဲ့ အထိုးခံ ထားရလို့ သေတော့မယ့်ဒဏ်ရာ ရထားတဲ့ကောင်က မင့်သားကို





သေအောင် ဓားနဲ့ပေါက်ဖို့ ခွန်အားရှိပါ့မလားကွာ။ အဓိပ္ပာယ်မရှိတာ တွေ။ လုပ်ဇာတ်ကြီးကွ။ ဒါကို မင်းလျှော့လို့ မဖြစ်ဘူး။ ငါက စေတနာနဲ့ ပြောတာ။ ငါ့ရှေ့နေကို မင့်အတွက် ငှားပေးမယ်''

ဦးကျော်ထွန်းကား ပဂေးကို သိမ်းပိုက်ရေးအတွက် ဖိုးမောင် သည် သူ၏ ဆူးငြောင့်ခလုတ်တစ်ခုဖြစ်မှန်း သေသေချာချာ သိထားပြီး လေပြီ။ ဖိုးမောင်နှင့် ပဂေးသည် အလွန်တရာမှပင် သိသိတ်လှသော ချစ်သူများဖြစ်ကြသည်။ သူတို့သည် ဆယ်ကျော်သက် ချစ်ဦးသူတို့၏ ထုံးစံအတိုင်း အဖြစ်သဲ အချစ်ကဲကြပေမယ့် တဏှာပေမကို ဦးစား ပေးကြသူများ မဟုတ်။ အသည်းနှလုံး အရင်းနှီးဆုံးဖြစ်နေကြပေမယ့် လူသိများအောင် တွဲသွားတွဲလာ ကြသူများလည်း မဟုတ်။ သို့သော် ဦးကျော်ထွန်းကား လူပါးကြီးဖြစ်သည်။ ပစ်မှတ်ကို တိတိကျကျ ရွေး ချယ်ပြီးပြီ။ သားကောင်ကို မည်သို့ဖမ်းရမည်ကို နည်းလမ်းရှာကြံနေ ပေပြီ။ ဖိုးမောင်နှင့် ပဂေးတို့ မည်မျှပင် လျှို့ဝှက်ကြသော်လည်း သူတို့နှစ်ယောက် မခွဲနိုင်မခွာရက်အောင် ချစ်နေကြကြောင်း အတိ အကျ သိရှိပြီးပေပြီ။ သူ့တပည့်တွေက ဖိုးမောင်နှင့်ပဂေးတို့ အပြန် အလှန် ရေလောင်းနေကြပုံ၊ ချစ်သူတွေဟု ငြင်းမရအောင် ကြင်ကြင် နာနာ စကားပြောနေကြပုံ ဓာတ်ပုံများအား သူ့ထံသို့ ပို့ပေးကြပြီးပေ ပြီ။

ဓနိပင်ရွာမှ လူစုသည် ဘုန်းကြီးကျောင်းတွင် စုဝေးကြသည်။ သူတို့တည်းခိုရန် သီးခြားပေးထားသည့် ဇရပ်တွင် ပြောဆိုငြင်းခုန် ကြရာ သံဃာတော်များ တရားအားထုတ်ရာ၊ ဘုရားဝတ်ပြုရာ ကျောင်းဆောင်များနှင့် ဝေးသဖြင့် အနှောင့်အယှက် မဖြစ်ပေ။ ဦးပု နှင့် ဒေါ်ထွေးသည် သမီးကြီးဖြစ်သူ မဒွေးအေးအိမ်တွင် မနေနိုင် ကြ။ ကျောင်းကိုသာ ရောက်နေကြသည်။

"ငါ့သားလေးမှာ အပြစ်မရှိဘူး။ ရဲစခန်းကလဲ ပြောတယ်။ သူ့ကို မရရအောင် ရှာပြီး သက်သေခံခိုင်းရမယ်။ ဒါမှ အမှုက နိဂုံးချုပ် လို့ ရမှာ''

ဦးပုက ဆိုသည်။

ဒေါ်ထွေးကမူ ...

"ဖြစ်ပါ့မလား ကိုပုရယ်။ ကျုပ်တို့သားလေးကို ဖမ်းထားလိုက်ရင် ဘယ်နှယ့်လုပ်မလဲ။ ဦးကျော်ထွန်းလူတွေက သူ့သတ်တယ်ချည်း ထွက်နေတာနော်"

"ဆင်သေကို ဆိတ်ရေနဲ့ လိုက်ဖုံးနေလို့ မရပါဘူး မထွေးရာ။ မဟုတ်တာကြီးကို ဇွတ်ပြောနေလို့ ရမလား။ ရဲကလဲ သိပါတယ်။ ဒီလူကြီးက ဒီနယ်ဘက်က ကောင်မလေးတွေကို သူ့စက်လှေနဲ့ ရန်ကုန်ရောက်တဲ့အထိ ခိုးထုတ်တဲ့ကိစ္စကို ရဲကသိသွားတာ ငါတို့လက်ချက် ထင်နေတာ"

"ဒါကလဲ ကောင်မလေးတွေက ကော့သောင်းကို ပြန်ထွက်ပြေးလာပြီး သူတို့ဟာသူတို့ ကျော်ထွန်းဝင်းစက်လှေနဲ့ လာတယ်ဆိုပြီး ကော့သောင်းရဲကို ပြောတာပဲ။ ကျွန်မတို့နဲ့ ဘာဆိုင်လဲ။ သူလဲ ဘာဖြစ်လို့လဲ။ သူ့တပည့်တစ်ယောက်ကို တရားခံဆို ထိုးထည့်ပြီးပြီပဲ"

"အဲဒါကြောင့် ပြောတာပေါ့။ ဒီလူကြီးက ငါတို့ကို သက်သက်အငြိုးထားပြီး ဒုက္ခပေးတာ။ ဖိုးမောင် ဆက်ပြီးရှောင်နေရင် ပိုဆိုးမယ်။ သူ ဘယ်အထိ ရှောင်မှာလဲ။ ဘယ်သွားမှာလဲ။ သူ့ကို လိုက်ရှာရမယ်"

"ဟုတ်တယ် ဦးလေး"

သံချောင်းက ဦးပုကို ထောက်ခံသည်။

"ခက်တာက ကျွန်တော်တို့က ခံဝန်ချုပ်နဲ့ နေရတာ။ ရဲစခန်းမှာ နေ့တိုင်း လက်မှတ်သွားထိုးနေရတယ်။ ဘယ်မှ မသွားပါဘူးလို့ ကတိပေးထားရတာ"

"မင်းတို့ သွားလို့မရပေမယ့် ဖိုးမောင်သတင်းလေး ဘာလေးရော မရဘူးလား"

"ကျွန်တော်တို့ ဒီမြို့ပေါ်မှာ လိုက်စုံစမ်းတယ်။ ကုလားမူတူးက သွားလိုလာလို့ အနီးပတ်ဝန်းကျင်လဲ ကုန်ပြီ။ ဖိုးမောင်သတင်းက အစအနကို ပျောက်နေတာ"





ညို့ကြီးက ...

"ဦးကျော်ထွန်းလူတွေကိုရော၊ ဦးအောင်တို့ဘက်ကိုရော လျှော့တွက်လို့မရဘူး ဦးလေး။ သူတို့က ဖိုးမောင်ကို တကယ်သက်သေဖြစ်စေချင်သလား။ ဖိုးမောင်ရောက်လာရင် အမှုက ပိုထင်ရှားသွားမယ်။ ဦးကျော်ထွန်းတပည့် မြဦးတို့ မြဘူးတို့တောင် သက်သေလိမ်လည်ထွက်ဆိုမှုနဲ့ အရေးယူခံရဦးမှာ။ ဖိုးမောင်ကို သူတို့ကလဲ ရှာမှာပဲ။ ရှာတွေ့ရင် သူတို့က ရဲစခန်းကို အပ်ပါ့မလား"

"အမလေး မောင်ညို့ကြီးရယ်။ နင်ပြောမှပဲ ငါ ရင်ထိတ်လိုက်တာဟယ်'

ဒေါ်ထွေး ရင်ပတ်စည်တီး ဖြစ်သွားရသည်။ သားတော်မောင်အတွက် ပိုပြီး စိတ်ပူရသည်။

"အမလေး ... မင်းကလဲ ဒီလောက် မပူစမ်းပါနဲ့။ မင်းမွေးတိုင်းပြည့် မဟုတ်ပါဘူးကွ'

"ပူရတာပေါ့ ကိုပုရယ်။ ကျွန်မတို့မှာ သမီးတွေသာ ငါးယောက်ရှိတာ၊ သားဆိုလို့ ဒီတစ်ယောက်တည်း ရှိတာတော့"

ဦးပုနှင့် ဒေါ်ထွေးတို့လူစုသည် လောလောဆယ် ဘာလုပ်ရမှန်းကိုပင် မသိပေ။ တိုင်းအောင်၏ အသုဘကိစ္စမှာလည်း သွားမမေးလို့ မကောင်းပြန်။ မေးပြန်တော့လည်း ဦးအောင်က လိုလိုလားလား ဧည့်ခံခြင်း မရှိ။ သူတို့လည်း ဝတ်ကျေဝတ်ကုန်သာ မေးဖြစ်ခဲ့ကြသည်။ ငါးရက်မြောက်၍ အသုဘချတော့လည်း လိုက်ပို့ပေးခဲ့ပါသည်။ ပါလာသူ ဆွေသားမျိုးသား၊ တပည့်တပန်းများကိုလည်း လိုက်ပို့စေသည်။ မြင့်မြင့်ကြည်နှင့် တိုးတိုးဝင်းတို့အပြင် ဝင်းမောင်ကြီး၏ညီမ တင်တင်ဝင်းတို့သုံးယောက် ရောယောင်၍ ငိုလိုက်ကြသေးသည်။ အသုဘကြေးစည်သံကြားလျှင် မနေနိုင်ဟု ဆိုသည်။ ပဏေးသည်လည်း အသုဘတွင် ငိုသော်လည်း အသည်းအသန်တော့ မဟုတ်တော့ပေ။

ဦးအောင်တို့မိသားစုရော၊ ဦးပုတို့မိသားစုပါ ယောင်တိယောင်ကန်း ဖြစ်နေကြသည်။ မိမိတို့ရွာများသို့ ပြန်ရမှာလည်း

အခက်။ မပြန်ဘဲ နေလို့ကလည်း လုပ်ငန်းကိုင်ငန်းတွေက ရှိသေးသည်။ ဦးကျော်ထွန်းကတော့ ဦးအောင်တို့မိသားစုအား လျှော်ပင်သို့ ပြန်ရန် တွန်းလွှတ်နေသည်။ တိုင်းအောင်၏ ဈာပနကိစ္စက ပြီးပြီ။ ကျန်သည့်ကိစ္စ မိမိကြည့်ရှင်းမည်။ ဖိုးမောင်သည် ကဒံကနိဘက်သို့ပဲ ပြေးလိမ့်မည်။ မနီပင်ဝန်းကျင်တွင်သာ ရှိနိုင်သည်ဟုဆိုကာ ပြန်ခိုင်းလေရာ ဦးအောင်နှင့် ဒေါ်လှသွယ်တို့မိသားစုမှာ မိမိတို့၏ တစ်ဦးတည်းသော သားဖြစ်သူ ခေါင်းချရာဘိုကလေးမှ လျှော်ပင်သို့ ပြန်ကြရသည်။ ဝင်းမောင်ကြီးနှင့် တင်တင်ဝင်း မောင်နှမလည်း လိုက်ပို့ရင်း ပြန်ကြသည်။

ဦးကျော်ထွန်းသည် ဦးစောတင်နှင့် ဒေါ်မြနွယ်ကိုတော့ အလုပ်အကိုင်တွေ အကြောင်းပြပြီး လျှော်ပင်သို့ မပြန်သေးရန် ဆွဲထားသည်။ သူသည် ဦးစောတင်အား မိမိနှင့် ပဂေးကို ပေးစားဖို့ အကျပ်ကိုင်နေလေပြီ။ ဦးကျော်ထွန်းသည် ဦးစောတင်အား ဒေါ်မြနွယ်ထံမှ မကြာခဏ ဆွဲခေါ်သွားလေ့ရှိသည်။

"ငါ့အကြောင်းလဲ မင်းသိတယ်နော် စောတင်။ မင့်ကိစ္စတွေကို ငါ မြနွယ်ကို ပြောလိုက်ရမလား။ မြနွယ်စိတ်လဲ မင်းအသိပဲ"

ဦးစောတင်မှာ ဦးကျော်ထွန်းမြှောက်ပေးသဖြင့် မဟုတ်တာ အတူလုပ်ခဲ့ဖူးတာတွေ ရှိသည်။ မပြီးမပြတ်သည့် ဇာတ်လမ်းတွေလည်း ရှိသည်။

"မြနွယ်ကို စက်ဆန်းကနေ ကျုံကဒွန်းခေါ်သွားတာနဲ့ မင့်အကြောင်းက ပေါ်ပြီ။ အေး ... မြနွယ်က ခွင့်လွှတ်တယ် ထားဦး။ အမာတောင်ဘက်က ထပ်တရာကျွန်းထဲက ကိစ္စကရော"

ဦးစောတင် ပို၍ မျက်နှာပျက်ရတော့သည်။ သူသည် ဦးကျော်ထွန်းနှင့်အတူ အမာတောင်ဘက် ထပ်တရာကျွန်းထဲတွင် ခိုအောင်းနေစဉ် နောက်မီးရွာသားတစ်ဦးနှင့် အရက်မူးပြီး စကားများရာမှ မှိန်းနှင့်ထိုးလိုက်ရာ ထိုရွာသား သေဆုံးခဲ့ရသည်။ ဦးကျော်ထွန်းက ထိုကိစ္စကို ဖြေရှင်းပေးထားသည်။ တကယ်တော့ ဦးကျော်ထွန်းအနေ





နှင့်ကား ဦးစောတင်အပေါ်တွင် နိုင်ပေါက်တွေ ယခုထက်များသေးသည်။

ဒေါ်မြနွယ်သည် ဦးစောတင် တစ်နေ့တစ်ခြား ပို၍ ပို၍ စိတ်ပျက်လာသည်ကို သတိထားမိလာသည်။ လျှော်ပင်ကိုပြန်ဖို့လည်း လေသံမဟ။ မေးလို့လည်း မရ။ သမီးလေးပဂေးနှင့်အတူ နေရ၍ စိတ်ချမ်းသာရသော်လည်း ယောက်ျား၏အမူအရာကား မသင်္ကာစရာ ကောင်းနေသည်။

ဦးစောမြင့်မှာလည်း ထိုနည်းလည်းကောင်းပင်။

ဦးကျော်ထွန်းကို တပည့်ခံပြီး လူပေါင်းမှားခဲ့သောကြောင့် နိုင်ပေါက်တွေက များစွာရှိနေသည်။

"ကျွန်တော့်တူမလေးက အရွယ်မရောက်သေးပါဘူး။ စောတင်ကလဲ သူ့သမီးကို ကလေးပဲ ထင်တုန်းပါ"

"အံမာ ... ဒါလား အရွယ်မရောက်သေးတာ။ မင်း မသီကို ခိုးပြေးတုန်းက ဘယ်အရွယ်လဲ။ တယ်လေ ငါပြောလိုက်ရ မကောင်းဘူး။ ငါ မသီကို ရန်ကုန်ခေါ်သွားပြီး စိမ်းမမတို့ ကာရာအိုကေဆိုင်မှာ စိမ်းမမနဲ့ မိတ်ဆက်ပေးလိုက်ရမလား။ ဒါမှမဟုတ်ရင်လဲ စက်ဆန်းက ပျောက်သွားတဲ့ ဝင်းတင်အကြောင်း ပြောပြရမလား"

ဦးစောမြင့်ရော၊ ဦးစောတင်ရောမှာ ဦးကျော်ထွန်းကို မည်သို့မျှ မလှန်နိုင်။ ညီအစ်ကိုနှစ်ယောက်စလုံးမှာ ဦးကျော်ထွန်းလက်ထဲသို့ ပဂေးကို ထိုးအပ်ရန်သာ ရှိတော့သည်အထိ ချောင်အပိတ်ခံနေရလေပြီ။

"စောတင်ရေ ... မိကျောင်းက တကယ့်လူယုတ်မာကြီးဟ..."

"ကျွန်တော်က အစောကြီးကတည်းက သိပါတယ် အစ်ကိုရာ။ ကျွန်တော်တို့က ရုန်းထွက်လို့မှမရတာ။ ဒါပေမယ့် ကျွန်တော့် သမီးလေးကို ဒီလူကြီးလက်ထဲ ဘယ်လိုထည့်ရမှာလဲ။ ဖိုးမောင်ကလွဲပြီးသာ ရှာတွေ့ကြည့်။ ကျွန်တော် တစ်ခါတည်း ခိုးပြေးခိုင်းလိုက်မယ်။

အစ်မကလဲ ဒီသဘောပဲ ပြောတာနော်။ သူ့မြေးကို မိကျောင်းကြီးလက်ထ တော့ မထည့်ဘူး။ ရည်းစားရှိရင် ပေးစားလိုက်တဲ့''

''ဖိုးမောင်နဲ့သာ ပေးစားလိုက်ရင် မောင်အောင်က ဘယ်လ ထင်မလဲ''

''ဘယ်ဖြစ်မလဲ အစ်ကိုရာ။ ကျွန်တော်တို့ကို ဆဲမှာပေါ့''

တကယ်တော့ ဖိုးမောင်ကို ကြိုက်ပြီး ရှာဖွေနေသူများထဲတွ ဦးစောမြင့်နှင့် ဦးစောတင်တို့၏ တပည့်များလည်း ပါနေလေပြီ။ သူတ သည်လည်း ပဂေးတစ်ယောက် ဖိုးမောင်နောက်လိုက်သွားမှာ ကြောက် သည်။

ဦးပုနှင့် ဒေါ်ထွေးကား သူတို့သား၏သတင်းကို စုံစမ်းမ မရသေးသဖြင့် ရွာမပြန်နိုင်သေး။ ဖိုးမောင်ကား အစအနပင် မြင်ရ ဝေးစွ။ သတင်းပင်မရနိုင်အောင် ဖြစ်နေလေသည်။ ခြေချုပ်မိခြ မရှိသော မုတ္တူးမှာလည်း နေရာအနှံ့ သွားနေရသည်။

ဖိုးမောင် ဘယ်မှာနည်း ...။

ဖိုးမောင်သည် နံနက် အရုဏ်တက်မှာပင် ပဂေးတို့အိမ် ထွက်လာပြီး ပဲ့ထောင်စက်လှေတစ်စီးငှားကာ အနောက်မြောက်သို့ ဆန်တက်ပြီး ကျွဲခြံရေကျော်ဖြတ်လမ်းအတိုင်း ရောဝတီမြစ်ထဲ ဝ သည်။ မော်လမြိုင်ကျွန်းရောက်တော့ စက်လှေပြောင်းလိုက်က မြင်းကကုန်းမြစ်အတိုင်း စုန်ဆင်းသည်။ သူ့တွင် ပဂေးထည့်ပေးလိုက် သော ငွေအပြည့်ပါသည်။ သူသည် အပေါင်းဆိုင်မှဝယ်ထားသော လေဘေးအကျႌအပေါ်က ဂျင်းရှပ်အကျႌကို ထပ်ဝတ်ထားသည် ဘောင်းဘီကလည်း အပေါင်းဆိုင်ကဝယ်ထားသော ဒူးဖုံးရုံ ဂျင် ဘောင်းဘီ အစုတ်။ ငွေက မတရားပူသည်။ ဖြတ်သန်းစရာ နွေကြီးက များစွာကျန်သေးသည်။ လွယ်အိတ်ထဲတွင် ပုဆိုး၊ စွတ်ကြယ်၊ စပို့ရှ အဝတ်အစားလေးတွေ အပိုပါသည်။ ဓားမောက်တစ်ချောင်း ပါသည် ဦးထုပ်ကို ခပ်ငိုက်ငိုက် ဆောင်းထားသည်။

ဖိုးမောင်သည် မြင်းကကုန်းမြစ် အရှေ့ဘက်ကမ်းမှ လင်းဆွဲ ကျွံလတာ၊ ပိုးတီလွတ်၊ နတ်မှူး စသော ရွာလေးများကို ငေးမောလ





ရသည်။ သံကန်ရွာကျတော့ မြင်းကကုန်းမြစ်က မြစ်ဝကျွန်းပေါ်၏ ထုံးစံအတိုင်း မြစ်နှစ်မြွာခွဲပြန်သည်။ မြစ်ခွဲတွင် အနောက်ဘက်သို့ လိုက်ပါက ကုလားရိုက်ချောင်းနှင့် သဲဖြူချောင်းတို့ ခွဲသွားပြီး ပြန်ပေါင်း ကာ ရောဝတီမြစ်ထဲ ရောက်မည်။ သဲဖြူချောင်းသည် နှစ်ထပ် သင်္ဘောကြီးများ ခုတ်မောင်းနိုင်သော မြစ်ကြောင်းလမ်းဖြစ်ပြီး ကျွန်းပြသာဒ်မြစ်ထဲ ဆန်တက်ပြီးမှ ရောဝတီမြစ်ထဲ ရောက်မည်။ ပဲ့ထောင်လှေက လမ်းအတိုင်း လှိုင်းဘုန်းရွာကြီးသို့ သွားမည်ဖြစ် သည်။

ဖိုးမောင် သံကန်မှာ ဆင်းလိုက်သည်။ တစ်ဖက်ကမ်းရှိ ကန်ကြီးကို ကူးသည်။ သူသည် မော်လမြိုင်ကျွန်း စက်လှေပြောင်းစဉ် လက်ဘက်ရည်ဆိုင်၌ ထမင်းကြော် တစ်ပစားပြီး ပါဆယ်ပါ ထုပ်ယူ လာခဲ့သည်။ သံကန်တွင် မြင်းကကုန်းမှ ခွဲထွက်လာသော မြစ်က လေးချောင်းသည် ကုလားရိုက်ကြိုးဝိုင်းနှင့် ညီနောင်ကြိုးဝိုင်းကို နယ်နိမိတ်အဖြစ် ခွဲကာ ကွေ့ကွေ့ကောက်ကောက်နှင့် ရောဝတီမြစ်ထဲ သို့ပဲ ပြန်လည်စီးဝင်သည်။ မြစ်ကလေးချောင်းကို မြစ်တရာဟုလည်း ခေါ်သည်။

ထိုမြစ်ကလေးချောင်း၏ အရှေ့ဘက်ကမ်းတွင် ကြက်လျှာရွာ ရှိသည်။ သူသွားရမည့်မှာ ကြက်လျှာရွာပင်တည်း။

ဦးအောင်သည် လှော်ပင်မှ ရောဝတီအတိုင်း ဆန်တက်ကာ မြစ်ကလေးချောင်းကို လွန်သွားခဲ့သည်။ သူသည် ကြက်လျှာရွာသို့ ဝင်ရန် စဉ်းစားမိသည်။ သို့သော် အကြောင်းမရှိသဖြင့် မြတ်သာမှ တစ်ဆင့် မဂူ၊ ပဲကွပ်ချောင်းရိုးအတိုင်း ကဒုံကနီမြစ်ဘက် ဖြတ်ထွက် ခဲ့ခြင်း ဖြစ်သည်။

မြစ်ဝကျွန်းပေါ်ဒေသကြီးကား မြစ်ချောင်းအင်းအိုင် အလွန် ပေါလှသည်။ ဒေသခံများသာ ရေကြောင်းလမ်းကို ကျွမ်းကြသည်။ အကဲမသိလျှင် ချောင်းဦးတို့နှင့်မိပြီး ပိတ်ချင်ပိတ်နေမည်။ ဗေဒါတော၊ ဖျိုက်တော၊ ဒိုက်တောထဲရောက်ပြီး ပြန်ထွက်မရအောင် ဖြစ်ချင်ဖြစ် နေမည်။ မြစ်ပြင်ကျယ်ကြီးဆိုပြီး ဝင်သွားကာမှ မြစ်လည်းမဟုတ်။

အင်္ဂလိပ်မြန်မာစစ်ပွဲအပြီး ဗိုလ်မြတ်ထွန်းခေါင်းဆောင်သော မြန်မာ့ တော်လှန်ရေးသမားများသည် အင်္ဂလိပ်တို့၏ စစ်သင်္ဘောများအား များခေါ်၍ ရှေ့တိုးမရ၊ နောက်ဆုတ်မရနှင့် ပိတ်မိနေမှ အနီးကပ် ဝိုင်းဝန်းသုတ်သင်ခဲ့သည်ဟု ဆိုကြသည်။

ဖိုးမောင်သည် ကန့်ကြီးတွင် သူ့ဖခင်၏ အသိဖြစ်သော ဦးလွန်းထံမှ လှေတစ်စင်းငှားသည်။ နေ့လယ်စာစားပြီးတော့ ဦးလွန်း နှင့် သူ့လှေကို တက်တစ်ချောင်းစီဖြင့် လှော်၍ မြစ်ကလေးချောင်း အတိုင်း စုန်ဆင်းသည်။ ဦးလွန်းသည် စပ်စုခြင်းမပြု။ ဖိုးမောင်ကလည်း လှေဦးကသာ လှော်သည်။ ပဲ့ပိုင်းမှ ဦးလွန်းကို လှည့်မကြည့်။ ကြက်လျှာနားရောက်ခါနီးတော့ နေဝင်လုပြီ။

သူက ကမ်းကပ်ခိုင်းသည်။

"မင်း ကြက်လျှာမှာ မဆင်းဘူးလား"

"ကျွန်တော်က ကြက်လျှာကို သွားမှာမဟုတ်ဘူး"

"အေးလေ ...။ ငါကတော့ ကြက်လျှာကို ဆက်သွားပြီး ညအိပ်မယ်"

"ဦးလေး မနက်ဖြန် ပြန်ဆန်မှာလား"

"အေး"

"ဒါဆို ဒီနားရောက်ရင် (၁၅) မိနစ်လောက် စောင့်ပေး။ မတွေ့ရင်တော့ ဆက်တက်ပေတော့"

"နာရီဝက် စောင့်မယ်ကွာ"

ကမ်းခုံက မြင့်သဖြင့် ဖိုးမောင်သည် ရေထဲ ခုန်ဆင်းလိုက်သည်။ ဦးလွန်းက လှေကို ဆက်စုန်သွားသည်။ သူသည် ဦးလွန်း၏ လှေ ပျောက်သွားသည့်အထိ ရေထဲမှာပဲ နေသည်။ ထို့နောက် ကမ်းပေါ်တက်ပြီး ကြက်လျှာရွာသို့ပင် ကမ်းနဖူးအတိုင်း လျှောက်လာသည်။ ကြက်လျှာရွာ၏တောင်ဘက် အစွန်ဆုံးရှိ အုန်းခြံထဲမှအိမ်သည် သူ သွားရမည့် အိမ်ဖြစ်သည်။ သူသည် မမှောင်ခင် ရွာကို ကွင်းရှော သွားရသည်။





အိမ်ရှေ့ရောက်တော့ လုံးလုံးမှောင်ပြီ။ အိမ်ထဲတွင် ဘက်ထရီမီးချောင်းရောင် တွေ့ရသည်။

"မိုးအိရေ ... မိုးအိ"

"ဘယ်သူလဲ"

"ငါပါ"

"ဘယ်သူလဲ ငါဆိုတာ"

"ပဂေးလွှတ်လိုက်တာ"

"လာခဲ့"

မိုးအိကား ပဂေး၏ အချစ်ဆုံးသူငယ်ချင်းပင်။ ဖိုးမောင်နှင့် မရင်းနှီးသော်လည်း လျှော်ပင်အလှူမှာ တွေ့ဖူးသည်။ မြွေကို နှိမ်နင်းခဲ့သော သူ့ရဲ့ကောင်းလေးကို မှတ်မိသည်။ ပဂေးနှင့် ချစ်နေမှန်းလည်း သိသည်။

"ပဂေးပေးလိုက်တဲ့စာ"

မိုးအိက အမြန်ဖတ်ကြည့်သည်။ ပဂေးက စာထဲတွင် အခြေအနေကို အကြမ်းဖျင်း ရှင်းပြထားသည်။ ဤမျှချောင်ကျသော ရွာမှ ဖြစ်မည်။ မြစ်ကလေးချောင်းကို စက်လှေတွေ ဖြတ်လေ့မရှိ။ မိုးအိတို့ အိမ်တွင် ဖခင်၊ မိခင်နှင့် သူမ၏အစ်ကိုဖြစ်သူ နိုင်လင်းတို့ရှိသည်။

နိုင်လင်းက ...

"မိုးအိ ... အဲဒါ နင့်ရည်းစားလား"

"နင် ပေါက်ကရမပြောနဲ့။ ဒါက ပဂေးရဲ့ရည်းစား"

မိုးအိတို့မိသားစုက ဖိုးမောင်ကို ထမင်းကျွေးသည်။ ဖိုးမောင်လည်း အားမနာတမ်းပင် ဆာဆာနှင့် ဖိစားသည်။

"နင် ဒီညပဲ ခရီးဆက်မှဖြစ်မယ်"

"ရတယ်။ ငါ့မှာ တုတ်မီးတော့ မပါဘူး"

"ငါတို့မောင်နှမ လိုက်ပို့မှာပါ"

"မနက်ကျမှ သွားပါလား"

နိုင်လင်းက ပြောသည်။

"ဒီညပဲ သွားမယ်"

မိုးအိက ပြောသည်။ သူမသည် အစ်ကိုကို နိုင်ပုံရသည်။

"ငါတို့ကောင်ဘက်ကိုဆင်းသွားရင် မြစ်လေးခွဆုံကြီး ရှိတယ်။ နင်ရောက်ဖူးလား"

"ဒီမြစ်ကလေးချောင်းနဲ့ သဲဖြူချောင်းက ပေါင်းပြီး ရောဝတီထဲ ဝင်မယ်။ နောက်တော်တော်စုန်မှ လှိုင်းဘုန်းအောက်ဘက်မှာ ကျွန်းပြသာဒ်နဲ့ ဆုံမယ်"

"နင် အဲဒီလောက်သိရင် ရပြီ။ သဲဖြူချောင်းနဲ့ မဆုံခင် အနောက်ဘက်ကမ်းမှာ ကွင်းပြန့်တစ်ခု ရှိတယ်။ ငါတို့ အုန်းခြံနဲ့ အဲဒီပြန့်က မျက်နှာချင်းဆိုင်။ အုန်းခြံမှာ တဲတစ်လုံးရှိတယ်။ အိုးခွက်၊ ပန်းကန် နည်းနည်းပါးပါး ရှိတယ်"

သူတို့ ညတွင်းချင်း ခရီးဆက်ကြရာ ဗွက်တွေနင်းလိုက်၊ ရွှံ့တွေနင်းလိုက်၊ ရေထဲဖြတ်လိုက်နှင့် ညသန်းခေါင်ကျော်မှ အုန်းခြံထဲ ရောက်သည်။

တဲမှာ သုံးယောက်အိပ်စက်ရန် ကျဉ်းနေသည်။ ပြီးတော့ တစ်ယောက်က မိန်းမသား။ အပျိုလေး။

"မနက်ကျမှ နင်လိုမယ့် ဆန်တို့ ဆီတို့ လာပို့ပေးမယ်။ ဒီမှာ ဘာမှမပူနဲ့"

မိုးအိက ပြောသည်။

"နင်တို့မောင်နှမ ဗွက်ရှန်းလာတာ လေးငါးမိုင်လောက် ရှိမယ်။ ဒီမှာပဲ ညအိပ်ပြီး မနက်ကျမှ ပြန်ပါလား မိုးအိ။ နင်တို့ အရမ်းပင်ပန်းနေမယ်"

"နင့်လောက်တော့ မပင်ပန်းပါဘူး ဖိုးမောင်ရာ။ ရောဝတီသူပါ။ ဒီလောက်တော့ အသေးအဖွဲ့ပဲ။ ကဲ ... အချိန်မရှိဘူး။ ပြန်ရအောင်။ နိုင်လင်း ... နင် လိုက်ခဲ့မလား။ ဒီမှာ နေရစ်မလား"

"ငါ နေခဲ့မယ်ဆိုရင် နင်တစ်ယောက်တည်း ပြန်ရမှာနော်"





"အံမာ ... ငါက ကြောက်မယ်များ အောက်မေ့လို့လား"

"အေးပါ မိုးအိရယ်။ ငါ နင့်အစ်ကိုမလုပ်တော့ပါဘူး။ နင့်မောင်ပဲ လုပ်ရင်ကောင်းမယ်။ နင်လဲ ငါ့ညီမ မလုပ်နဲ့တော့။ အစ်မကြီး အနေနဲ့ပဲ နေတော့။ ကျွန်တော့်ညီမက တကယ့် သတ္တိခဲဗျ။ သူ့ တစ်ယောက်တည်း လွှတ်လိုက်ရင် တကယ်သွားမှာ။ သူသွားရဲတာ ကိစ္စမရှိဘူး။ မိဘတွေက ကိုယ့်ညီမလေးတစ်ယောက်တည်း ညဉ့်နက်သန်းခေါင် တောကြီးထဲ လွှတ်လိုက်ရမလားဆိုပြီး"

"နိုင်လင်း ... နင် တော်တော်လျှာရှည်တယ်"

နိုင်လင်းနှင့် မိုးအိတို့မောင်နှမသည် ဓာတ်မီးတဝင်းဝင်းနှင့် အမှောင်ထုထဲ ပျောက်သွားသည်။ ဖိုးမောင်သည် ဒီဇယ်မီးခွက်မှ အလင်းရောင်ဖြင့် ကျောခင်းရန် ပြင်သည်။ တဲပေါ်တွင် ဖျာရှိသည်။ ဆီဂျိုးအထပ်ထပ်ဖြင့် ခေါင်းအုန်းရှိသည်။ မိုးအိတို့က ဂွမ်းစောင်အစုတ်တစ်ထည် ယူလာပေးသည်။ ခြင်ကတော့ တရုံးရုံးပင်။ ခြင်ပေါင်းများစွာတို့၏ အော်မြည်သံများ စုပေါင်းကာ ဆူညံအသံလှိုင်းတစ်ခုကို ထွက်ပေါ်စေသည်။ သူသည် မီးဖိုထဲသို့ ထင်းအစိုများ ထိုးထည့်ပြီး မီးခိုးတွေအူအောင် လုပ်ရသည်။ ခြင်တွေ အနည်းငယ် ရှဲသွားသည်။

သူ မည်သည့်အချိန် အိပ်ပျော်သွားမှန်းပင် မသိ။ မနက်အိပ်ရာကနိုးတော့ ဓနိခေါင်မိုးပေါ်သို့ နေရောင်ခြည်တန်းများပင် ဖြာကျနေလေပြီ။ ရုတ်တရက် ကြောက်စိတ်တွေပေါ်လာပြီး အိပ်ရာက ဆက်ကနဲထသည်။ သူငယ်ချင်းဖြစ်သူ လှသိန်းသေပြီ။ တိုင်းအောင်လည်း သေပြီ။ သူမှာ အခြောက်တိုက် တရားခံဖြစ်နေရသည်။ နောက်ပိုင်းကလူတွေ ဖြေရှင်းမှုဖြစ်မည်။ သူတို့ မဖြေရှင်းနိုင်လျှင် မိမိ ဤနေရာတွင် မည်မျှကြာအောင် ခိုအောင်းရမလဲ ...။

တဲနောက်တွင် ရေချိုတွင်းလေး ရှိသည်။ သူက ရေမိုးချိုး ကိုယ်လက်သုတ်သင်သည်။ သူအိပ်စက်ခဲ့ရာ တဲလေးကို ကြည့်သည်။ မမတိုင်များဖြင့် ထိုးထားပြီး အမိုးရော၊ အကာပါ ဓနိတွေဖြစ်သည်။

ဆွေးတော့ ဆွေးနေပြီ။ မိုးရွာလျှင် မိုးယိုမည်။ သို့သော် နွေမို့ ပူစရာ
မလို။ အခင်းမှာ ဝါးခြမ်းပြားများအား စီခင်း၍ အုန်းဆန်ကြိုးဖြင့်
တုပ်ထားခြင်းဖြစ်သည်။ မီးဖိုပေါ်တွင် ရေနွေးတစ်အိုး တည်ပစ်ခဲ့ပြီး
အနီးပတ်ဝန်းကျင်ကို လိုက်ကြည့်သည်။

ချောင်းကမ်းနဖူးမှ ကြည့်လိုက်တော့ အနောက်ဘက်ကမ်း
တွင် ကွင်းပြန့်အချို့ကို တွေ့ရသည်။ ကျန်တာကတော့ ဓနိတောများပင်
လမု၊ ကနဖိုတောများက မရှိတော့။ အုန်းခြံမှာ အပင် (၆၀) (၇၀)
ခန့် ရှိလိမ့်မည်။ သောပတ်ဝန်းကျင်ကား လမု၊ ကနဖိုတော လက်ကျန်
များနှင့် ချောင်းနားနီးလျှင် နွံတောထဲမှ ဓနိပင်များ။

သူသည် ပဂေးကို သတိရလာသည်။

သူနှင့်ပဂေး တစ်ညတာနီးပါး အတူနေခဲ့ရပေမယ့် ရှန်းရင်း
ဆန်ခတ်ဖြစ်မှုများကြောင့် မပျော်ခဲ့ရ။ မကွန့်ရှိနေ၍ မလွတ်လပ်
မကွန့် ခဏထွက်သွားတုန်း ခဏမျှအတောအတွင်း အငန်းမရ နမ်း
ဖြစ်ခဲ့သော အနမ်းတွေကို သတိရနေမိသည်။ ပဂေး၏ပါးပြင်မှ ပူနွေး
သော မျက်ရည်စီးကြောင်းတို့၏ အထိအတွေ့ကို သတိရသည်။

လှေဆိပ်သို့သွားရာ လမ်းသို့ ဆင်းကြည့်မိသည်။

နေထန်းတစ်ဖျားခန့်တွင် မိုးအိသည် လှေငယ်တစ်စီးဖြင့်
ရောက်လာသည်။ ဆန် (၁၀) ပြည်ခန့်ရှိမည့် မြွေအရေခွံအိတ်နှင့်
အခြား ဆီပုလင်း၊ ဆား၊ ငရုတ်သီး စသည်တို့ပါသော ခြင်းတစ်လုံး
ကို လက်နှစ်ဘက်က ပေါ့ပါးစွာ ဆွဲလာသည်။ ဖိုးမောင်က သူမထံမှ
အထုပ်အပိုးများကို လှမ်းယူလိုက်တော့မှ လှေထဲ ပြန်ဆင်းသည်။
နောက်ထပ်သယ်စရာရှိတာတွေကို သယ်လာသည်။

တဲပေါ်ရောက်တော့မှ မိုးအိသည် ခြေတွဲလောင်းချထိုင်ပြီး
တစ်ဘက်တစ်ထည်ဖြင့် မျက်နှာမှချွေးတွေကို သုတ်သည်။

"နင်တစ်ယောက်တည်းလား"

"ငါ့အစ်ကိုကလဲ အလုပ်တစ်ဘက်နဲ့လေ"

"ငါတို့ ကြက်လျှာရဲ့မြောက်ဘက်မှာတော့ နင်ဖြတ်လာတဲ့





အတိုင်း ကန်ကြီးနဲ့ တဲတဂူက အနီးဆုံးပဲ။ အရှေ့ဘက်မှာက တောပဲ။
ရောဝတီ မြစ်ရှိမယ်။ မြစ်ကိုကူးသွားလဲ တောပဲ။ ကျွန်းတုံးကြီးချောင်း
ရဲ့ ဟိုဘက်က ကျွန်းညိုကြီးကလဲ သိတဲ့အတိုင်းပဲ။ တောင်ဘက်မှာ
ရောဝတီရှိမယ်။ မြစ်ကူးသွားရင် ကဒုံကနိတောနဲ့ ရေလယ်ကျွန်း။
ရောဝတီအတိုင်း စုန်ဆင်းသွားရင် ငါထင်ပါတယ်။ (၁၅) မိုင်လောက်
အထိ အရှေ့ဘက်ကမ်းမှာ ဘာရွာမှမရှိဘူး။ လျှော်ပင်ရောက်မှ အိမ်တွေ့
ရမှာ။ အနောက်ဘက်မှာတော့ လှိုင်းဘုန်းတို့၊ ဓနုံးတို့၊ စလောင်းကျ
တို့၊ လမုတစ်ပင်တို့ ရှိတယ်။ အောက်ဆင်းသွားရင် ကက္ကရန်တောပဲ"

"နင်တို့ရွာက တော်တော်ခေါင်တာပဲ။ ပဂေး ဒီကို ရောက်ဖူး
လား"

"ရောက်ဖူးတာပေါ့။ ဒီတဲလေးကိုတောင် လာကြသေး
တယ်"

"လူရှေးတာရော၊ နေရာရွေးတာရော တော်တယ်"

"ပဂေးက ငါ့အချစ်ဆုံး သူငယ်ချင်းလေ"

❀ ❀ ❀

# အခန်း (၁၆)

## မကြောက်နဲ့ မောင်ရှိတယ်

အားလုံး စုံစမ်းကြသည်။ ရှာဖွေကြသည်။ မေးမြန်းကြသည်။ ဦးပုနှင့် ဒေါ်ထွေးက သူတို့သားလေး ဖိုးမောင်အတွက် စိတ်ပူ၍ မေးသည်။ သူငယ်ချင်းတွေကလည်း သူတို့အမှု မြန်မြန်ပြတ်ဖို့ ရှာရသည်။ ဦးကျော်ထွန်းကလည်း အသေရရ၊ အရှင်ရရ။

မည်သူ့ကိုမျှ မေးလို့မရ။

စုံစမ်းလို့မရ။

ဦးပုနှင့် ဒေါ်ထွေးသည် သူတို့တည်းခိုရာ ဇရပ်ပေါ်တွင် ထိုင်၍ မှိုင်နေကြသည်။ သံချောင်းက မေးစေ့ကို ပွတ်နေသည်။ ညိုကြီးက စိတ်မရှည်။

"စဉ်းစားကြပါဦး"

"ငါ. စဉ်းစားလို့ရပြီ"

ဆယ်ပြားက ပြောသည်။

ဆယ်ပြားသည် ဉာဏ်နိမ့်သူဖြစ်သည်။ ထိုင်ဆို ထိုင်မည်။ ထဆို ထ၊ သွားဆို သွားမည်။ စဉ်းစားဉာဏ် ရှိသူမဟုတ်။ ထို့ကြောင့်လည်း သူ့ကို ကျပ်မပြည့်သူဟုဆိုကာ ဆယ်ပြားဟု ခေါ်ကြခြင်း။

သာဟန်က ...





"ဆယ်ပြား ... အားလုံး ဦးနှောက်ခြောက်နေတယ်နော်။ မင်းလာမရှုပ်နဲ့"

"ပြောပါစေကွာ။ ကဲ ... ဆယ်ပြား ပြောစမ်း"

ဦးပုက ရေနစ်သည့်သူ ကောက်ရိုးမျှင်ကိုပင် ဆွဲရဆွဲရ သဘောမျိုး ပြောသည်။

"ကျွန်တော်တို့စုံစမ်းတာ နှံ့နေပြီ။ ရန်ကုန်ဘက်လဲ မေးပြီးပြီ။ မအူပင်လဲ မေးပြီးပြီ။ ကျိုက်လတ်၊ ဖျာပုံ၊ ဒေးဒရဲဘက်လဲ နှံ့နေပြီ။ မော်လမြိုင်ကျွန်းဘက်ကလဲ သတင်းမရဘူး။ သူ့ကို ဖုက်ထားတဲ့သူ တစ်ယောက်ရှိရမယ်"

"အာ ... ဒီလောက် ပြဿနာရှုပ်နေတာကို ဘယ်သူက ဖုက်ထားမှာလဲကွ"

ညိုကြီးက ဆယ်ပြားကို ဟောက်သည်။

"သူ့ရည်းစားပေါ့"

"ဟေ"

သုံးလေးယောက်၏ အာမေဋိတ်သံ ဖြစ်သည်။ သို့နှင့် သံချောင်းသည် မကွန့်ကို မနည်း ဆက်သွယ်ရသည်။

"အစ်မ ... ကျွန်တော့်ကိုယုံပါ။ ဖိုးမောင်နဲ့ပတ်သက်လို့ ပြောစရာရှိလို့ပါ"

မကွန့်က သံချောင်းနောက်မှ မူတူးကို မယုံသင်္ကာဟန်ဖြင့် ကြည့်သည်။ သူမသည် ဈေးအဝယ်ထွက်ခြင်းဖြစ်သည်။ သူတို့သုံးယောက် လက်ဘက်ရည်ဆိုင်ထဲ ဝင်သည်။ သံချောင်းနှင့် မူတူးက အမှုအကြောင်း ရှင်းပြသည်။ မကွန့်က နားစိုက်၍ထောင်သည်။

"တကယ်ပါ အစ်မရယ်။ ဖိုးမောင်သာပြန်လာရင် အမှုကလဲ သက်သေစုံပါပြီ။ ကျွန်တော်တို့လဲ ခြေချုပ်က လွတ်မယ်။ မှတ်ကြီးအတွက်တော့ မတတ်နိုင်ဘူး။ သူက တိုင်းအောင်ကို လက်နက်ထုတ်ပေးတာ"

"နေပါဦး။ ငါက ဖိုးမောင်ဘယ်မှာလဲဆိုတာ ဘယ်လိုလုပ်သိနိုင်မှာလဲဟဲ့"

"အစ်မ မသိနိုင်ဘူးဆိုတာ ဟုတ်တယ်။ ပဂေးနော် ...။ သူသိမယ်"

"ပဂေး"

မကွန့် အံ့ဩသွားရသည်။ ပဂေး၏အမူအရာတွေကို တဖြည်းဖြည်း စဉ်းစားကြည့်မိသည်။ ပဂေးသည် ဖိုးမောင်ကိုလွမ်းကြောင်းတွေ့ရသော်လည်း ဖိုးမောင်အတွက် စိတ်ပူပုံမရသည်ကို သတိထားမိလာသည်။ သူမသည် ဘုန်းကြီးကျောင်းလိပ်စာကို တောင်းလိုက်ပြီး အိမ်ကို အမြန်ပြေးသည်။ ဈေးခြင်းတောင်းကို အမြန်ချသည်။ အိမ်အပေါ်ထပ်သို့ အမြန်တက်ပြီး ပဂေးအခန်းထဲ ဝင်သည်။

ပဂေးသည် ယောကျ်ားလေးတွေ ဆိုလေ့ဆိုထရှိသော သီချင်းတစ်ပုဒ်ကို ညည်းနေသည်။

"ကောင်မလေး ... လာခဲ့"

"ဘာလဲ ကွန့်ကွန့်ရဲ့ ... အလန့်ထညက်"

"ဖိုးမောင် ဘယ်မှာလဲ"

ပဂေး ငြိမ်သွားသည်။

"ညည်းသူ့ကို မြန်မြန်ပြန်ခေါ်မှ ဖြစ်မယ်။ ဒါမှ အမှုကပြီးမှာ။ သူက သက်သေပဲ။ တရားခံ လုံးဝမဟုတ်ဘူးတဲ့။ အခုလိုရှောင်နေမှကြာရင် ဦးကျော်ထွန်းတို့ဆင်ထားတဲ့ အကွက်ထဲဝင်သွားပြီး တကယ့်တရားခံ ဖြစ်သွားမယ်။ သူဘယ်မှာလဲ ... ပြော"

"ကွန့်ကွန့် ဘယ်သူ့မှ မပြောရဘူးနော်"

"မပြောပါဘူးအေရယ် ... ညည်းတို့အတွက်ပါ"

"ဘုရားစူးကျိန်"

မကွန့်သည် ပဂေးပူဆာသည့်အတိုင်း အတန်တန် ကျိန်ဆိုရသည်။

"အဖေရော၊ အမေရော၊ ဦးကြီးတို့ ဒေါ်လေးတို့ရော အများပါ မပြောရဘူး"

မကွန့်က ခေါင်းညိတ်ရင်း ...





"သူ့သူငယ်ချင်း မူတူးဆိုတဲ့ ကုလားလေးက သူ သွားခေါ်ပေးမယ်တဲ့။ သံချောင်းတို့က ရဲစခန်းက နေ့တိုင်း လက်မှတ်ထိုးခိုင်းထားတော့ သွားလို့မရဘူး"

"ဒါဆိုရင်"

"ဘယ်မျာလဲ"

"ကြက်လျှာနားမှာ"

"ဘယ်နားက ကြက်လျှာလဲ"

"မြစ်ကလေးချောင်းထဲက ကြက်လျှာပေါ့။ မော်လမြိုင်ကျွန်းဘက်က လမ်းသင့်တယ်။ လှော်ပင်ကနေ ဧရာဝတီမြစ်အတိုင်း ဆန်သွားရင် ကျွန်းပြသာဒ် မြစ်ထဲမဝင်ရင် မြစ်ကလေးချောင်းနဲ့ တွေ့မယ်လေ"

"ပေါက်ပေါက်ရှာရှာဟယ်"

"ပဂေးသူငယ်ချင်း မိုးအိတို့ ဂုက်ထားပေးတယ်။ ပဂေးက စာရေးပေးလိုက်မှ မိုးအိက လိုက်ပြပေးမှာ"

မကွန့်သည် ပဂေးအား မီးဖိုချောင်အကူခေါ်သလိုနှင့် လမ်းခရီးကို အသေးစိတ်မေးရသည်။ မိုးအိထံ စာရေးခိုင်းရသည်။ သံချောင်းနှင့် မူတူးကို ပြန်ရှာရသည်။ ပဂေးပြောသည့်အတိုင်း လမ်းကို ရှင်းပြရသည်။

"မော်လမြိုင်ကျွန်းကနေ မြင်းကကုန်းမြစ် အတိုင်း စုန်ဆင်းတာတော့ ဟုတ်ပြီ၊ နောက် ဘယ်ကို သွားရမှာလဲ"

မူတူးကမေးတော့ မကွန့် စိတ်မရှည်နိုင်။

"မော်လမြိုင်ကျွန်းဆိုတာ ကျောက်ပြင်လိုပဲ။ အဲဒီနားမှာ မြစ်တွေ ချောင်းတွေ ဝိုင်းနေတာ။ အပေါ်ကဆင်းလာတာက ရာဆူဒိုင်မြစ်၊ အောက်ကို စုန်သွားတာက မြင်းကကုန်းမြစ်၊ ဧရာဝတီမြစ်နဲ့က မြောက်ဘက်မှာလဲ ရာဆူဒိုင်မြစ်နဲ့ ဆက်နေတယ်။ တောင်ဘက်မှာလဲ မြင်းကကုန်းမြစ်နဲ့ ဆက်နေတယ်။ မြင်းကကုန်းအတိုင်း ဆင်း။ သံကန်အထိ ဆင်း။ သံကန်ကနေ မြင်းကကုန်းမြစ်က ချောင်းသုံးခုခွဲဆင်း၊

တယ်။ အရှေ့ဘက်ဆုံး ကန်ကြီးဘက်က မြစ်ကလေးချောင်းကိုဆင်း။ မြစ်ကလေးကို မြစ်တရာလို့လဲ ခေါ်တယ်။"

"မြစ်ကလေး"

"မြစ်ကလေးဆိုတာက ကျိုက်ပိနားမှာလေ"

"ဘယ်ကဟုတ်ရမှာလဲ ကုလားရဲ့။ အဲဒီမြစ်ကလေးဆိုတာက ကျိုက်ပိနဲ့ဆက်နေတဲ့ မြစ်ကလေးရွာ။ ဒီကနေ မြောက်စူးစူးမှာ။ အခု ဟာက နင် မော်လမြိုင်ကျွန်းကနေ မြင်းကကုန်းမြစ်အတိုင်း စုန်ဆင်း။ အရှေ့ဘက်အစွန်ဆုံး မြစ်ကလေးချောင်းထဲဝင်။ ဧရာဝတီမြစ်ကြီးနဲ့ မဆုံခင် ကြက်လျှာဆိုတဲ့ ရွာရှိတယ်။ အဲဒီမှာ နိုင်လင်းနဲ့ မိုးအိတို့ မောင်နှမကို ရှာရမှာ။ ဒီမှာစာ။ လိပ်စာလဲ ပါတယ်"

"ကုလားရိုက်နဲ့ ညီနောင်တောကြားမှာလား"

သံချောင်းက မေးသည်။

"ဟုတ်တယ်"

မကွန့်က ဖြေသည်။

"ဒါဆို သိပါတယ်"

"ဒါမျိုးကျတော့ မျှာခိုးခုတ်နေကျမို့လို့ သိတယ်ပေါ့ လေ"

"မင်းကပဲ ပြောရတယ်ရှိသေး။ တောတွေကလဲ ငါတို့ မမွေးခင်ကတည်းက ခိုးခုတ်လာလိုက်ကြတာ ကုန်ပါပြီ။ လူကြီးတွေ များ ဒီရေလေး ဘာလေး ကာကွယ်ဖို့တောတောင် ငါတို့အတွက် အမွေ မချန်ခဲ့ဘူး။ ငါတို့က နောက်လူတွေကို ဘာအမွေထားရမလဲ။ အဲဒီ ပြဿနာက"

သံချောင်း စိတ်မရှည်တော့သဖြင့် မကွန့်ရှေ့မှာတင် မူတူး အား ဆဲတော့သည်။

"ကန်တော့ပါရဲ့ အစ်မ။ ကျွန်တော်သွားလို့ရရင် သွားလိုက် ပါတယ်။ ဒီကောင့်ကို ကျွန်တော် စိတ်မချဘူး"

"စာတွေ သေသေချာချာကြည့်။ မပျောက်စေနဲ့။ စာအိတ်ထဲ မှာ ဖိုးမောင်အတွက်လဲ ပါတယ်။ ရော့ ... ဒီမှာက ငွေ"





"မလုပ်ပါနဲ့ အစ်မရယ်။ ဦးပုတို့ ပေးပါလိမ့်မယ်"

"ပဂေးက ပေးလိုက်တာ။ မြန်မြန်ထသွား"

မကွန့်နှင့် သံချောင်းသည် မူတူးအား လှေဆိပ်အထိ လိုက်ပို့ ပြီး အတန်တန်အထပ်ထပ် မှာလွှတ်ကြရသည်။ မူတူးသည် မော်လမြိုင်ကျွန်းသို့သွားမည့် စက်လှေတစ်စင်းပေါ် ပါသွားကြောင်း တွေ့ရမှ နှစ်ယောက်သား နောက်ပြန်လှည့်ရန် ပြင်သည်။

"ဟာ ... အစ်မ ... ဟိုဟာ မြဦးတို့၊ မြဘူးတို့ ညီအစ်ကို မဟုတ်လား"

"ဟုတ်တယ်။ ကျန်တဲ့သုံးယောက်ကလဲ ဦးကျော်ထွန်း တပည့်တွေ"

"ဒုက္ခပဲဗျာ။ ကုလားက အူတူတူ၊ အတတနဲ့။ ကျွန်တော် ဦးပုတို့ဆီ ပြေးမှဖြစ်မယ်"

သံချောင်းသည် ဘုန်းကြီးကျောင်းသို့ ပြေးရတော့သည်။ ဦးပုနှင့် ဒေါ်ထွေးသည် သမီးကြီးရွှေအေးနှင့် သမက်အိမ်သို့ မပြန်နိုင် သေးဘဲ ရှိနေကြသည်။

ကျောင်းထဲမှ ပြေးထွက်လာသော ညိုကြီးသည် သံချောင်းနှင့် ကျောင်းအဝမှာပင် ဆုံသည်။

"ညိုကြီး ... အရမ်း အရေးကြီးတယ်"

"မင်းမပြောနဲ့ဦး သံချောင်း။ ငါ အရင်ပြောမယ်"

သံချောင်းက ညိုကြီးကို ဆဲလိုက်သည်။

"ဘုန်းကြီးကျောင်းထဲမှာ မဆဲနဲ့ကွာ"

"မင်းက ဘာလို့ စကားလုပြောနေတာလဲ"

သာဟန် ရောက်လာသည်။

"မင်းတို့လုပ်တာနဲ့ နောက်ကျကုန်မယ်နော်။ ပြော ... သံချောင်း။ မင့်ဘက်က အခြေအနေ"

"ဖိုးမောင်က လျှော်ပင်ရဲ့မြောက်ဘက် ဧရာဝတီထဲဝင်တဲ့ မြစ်ကလေးချောင်းကမ်းပါးက ကြက်လျှာရွာမှာရှိတယ်။ ပဂေးရဲ့ သူငယ်ချင်း မိုးအိတို့မောင်နှမက ဝှက်ထားပေးတာ။ ပဂေးရဲ့စာနဲ့

မူတူးကိုလွှတ်လိုက်တာ။ သူ့နောက်က မြဘူးတို့ညီအစ်ကိုရော၊ ဓိကျောင်းကြီးတပည့်တွေရော နောက်ယောင်ခံလိုက်သွားတယ်။ ဖိုးမောင်ကို ဒီကောင်တွေတွေ့ရင် အသေဖွဲ့မှာပဲ''

''အေး ... ဝင်းမောင်ကြီးဆီကလဲ သတင်းရတယ်။ သူက ဦးအောင်ကို လျှော်ပင်အထိလိုက်ပို့တာ။ လျှော်ပင်ရောက်တော့ ကြက်လျှာက သူ့တပည့်တွေက စောင့်နေကြတယ်။ သူလဲ လူစုပြီး ဖိုးမောင်ကို တောနင်းရှာမှာပဲ''

''ငါတို့ ဘာလုပ်ကြမလဲ''

သံချောင်းက မေးသည်။

''ဦးလေးတို့ကို ပြောပြလိုက်ကွာ၊ ရဲစခန်းကို ခွင့်တောင်းပေးပါလို့။ ငါတို့တော့ ဖြစ်ချင်ရာဖြစ် လိုက်မှဖြစ်တော့မယ်''

ဦးပုက ရဲစခန်းသို့သွား၍ အကျိုးအကြောင်းပြောပြရာ ရဲစခန်းက ခွင့်ပြုသည်။ ဖိုးမောင်ကိုခေါ်လာဖို့ သံချောင်းတို့လူစု တစ်ပတ်ထက်ပိုမကြာဖို့ မှာသည်။ သူတို့ အထွက်နောက်ကျသည်။

မူတူးသည် အများနှင့်အတူ မော်လမြိုင်ကျွန်းသို့ သွားနေသည်။ မော်လမြိုင်ကျွန်းမှ လှေငှားပြီး စုန်ဆန်ဆင်းမည်။ မြဘူးတို့ညီအစ်ကိုသည် မူတူးဘယ်သွားမည်မှန်း မသိသဖြင့် မူတူးပါသွားသော စက်လှေနောက်သို့ နောက်ယောင်ခံလိုက်နေသည်။ သူတို့နောက်မှ စက်အားကောင်းသော ပွဲတောင်စက်လှေတစ်စီးလည်း ခုတ်မောင်းသွားသည်။ မကွန့်သည် ပဂေးကို မည်သို့မျှ တားမရတော့။ သို့နှင့် သူမပါ လိုက်လာရတော့သည်။

ပဂေးသည် ဒူးဖုံးရုံ အနားဖွာ သရီးကွာတား ဂျင်းဘောင်းဘီနှင့် ယောက်ျားလေးရုပ်အင်္ကျီ လက်တိုကို ဝတ်ထားသည်။ မကွန့်လည်း ယောက်ျားလေးနှယ် ဝတ်ထားရသည်။

''မောင့်ကို အထိမခံနိုင်ဘူး။ မောင့်ကိုထိတဲ့လူတွေ အကုန်လုပ်ပစ်မယ်''

ပဂေးလက်ထဲမှာ နတ်ဆက်ထားသော ဓားရှိသည်။ ဓားအိမ်ပင် မပါ။ သူတို့နှစ်ဦးစလုံး ခေါင်းကို ပဝါတွေ လုံလုံစီးထားသဖြင့်





ဘယ်သူတွေမှန်း မသိ။ သူတို့နောက်မှာမှ ဦးပုတို့စက်လှေ။ ဒေါ်ထွေးရော၊ မြင့်မြင့်ကြည်၊ တိုးတိုးဝင်းတို့ပါ လိုက်လာတော့ စက်လှေကလေးသည်။

''လှေပေါ်တွေ့ရင် ကျွန်တော်တို့ယောက်ျားလေးတွေ ပြောင်းပြီး ဖြတ်လိုက်မယ်။ မူတူးက မော်လမြိုင်ကျွန်းကို ဝင်နေမှာပဲ။ ကျွန်တော်တို့က ဖြတ်ဝင်မှ သူတို့ကို အုပ်မိမယ်''

သံချောင်းကပြောရာ ညိုကြီးက ...

''ဟုတ်တယ်၊ လျှော်ပင်ကလဲ ဦးအောင်က ဆန်တက်လာမှာဆိုတော့ အခြေအနေက ပြောမရဘူး''

''ခက်လိုက်ပါဘိတော့တယ်''

သူတို့၏နောက်တွင် ကျော်ထွန်းဝင်းစက်လှေကြီးက ခုတ်မောင်း၍ လိုက်လာဦးမည်ကို သူတို့ မတွေးမိကြသေး။ ဦးကျော်ထွန်းသည်လည်း သတင်းတွေရနေပြီ။ အားလုံး၏ပစ်မှတ်မှာ အလွန်တရာမှပင် ချောင်ကျလှသော ကြက်လျှာဆိုသည့် ရွာကလေး။

ကြက်လျှာသည် ဘိုကလေးမှလာလျှင် မြစ်ကြောင်းမသင့်။ မြစ်တွေချောင်းတွေက အကွေ့အကောက်များသည်။ လျှော်ပင်မှ ဆန်တက်လျှင် ရောဝတီမြစ်နှင့် မြစ်ကလေးချောင်းသာ ရှိသည်။ လမ်းသင့်သည်။ အကွာအဝေးကတော့ အတူတူပင်။ သို့သော် လျှော်ပင်မှ ဦးအောင်၏ခြေလှမ်းက ဦးနေသည်။

မူတူးသည် အများနှင့်အတူ မော်လမြိုင်ကျွန်းသို့ မော်တော်စီးပြီး လိုက်သွားသည်။ ဟိုရောက်မှ စက်လှေငှားမည်။ မြဘူးတို့ညီအစ်ကိုက သူ့နောက်သို့ အရိပ်ပမာ လိုက်သည်။

စက်လှေများသည် ကွဲခြီရေကျော် ဖြတ်လမ်းအတိုင်း မော်ကျွန်းသို့ ဦးတည်ခုတ်မောင်းသွားကြစဉ် ပဂေးတို့စက်လှေသည် ကျိုက်ပိမြစ်နှင့်ဆုံရာတွင် လက်ဝဲဘက်သို့ကွေ့ကာ မဲဇလီရွာဘက်သို့ စုန်သည်။ ကျိုက်ပိချောင်းမှာ ဘိုကလေးမြို့နယ်နှင့် မော်လမြိုင်ကျွန်းမြို့နယ်ကို ပိုင်းခြားထားသော နယ်နိမိတ်လည်း ဖြစ်သည်။ သူတို့

ရေသည် ဝက်ကော်ရွာ၊ ကညင်ချောင်ရွာများကို ဖြတ်သည်။ ကညင်ချောင်မှစ၍ ကျိုက်ပိချောင်း ကို မြစ်ကလေးချောင်းဟု ခေါ်ပြန်သည်။ မဂ္ဂကွေ့ရောက်သောအခါ မြတ်သာရွာသို့ ဖြတ်ထွက်ကာ ရောဝတီမြစ်ထဲ ဝင်လိုက်သည်။ ကျွန်းကြီးနှင့် ပိုးလောင်းရွာတွေကို ဖြတ်သည်။

ထို့နောက် ညီနောင်ကြိုးပိုင်းကို တောင်ဘက်မှ ပတ်သည်။ မြင်းကကုန်းမှဆင်းလာသော မြစ်ကလေးချောင်းနှင့် ဆုံသောအခါ ကြက်လျှာသို့ တရကြမ်း ဆန်တက်တော့၏။ မော်လမြိုင်ကျွန်း၏ တောင်ဘက်တွင် မြင်းကကုန်းရွာ၊ မြင်းကကုန်းမြစ်နှင့် မြစ်ကလေးချောင်း ရှိသကဲ့သို့ ဘိုကလေးမြို့၏ အရှေ့ဘက်မှ ဘိုကလေးမြစ်ထဲ စီးဝင်နေသော ဂုံညင်းတန်းမြစ်ကမ်းတွင်လည်း မြင်းကကုန်းရွာကြီး တစ်ရွာ ရှိနေပြန်သည်။ ကျိုက်ပိချောင်းသည် မြတ်သာရွာတွင် ရောဝတီမြစ် အရှေ့ဘက်မှ စီးဝင်လျက်ရှိရာ ထိုနေရာတွင် မြစ်ကလေးချောင်းဟု ခေါ်ပြန်သည်။

ထို့ကြောင့် ဘိုကလေး၊ မော်လမြိုင်ကျွန်းဝန်းကျင်တွင် မြင်းကကုန်းက နှစ်ခုရှိနေသည်။ မြစ်ကလေးချောင်းကလည်း နှစ်ခု ရှိနေသည်။ နယ်မြေမကျွမ်းလျှင် မလွယ်။

ပဂေးသည် ကြက်လျှာရွာမရောက်ခင် သုံးလေးမိုင်အလိုမှာပင် လက်ယာဘက်သို့ ကမ်းကပ်ခိုင်းလိုက်သည်။ စက်လှေဆရာကို ခနီတောထဲသို့ လှေဝှက်ခိုင်းသည်။ မိုန်းကို ယူလာစေသည်။ အုန်းခြံထဲ သုံးယောက်သား အပြေးသွားသည်။

အုန်းခြံမှာ တိတ်ဆိတ်နေသည်။

"မောင် ... မောင်ရေ"

ပဂေးခေါ်သည်။

"ပဂေးပါ"

"မောင် ဒီမှာရှိတယ်"

အသံက အပေါ်မှ ကြားရသည်။





ဖိုးမောင်သည် အုန်းပင်ပေါ်တွင် ပုန်းနေခြင်းဖြစ်သည်။ အုန်းပင်က လေတိုက်သဖြင့် ရမ်းခါ၍နေရာ အုန်းသီးများပင် တဖြုတ်ဖြုတ် ကြွေကျနေသည်။

ဖိုးမောင်သည် အမြင့်ဆုံးသော အုန်းပင်ပေါ်မှ မျောက်တစ်ကောင်နှယ် ကျွမ်းကျင်စွာ ဆင်းလာသည်။

ချစ်သူနှစ်ဦးသည် ဝမ်းသာအားရ ပြေးဖက်ထားကြသည်။ အတာသကြန်ပြီးကတည်းက ခွဲခဲ့ကြရသည်။ နှစ်ဆန်းတစ်ရက်နေ့ နံနက်ကြီး ခွဲလာရသည်။ ယခု နှစ်ပတ်ခန့်ပင် ရှိတော့မည်။

"ဦးအောင်နဲ့ သူ့တပည့်တွေ ရွာမှာ လာသောင်းကျန်းနေကြတယ်။ အဲဒါ နိုင်လင်း လာပြေးပြောလို့ အုန်းပင်ပေါ်တက်ပုန်းနေတာ"

"ခက်တာပဲ မောင်။ မှတ္တူးကို ရှေ့ကလွှတ်လိုက်တာ။ မြဘူးတို့ညီအစ်ကိုက နောက်ကလိုက်သွားတယ်။ သူက မော်လမြိုင်ကျွန်းက ပတ်လာတာဆိုတော့ နောက်ကျမှာပဲ"

"မှတ္တူးက အချင်ယောင်ဆောင်တတ်ပေမယ့် လည်ပါတယ်။ သူ့အားတော့ သူလွှတ်အောင် ရှောင်လိမ့်မယ်"

မကွန့်ကလည်း ဝင်ပြောသည်။

"နင့်သူငယ်ချင်းတွေလဲ နောက်က လိုက်လာမှာပဲ။ ငါ ထင်တယ်။ နင့်အဖေအမေပါ လိုက်လာမလားပဲ။ သံချောင်းကတော့ ကြက်လျှာကို ကောင်းကောင်းသိတယ်"

"အဖေပါလာရင်တော့ အခု ကွန့်ကွန့်တို့လာသလိုပဲ လာမှာပေါ့။ မြဘူးတို့နောက် လိုက်နေမှာမဟုတ်ဘူး"

ဖိုးမောင်က ပြောသည်။ ထိုအချိန်တွင် လေက တိုက်နေ့လေပြီ။ စက်လှေအင်ဂျင်သံ ကြားသဖြင့် ကမ်းနဖူးသို့ ပြေးကြည့်ကြသည်။ သံချောင်း၊ ညိုကြီး၊ ဆယ်ပြားနှင့် သာဟန်တို့လူစု ရောဝတီမြစ်ဘက်မှ တက်လာသည်။ အနောက်ဘက် ကောင်းကင်ကြီးတစ်ခုလုံးမှာ မည်းမှောင်နေသည်။

"မင့်အဖေရယ်၊ အမေရယ်၊ မင့်အစ်မတွေရယ်၊ မရွှေအေးကြီးယောက်ျား မင့်ယောက်ဖ ကိုသံဒိုင်ရော ပါတယ်။ နောက်ကလှေနဲ့လိုက်လာတယ်။ လမ်းကျွမ်းလို့ပေါ့ကွာ"

"မင်းတို့က ကျိုက်ပိချောင်းကို ဖြတ်ဆင်းလာတာလား"

ဖိုးမောင်ကမေးရာ သံချောင်းက ...

"အေးပေါ့။ ဒါမှ မှီမှာပေါ့"

ဖိုးမောင်က ဦးအောင်တို့လှုစု ကြက်လျှာရွာတွင် သောင်းကျန်းနေသည်ဟု ရှင်းပြသည်။ နေဝင်ချိန်ရောက်လောက်ပြီ ထင်သည်။ သို့သော် သာမန်နေဝင်ချိန်ထက် ပို၍ မှောင်နေသည်။

"အခု ဘယ်လိုလုပ်ကြမလဲ"

"မင့်အမေတို့လှေကို စောင့်ရမှာပေါ့"

ညိုကြီးက ပြောသည်။ ဆယ်ပြားက ...

"ရေဒီယိုက ဟိုဟာ ... ဟိုဟာ"

သာဟန်က ဖြတ်ပြောသည်။

"ဆယ်ပြားရာ။ ရှင်းအောင်မပြောနိုင်ရင်လဲ အသာနေစမ်းပါ။ မင့်ဟာက မဆတ်တငံ့ငံ့နဲ့"

"ဘာကိုပြောတာလဲ သာဟန်"

သံချောင်းက မေးသည်။

"မိုးလေဝသ သတင်းပါကွာ"

ဆယ်ပြားက ...

"ခဏခဏ လာတာနော်။ တစ်နာရီကို မိုင်တစ်ရာကျော်မယ်တဲ့"

"ဒါဆို အိန္ဒိယနိုင်ငံ ဩရိသကမ်းခြေလား။ ဘင်္ဂလားဒေ့ရှ်လား ပေါ့ကွာ"

"ရနိုင်တော့ မဝင်ပါစေနဲ့ကွာ"

သာဟန်က သံချောင်း၏စကားကို ဖြည့်စွက်ပေးသည်။

"ငါ့မောင်တို့။ အနောက်ဘက်ကို သေသေချာချာကြည့်။ မိုးကောင်းကင်ကြီးက အဲဒီလောက်မည်းမှောင်နေတာမျိုး ငါ မမြင်ဖူး





ဘူးနော်။ လေကလဲ နည်းနည်းကြမ်းမယ့်ပုံပဲ"

သံချောင်းက ယိမ်းနွဲ့နေသော အုန်းပင်များကို မော့ကြည့်သည်။ ထို့နောက် ...

"အလွန်ဆိုး မြေပြင်ရေပြင်လေသည် တစ်နာရီ (၄၅) မိုင်မှ မိုင် (၅၀) အထိ တိုက်ခတ်နိုင်ပါသည်ပဲပေါ့။ ကျွန်တော်တို့ ရောဝတီဘယ်တုန်းက မုန်တိုင်းကျဖူးလို့လဲ"

"ပဂေးတော့ ကြောက်တယ်"

ဖိုးမောင်က ပဂေးပခုံးကို ဖက်ထားသည်။

"ငါတို့ကြောက်ရမှာက မိုးလေဝသ မဟုတ်ဘူး။ ဦးအောင်တို့အဖွဲ့ပဲ။ လှေနဲ့ပဲ စုန်လာမလား။ တောတိုးလာမလား တစ်ခုခုပဲ"

"မိုးအိကတော့ ဘူးခံမှာပဲ သံချောင်း။ အခုဟာက ငါငှားလာတဲ့ လှေသမား။ ဦးလွန်းဆိုတဲ့လူကြီးက တော်ရုံနဲ့ မပြန်နိုင်ဘူး။ အဲဒီကနေ သတင်းပေါက်သွားပုံ ရတယ်။ ငါကတော့ ဘယ်သူနဲ့မှ မတွေ့ဘူး။ မိုးအိက သူ့အစ်ကိုနိုင်လင်းကို အာချောင်လို့ဆိုပြီး ပြောနေတာလဲ ကြားရတယ်။ သူတို့ အနေးနဲ့အမြန် ဒီကိုရောက်လာမယ်ထင်တယ်"

လှေဆိပ်မှ လူသံတွေကြားတော့ မိုးအိနှင့် နိုင်လင်းကို တွေ့ရသည်။ နိုင်လင်းမျက်နှာမှာ ဖူးရောင်နေသည်။ နှာခေါင်းမှာ သွေးစတွေ့ရသည်။

"ငါ့သွားတစ်ချောင်း ကျွတ်သွားတယ်။ ဦးအောင်လက်ချက်လေ"

"အေး ... ငါ့ကိုလဲ ပါးကို ဘယ်ပြန်ညာပြန် ရိုက်တာ။ ဒင်းကို ငါမကြောဘူး"

မိုးအိကလည်း ကျိုးဝါးသည်။ ပဂေးက ...

"ဖြစ်ရလေ သူငယ်ချင်းရယ်"

"သူတို့က တောနင်းပြီးရှာတာ။ မြောက်ဘက်သွားရှာတယ်။ လွဲမှန်းသိပြီး လာပြန်သောင်းကျန်းတာ။ အခုတော့ မှောင်လို့ လာတော့

မှာ မဟုတ်ဘူး။ ငါတို့ရွာမှာပဲ အိပ်မက်ထင်တယ်။ မင်းတို့ ဘာလုပ်
မလဲ။ စုန်မလား။ ဆန်မလား။ စုန်ရင် ပဂေးတို့ရွာ ရောက်မယ်။ ဆန်
ရင်တော့ ကြက်လျှာပဲ"

"ငါ့အဖေတို့လှေကို စောင့်ဦးမှဖြစ်မယ်။ သူတို့လွန်သွားရင်
ဦးအောင်တို့အုပ်နဲ့ တိုးနိုင်တယ်။ သူက သူ့သားသေလို့ ငါတို့တစ်မျိုး
လုံးကို သတ်ချင်နေတာ။ အဖေတို့လှေမှာက အခုအတိုင်းဆို မိန်းမတွေ
များမယ်ထင်တယ်"

သံချောင်းက စဉ်းစဉ်းစားစားနှင့် ...။

"ဒီလေနဲ့ဆိုရင် မင့်အဖေတို့လှေက မြတ်သာတို့ ကျွန်းကြီးတို့
လောက်မှာ ခိုနေရမယ် ထင်တယ်။ လွန်လာရင်တော့ ဒီရောက်အောင်
ပြန်ဆန်တက်ချင်တက်၊ မတက်ရင် မြစ်မကြီးထဲ စုန်ပဲ"

ညိုကြီးက မြစ်ကလေးချောင်းထဲ သွားကြည့်သည်။

"ဟော့ကောင်တွေ။ ရေက တိုးတယ်ထင်တယ်"

မိုးစက်တွေက လေနှင့်အတူပါလာသော်လည်း ခပ်ကြဲကြဲ
ဖြစ်နေသည်။ မြားတန့်တွေ တစ်ချောင်းစီပစ်နေသလိုပင်။ ရေစက်တွေ
ကျတော့ သိသိသာသာပင် ကြီးသည်။ လူကိုထိလျှင် အလွန်ပင်နာကျင်
သည်။ မိုးကြီး သည်းထန်စွာရွာသည်လည်း မဟုတ်။

"ဘယ်နှနာရီ ထိုးပြီလဲဟေ့"

"ညနေ (၆) နာရီကျော်ရောပေါ့"

"ဒီနေ့ ဘယ်နှရက်လဲ"

"မေလ (၂) ရက်ပေါ့ကွ။ မနေ့က မေဒေးမို့ ရဲစခန်းမှာ
လျှောက်လွှာတင်မရဘူးလေကွာ။ စခန်းမှူးက တစ်နေ့ကတည်းက
လျှောက်လွှာတစ်စောင်ရေးပါဆိုတာကို ယောင်ဝါးဝါးလုပ်နေကြ
တယ်"

"ယောင်ဝါးဝါးလုပ်ဆို ငါတို့လိုတောသားတွေအထဲမှာလဲ
မင်းပါအပါအဝင် ယောင်ဝါးဝါးသမားတွေပဲ ပါတယ်လေကွာ။ စာရေး
ဆရာကြီး ကြပ်ကလေးက စာပေလောကမှာ နောက်ပြီးရေးခဲ့သလိုပဲ။
ငါတို့က ကဒုံကနီယူနီဗာစီတီ ဆင်းတွေလေ"





ညိုကြီးကပြောရာ အားလုံး ရယ်သည်။

ဆယ်ပြားသည် အုန်းသီးတွေလိုက်ကောက်ပြီး အုန်းသီးနုနု
များကို ဓားမောက်ဖြင့် ထိပ်မှဖွင့်၍ အုန်းရေသောက်သည်။ သူများကို
လည်း လိုက်တိုက်သည်။

ဖိုးမောင်ကတော့ ခေါင်းခါသည်။

"ငါ့မှာတော့ အုန်းရေသောက်ပြီး အုန်းဆန်တွေ စားရလွန်းလို့
အပူကန်မှာ ကြောက်နေပြီ"

မိုးစက်တို့၏ ထိမှန်မှုက ပြင်းထန်လာသဖြင့် တဲထဲ စုပြုံတိုးဝှေ့
ပြီး မိုးခိုကြရသည်။ မိုးအိက မီးအမြန် ဖိုသည်။

"ဒီည ဒီမှာပဲ စခန်းသွားရတော့မှာပဲ။ လူဘယ်နှစ်ယောက်
ရှိသလဲ"

မိုးအိက မေးသည်။

ဖိုးမောင်က ...

"ငါရယ် ပဂေးရယ်၊ ကွန့်ကွန့်ရယ် သုံးယောက်။ မိုးအိတို့
မောင်နှမနဲ့ဆိုရင် ငါးယောက်။ သံချောင်းတို့က လေးယောက်။
စက်လှေသမားတွေနဲ့ဆိုရင် အားလုံး (၁၁) ယောက်။ ဆန်ကတော့
ရှိတယ်။ အိုးက မရှိဘူး။ ခွဲတည်ရမှာပေါ့"

"မင့်အဖေအမေတို့က ဘယ်နှယောက်လဲ"

"ငါ့အဖေ အမေရယ်၊ အစ်မသုံးယောက်ရယ်၊ စက်လှေသမား
ရယ်၊ ယောက်ဖကြီးရယ် (၇) ယောက်ရှိမှာပေါ့"

"ဒီလေနဲ့ဆိုရင် လာနိုင်တော့မယ်မထင်ဘူး ဖိုးမောင်။
သူတို့လှေက နေးတယ်။ အထွက်ကတည်းက တွေ့တဲ့လှေငှားပြီး
ဖြတ်ခဲ့တာကွ။ မြတ်သာရောက်ရင် ကံကောင်းပဲ"

လေက ပြင်းသထက် ပြင်းလာသည်။

အုန်းပင်တစ်ပင် အုန်းကနဲ လဲကျသောအခါ သူတို့အားလုံး
တိတ်ဆိတ်ငြိမ်သက်သွားကြသည်။

"လေက အတော်ပြင်းပါလား"

သာဟာန်က ပြောသည်။

"တစ်နာရီ မိုင်တစ်ရာကျော်မယ်တဲ့။ အချင်းဝက်က မိုင်တစ်ရာ့ငါးဆယ်တဲ့ကွ။ ဆိုင်ကလုန်းမုန်တိုင်းတဲ့"

ဆယ်ပြားက ပြောသောအခါ ဖိုးမောင် အံ့ညြသွားသည်။

"အချင်းဝက် မိုင်တစ်ရာကျော် ...။ ဘုရားရေ။ ဒါဆို အချင်းက မိုင်သုံးရာပေါ့။ မိုင်သုံးရာအချင်းရှိတဲ့ စက်ဝိုင်းလောက်ကြီးတဲ့ ဆိုင်ကလုန်းကြီးက မြစ်ဝကျွန်းပေါ်ဖြတ်မယ်တဲ့လား။ ဟုတ်ပါ့မလား"

ဖိုးမောင်၏ စကားသံအဆုံးမှာပင် လေက တစ်ချက်ဖိတိုက်လိုက်ရာ အုန်းပင်တွေ လေးငါးပင် လဲပြန်သည်။ လေတိုးသံတွေက ကြောက်စရာကောင်းလှသည်။ လှိုင်းပုတ်သံတွေလည်း ကြားရသည်။

ထိုအချိန်တွင် ပါကစ္စတန်နိုင်ငံက နာဂစ်(စ်)ဟူ၍ အမည်ပေးထားသော မကောင်းဆိုးဝါးမုန်တိုင်းကြီးသည် တစ်နာရီလျှင် မိုင်တစ်ရာ့နှစ်ဆယ်ကျော်နှုန်းဖြင့် ညနေ (၆) နာရီကတည်းက ဟိုင်းကြီးကျွန်းကို ဝင်ဆောင့်လိုက်လေပြီ။ ဟိုင်းကြီးကျွန်းသည် အလွန်အင်အားပြင်းထန်ပြီး ကြီးမားလွန်းလှသော လက်သီးမည်းကြီးဖြင့် ထုချေလိုက်သကဲ့သို့ ရှိလေပြီ။ အချင်းဝက် မိုင် ၁၅၀ ခန့် ရှိသည်ဆိုသော မုန်တိုင်းကြီးသည် ခပ်စောင်းစောင်း စီးဆင်းနေကြသော ပုသိမ်မြစ်၊ သက်ကယ်သောင်မြစ်နှင့် ရွှေးမြစ်တို့ကို ဖြတ်သန်းလာလေပြီ။

ပုသိမ်မြစ်နှင့် သက်ကယ်သောင်မြစ်ကြားတွင် ကျွန်းဆွယ်ကဲ့သို့ဖြစ်နေသော ပြင်ခရိုင်ကို အငြိုးကြီးစွာဖြင့် ချေမှုန်းတော့သည်။ မုန်တိုင်းသည် ရွှေးမြစ်ကမ်းပေါ်မှ လပွတ္တာကို ထိပ်တိုက်တိုးဝှေ့နေသည်။

သစ်ပင်ကြီးတွေ လေဒဏ်ကို တောင့်ခံထားခြင်းငှာ မစွမ်းသာ။ အကိုင်းအခက်တွေကျိုးတာပင် ရှားသည်။ ညောင်ပင်ကဲ့သို့ သက်တမ်းတစ်ရာမက ရှည်မည့်အပင်ကြီးများပင် အမြစ်ကကျွတ်၍





လဲပြိုသည်။ ခနိုမိုး ထရန်ကာအိမ်တွေ ပြားပြားဝပ်သွားသည်။ အချို့နံကပ်အုတ်တိုက်ဘုန်းကြီးကျောင်းများပင် မခံနိုင်ဘဲ လဲပြိုသည်။ တံတိုင်းတွေပြိုတာလည်း ရှိသည်။ ပင်လယ်ထဲတွင်လည်း ကြောက်မက်ဖွယ်ကောင်းလှသော ဒီလှိုင်းကြီးတွေက ကြွထလာပြီး အလိပ်လိုက် အလိပ်လိုက် တက်လာသည်။ လူသားတို့၏ ကယ်ပါ ယူပါ တစာစာအော်သံများသည် သဘာဝတရားကြီး၏ ခြိမ်းခြောက်သံကြီးများအောက်တွင် နစ်မြုပ်နေသည်။

မိုးကြိုးတွေ ပစ်သည်။ လျှပ်စီးတွေ လက်သည်။

လှေသင်္ဘောများပင် မြင့်မားလွန်းလှသော လှိုင်းလုံးကြီးများ၏ ဝါးမျိုခြင်းကို ခံလိုက်ရသည်။ ရွာတွေ ရေမြုပ်သွားသည်မှာ စက္ကန့်ပိုင်းအတွင်းမှာပင်။ ပြင်ခရိုင်၊ သက်ကယ်သောင်ရွာကြီးများနှင့် ပတ်ဝန်းကျင်မှရွာငယ်များမှာ မိနစ်ပိုင်းအတွင်း ပြားပြားဝပ်ကုန်သည်။ တစ်နာရီအတွင်း ဒီလှိုင်းကြီးတွေက တစ်လုံးပြီးတစ်လုံး ဆောင့်တက်လာသည်။ အိမ်တွေ လေထဲလွင့်ပါသည်။ ရေထဲမှ သင်္ဘောများပင် ကုန်းပေါ်အဝေးဝေးသို့ လွင့်တက်လာသည်။ လူတွေ လွင့်ထွက်သည်။ သားသည်အမေများမှာ ကလေးများကို တင်းကျပ်စွာ ပွေ့ချီဆွဲကိုင်ထားကြပါလျက်က ကလေးများမှာ မိခင်တို့၏လက်မှ လွှင့်စဉ်ထွက်ကုန်သည်။

ပြန်မလောမြစ်ဝမှ ပြင်စလူကျွန်းကြီးပေါ်ကို ဒီလှိုင်းတွေ ဖုံးလွှမ်းသွားသည်။ ညအမှောင်ထုထဲတွင် မုန်တိုင်းသည် မကောင်းဆိုးဝါး နာနာဘာဝ သတ္တဝါကြီးတစ်ကောင်နှယ်ပင် ကြမ်းချင်တိုင်းကြမ်း၊ ရမ်းချင်တိုင်း ရမ်းနေတော့သည်။

လေကြမ်းသည် ပြင်စလူကျွန်း၏အရှေ့ဘက် ပြင်စလူမြစ်ဝနှင့် ရောဝတီမြစ်ကြီးအကြားရှိ ကက္ကရန်တော၊ ပြင်အလန်တောတို့ကို တိုက်ခိုက်ချေမှုန်းပြန်ပြီ။ ပင်လယ်ရေများသည် (၁၀) ပေ (၁၅) ပေခန့် မြင့်တက်လာပြီး ကမ်းပေါ်ကို ဖုံးလွှမ်းလာသည်။ လူတို့သည် ပြေးချိန်ပင် မရ။ ဘာလုပ်လို့ ဘာကိုင်ရမှန်း မသိ။

ရေဒီယိုနှင့် ရုပ်မြင်သံကြားမှ အကြိမ်ပေါင်းများစွာ သတိပေးနေသည့်တိုင် လူတွေ ဂရုမပြုမထင်ကြ။ ဂရုမပြု ပြင်းထန်ရမ်းကားလိမ့်မည် မထင်ကြ။ မြစ်ဝများရှိ ကျွန်းသောင်ခုံများ၊ ကျွန်းများမှာ လုံးဝပျောက်ကွယ်ကုန်လေပြီ။ လပွတ္တာတွင် မုန်တိုင်းဒဏ် အလူးအလိမ့်ခံနေရစဥ် ပြန်မလောမြစ်ပေါ်မှ ကန်ဘက်သည်လည်း ထိပ်တိုက်တိုးဝှေ့ခြင်းကို ခံနေရလေပြီ။ နာဂစ်မုန်တိုင်းကြီးသည် ဟိုင်းကြီးကျွန်းဘက်မှ လပွတ္တာ၊ ကန်ဘက်၊ မော်လမြိုင်ကျွန်း၊ ဘိုကလေးလမ်းကြောင်းအတိုင်း တစ်နာရီလျှင် မိုင် (၁၅၀) နှုန်းခန့်အထိ တိုက်ခတ်လာလေရာ မည်သူမျှ မခုခံ မကာကွယ်နိုင်။

လေသာပြင်းသည်။ မိုးက များများရွာသည် မဟုတ်။ ကြီးမားသော မိုးစက်ရေလုံးကြီးများက အခံရခက်အောင် ခပ်ကြဲကြဲပစ်ပေါက်နေခြင်း ဖြစ်သည်။ လျှပ်ရောင်တွေ ပြိုးပြိုးပြက်ပြက် ဝင်းဝင်းလက်လက်နှင့် မိုးကြိုးတွေပစ်လိုက်သည်မှာလည်း ကြောက်စရာကောင်းလွန်းလှသည်။ အချို့နေရာများတွင် မိုးကြိုးမပစ်။

ရောဝတီမြစ်ဝမှ အိမ်ခြေသုံးရာခန့်ရှိ ကိုင်းသောင်ကြီးနှင့် ကုလားကျွန်း(ခေါ်)ဗိုးလောင်းကြီးအပါအဝင် သောင်ခုံများ ရေမြုပ်ကုန်ပြီ။ ရေရွာကြီးသည် မုန်တိုင်းနှင့် တည့်တည့်ရင်ဆိုင် တိုးရသည်။ ကဒုံကနီလည်း မုန်တိုင်းဒဏ် ခံရလေပြီ။

အုန်းခြံထဲတွင် လေက တစ်ချက်သာ ဆောင့်လိုက်သည်။ ခနိတဲမှာ ဝုန်းကနဲ ပြိုကျသွားသည်။ အုန်းပင်က တဲအပျက်ပေါ် ကန့်လန့်ဖြတ်လဲကျသည်။ မီးဖိုလည်း မိုးစိုရွှဲ မီးငြိမ်းသွားလေပြီ။ အားလုံး ငယ်သံပါအောင် အော်ကြသည်။ ပဂေးသည် ဖိုးမောင်ကို ကြောက်အားလန့်အားနှင့် ဖက်ထားသည်။ ဖိုးမောင်၏အပေါ်မှာ အုန်းပင် ပိနေသည်။ သံချောင်းနှင့် ညိုကြီးက အုန်းပင်ကို တွန်းချသည်။ နိုင်လင်းသည် မိုးအိကို အပျက်အစီးပုံကြားထဲက မနည်းဆွဲထုတ်ရသည်။ ရေတွေကလည်း တက်လာသည်။

"စက်လှေတွေ ဆွဲထားကြ"



လှေသမားနှစ်ဦးသည် လှေများကို **ရအောင်** ရုန်း၍ဆွဲလာကြသည်။ အုန်းပင်တွေမှာ တွဲပြီးချည်သည်။ နိုင်လင်း၏လှေကို သာဟန်သွားကူဆွဲလာသည်။

"ငါတို့ ဘယ်လိုလုပ်ကြမလဲ။ လှေပေါ်တက်နေမလား"

သံချောင်းက မေးသည်။

"ရေက ဘယ်လောက်တက်မလဲ မသိဘူး"

ညိုကြီးက ပြောသောအခါ သာဟန်က ...

"ကပ်ဆိုက်တာပေါ့။ ဘယ်သူမှ မပြောနိုင်ဘူး။ လဲနေတဲ့ အုန်းပင်တွေနားမှာပဲ စုနေကြ။ အပင်တွေအောက်မှာ မနေနဲ့။ ထပ်လဲရင် ပိနေမယ်။ ကမ်းနဖူးဘက် မသွားနဲ့"

ဓာတ်မီးပါသူတွေက ဓာတ်မီးတဝင်းဝင်း လုပ်ကြသည်။

မိုးအိ အသံကုန်အော်သည်။

"အား ... မြွေကြီး ... မြွေကြီး"

"ဘယ်မှာလဲ ... ဘယ်မှာလဲ"

နိုင်လင်းက သူ့ညီမအတွက် စိတ်ပူစွာ မေးသည်။

"လွတ်သွားပြီ"

သံချောင်းက ဓာတ်မီးနှင့်ထိုးကြည့်တော့ မြွေကြီးတစ်ကောင် အုန်းပင်မှာ ပတ်နေသည်။ အတော်ကြီးသည်။

"ဘာမှ မလုပ်ကြနဲ့ပေါ့။ ဒုက္ခသည်အချင်းချင်းပဲ"

ဆယ်ပြားက ပြောသည်။

မြွေပတ်နေသော အုန်းပင်မှာ အပင်မှကျွတ်ပြီး လွင့်ထွက်သွားသည်။

"ဘာကြီးလဲဟ"

လျှပ်ရောင်ပြိုးပြက် လက်လိုက်စဥ်တွင် သူတို့၏အပေါ်သို့ အလွန်ကြီးမားသော မြွေကြီးတစ်ကောင်၏ ပါးပျဥ်းကြီးမိုးထားသကဲ့သို့ မြင်ရသည်။

"ဒီလိုင်းကြီး ... ဒီလိုင်းကြီး"

"ဖက်ထားကြပေါ့"

ရေဒီယိုနှင့် ရုပ်မြင်သံကြားမှ အကြိမ်ပေါင်းများစွာ သတိပေးနေသည့်တိုင် လူတွေ ဤမျှမထင်ကြ။ ဤမျှ ပြင်းထန်ရမ်းကားလိမ့်မည် မထင်ကြ။ မြစ်ဝများရှိ ကျွန်းသောင်ခုံများ၊ ကျွန်းများမှာ လုံးဝပျောက်ကွယ်ကုန်လေပြီ။ လပွတ္တာတွင် မုန်တိုင်းဒဏ် အလူးအလိမ့်ခံနေရစဉ် ပြန်မလောမြစ်ပေါ်မှ ကန်ဘက်သည်လည်း ထိပ်တိုက်တိုးဝှေ့ခြင်းကို ခံနေရလေပြီ။ နာဂစ်မုန်တိုင်းကြီးသည် ဟိုင်းကြီးကျွန်းဘက်မှ လပွတ္တာ၊ ကန်ဘက်၊ မော်လမြိုင်ကျွန်း၊ ဘိုကလေးလမ်းကြောင်းအတိုင်း တစ်နာရီလျှင် မိုင် (၁၅၀) နှုန်းခန့်အထိ တိုက်ခတ်လာလေရာ မည်သူမျှ မခုခံ မကာကွယ်နိုင်။

လေသာပြင်းသည်။ မိုးက များများရွာသည် မဟုတ်။ ကြီးမားသော မိုးစက်ရေလုံးကြီးများက အခံရခက်အောင် ခပ်ကြဲကြဲပစ်ပေါက်နေခြင်း ဖြစ်သည်။ လျှပ်ရောင်တွေ ပြိုးပြိုးပြက်ပြက် ဝင်းဝင်းလက်လက်နှင့် မိုးကြိုးတွေပစ်လိုက်သည်မှာလည်း ကြောက်စရာကောင်းလွန်းလှသည်။ အချို့နေရာများတွင် မိုးကြိုးမပစ်။

ရောဝတီမြစ်ဝမှ အိမ်ခြေသုံးရာခန့်ရှိ ကိုင်းသောင်ကြီးနှင့် ကုလားကျွန်း(ခေါ်)ပိုးလောင်းကြီးအပါအဝင် သောင်ခုံများ ရေမြှုပ်ကုန်ပြီ။ ရောရွာကြီးသည် မုန်တိုင်းနှင့် တည့်တည့်ရင်ဆိုင် တိုးရသည်။ ကဒုံကနီလည်း မုန်တိုင်းဒဏ် ခံရလေပြီ။

အုန်းခြံထဲတွင် လေက တစ်ချက်သာ ဆောင့်လိုက်သည်။ ခနိတဲမှာ ဝုန်းကနဲ ပြိုကျသွားသည်။ အုန်းပင်က တဲအပျက်ပေါ် ကန့်လန့်ဖြတ်လဲကျသည်။ မီးဖိုလည်း မိုးစို၍ မီးငြိမ်းသွားလေပြီ။ အားလုံး ငယ်သံပါအောင် အော်ကြသည်။ ပဂေးသည် ဖိုးမောင်ကို ကြောက်အားလန့်အားနှင့် ဖက်ထားသည်။ ဖိုးမောင်၏အပေါ်မှာ အုန်းပင် ပိနေသည်။ သံချောင်းနှင့် ညိုကြီးက အုန်းပင်ကို တွန်းချသည်။ နိုင်လင်းသည် မိုးအိကို အပျက်အစီးပုံကြားထဲက မနည်းဆွဲထုတ်ရသည်။ ရေတွေကလည်း တက်လာသည်။

"စက်လှေတွေ ဆွဲထားကြ"





လှေသမားနှစ်ဦးသည် လှေများကို ရအောင် ရုန်း၍ဆွဲလာကြသည်။ အုန်းပင်တွေမှာ တွဲပြီးချီသည်။ နိုင်လင်း၏လှေကို သာဟန်သွားကူဆွဲလာသည်။

"ငါတို့ ဘယ်လိုလုပ်ကြမလဲ၊ လှေပေါ်တက်နေမလား"

သံချောင်းက မေးသည်။

"ရေက ဘယ်လောက်တက်မလဲ မသိဘူး"

ညိုကြီးက ပြောသောအခါ သာဟန်က ...

"ကပ်ဆိုက်တာပေါ့။ ဘယ်သူမှ မပြောနိုင်ဘူး။ လဲနေတဲ့ အုန်းပင်တွေနားမှာပဲ စုနေကြ။ အပင်တွေအောက်မှာ မနေနဲ့။ ထပ်လဲရင် ပိနေမယ်။ ကမ်းနဖူးဘက် မသွားနဲ့"

ဓာတ်မီးပါသူတွေက ဓာတ်မီးတဝင်းဝင်း လုပ်ကြသည်။

မိုးအိ အသံကုန်အော်သည်။

"အား ... မြွေကြီး ... မြွေကြီး"

"ဘယ်မှာလဲ ... ဘယ်မှာလဲ"

နိုင်လင်းက သူ့ညီမအတွက် စိတ်ပူစွာ မေးသည်။

"လွတ်သွားပြီ"

သံချောင်းက ဓာတ်မီးနှင့်ထိုးကြည့်တော့ မြွေကြီးတစ်ကောင် အုန်းပင်မှာ ပတ်နေသည်။ အတော်ကြီးသည်။

"ဘာမှ မလုပ်ကြနဲ့ပေါ့။ ဒုက္ခသည်အချင်းချင်းပဲ"

ဆယ်ပြားက ပြောသည်။

မြွေပတ်နေသော အုန်းပင်မှာ အပင်မှကျွတ်ပြီး လွင့်ထွက်သွားသည်။

"ဘာကြီးလဲဟာ"

လျှပ်ရောင်ပြိုးပြက် လက်လိုက်စဉ်တွင် သူတို့၏အပေါ်သို့ အလွန်ကြီးမားသော မြွေကြီးတစ်ကောင်၏ ပါးပျဉ်းကြီးမိုးထားသကဲ့သို့ မြင်ရသည်။

"ဒီလှိုင်းကြီး ... ဒီလှိုင်းကြီး"

"ဖက်ထားကြပေါ့"

ဖိုးမောင်နှင့် ပဂေး အားကုန်ဖက်ထားကြသည်။ လှိုင်းလုံးကြီးမှာ သူတို့အားလုံးကို ဖုံးလွှမ်းသွားသည်။ ရေတွေကျော်သွားသောအခါ သူတို့အားလုံး ရွံ့နှစ်တွေ ပေကျံ၍ ကျန်ခဲ့သည်။

"ဘယ်သူ ဘာဖြစ်လဲဟေ့။ ငါ ရှိတယ်။ ပဂေးရှိတယ်။ မကွန့်ရှိတယ်။ သံချောင်းရှိလား"

"ရှိတယ်"

"ညိုကြီးရှိလား"

"ရှိတယ်"

"သာဟန်ရှိတယ်ဟေ့"

သာဟန်က မမေးခင် ဖြေသည်။

"နိုင်လင်းတို့မောင်နှမ"

"ရှိတယ်"

"ဆယ်ပြား"

ဆယ်ပြား ထူးသံမကြားရ။

"ဆယ်ပြား"

ဖိုးမောင် အသံကုန်အော်သည်။

"ရှိတယ်ကွာ"

သူ့နားမှ အသံကြားရသည်။

"မင့်အဘတဲ့မှပဲ။ ခေါ်တာ ထူးပါလား"

"ပါးစပ်ထဲကရွံ့တွေ ထုတ်ရသေးတယ်ကွာ"

"နောက်ထပ်လှိုင်းလုံးကြီးတွေ လာဦးမယ်။ တောင့်ထားနော်။ လှေတွေကိုလဲ သေသေချာချာ တွဲပြီးတုတ်ထား"

ကြောက်မက်ဖွယ် အော်သံကြီးကို ကြားရပြန်သည်။

"ကြောက်တယ် မောင်။ ပဂေးကြောက်တယ်"

"မကြောက်နဲ့။ မောင်ရှိတယ်"

မြင့်မားလှသော ဒီလှိုင်းကြီးတစ်လုံးက ဝုန်းကနဲ။



# အခန်း (၁၇)

## မုန်တိုင်း

မူတူးသည် သူလိုက်ပါလာသည့် စက်လှေနောက်မှ မြဘူးတို့ညီအစ်ကိုလိုက်လာသည်ကို သတိထားမိသည်။ မော်လမြိုင်ကျွန်းရောက်သောအခါ သူသာမြို့၏တောင်ဘက် မြင်းကကုန်းရွာရှိရာဘက်သို့ မြင်းကကုန်းမြစ်အတိုင်း ဆင်းသွားပါက မြဘူးတို့ညီအစ်ကိုအတွက် လမ်းပြသလို ဖြစ်တော့မှာလည်း သိသည်။ သူသည် နှာခေါင်းပေါက်ရွာရှိရာ တောင်ဘက် ရောဝတီမြစ်ဆုံမှ ဝင်လာခြင်းဖြစ်သည်။ သူ စက်လှေတစ်စင်း ငှားလိုက်သည်။ ဤမြင်းကကုန်းမြစ်ကိုပင် မော်ကျွန်း၏ မြောက်ဘက်တွင် ရာဆူဒိုင်မြစ်ဟု ခေါ်ကြပြန်၏။

မူတူးသည် စက်လှေဖြင့် ရာဆူဒိုင်မြစ်အတိုင်း ဆန်တက်သည်။ သူ့လှေက ခရီးသည်ဆိုလို့ သူတစ်ယောက်သာပါသဖြင့် ပေါ့သည်။ ရာဆူဒိုင်မြစ်သည် အရှေ့ဘက်သို့ကွေ့၍ စီးသွားရာမှ ရောဝတီမြစ်နှင့် ဆုံပြန်သည်။ သူက ရောဝတီမြစ်အတွင်း ကွေ့ဝင်ပြီး အပြင်းစုန်သည်။ သူသည် မော်လမြိုင်ကျွန်းဘက်ကို မလှည့်တော့။ ရောဝတီမြစ်အတိုင်း တောင်ဘက်ယွန်းယွန်းသို့ စုန်ဆင်းလေရာ မြစ်ကမ်းဝဲယာတစ်လျှောက် ကျုံလမုရွာ၊ လင်းဆွဲရွာ၊ ကြာချောင်ရွာ၊ ဇီးဖြူရွာများကို ဖြတ်ရသည်။ ကျွန်းကြီးထိပ်သို့ ရောက်သောအခါ

စက်လှေက ဖောက်တော့သည်။ မြတ်သာရွာတွင် ဝင်မြင်မည်ဟု လှေသမားက ပြောသည်။ မူတူးသည် မြစ်ကလေးချောင်းအတိုင်း ပြန်ဆန်တက်ပြီး မြတ်သာရွာတွင် စောင့်ရတော့သည်။ သူလည်း ကြုံသလို ဗိုက်ဖြည့်ရသည်။

ဦးပု၊ ဒေါ်ထွေးတို့၏ စက်လှေသည် မြစ်ကလေးချောင်းအတိုင်း စုန်လာလေရာ မူတူးနှင့် ဆုံတော့သည်။ မူတူးက သူ့လှေကို ပိုက်ဆံပေးပြီး ပြန်လွှတ်လိုက်သည်။ လှေသမားသည် ရောဝတီမြစ်ကို ဆန်တက်ပြီး မော်ကျွန်းသို့ ဆန်မည်။ ထိုအချိန်တွင် ညနေ (၄) နာရီခန့်ရှိပြီ။

ဦးပုသည် သူတို့စက်လှေ၏ အင်ဂျင်ပါဝါနှင့် ပါလာသည့်လူတို့၏အလေးချိန်တို့ကို ချိန်ဆကာ ကြက်လျှာသို့ မည်သည့်အချိန်ရောက်နိုင်မည်ကို တွက်ကြည့်နေသည်။ လေက အနောက်တောင်ဘက်က လာနေသည်။ သူတို့သည် ရေကို စုန်သော်လည်း လေကို ဆန်ရမည်။

အနောက်ဘက် မိုးကောင်းကင်ကြီးတစ်ခုလုံးမှာ မည်းမှောင်၍နေသည်။ ဦးပုသည် မည်းမှောင်နေသော တိမ်အစုအဝေးကြီးကို ကြည့်သည်။

"မထွေးရေ"

"ဘာလဲတော်"

"ငါ့တစ်သက်နဲ့တစ်ကိုယ် ဒီလိုမည်းမှောင်နေတာမျိုးကြီး မတွေ့ဖူးဘူး ထင်တာပဲ။ မင်း သေသေချာချာ ကြည့်စမ်းပါဦး"

"ဟုတ်တယ်။ ကျွန်မတို့ ဒီညနေ ကြက်လျှာကိုမှ ရောက်ပါ့မလား"

"ရောက်နိုင်မယ် မထင်ဘူး"

"အစ်မ။ ဆိုက်ကလုန်းမုန်တိုင်းကြီး တိုက်မယ်တဲ့။ ရေဒီယိုကရော၊ ရုပ်မြင်သံကြားကရော ခဏခဏ ကြေညာနေတာ နှစ်ရက်သုံးရက်ရှိပြီတဲ့"

မြင့်မြင့်ကြည်က မျက်နှာပျက်ပျက်နှင့် ဆိုသည်။





"အဖေတို့ ဒီမှာပဲ နားလိုက်ရင်ကောင်းမယ်။ ဒီလေနဲ့ ဒီတိမ်နဲ့ကြည့်ရတာ မဟန်ဘူး။ ထူးကဲဒီရေကလဲ တက်ဦးမှာတဲ့။ ကျွန်တော်တို့ ဒီကစုန်သွားပြီး မြစ်လေးခွဆိုင်မှာ ဒီရေနဲ့တိုးရင် မလွယ်ဘူး"

မရွှေအေး၏ယောက်ျားက ပြောသည်။

"ဦးလေးတို့ ဒီမှာစောင့်နေကြလေ။ ကျွန်တော် စက်လှေယူပြီး ဖိုးမောင်ကို သွားခေါ်လာမယ်"

မူတူးက လက်လျှော့ဟန်မတူ။

"မင်းပြောသလောက် လွယ်မှာမဟုတ်ဘူး ငါ့တူ"

"ကျူပ်သားလေးကို စိတ်ပူတယ်တော်"

"အေး ... အခု ငါတို့က မင်းတို့မိန်းမသားတွေကို စိတ်ပူရမယ့်အခြေအနေ ဖြစ်နေပြီ။ ဖိုးမောင်အတွက် ငါ မပူဘူး။ ဒီကောင်က ဒီလောက်ဆို ပျင်းတောင်ပျင်းသေးတယ်"

ဒေါ်ထွေး သက်ပြင်းချရသည်။ သူ့ခင်ပွန်းမှာ နာမည်က ဦးပု။ လူက အရပ်ပုသူ မဟုတ်။ ငယ်ငယ်တုန်းက ပုမည်ထင်၍ ဤနာမည်ပေးခဲ့သော်လည်း အရပ်က (၅) ပေ (၈) လက်မအထိ ရှည်သူဖြစ်သည်။ ဖိုးမောင်သည် ဖအေတူသား ဖြစ်သည်။

လေက တဖြည်းဖြည်း ပြင်းလာသည်။ သူတို့အားလုံး ဘုန်းကြီးကျောင်းထဲ ဝင်ခိုကြရသည်။ သူတို့မှာ နံနက်စာပင် မစားကြရသေးရာ ဆရာတော်က ညစာမနက်စာပေါင်း၍ ချက်ကျွေးသည်။ ထမင်းသာ ချက်ရသည်၊ ဟင်းက ဟင်းလေးအိုးကြီးတွင် အပြည့်။

ငါးနာရီပင် ရှိသေးသည်။ မှောင်ပိန်းလာသောကြောင့် ဆရာတော်က မီးစက်နှိုးပေးသည်။ ရုပ်မြင်သံကြား ကြည့်ကြရာ တစ်ချက်တစ်ချက် လွတ်သွားသော်လည်း မိုးလေဝသ သတိပေးချက်က အရေးပေါ်ကြေညာနေသည်၊ ထပ်ခါထပ်ခါ လွှင့်နေသည်။

"မိုးမချုပ်သေးဘူး။ ညလိုဖြစ်နေပြီဆိုတော့ တော်တော်များကြမ်းမလားဘဲ။ လေဖိအားနည်းရပ်ဝန်းက ဟိုင်းကြီးကျွန်းနဲ့ ကိုကိုးကျွန်းကြားမှာ ဖြစ်နေတာ။ ပထမ အားပျော့သွားမလိုလိုနဲ့ အားကောင်းလာတာ။ ရာသီဥတုက အရမ်းပူလို့ထင်တာပဲ။ မုန်တိုင်း အချင်းဝက်

စက်လှေက ဖောက်တော့သည်။ မြတ်သာရွာတွင် ဝင်ပြင်မည်ဟု လှေသမားက ပြောသည်။ မှုတူးသည် မြစ်ကလေးချောင်းအတိုင်း ပြန်ဆန်တက်ပြီး မြတ်သာရွာတွင် စောင့်ရတော့သည်။ သူလည်း ကြုံသလိုဗိုက်ဖြည့်ရသည်။

ဦးပု၊ ဒေါ်ထွေးတို့၏ စက်လှေသည် မြစ်ကလေးချောင်းအတိုင်း စုန်လာလေရာ မှုတူးနှင့် ဆုံတော့သည်။ မှုတူးက သူ့လှေကို ပိုက်ဆံပေးပြီး ပြန်လွှတ်လိုက်သည်။ လှေသမားသည် ရောဝတီမြစ်ကို ဆန်တက်ပြီး မော်ကျွန်းသို့ ဆန်မည်။ ထိုအချိန်တွင် ညနေ (၄) နာရီခန့်ရှိပြီ။

ဦးပုသည် သူတို့စက်လှေ၏ အင်ဂျင်ပါဝါနှင့် ပါလာသည့် လူတို့၏အလေးချိန်တို့ကို ချိန်ဆကာ ကြက်လျှာသို့ မည်သည့်အချိန်ရောက်နိုင်မည်ကို တွက်ကြည့်နေသည်။ လေက အနောက်တောင်ဘက်က လာနေသည်။ သူတို့သည် ရေကို စုန်သော်လည်း လေကိုဆန်ရမည်။

အနောက်ဘက် မိုးကောင်းကင်ကြီးတစ်ခုလုံးမှာ မည်းမှောင်၍နေသည်။ ဦးပုသည် မည်းမှောင်နေသော တိမ်အစုအဝေးကြီးကို ကြည့်သည်။

"မထွေးရေ"

"ဘာလဲတော်"

"ငါတစ်သက်နဲ့တစ်ကိုယ် ဒီလိုမည်းမှောင်နေတာမျိုးကြီး မတွေ့ဖူးဘူး ထင်တာပဲ။ မင်း သေသေချာချာ ကြည့်စမ်းပါဦး"

"ဟုတ်တယ်။ ကျွန်မတို့ ဒီညနေ ကြက်လျှာကိုမှ ရောက်ပါ့မလား"

"ရောက်နိုင်မယ် မထင်ဘူး"

"အစ်မ။ ဆိုက်ကာလုန်းမုန်တိုင်းကြီး တိုက်မယ်တဲ့။ ရေဒီယိုကရော၊ ရုပ်မြင်သံကြားကရော ခဏခဏ ကြေညာနေတာ နှစ်ရက်သုံးရက်ရှိပြီတဲ့"

မြင့်မြင့်ကြည်က မျက်နှာပျက်ပျက်နှင့် ဆိုသည်။





"အဖေတို့ ဒီမှာပဲ နားလိုက်ရင်ကောင်းမယ်။ ဒီလေနဲ့ ဒီတိမ်နဲ့ကြည့်ရတာ မဟန်ဘူး။ ထူးကဲဒီရေကလဲ တက်ဦးမှာတဲ့။ ကျွန်တော်တို့ ဒီကစုန်သွားပြီး မြစ်လေးခွဆိုင်မှာ ဒီရေနဲ့တိုးရင် မလွယ်ဘူး"

မရွှေအေး၏ယောက်ျားက ပြောသည်။

"ဦးလေးတို့ ဒီမှာစောင့်နေကြလေ။ ကျွန်တော် စက်လှေယူပြီး ဖိုးမောင်ကို သွားခေါ်လာမယ်"

မှုတူးက လက်လျှော့ဟန်မတူ။

"မင်းပြောသလောက် လွယ်မှာမဟုတ်ဘူး ငါ့တူ"

"ကျုပ်သားလေးကို စိတ်ပူတယ်တော်"

"အေး ...အခု ငါတို့က မင်းတို့မိန်းမသားတွေကို စိတ်ပူရမယ့်အခြေအနေ ဖြစ်နေပြီ။ ဖိုးမောင်အတွက် ငါ မပူဘူး။ ဒီကောင်က ဒီလောက်ဆို ပျင်းတောင်ပျင်းသေးတယ်"

ဒေါ်ထွေး သက်ပြင်းချရသည်။ သူ့ခင်ပွန်းမှာ နာမည်က ဦးပု။ လူက အရပ်ပုသူ မဟုတ်။ ငယ်ငယ်တုန်းက ပုမည်ထင်၍ ဤနာမည်ပေးခဲ့သော်လည်း အရပ်က (၅) ပေ (၈) လက်မအထိ ရှည်သူဖြစ်သည်။ ဖိုးမောင်သည် ဖအေတူသား ဖြစ်သည်။

လေက တဖြည်းဖြည်း ပြင်းလာသည်။ သူတို့အားလုံး ဘုန်းကြီးကျောင်းထဲ ဝင်ခိုကြရသည်။ သူတို့မှာ နံနက်စာပင် မစားကြရသေးရာ ဆရာတော်က ညစာမနက်စာပေါင်း၍ ချက်ကျွေးသည်။ ထမင်းသာ ချက်ရသည်။ ဟင်းက ဟင်းလေးအိုးကြီးတွင် အပြည့်။

ငါးနာရီပင် ရှိသေးသည်။ မှောင်ပိန်းလာသောကြောင့် ဆရာတော်က မီးစက်နှိုးပေးသည်။ ရုပ်မြင်သံကြား ကြည့်ကြရာ တစ်ချက်တစ်ချက် လွတ်သွားသော်လည်း မိုးလေဝသ သတိပေးချက်က အရေးပေါ်ကြေညာနေသည်။ ထပ်ခါထပ်ခါ လွှင့်နေသည်။

"မိုးမချုပ်သေးဘူး။ ညလိုဖြစ်နေပြီဆိုတော့ တော်တော်များကြမ်းမလားဘဲ။ လေဖိအားနည်းရပ်ဝန်းက ဟိုင်းကြီးကျွန်းနဲ့ ကိုကိုးကျွန်းကြားမှာ ဖြစ်နေတာ။ ပထမ အားပျော့သွားမလိုလိုနဲ့ အားကောင်းလာတာ။ ရာသီဥတုက အရမ်းပူလို့ထင်တာပဲ။ မုန်တိုင်း အချင်းဝက်

မိုင် (၁၅၀) တဲ့။ ဟိုင်းကြီးကျွန်းဘက် ဖြတ်မယ်တဲ့။ သမ္ဗုဒ္ဓေဂါထာ ရွတ်ကြ။ သိရသမီဂါထာကြီး ရရင်လဲ ရွတ်ကြ။ ဦးဇင်းလဲ ပရိတ်ရွတ်ဦးမယ်''

ဘုန်းဘုန်းက ပရိတ်တရားများ ရွတ်ဖတ်သည်။

ဦးပုတို့လူစုသည် ဘုရားရိပ်တရားရိပ်အောက် ရောက်နေရသဖြင့် မိမိတို့အတွက် စိတ်သက်သာရာရသော်လည်း ဖိုးမောင်အတွက် စိတ်ပူနေကြသည်။ မုန်တိုင်းသည် ညနေ (၆) နာရီတွင် ဟိုင်းကြီးကျွန်းကို ဝင်ဆောင့်လေပြီ။ သူတို့ဆီမှာ (၈) နာရီတွင် လေက အလွန်ပြင်းထန်လာပြီ။ ပထမ သစ်ပင်ကြီးတွေ တအုန်းအုန်း ပြိုလဲသည်။ တိုက်အိမ်များ၏ သွပ်မိုးတွေ လန်သည်။ ဓနိအိမ်များ အားလုံး လွင့်ပါသွားသည်။ သစ်ပင်ကြီးတစ်ပင် ဖိလှဲလိုက်သဖြင့် ကျောင်းအုတ်နံရံ ပြိုကျသည်။ သံဃာတော်များမှာ အန္တရာယ်ကင်းပရိတ်များကို ဆက်တိုက် ရွတ်ဖတ်နေကြသည်။ လေဘေးဒဏ်ခံရသူတွေ ကျောင်းထဲ ရောက်လာကြသည်။ ဦးဇင်းများက နေရာချပေးသည်။

ကျောင်းမှ သွပ်မိုးတွေလည်း လန်ကုန်လေပြီ။

မိုးကြိုးတွေ ပစ်သည်။ လျှပ်စီးတွေ လက်သည်။

ကိုရင်များက မီးစက်ကို ရပ်မသွားရအောင် ဂရုစိုက်ကြသည်။ အလင်းရောင်မရှိလျှင် ပိုဆိုးမည်။

မြင့်မြင့်ကြည်တို့၊ တိုးတိုးဝင်းတို့ အော်ငိုသဖြင့် ဦးပုက ငေါက်ရသည်။ ဒေါ်ထွေးကား သားအတွက် ဆုတောင်းနေသည်။ မူတူးကား တစ်စုံတစ်ရာကိုတွေးပြီး ပြုံးနေမိသည်။

''အရေးထဲ မင်းက ဘာဖြစ်လို့ ပြုံးနေတာလဲ''

မရွှေအေးယောက်ျားက မေးသည်။

''ကျွန်တော့်နောက်လိုက်နေတဲ့ မြဘူးတို့ညီအစ်ကိုလေ။ အခုဆို သူတို့စက်လှေ ဘယ်မြစ်ထဲမှာ လိမ့်နေမလဲ မသိဘူး''

''အခုအချိန် မြစ်ထဲမှာပဲဆိုရင်တော့ ဒီကောင်တွေ ဘယ်လွယ်မလဲ။ လူတွေပြောတာတော့ မြစ်ရေတိုးလာတာ အရမ်းမြန်တယ်တဲ့။ မြတ်သာက ရေဝတီထဲမှာ မဟုတ်ဘူး။ မြစ်ကလေးချောင်းထဲ





နည်းနည်းဝင်ရတော့ ဒီရေဒဏ်က နည်းနည်းသက်သာမယ်။ ချောင်းဆုံမှာ ကျွန်းကြီးကလဲ ခံနေတယ်။ ကျွန်းကြီးရွာဘက်က ရောက်လာတဲ့သူတွေပြောတော့ သူတို့ကျွန်းတစ်ခုလုံး မြုပ်သွားပြီတဲ့''

ဒေါ်ထွေးသည် သမက်၏စကားကြောင့် ရွာအတွက် စိတ်ပူသွားသည်။

''ဒါဆို ငါတို့ ဓနိပင်ရွာလေးရော''

''ကုန်လောက်ရောပေါ့ အစ်မရဲ့။ အဲဒါကြောင့် ဘိုကလေးမှာလာနေပါလို့ အစ်မကို ပြောသားပဲ''

မရွှေအေးက ပြောသည်။

''ငါတို့ရွာလေး မနည်းတည်ထားရတာဟယ်''

''မထွေးရယ်။ ရောတို့ ကဒုံကနီတို့ဆို ဘယ်လောက်ခံရမလဲ။ ဟိုင်းကြီးကျွန်း၊ ပြင်ခရိုင်၊ ပြင်စလူ၊ ရော၊ ကဒုံကနီ၊ အမာ အားလုံး ပင်လယ်ကို မျက်နှာချင်းဆိုင်ထားတဲ့ ရွာတွေလေ''

''ဒါဆို ... ဒါဆို။ ကျွန်မတို့သားလေးရှိနေတဲ့ ကြက်လျှာရော''

ဒေါ်ထွေး၏စကားကို ဦးပု မဖြေနိုင်။ သက်ပြင်းကိုသာ ချလိုက်ရသည်။ ယခုအချိန်တွင်ကား ဧရာဝတီမြစ်ဝကျွန်းပေါ် ဒေသကြီး၏ တောင်ပိုင်းတစ်ခုလုံးသည် ဘယ်သူ ဘာဖြစ်နေလဲ မပြောနိုင်။ အလွန်တစ်ရာ အင်အားကြီးမားသော မကောင်းဆိုးဝါး မုန်တိုင်းကြီးက ဖြတ်သန်းချေမှုန်းနေသည်ဟူ၍သာ ပြောရမည်။

မုန်တိုင်းက ဒေါသကြီးသည်။ မုန်တိုင်းထက် ဒေါသကြီးသော လူသားတွေကလည်း ရှိသေးသည်။ ဦးအောင်သည် မိုးအိနှင့် နိုင်လင်းတို့မောင်နှမကို မတွေ့ကတည်းက တောင်ဘက်ကို သူ့တပည့်များနှင့် တောတိုးလာရာ အုန်းခြံထဲတွင် ဓာတ်မီးရောင်တဝင်းဝင်းကို တွေ့ရသည်။ ထိုအချိန်တွင် အိမ်လောက်ကြီးသည့် ဒီလှိုင်းကြီးတွေက နှစ်ကြိမ်ခန့် ကျော်ပြီးကုန်ပြီ။

''ဒီအုန်းခြံထဲမှာ ရှိမယ်။ ဟော့ ... ဖိုးမောင်။ ငါ့သားကို သတ်တဲ့ကောင် ထွက်ခဲ့''

ဦးအောင် အော်ဟစ်လိုက်ပြီးသည်နှင့် လေက ဆောင့်ပြီး တိုက်ချသည်။ သစ်ပင်ကြီးတစ်ပင် သူ့အပေါ် ပိကျလာသည်။ သူသည် သူ့ကိုယ်သူ ဘာဖြစ်၍ဖြစ်မှန်းပင် သိမည်မဟုတ်။

"ခါတ်မီးတွေ ပိတ်ထား။ သောက်ရေးထဲ ဒီလှူကြီးက တစ်မျိုး။ ဆောရီးနော် ... ပဂေး"

သံချောင်းက ပြောပြီး ပဂေးကို တောင်းပန်သည်။ ရောမ ဒီလှိုင်းကြီးတစ်လုံးက ပါးပျဉ်းထောင်လာပြန်သည်။

"ကိုင်ထားကြဟေ့"

ပြင်းထန်လွန်းလှသော လှိုင်းလုံးကြီးက ဝင်ဆောင့်သည်။ မိုးတိုးမတ်တပ်နှင့် ဦးအောင်၏တပည့်တွေ လွင့်စဉ်ကုန်သည်။

"ဆယ်ပြား ... ဆယ်ပြား"

သာဟန် ခေါ်သည်။ ဆယ်ပြားကို မတွေ့ရတော့။

"မိုးအိ ... မိုးအိ"

နိုင်လင်းက သူ့ညီမကို ခေါ်သည်။ ပြန်ထူးသံ မကြားရတော့။

"ငါ့ညီမ မရှိတော့ဘူးကွ။ လုပ်ကြပါဦးကွာ"

နိုင်လင်းက ငိုသံပါကြီးနှင့် အော်သည်။ လေက ပြင်းသည်ထက် ပြင်းလာသည်။ နိုင်လင်းသည် သူ့ညီမကို လိုက်လံစမ်းသပ်ရှာဖွေရင်း လွင့်စဉ်ထွက်သွားသည်။ သံချောင်းက အုန်းပင်အောက်မှာ ပိနေသည့် ညိုကြီးကို ဆွဲထုတ်သည်။ မရ။ ညိုကြီးက နာကျင်လို့ အော်သည်။

"သာဟန် ငါ့ကို ကူစမ်းပါဦး"

"ငါ မလှုပ်ရဲဘူး သံချောင်း။ ငါ့ကိုယ်ပေါ်မှာ မြွေတွေ"

ညဉ့်သန်းခေါင် ကျော်လာသောအခါ လေပါမကာ မိုးပါ ပါလာသည်။ မိုးစက်တွေက များသည်။ လေကတော့ မလျော့။ ပဂေးသည် ဖိုးမောင်ကို ဖက်ထားဆဲ။ မကွန့်အသံ မကြားရ။

"မကြောက်နဲ့ ပဂေး။ မောင်တို့ စက်လှေဝမ်းထဲ ရောက်နေတယ်"





စက်လှေသမားများကား ဘယ်ရောက်ကုန်ပြီ မသိ။

"ပဂေးကြောက်တယ်"

ပဂေးသည် အကြောက်လွန်ပြီး သတိလစ်ချင်လာသည်။ သာဟန် ညိုကြီးကို ဆွဲထုတ်လို့ရသွားသည်။ ညိုကြီးက သူ့ခြေထောက်တွေ ကျိုးပြီထင်တယ်ဟု ပြောသည်။ ရေတွေက တက်သည်ထက် တက်လာသည်။ လျှပ်ရောင်တွင် မြစ်လေးခွဆုံမှာ ရေပြင်ကျယ်ကြီး ဖြစ်နေပြီ။ သူတို့ လူစစ်ကြည့်သည်။ သံချောင်း၊ သာဟန်၊ ညိုကြီးတို့သာ ရှိသည်။ နိုင်လင်းနှင့် မိုးအိတို့ ပျောက်ဆုံးသွားပြီ။ စက်လှေသမားတွေ ပျောက်သွားပြီ။ မိုးရေတွင် ရေငံတွေပါလာသည်။

"မနက်လင်းတော့မှာပါ။ မုန်တိုင်းဆိုတာ တစ်သက်လုံး တိုက်နေတာမှ မဟုတ်တာ။ အလွန်ဆုံး တစ်ရက်ပေါ့"

မကြာမီ မိုးလင်းလာသည်။ နေရောင်ကို မမြင်ရ။ မိုးက သည်းထန်စွာ ရွာသွန်းဆဲ။ လေက မလျော့ချင်သေး။ ရေထဲမှာ မျောပါနေတာတွေက ရုတ်တရက်ကြည့်တော့ ဘာတွေမှန်း မသိ။ ပထမတော့ ကျွဲနွားများကို ထင်ထင်ရှားရှား မြင်ရသည်။ အချို့ လူးလွန့်ကူးခတ်ဆဲ။ ထို့နောက် လူတွေ။ သေသူ ရှင်သူတွေ ရောနေသည်။ မြစ်ဝဘက်က လူတွေ။ လှိုင်းဘုန်းဘက်က လူတွေ။ မကွန့်ကို ရှာမတွေ့ရတော့။

နေ့လည် (၁၁) နာရီခန့်ကျမှ မိုးစဲသည်။ လေလျော့သွားသည်။ သူတို့ ဆာလောင်နေပြီ။ ဖိုးမောင်နှင့် ပဂေးသည် လှေခွက်ထဲတွင် ဖက်လျက်။ ညိုကြီးသည် သွင်သွင်ကျိုးနေသော ခြေထောက်များကို ဂရုမစိုက်နိုင်ဘဲ အုန်းပင်ကို ဖက်လျက်။ သူတို့ ရေဆာလှပြီ။ သောက်စရာ ရေမရှိ။ ထမင်းဆာလှပြီ။

နာဂစ်(စ်) (ခေါ်) မကောင်းဆိုးဝါးမုန်တိုင်းကြီး၏ ဗဟိုချက်သည် မော်တင်စွန်းကို ဝင်ဆောင့်ပြီး အနောက်ဘက်မှ အရှေ့ယွန်းယွန်းသို့ လပွတ္တာ၏တောင်ဘက်မှ ကပ်၍ဖြတ်သည်။ ထို့နောက် မော်လမြိုင်ကျွန်းနှင့် ဘိုကလေးမြို့များ၏ တောင်ဘက်မှ ဖျာပုံဘက်သို့ ဖြတ်သန်းသွားရာ ကြက်လျှာရွာသည် မုန်တိုင်းကြီး၏ ဗဟိုချက် ဖြတ်သန်းသွားရာ လမ်းကြောင်းပေါ်တွင် တည့်တည့်ကြီး ကျ

ရောက်နေသဖြင့် လုံးဝပျောက်ကွယ်သွားရပြီး ပင်လယ်ရေများမှာလည်း မော်လမြိုင်ကျွန်း၊ ဘိုကလေးမြို့များ၏ တောင်ဘက်အထိ ဖုံးလွှမ်းကုန်ရသည်။ ရေကျသွားသော်လည်း ရွှံ့နွံများ၊ အမှိုက်သရိုက်များက ဖုံးလွှမ်းကျန်ခဲ့ပြီး အရာရာသည် ဖရိုဖရဲ ဖြစ်ကုန်ခဲ့ရသည်။

ဦးပုတို့လူစု ဘေးမသီရန်မခ ရှိသည်။ စက်လှေဖြင့် ဖိုးမောင်တို့ကို လိုက်ရှာဖို့ပြင်ရသည်။ သံဃာတော်တွေက တားသည်။ လေက စိတ်မချရသေး။ နောက်ထပ်တစ်ည စိတ်မချမ်းသာစွာ စောင့်ရသည်။ ကြက်ခြေနီများ၊ အရန်မီးသတ်များ၊ စေတနာ့ဝန်ထမ်း ပြည်သူများ အလုပ်ရှုပ်နေကြပြီ။ ရဲများလည်း မနေနိုင်ကြ။ တပ်မတော်သားတွေကို မျှော်ကြသည်။ သူတို့ကား အလှမ်းဝေးသည်။ ထို့အပြင် သူတို့ကိုယ်တိုင်လည်း မုန်တိုင်းဒဏ်က မလွတ်ကြ။ လာနိုင်ဦးမည် မဟုတ်။

ဖိုးမောင်နှင့် ပဂေးသည် ရင်ချင်းအပ်၍ သိုင်းဖက်ထားသည်။ သူတို့၏ကိုယ်ခန္ဓာကို ရေတွေက တိုးနေဆဲ။ လေက အဖက်ဖက်မှ တိုက်နေဆဲ။ အချိန်တွေ ဘယ်လောက်ကြာပြီလဲ။

စက်လှေတစ်စီး တွေ့သည်။ ဆယ်ယူနိုင်သမျှကို ဆယ်ယူသွားသည်။ သံချောင်းနှင့် ညိုကြီးက အသံကုန်အော်ကြသည်။

"ကယ်ကြပါဗျို့။ ကျွန်တော်တို့ ဒီမှာရှိတယ်ဗျို့"

စက်လှေက ကလေးတစ်ယောက်ထပ်တင်လျှင်ပင် မြုပ်သွားနိုင်သည်။ လှေပေါ်ကလူတွေက ပြန်လာပါ့မည်ဟု အော်သွားကြသည်။ သူတို့ ပြန်မပေါ်လာကြ။ သာဟန် စိတ်ဓာတ်ကျပြီး အသံမထွက်။

"သာဟန်။ တင်းထားစမ်းပါ။ ရောဝတီသားကွ"

သံချောင်းက အားပေးပေမယ့် သူ့အသံသည် မာထန်ခြင်း မရှိ။ စက်လှေတွေ ဖြတ်သွားသည်။ လူအပြည့်နှင့် ဖြစ်သည်။ သူတို့သည် တစ်ညနှင့် နောက်တစ်နေ့ နေ့ဝက်အထိ မုန်တိုင်းမိသည်။ မေ (၃) ရက်ည ကုန်သွားသည်။ မေ (၄) ရက်နေ့ တစ်နေကုန် ရေထဲနေပြီး နေအလှမ်းခံရသလို ခံနေရသည်။ ကယ်ဆယ်ရေးစက်လှေတွေ တွေ့ရသည်။ သူတို့အလှည့် မရောက်။ မေလ (၅) ရက်နေ့တွင် ရဟတ်ယာဉ်သံ ကြားရသည်။ မြင်တော့ မမြင်ရ။ ရေတပ်က လာ





မလား စဉ်းစားကြသည်။ ဤမုန်တိုင်းဒဏ်ကို ရေတပ်လည်း မည်မျှ ခံရမည်မသိ။ မြစ်ဝကျွန်းပေါ်တွင်ရှိနေသော သူတို့နှင့်နီးရာ တပ်များမှာလည်း အကောင်းအတိုင်း ကျန်နိုင်ဖွယ်မမြင်။

ဦးစောတင်၊ မမြနွယ်၊ ဦးစောမြင့်၊ ဒေါ်လှသွယ်တို့လည်း စက်လှေများဖြင့် သူတို့ကို ရှာသည်။ အချို့နေရာတွင် ဖေဒါပင်နှင့် ဒိုက်သရောတွေ ပိတ်ဆို့နေသည်။ အချို့နေရာတွင် အပျက်အစီးတွေ ပိတ်ဆို့နေသည်။ ဦးကျော်ထွန်း၏ ကျော်ထွန်းဝင်းစက်လှေကြီးလည်း နစ်နေသည်။ မုန်တိုင်းကြောင့် အခြားလှေသင်္ဘောတို့ ပင်လယ်ကို ကျောခိုင်းဆုတ်ခွာ ပြေးကြရချိန် သူက ဖွတ်တိုးပြီး ပင်လယ်ဘက် ထွက်ခိုင်းသည်။ အရက်ကလည်း မူးနေသည်။ ရောမ ဒီလှိုင်းကြီးက ဝါးမျိုသွားလေရာ ဦးကျော်ထွန်းနှင့် တပည့်များသာမက စုချစ်ပါ ပါသွားသည်။

မေလ (၆) ရက်နေ့။

"ငါတော့ ရေကူးသွားတော့မယ်"

ညိုကြီးက သွေးရူးသွေးတန်း ပြောသည်။

"ဟော့ကောင် မလုပ်နဲ့။ မင့်ခြေထောက် ကျိုးနေတယ်"

ညိုကြီးသည် ပြောမရ။ ရေကူးသွားရာ မကြာခင် နစ်သွားတော့သည်။

"သာဟန်၊ သံချောင်း စိတ်ခိုင်ခိုင်ထား"

ကယ်ဆယ်ရေးအဖွဲ့တွေ လာနေတာ တွေ့ရသည်။ ကယ်နေတာ တွေ့ရသည်။ အရပ်သားတွေလည်း ပါသည်။ စစ်သားလည်း ပါသည်။ လှည်းနေလှေအောင်း မြင်းဇောင်းမကျန် ထွက်နိုင်သူတွေ ထွက်နေကြသည်။ သို့သော် ကြက်လျှာက ချောင်အလွန်ကျသည့် နေရာ။

မေလ (၇) ရက်နေ့။

ပဂေးသည် သတိလစ်သွားလိုက်၊ သတိပြန်ရလိုက် ဖြစ်နေသည်။ သူမကိုယ်ခန္ဓာတွေ ခြစ်ခြစ်ထောက် ပူပြင်းနေသည်။

"မောင်"

"ပဂေး"

"ပဂေး သေမှာလားဟင်"

"ကယ်တဲ့လူတွေ လာနေတယ် ပဂေးရယ်။ မြစ်တွေ ချောင်းတွေက သစ်ပင်တွေ အပျက်အစီးတွေနဲ့ ပိတ်ဆို့နေတယ်။ လာမှာပါ"

သူတို့နှစ်ယောက်စလုံးမှာ ရွှံ့တွေလူးပြီး ကွန်ကရိကိုင်ထားသလို ဖြစ်နေသည်။ ပဂေး အဖျားတက်ပြီး ညည်းညူနေရသည်။

"ပဂေး မောင့်ကိုဖက်ထား။ မလွှတ်တမ်းနော်"

"စိမ်လိုက်။ ပဂေး မောင့်ကိုဖက်ပြီး သေမယ်။ ပဂေး မောင့်ကို ချစ်တယ်။ မောင်နဲ့အတူ ဖက်ပြီးသေရတာ ပျော်တယ်"

"ဟော့ကောင် ဖိုးမောင်။ တောင့်တား။ ငါတို့က အစားကောင်းစားခဲ့ရတယ်။ မင်းဇာ ငတ်နေတာ ကြာပြီ"

"မိုးအိတို့ နိုင်လင်းတို့ မောင်နှမက ကျွေးရှာပါတယ်"

ဖိုးမောင်လေသံ ပျော့နေသည်။ သူ ပင်ပန်းလှပြီ။

မေလ (၈) ရက်နေ့။

သူတို့ပတ်ဝန်းကျင်မှ သစ်ပင်များ၊ ဒိုက်သရောများ ရှင်းသွားပြီ။ စက်လှေတွေ ကပ်လို့ရပြီ။ ဦးစောမြင့်သည် သံချောင်းနှင့် သာဟန်ကို စက်လှေပေါ် ဆွဲတင်လိုက်သည်။ နှစ်ယောက်စလုံး သတိလစ်နေကြသည်။ အစာငတ် ရေငတ်သည့်ဒဏ်၊ အပူဒဏ်၊ လှိုင်းလုံးကြီးများက ရိုက်ခတ်သဖြင့် အတွင်းကြေကြေရသည့်ဒဏ်၊ မုန်တိုင်းဒဏ်။ ဦးစောမြင့်သည် ဦးအောင်၏အလောင်းကို ဆယ်ယူရန် ကြိုးစားရာ အနံ့က ဆိုးလှသဖြင့် အနားမကပ်နိုင်။

ဦးပုနှင့် မှုတူးသည် ဖိုးမောင်နှင့် ပဂေးကို ဆွဲတင်ရန် ကြံသည်။ ဆွဲလို့မရ။ သူတို့နှစ်ယောက်မှာ တစ်ယောက်နှင့်တစ်ယောက် တစ်သားတည်းကျအောင် ဖက်ထားကြသည်။ ကွန်ကရိကိုင်ထားသလို ပင် ရွှံ့တွေက မံထားသည်။





ဦးစောတင်သည် သူတို့နား ချဉ်းကပ်လာသည်။

"အဲဒါ ပဂေးလား"

"ဟုတ်တယ် ကိုစောတင်။ ကျူပ်သားဖိုးမောင်နဲ့ ခင်ဗျားသမီး ပဂေးလေ"

စက်လှေများပေါ်တွင် အမျိုးသမီးတွေ မပါ။ ပါလျှင် ကြွက်ကြွက်ညံအောင် ငိုကြပေလိမ့်မည်။

"သူတို့ အသက်ရှင်နေသေးလား"

"ရှင်ပါစေ ဆုတောင်းနေတယ်"

မှုတူးက ရေထဲခုန်ဆင်းသည်။ ဖိုးမောင်နှင့် ပဂေးအနီးမှ မြေမျိုးစုံကို ခြောက်လှန့်ထုတ်ရသည်။ ပြီးတော့ သူတို့ကိုယ်ခန္ဓာတွေကို စမ်းသည်။ အေးစက်တောင့်တင်းနေလေပြီ။ သူတို့သည် ရင်ချင်းအပ်၊ ပါးချင်းကပ်၍ တင်းကျပ်စွာ ဖက်ထားလျက်မှ လောကကြီးကို ကျောခိုင်းသွားကြလေပြီ။

"သူတို့ သေသွားတာ သေချာလား"

ဦးစောတင်က ဒေါသဖြင့် မေးသည်။ သူ့လက်ထဲတွင် မိုန်း တစ်ချောင်း ကိုင်ထားသည်။

"သိချင်ရင် ခင်ဗျား လာကြည့်လေ"

ဦးစောတင်၏ လှေက ချဉ်းကပ်လာသည်။ ဦးပုသည် မျက်ရည်တွေကျပြီး တသိမ့်သိမ့် ရှိုက်နေမိသည်။ ရေထဲတွင် အလောင်းတွေ မျောနေသည်။ မသေဘဲ ကျန်သူတွေကို ဆယ်ယူနေရဆဲ။ ဤမုန်တိုင်းမျိုး တိုက်ခိုက်ခြင်းခံရပြီးသည့်နောက် ပြန်လည်ကယ်ဆယ်ရေး လုပ်ငန်းဆိုတာက အပြောလွယ်သလောက် အလုပ်က မလွယ်။ ရောက်အောင်သွားဖို့ပင် ခက်လှသည်။ တပ်မတော်(လေ)မှ ရဟတ်ယာဉ်တွေ အစွမ်းကုန်သုံးသော်လည်း လူ (၈) သောင်းခွဲခန့် သေဆုံးပြီး (၅) သောင်းကျော် ပျောက်ဆုံးခဲ့လေရာ မည်ကဲ့သို့ ရှာဖွေမည်နည်း။ ပျောက်ဆုံးသွားသူများမှာ သေဆုံးသွားပြီဟု ယူဆရသော ရှိတော့သည်။ လူတစ်သိန်းလေးသောင်းနီးပါး သေဆုံးသွားကြပြီ။

ဦးစောတင်သည် ပဂေး၏အလောင်းကို ဖိုးမောင်ထံမှ ခွာထုတ်ရန် ကြိုးစားသည်။ မည်သို့မျှ မရ။ အလောင်းနှစ်လောင်းကို တစ်လောင်းစီခွဲထုတ်ဖို့ မည်သို့မျှ မတတ်နိုင်။

အသက်ပေးပြီး ချစ်သွားကြသူများ။

သေသည့်တိုင် ချစ်သွားပြီး သေပြီးလည်း ချစ်နေကြသူများ။

ဦးစောတင်က ဓားဆွဲထုတ်သည်။ ဓားနှင့် ဖဲ့ထုတ်မည်။

“ခင်ဗျား အဲဒီလောက် မိုက်လုံးကြီးမလို့လား။ ကျုပ်တို့ဟာ ကျုပ်တို့ ဘာပဲဖြစ်ခဲ့ဖြစ်ခဲ့ ဒီကလေးတွေကို မခွဲပါနဲ့တော့လား။ သူတို့ သေသွားပါပြီ။ သူတို့ မရှိတော့ပါဘူး။ ဒီမှာရှိတာ သူတို့ရဲ့အချစ်ပါ”

ဦးပုသည် မျက်ရည်အသွယ်သွယ်ကျ၍ ပြောသည်။

ဦးစောတင် သက်ပြင်းကြီးရှိုက်ပြီး တက်သွားမလို ဖြစ်သွားသည်။ သူ့လက်ထဲက ဓား လွတ်ကျသွားသည်။

“ကျုပ် မှားပါတယ်”

“အားလုံး မှားခဲ့ပါတယ်ဗျာ။ လျှော်ပင်မှာ ခင်ဗျားတို့ ကျွန်တော်တို့ မမတိုင်လေးတွေ လုခဲ့ကြတာ ဒီကလေးတွေနဲ့ ဘာဆိုင်လို့လဲဗျာ။ သူတို့မှာ ဘာအပြစ်ရှိလို့လဲ”

“ရက်စက်လိုက်တဲ့ မုန်တိုင်း”

“မဟုတ်ဘူး ကိုစောတင်။ သူတို့သေရတာဟာ နာဂစ်မုန်တိုင်းကြောင့် သေရတာမဟုတ်ဘူး။ အခုထိ မပြေနိုင်တဲ့ ရန်ငြိုးမုန်တိုင်းကြောင့် သေရတာ။ တကယ်တော့ သူတို့ ဒီလောက်ခေါင် ဒီလောက်ဝေးပြီး ကယ်ဆယ်ရေးအဖွဲ့တွေ ချက်ချင်းမရောက်နိုင်တဲ့ နေရာကို ရောက်လာစရာ အကြောင်းမရှိပါဘူး ကိုစောတင်ရယ်”

ကိုစောတင်လည်း ငိုတော့သည်။

ဦးပုတို့အားလုံး ဖိုးမောင်နှင့် ပဂေးကို ပုံစံမပျက်ပင် မြတ်သာရွာသို့ ယူသွားသည်။ ကြက်လျှာမှာ မရှိတော့။ သူတို့ အသေအလဲ တုတ်တစ်ပြက် ဓားတစ်ပြက် လုခဲ့ကြဖူးသော လျှော်ပင်ရွာဆိုတာ





မရှိတော့။ ခနိုပင်ရွာဆိုတာလည်း မရှိတော့။ သူတို့မြေမှာပင် သူတို့ကို သင်္ဂြိုဟ်ခွင့် မရ။ သားသည်ကို ဆုံးရှုံးရသော မိခင်များ၊ ခင်ပွန်းဇနီးမယားကို ဆုံးရှုံးရသော သားသမီးများ။ ထိုအရှုံးသမား အမျိုးမျိုးကား လွှမ်းဖို့ဆွေးဖို့ လူသားများအဖြစ် ကမ္ဘာပေါ်တွင် ကျန်ရစ်နေခဲ့ကြသေးသည်။ မိသားစုလိုက်၊ ဆွေမျိုးစုလိုက်၊ အချို့ လင်စုံမယားဖက် အားလုံး ဆုံးရှုံးသူများကျတော့ သူတို့ကို ဘယ်သူတွေက လွမ်းဆွတ်ကြေကွဲပေးပါမည်နည်း။

ဖိုးမောင်နှင့် ပဂေးကို မြတ်သာရွာအနီး ယူလာသည်။ သူတို့နှစ်ဦး ခေါင်းတလားတစ်လုံးတည်းတွင် အတူ လဲလျောင်းရသည်။ သူတို့ကို အတူတကွ မြှုပ်နှံရသည်။ သူတို့ကို မည်သူမှ ခွဲခွာ၍ မရ။ မည်သူမျှ မတတ်နိုင်။

သူတို့၏ကိုယ်ခန္ဓာများ အရိုးစုများဘဝသို့ ရောက်လောက်သည့်အချိန်တွင် သူတို့ သင်္ချိုင်းကို ပြန်ဖော်ကြည့် ...။

သူတို့နှစ်ယောက်၏ အရိုးစုများသည် တစ်ယောက်နှင့်တစ်ယောက် မက်မောတွယ်တာစွာဖြင့် ဖက်နေဦးမည်သာတည်း။

၂၀၀၈ ခုနှစ် မေလ (၂) ရက်နှင့် (၃) ရက်တွင် တိုက်ခိုက်ခဲ့သော မုန်တိုင်းဒဏ်ကြောင့် ကွယ်လွန်ခဲ့ရသူအားလုံးအား မြူမြူသမျှ ကုသိုလ်ကောင်းမှု အဝဝတို့အား အမျှအတန်း ပေးဝေပါ၏။ အမျှ ... အမျှ ... အမျှ ... ယူတော်မူကြပါကုန်လော့။

❀ ❀ ❀

လေးစားစွာဖြင့်
တင်သန်းဦး

## ...နည်းရေးသားထုတ်ဝေခဲ့သောစာအုပ်များ


...မလာသတင်းမကြား (ပထမအကြိမ်) ၁၉၇၄
စာမလာသတင်းမကြား (ဒုတိယအကြိမ်) ၁၉၉၀
၂။ ဆုးခင်းသောလမ်း ၁၉၇၅
၃။ ယုလီယုခ ၁၉၇၆
၄။ ပျောက်ဆုံးနေသော နေ့တစ်နေ့ ၁၉၇၆
၅။ စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း ၁၉၇၆
၆။ အချစ်အတွက် တစ်မျက်နှာ ၁၉၇၇
၇။ မေခမြစ်ယံတစ်နေရာ ၁၉၇၇
၈။ စောနန်း (Tsaw Nang) ၁၉၇၇
၉။ ဝါဆနာယော (Wa Sana Yaw) ၁၉၇၇
၁၀။ ဂျူလိုင် ၁၉၇၈
၁၁။ သွေးနှင့်စ၍ သွေးနှင့်ဆုံးသည် (ပထမတွဲ) ၁၉၇၈
၁၂။ သွေးနှင့်စ၍ သွေးနှင့်ဆုံးသည် (ဒုတိယတွဲ) ၁၉၇၈
၁၃။ သတ္တိမရှိတဲ့ ရိုမီယို ၁၉၇၉
၁၄။ ကျားပါးစပ်ကျွန်း ၁၉၇၉
(၁၉၇၈ တွင်ပြန်ချိုခွင့်မပြုခဲ့သောကိုးမီလီမီတာဝတ္ထုကိုပြန်လည်မွမ်းမံရေးသားသည်)
၁၅။ မသုငယ်ချင်း (ပထမတွဲ) ၁၉၇၉
၁၆။ မသုငယ်ချင်း (ဒုတိယတွဲ) ၁၉၇၉
၁၇။ ကျောက်လက်ဝါး ၁၉၈၀
၁၈။ ဒီလိုပါ ကျွန်တော့်နာမည်က ၁၉၈၀
၁၉။ စွန့်လွှတ်မလား စွန့်စားမလား ၁၉၈၀
၂၀။ အန္တရာယ်ခရီးလမ်းမှ ၁၉၈၀
၂၁။ ဝေဒနာကို ရင်မှာပိုက်၍ (ပထမတွဲ) ၁၉၈၁
၂၂။ ဝေဒနာကို ရင်မှာပိုက်၍ (ဒုတိယတွဲ) ၁၉၈၁
၂၃။ မိုးကုပ်စက်ဝိုင်းရဲ့ဟိုဘက်မှာ (ပထမအကြိမ်) ၁၉၈၁
မိုးကုပ်စက်ဝိုင်းရဲ့ဟိုဘက်မှာ (ဒုတိယအကြိမ်) ၁၉၈၉
၂၄။ အမိုင်ခ (ပထမတွဲ) ၁၉၈၂
၂၅။ အမိုင်ခ (ဒုတိယတွဲ) ၁၉၈၂
၂၆။ သစ္စာသွေးတို့ နွေးသောအခါ (ပထမတွဲ) ၁၉၈၂
၂၇။ သစ္စာသွေးတို့ နွေးသောအခါ (ဒုတိယတွဲ) ၁၉၈၂
၂၈။ လေးစားပါတယ် ရဲဘော် (ပထမအကြိမ်) ၁၉၈၃
လေးစားပါတယ် ရဲဘော် (ဒုတိယအကြိမ်) ၁၉၈၇
၂၉။ အမောင်စစ်သူရဲကို မချစ်ရဲပြီရှင် ၁၉၈၃
၃၀။ ဂုဏ်ယူပါတယ် ရဲဘော် ၁၉၈၃
၃၁။ နီသောသစ္စာ ပြာသောအချစ် ၁၉၈၄
၃၂။ ယမင်းရုပ်ချစ်သူ ၁၉၈၄
၃၃။ လွမ်းရင်ခွင်မှာသာတဲ့လ
၃၄။ မခင်တွယ် မကြင်တယ် ချစ်သူစွန့်လို့ရယ် ၁၉၈၅
၃၅။ အချစ်မရှိသောနေရာမှ အချစ် ၁၉၈၅
၃၆။ ကျွန်တော်နှင့် နေဖော်ဦး ၁၉၈၅
၃၇။ ကြယ်ကိုစီး၍ ခရီးနှင် ၁၉၈၅
၃၈။ လောင်းရိပ်လွန်သော် ၁၉၈၅
၃၉။ ချစ်ရမှနေပျော်မှာ ၉၈၆
၄၀။ မလီယံမှ အမြောက်သံ ၁၉၈၆
၄၁။ ရေကိုမစုန် လေဟုန်မစီး ၁၉၈၆
၄၂။ နေဖော်ဦးနှင့် မာယာရှင်မ ၁၉၈၆
၄၃။ နှလုံးသားစစ်မျက်နှာ ၁၉၈၆
၄၄။ သီဟာကွန်မန်ဒို ၁၉၈၆
၄၅။ နေဖော်ဦးနှင့် သီဂါရွှေရည် ၁၉၈၆
၄၆။ တူယှဉ်ကာလ ၁၉၈၇
၄၇။ အချစ်မှုန်းတည့်ချိန် ၁၉၈၇
၄၈။ ရင်မှာထာဝရ ရှန်းလက်နေ ၁၉၈၇
၄၉။ လှောင်ချိုင့်ထဲက ငှက်ငယ်မ ၁၉၈၇
၅၀။ မိုမိုချစ်တဲ့ ကွန်မန်ဒို ၁၉၈၇
၅၁။ အပြာရောင်လွင်ပြင်မှ အနီစက်များ ၁၉၈၇
၅၂။ ရွှေရောင်လွှမ်းသည့် ရွှေလမ်းဆီသို့ ၁၉၈၇
၅၃။ ချစ်စိတ်မပြေ ချစ်ရိပ်ဝေ ၁၉၈၈
၅၄။ တိန်ကော့နော်ဂျာ ၁၉၈၈
(တွန်းဇော်ထွေး၏ဝတ္ထုဇာတ်လမ်းကိုရုပ်ရှင်သံကြားဇာတ်လမ်းရိုက်ကူးပြီးနောက် ဇာတ်ညွှန်းကိုလုံးချင်းဝတ္ထုအဖြစ် အစအဆုံးပြန်ရေးသည်။ တွန်းဇော်ထွေးအမည်တပ်ပြီး တင်သန်းဦး စိစဉ်သူအဖြစ် ထုတ်ဝေခဲ့သည်။)
၅၅။ ယောက်ျားကောင်း အတောင်နှစ်ဆယ် ၁၉၈၈
၅၆။ ရဲစိတ်ရဲမာန် ၁၉၈၈
(ပိုင်းသန်းတိုက်ပွဲပြစ်ပွားနေစဉ် နယ်ပို့ရမည့်စာအုပ်အားလုံးကိုတိုက်ပွဲဝင်တပ်များသို့ လှူဒါန်းလိုက်သည်။)
၅၇။ အန္တရာယ်ချစ်ငွေနှင့် တိုက်ပွဲဝင်ဝတ္ထုများ ၁၉၈၈
၅၈။ နေဖော်ဦးနှင့် ချစ်ပြိုးမပြေ ၁၉၈၉
၅၉။ ဘယ်သူဆံမကိုင့်မှ ပန်ထိုက်တယ်လို့မထင် ၁၉၈၉
၆၀။ နေဖော်ဦးနှင့် ကျောက်ဖျာအိုင်လူသတ်မှု ၁၉၈၉
၆၁။ ချစ်ရေးငင်သွဲ့နွဲ့တော်မူ ၁၉၈၉
၆၂။ စိတ်ကူးနွယ်ရစ် မချစ်တတ်ခင် ၁၉၉၀
၆၃။ ချစ်သည်းကျွမ်းအောင် လွမ်းတေးသီ (ပထမတွဲ) ၁၉၉၀
၆၄။ ချစ်သည်းကျွမ်းအောင် လွမ်းတေးသီ (ဒုတိယတွဲ) ၁၉၉၀
၆၅။ ချစ်သူရန်သူ ၁၉၉၀
၆၆။ ပန်းဆိုင်းမြေမှာ ရွှေလသာချိန် ၁၉၉၀
၆၇။ နှလုံးသားကွန်မန်ဒို ၁၉၉၁

၆၈။ ရွှန်ခေါ်ထောင်တိုင်တွေ့ မုယာတော်တွေ့ကြွယ် ၁၉၉၁

၆၉။ တပ်မတော်နှင့် အမျိုးသားနိုင်ငံရေး ၁၉၉၃

ဦးဆောင်မှုအခန်းကဏ္ဍ (ပထမအကြိမ်) (ဩဂုတ်)

(မင်းမောင်မောင်အမည်ဖြင့်)

(ဒုတိယအကြိမ်) ၁၉၉၃ (စက်တင်ဘာလ)

(တတိယအကြိမ်) ၁၉၉၃ (အောက်တိုဘာလ)

(စတုတ္ထအကြိမ်) ၁၉၉၄ (ဖေဖော်ဝါရီလ)

(ပဉ္စမအကြိမ်) ၁၉၉၅ (ဇူလိုင်လ)

အင်္ဂလိပ်ဘာသာဖြင့် (ပထမအကြိမ်) ၁၉၉၃

(ဒုတိယအကြိမ်) ၁၉၉၅

၇၀။ ပြည်တွင်းသောင်းကျန်းမှုသမိုင်း၊ အပိုင်း(၁) (ရဲဘော်သစ်မောင်) ၁၉၈၉

၇၁။ ပြည်တွင်းသောင်းကျန်းမှုသမိုင်း၊ အပိုင်း(၂) (ရဲဘော်သစ်မောင်) ၁၉၈၉

၇၂။ ပြည်တွင်းသောင်းကျန်းမှုသမိုင်း၊ အပိုင်း(၃) (ရဲဘော်သစ်မောင်) ၁၉၉၀

၇၃။ ပြည်တွင်းသောင်းကျန်းမှုသမိုင်း၊ အပိုင်း(၄) (ရဲဘော်သစ်မောင်) ၁၉၉၁

၇၄။ ပြည်တွင်းသောင်းကျန်းမှုသမိုင်း၊ အပိုင်း(၅) (ရဲဘော်သစ်မောင်) ၁၉၉၂

(၁၉၈၉ ခုနှစ်မှ ၁၉၉၂ ခုနှစ်အထိ (၄)နှစ်အတွင်း ရဲဘော်သစ်မောင်အမည်ဖြင့် ထုတ်ဝေခဲ့သော ဟအုပ်(၅) အုပ်အတွက် ၁၉၉၃ ခုနှစ်တွင် အမျိုးသားစာပေဆုရသည်။)

၇၅။ အယုဒ္ဓယသစ္စာ (ပထမတွဲ) ၁၉၉၃

၇၆။ အယုဒ္ဓယသစ္စာ (ဒုတိယတွဲ) ၁၉၉၃

၇၇။ မဲသဝေါ်တိုက်ပွဲ (ပထမအကြိမ်) ၁၉၉၄

မဲသဝေါ်တိုက်ပွဲ (ဒုတိယအကြိမ်) ၁၉၉၄

မဲသဝေါ်တိုက်ပွဲ (တတိယအကြိမ်) ၁၉၉၅

အင်္ဂလိပ်ဘာသာဖြင့် (ပထမအကြိမ်) ၁၉၉၅ (ဇူလိုင်)

၇၈။ ကေအင်ယူဘယ်လဲ (ပထမအကြိမ်) ၁၉၉၆ (ဧပြီ)

(ကရင်ပြည်နယ်သားတစ်ဦးအမည်ဖြင့်)

(ဒုတိယအကြိမ်) ၁၉၉၅ (မေ)

(တတိယအကြိမ်) ၁၉၉၅ (ဇူလိုင်)

၇၉။ နိုင်ငံတော်၏ရှေ့ခရီး (နော်ရထာအမည်ဖြင့်) ၁၉၉၅

အင်္ဂလိပ်ဘာသာဖြင့် ၁၉၉၅

၈၀။ စန္ဒီမိုးဦးဖြူ ၁၉၉၇

၈၁။ ဇာတ်လမ်းပညာ (ပထမတွဲ) ၂၀၀၂

၈၂။ ဇာတ်လမ်းပညာ (ဒုတိယတွဲ) ၂၀၀၂

၈၃။ ယမင်းရုပ်ချစ်သူ (ဒုတိယအကြိမ်)

၈၄။ ကြယ်ကိုစီး၍ ခရီးနှင် (ဒုတိယအကြိမ်)

၈၅။ ချစ်စိတ်မပြေ ချစ်ရိပ်ဝေ (ဒုတိယအကြိမ်)

၈၆။ မဲသဝေါ် (စတုတ္ထအကြိမ်)

ဆက်လက်ထွက်လာမည့်စာအုပ်